www.burmeseclassic.com

BURMESE CLASSIC .com


လယ်တွင်းသားစောချစ်

# ဗုဒ္ဓဂယာဘုရားဖူး

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဗုဒ္ဓဂယာ ဘုရားဖူး

မြတ်စွာဘုရားရှင်၏ ဗုဒ္ဓဝင်ကို ကလေးအရွယ်ငယ်စဉ်ကပင် ပုံပြင်သဖွယ် နားထောင်ခဲ့ရသည်။ အရွယ်ကလေးရလာသောအခါ ဆရာတော်များ ဟောကြားသည့် ဗုဒ္ဓဝင်ကို ဇာတ်လမ်းသဖွယ် တခမ်းတနား နာကြားမှတ်သားရသည်။

ရွှေမန်းတင်မောင် စိန်အောင်မင်း စသော ဇာတ်မင်းသားများက ဗုဒ္ဓဝင်ကို ဇာတ်အမြင်နှင့် ဇာတ်အသွင် တင်ဆက်သောအခါ လွမ်းမောစွာ သဘောကျရသည်။ ဓာတ်ပြားများ ကက်ဆက်ခွေများ ထွက်လာသောအခါလည်း နှစ်သက်စွာ နားထောင်ရသည်။

ကြီးလာ၍ ဗုဒ္ဓဝင်စာအုပ်များကို ကိုယ်တိုင် ဖတ်မှတ်လေ့လာသောအခါ ပြည့်စုံစွာ သိနားလည်ရသည်နှင့်အမျှ ဗုဒ္ဓမြတ်စွာကိုပို၍ ကြည်ညိုသဒ္ဓါပွားရသည်။ မြတ်စွာဘုရား၏ ဖြစ်တော်ပေါ်င်းတို့ကိုလည်း နေရာဒေသနှင့်တကွ မှတ်မှတ်သားသားဖြစ်ရသည်။ သို့ရာတွင် ထိုနေရာများသည် ကိုယ့်နိုင်ငံတွင် ရှိသည်မဟုတ်။ ကိုယ်နှင့် အလှမ်းဝေးကွာလှသည်။ ပုံပြင်ထဲမှ ဖြစ်ရပ်များ၊ ဝတ္ထုထဲမှ ဇာတ်လမ်းများ၊ စာပေထဲက မြို့ရွာနန်းတော်များ၊ ကျောင်းတော်ကြီးများကို စိတ်မှန်းနှင့်သာ လွမ်းခဲ့ရသည်။

နောင်တွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးခရီးလမ်းများ ပွင့်လာသောအခါ သွားရောက်ကြသော ဘုရားဖူးများနှင့်အတူ ရုပ်ရှင်ဖလင်များ၊ ဗွီဒီယိုအခွေများ၊ ဗွီဒီစီ၊ ဒီဗွီဒီများ ပါလာကြသည်။ ထိုအခွေများကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသောအခါ ကိုယ်တိုင်ရောက်လိုမြင်လိုစိတ်၊ ကြည်ညိုစွာ ဖူးမြော်လိုစိတ်များ ဖြစ်ပေါ်ရသည်။ အချို့သော ဘုရားဖူးများရေးသည့် ခရီးသွားမှတ်တမ်းများကိုလည်း ဖတ်ရသည်။ ကြည်ညိုရှိသေစွာ အားကျခြင်းနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လိုစိတ် ဖြစ်မိသည်။ မြတ်စွာဘုရားဖွားမြင်တော်မူရာ၊ ဘုရားအဖြစ်ပွင့်တော်မူရာ၊ ဓမ္မစကြာဟောတော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာ၊ ဖွား – ပွင့် – ဟော – စံ သံဝေဇနိယ လေးဌာနကို ကိုယ်တိုင်သွားရောက် ဖူးမြော်ကန်တော့ရန် ဆန္ဒကြီးစွာ ဖြစ်ပေါ်မိသည်။

## သံဝေဇနိယလေးဌာနသို့

မဇ္ဈိမဒေသ၊ သံဝေဇနိယ လေးဌာနသို့ သူများဘုရားဖူးသွားသည်ကို အားကျသော်လည်း ကိုယ်ကဝန်ထမ်းမို့ သွားရန်မလွယ်။ ဝန်ထမ်းမှ အငြိမ်းစားယူလျှင် သွားနိုင်အောင်သွားမည်ဟု ဆုံးဖြတ်ထားသည်။ သို့သော် အငြိမ်းစားယူပြီးချိန်မှာ ကျန်းမာရေးကမကောင်း။ နှစ်ချီ၍ ကြာခဲ့သည်။ ပြန်ကောင်းမည်ပင်မထင်။ ဗုဒ္ဓဂယာကဲ့သို့ နိုင်ငံခြားခရီးကိုထား၍ ပြည်တွင်းခရီးကိုပင် စိတ်ချယုံကြည်စွာ မသွားနိုင်။ အသက်ခြောက်ဆယ်မပြည့်မီထိ ကျန်းမာရေးက ဒေါင်ဒေါင်မြည်။ ခရီးသွားလျှင် ပရုပ်ဆီပင် မဆောင်ရဟု မာနစကားဆိုခဲ့သည်။ ခြောက်ဆယ်ကျော်မှာ ဇရာသာမက နာခြင်းဗျာဒိပါ ရလာပြီ။

သေခြင်းအတွက် ပြင်ရပြီ၊ ကျန်းမာရေးနည်းနည်း ပြန်ကောင်းလာသည်နှင့်အမျှ တောင်ဥက္ကလာပ အမှတ် (၁) အပိုင်း ရွှေမြင်းမိုရ်ရိုးကုတ် ဝိပဿနာတရားစခန်းသို့ ဝင်သည်။ ဝိပဿနာတရားဘာဝနာ ကြိုးကြိုးစားစား ရှုမှတ်ပွားများရသည်။ ဝိပဿနာ ပွားရာတွင် ရှေးဦးစွာ ပဏာမပြုဖွယ်တို့ကို ပြုရာမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအဖြစ် သက်တော်ထင်ရှားမြတ်စွာဘုရားကို အာရုံပြုရ၏။ အရဟံ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော မြတ်စွာဘုရား . . .။ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူခြင်းကြောင့် ကြည်လင်သန့်ရှင်းတင့်တယ်ခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အာရုံမှာ ထင်ရှားစွာဖူးမြင်နိုင်အောင်



ကြိုးစား၍ ရှုမှတ်ရသည်။ စူးစိုက်စွာ ကြိုးကြိုးစားစား ရှုမှတ်ပွားများသည်နှင့်အမျှ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်၍ ကြည်ညိုစဖွယ် ကြည်လင်ရှင်းသန့်စွာ တင့်တယ်သော မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၏။ သဒ္ဓါအားကြောင့် သမာဓိအားကောင်းရသည်။ သမာဓိကောင်းလေ ဘုရားကို ကြည်ညိုစွာ ဖူးမြင်နိုင်လေ ဖြစ်ပါသည်။

ဆက်လက်၍ ဒုတိယဂုဏ်တော်ဖြစ်သော သမ္မာသမ္ဗုဒ္ဓေါ အလုံးစုံသောတရားအပေါင်းတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းဆင်ခြင်သိမြင်တော်မူသော မြတ်စွာဘုရား . . .။ ဗောဓိပင်ရင်း ရွှေပလ္လင်ထက်တွင် အလုံးစုံသောတရားအပေါင်းတို့ကို သိမြင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားရှင်ကို အာရုံပြုသည်။ သမာဓိအားကောင်းစွာ အာရုံပြု ဖူးမြင်နိုင်လေ ဉာဏ်ကြည်လေ ဖြစ်ပါသည်။ ကျန်သည့် ဂုဏ်တော်များကို တစ်းပါးချင်းစီ ကြည်ညိုရှိသေစွာ အာရုံပြု၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖျန်းရသည်။

ဗုဒ္ဓါနုဿတိဘုရားကို အာရုံပြုပြီးလျှင် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများရသည်။

"ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ ကြီးသူသေကြများလှပြီ။
ခဏမစဲအိုစမြဲ၊ ငါလဲ သေဖက်နီးခဲ့ပြီ။
မသေရမီ ပါရမီ၊ ငါသည်ဖြည့်မှ ဖြစ်တော့မည်"

ကျန်းမာရေးမကောင်း သေဘက်နီးခဲ့သည်။ မရဏာနုဿတိကို ဆင်ခြင်သောအခါ သမာဓိအားကို ဖြစ်စေ၏။ ဇရာနှင့် ဗျာဒိအဆိုးသည် ဝိပဿနာတရားအားထုတ်ရာမှာ ကောင်းကျိုးအထောက်အပံ့ကို ဖြစ်စေ၏။

"ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။
အသေမဦးမီ ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်"

သေခြင်းတရားအနီးသို့ ရောက်နေပြီဟု ဆင်ခြင်သတိကြီးစွာထားလျှင် သမာဓိအားကောင်း၏။ သမာဓိအားကောင်းလျှင် ဝိပဿနာပွားရာမှ ဉာဏ်အားကောင်းပါသည်။

မကျန်းမာခြင်းအတွက် စိုးရွံ့အားငယ်ရန် မရှိတော့ပါ။ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



တရားပွားများနေခြင်းသည်သာ အကောင်းဆုံးနေနည်းဖြစ်တော့၏။ မြတ်စွာဘုရားနှစ်သက်သော နေနည်းလည်းဖြစ်၏။

ထေရဝါဒဗုဒ္ဓဘာသာ၏ အကောင်းမြတ်ဆုံးသော အနှစ်သာရသည်မျက်မှောက်ဘဝမှာပင် တရားထူး တရားမြတ်ကို ရနိုင်ခြင်းဖြစ်၏။

တရားအားထုတ်ခြင်းဖြင့် ဘုရားကိုပို၍ ကြည်ညို၏။ ဝိပဿနာတရားကို ကြိမ်ဖန်များစွာ ပွားများလေ ဘုရားကို ပို၍ကြည်ညိုလေဖြစ်သည်။

ပထမအကြိမ် (၁၀)ရက် တရားစခန်းအပြီးမှာပင် (၃)လကျော်ကြာအောင် ခံစားနေရသော ခါးနာရောဂါ လုံးဝပျောက်ကင်းသွားသည်။ ရောဂါပျောက်အောင် တရားထိုင်ခြင်းမဟုတ်သော်လည်း တရားထိုင်လျှင် တရားတန်ခိုးနှင့် အနာရောဂါတို့ သက်သာပျောက်ကင်းသည်မှာ ကိုယ်တွေ့ဖြစ်၏။

တရားစခန်းများသို့ အကြိမ်ကြိမ် ဝင်မိသည်။ (၁၀)ရက်တရားစခန်းများမှာ သမာဓိအားကောင်းချိန်၊ ရှုမှတ်၍ ကောင်းသည့်အချိန်များမှာ ထွက်လာရခြင်းကြောင့် ရဟန်းဝတ်၍ ဝါတွင်းသုံးလပတ်လုံး ချမ်းမြေ့မြိုင် ဝိပဿနာရိပ်သာမှာ တရားဘာဝနာပွားများသည်။

တရားအားထုတ်ခြင်းဖြင့် တရားတော်သာ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာ ဒုက္ခသစ္စာမှ လွတ်မြောက်ရာဟု ယုံကြည်စွာအားကိုးရာဖြစ်လာသည်။ တရားတော်ကို ကြည်ညိုစိတ်ကြောင့် ဗုဒ္ဓမြတ်စွာကိုပို၍ ကြည်ညိုသည်။ ကိုးကွယ်ဆည်းကပ်ရာအမှန်ဟု သိနားလည်ရသည်။ သံဃာတော်တို့ကို ပို၍ကြည်ညိုရိုသေသည်။ သံဃာတော်တို့၏ ဂုဏ်ကျေးဇူးကိုလည်း ပို၍သိနားလည်ရသည်။

ကျန်းမာရေးကလည်း ကောင်းလာ၍ မူလရည်မှန်းချက်ဆန္ဒရှိသည့်အတိုင်း ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားလိုစိတ် ပြန်လည်ပေါ်ပေါက်လာသည်။ သွားလျှင်လည်း တစ်ယောက်တည်းမသွားချင်။ ကျွန်တော် တရားဘာဝနာပွားများအားထုတ်နိုင်ရန် လိုလေသေးမရှိ ပံ့ပိုးကူညီခဲ့သော ဇနီးကိုပါ ပို့ချင်သည်။ သူ့ခမျာ နိုင်ငံရပ်ခြားဆို၍ ဘယ်ကိုမျှ ရောက်ဖူးသည်မဟုတ်။ ဗုဒ္ဓဂယာနိုင်ငံခြားခရီးဆိုလျှင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သာမက ကုသိုလ်များစွာရလိမ့်မည်။



## ဘုရားဖူးလမ်းညွှန်အဖွဲ့များ

ယခုအခါတွင် ဗုဒ္ဓဂယာဘုရားဖူးလမ်းညွှန်အဖွဲ့များစွာ ရှိနေကြပါပြီ၊ အလွန်ဟန်ကျပါသည်။ အစစအရာရာ၊ ဘုရားဖူးအဖွဲ့များက အဆင်ပြေအောင် စီစဉ်ပေးနိုင်ကြပါသည်။ ဘယ်အဖွဲ့နှင့်သွားရမည်နည်း။ စုံစမ်းမေးမြန်းရသည်။ ကိုယ်သွားချင်သည့်ရက်၊ ကိုယ်သွားနိုင်မည့်ကာလတွက်၍ စုံစမ်းရသည်။

ရွှေမျှင်တင် ဦးညိုအဖွဲ့၊ မဟာတိုးအဖွဲ့၊ ရွှေမဟာအဖွဲ့၊ ရန်ကုန်ဘုရားဖူးအဖွဲ့၊ အောင်ချမ်းသာအဖွဲ့ စသည်ဖြင့် အဖွဲ့အမျိုးမျိုး ရှိသကဲ့သို့ ဆရာတော်များခေါင်းဆောင်သည့် သီးခြားအဖွဲ့များလည်း ရှိသည်။

ဘုရားဖူးအဖွဲ့များသည် ပတ်စ်ပို့ ဗီဇာကိစ္စမှစ၍ အားလုံးအဆင်ပြေအောင် ဆောင်ရွက်ပေးသည်။ ယခင်က ဤခရီးသည် ငွေရှိရုံနှင့် သွားရန်မလွယ်။ ယခုအခါတွင် ခရီးသွားအဖွဲ့များ၏ စီစဉ်ပေးမှုကြောင့် ရက်အနည်းငယ်နှင့် သွားရမည့်နေရာများ စုံလင်အောင် သွားနိုင်မည်။ သွားရန်၊ စားရန်၊ နားရန်၊ လှူရန်တမ်းရန် ဝယ်ချမ်းရန်မှအစ အစီအစဉ်တကျရှိမည်။ စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုရမည်။ ဗွီဒီယိုမှတ်တမ်း ဓာတ်ပုံမှတ်တမ်းမှအစ ပြည့်စုံစွာ ပြန်ရမည်။ တစ်လမ်းလုံး သိသင့်သိထိုက်သည်ကိုလည်း လမ်းညွှန်ပြောပြဦးမည်။ ကောင်းလေစွ။ ရှေးဦးစွာ အသိမိတ်ဆွေ ဆရာမကြီးဒေါ်လှလှစိန်၏ ဆက်သွယ်ပေးမှုနှင့် ရွှေမျှင်ဦးတင်ညိုအဖွဲ့ကို ဆက်သွယ်သည်။ အဆင်ပြေပါသည်။ သို့သော် ပတ်စ်ပို့ရုံးမှာ ဓာတ်ပုံရိုက်၊ ကိုယ်တိုင်သွားပြီး ဖြည့်စွက်တံဆိပ်တုံးထုရမည့် စာရွက်ကို သွားရောက်ဆောင်ရွက်ရင်းမှ လင်မယားနှစ်ယောက်၊ ဟိုပေါ်တက်လိုက်ဦး၊ ဟိုလျှောက်လွှာယူလိုက်ဦး၊ ဒါလေးဖြည့်လိုက်ဦး၊ ဟိုဘက်သွားပြလိုက်ဦးနှင့် လုပ်ရင်းလုပ်ရင်း ပတ်စ်ပို့ထွက်အောင် ကိုယ်တိုင်လုပ်မိလျက်သား ဖြစ်နေသည်။ ဓာတ်ပုံသွားယူသည့်နေ့တွင် ကိုယ်ရေးအချက်များဖြည့်ပြီး အဆင့်ဆင့် တင်ပြသည့်အခါ စလစ်စာရွက်ရလာသည်။ တစ်လခန့်ကြာလျှင် ပတ်စ်ပို့လာရောက်စုံစမ်းဟု သိရသည်။

မသိ၍လုပ်မိခြင်းဖြစ်သည်။ အလုပ်များသည်။ လူငယ်များနှင့်တိုး၍

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လွှာယူရ၊ တင်ရ ဖြည့်ရသည်။ မောသည်။

ဘုရားဖူးသွားမည့်သူများကို အကြံပြု သတိပေးလိုပါသည်။ အဖွဲ့က လုပ်ပေးလျှင် သက်သာပါသည်။ ကျွန်တော်တို့ကဲ့သို့ မသိဘဲလုပ်ရင်းနှင့်ပင် ပန်းမှာ စိုးရိမ်ပါသည်။

ပတ်စ်ပို့ရသောအခါ ဇနီးအတွက် အဆင်ပြေစွာထွက်လာသော်လည်း ကျွန်တော့်ပတ်စပို့က ကျမလာသေး၍ ဆက်စောင့်နေရသည်။ ဦးညို အဖွဲ့နှင့် မူလသတ်မှတ်ရက်မှာ အချိန်မမီ၍ မလိုက်နိုင်တော့ကြောင်း ပယ်ဖျက်လိုက်ရသည်။

နောက်နှစ်ပတ်ခန့်ကြာမှ နှစ်ယောက်လုံးပတ်စ်ပို့ရသည်။ သာသနာရေးဝန်ကြီးဌာနမှာ စုံစမ်းသောအခါ ဦးအေးသိန်းနှင့် အဆက်အသွယ်ရ၍ ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ဆက်မိသည်။ ပတ်စ်ပို့ပေး စာရင်းသွားသွင်းသောအခါ ၁၅ ‧ ၁၀ ‧ ၂၀၀၇ ထွက်မည့် (၁၂)ရက်ခရီးမှာ (၂)ယောက် မလိုက်နိုင်၍ လိုက်လိုလျှင် လိုက်နိုင်ကြောင်း ပြောသည်။ ဝမ်းသာအားရ သဘောတူလိုက်သည်။

ရန်ကုန်ဘုရားဖူးအဖွဲ့သို့ ငွေသွင်းသည်။ တစ်ယောက်လျှင် မြန်မာငွေ (၇)သိန်း (၂)သောင်း သွင်းရသည်။ ကျွန်တော်တို့က ပတ်စ်ပို့ရှိပြီးဖြစ်၍ (၁)သောင်းလျှော့သည်။ သို့သော် ကိုယ့်ဘာသာသွားလုပ်ရသည်မှာ သွားစရိတ်၊ စားစရိတ်၊ လျှောက်လွှာဝယ်စရိတ် ကူညီသူကို ပေးရစရိတ် စသည်တို့ ပေါင်းလျှင် နှစ်ယောက်ပေါင်း (၅)သောင်းကျော် ကုန်သည်။ လူလည်း ပင်ပန်းသည်။ အဖွဲ့ကလုပ်ပေးသူများမှာ ပို၍ အဆင်ပြေစွာ လူသက်သာသည်။

## ဘုရားဖူးခရီးအကြို အစည်းအဝေး

ဘုရားဖူးမသွားမီ (၅)ရက်ကြို၍ ၁၁ ‧ ၁၀ ‧ ၂၀၀၇ နေ့တွင် သာသနာရေးဝန်ကြီးဌာနမှာ အစည်းအဝေးတက်ရသည်။ အတူတကွ ဘုရားဖူးသွားရမည့် ခရီးဖော်မိတ်ဆွေများကို တစုတဝေးတွေ့ရသည်။ (၁၁)ညအိပ် (၁၂)ရက် အတူသွားရမည့်သူများကို ကြိုတင်၍ မေတ္တာပို့သပါသည်။ အ



တိတ်ကာလ တစ်ချိန်ချိန်က တစ်နေရာရာမှာ အတူတကွ ကောင်းမှုပြုခဲ့ကြသည့် ပဋ္ဌာန်းဆက်ရှိသူများဖြစ်ပေသည်ဟုလည်း ချစ်ခင်လေးစားဖြစ်မိပါသည်။ သို့သော် အတူတကွ ခရီးသွားကြရာတွင် လူတို့သဘာဝ အတ္တမာနနှင့် အားပြိုင်မှုလေးများ ရှိလာတတ်သည်။ အဆင်မပြေမှုများ ကြုံလေ့ရှိကြသည်။ ထိုသို့မဖြစ်ဘဲ အဆင်ပြေစေရန်အတွက် မေတ္တာပို့ရခြင်း ဖြစ်ပါသည်။

(၁၀)နာရီမှာ အစည်းအဝေးစပါသည်။ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အစည်းအဝေးစတင်သည်။ သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြောကြားပါသည်။ သံဝေဇနီယ(၄)ဌာနမှ နေရာထူးများဖြစ်၍ ထိုနေရာများသို့ သွားရောက်ဖူးမြော်ကောင်းမှုပြုခွင့်ရသူများသည် ကုသိုလ်ထူးရကြမည့် ကံထူးသူများဖြစ်ကြောင်း အနှောင့်အယှက်ကင်း၍ ဘေးရန်ကင်းရှင်းစွာ ချောချောမောမောပြန်ရောက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး နိဂုံးချုပ်ပါသည်။ လိုရင်းတိုရှင်းဖြစ်ပါ၏။

ဒုတိယ ဦးထိန်လင်း ပြောပါသည်။ အိန္ဒိယနှင့် နီပေါနယ်စပ်ဖြတ်ရာမှာ လိုက်နာရမည့် စည်းကမ်းများကို ပြောပြသည်။ ကားပေါ်မှဆင်းပြီး တစ်ယောက်ချင်း ဈေးဝယ်ရာမှ ပြဿနာဖြစ်တတ်သည်များကို ရှင်းပြသည်။ ဂယာ၊ မိဂါဒဝုဏ်၊ သာဝတ္ထိ၊ လုမ္ဗနီ စသည့် နေရာများမှ မြန်မာကျောင်းများမှာ တည်းခိုရာတွင် ရှေးယခင်က မပြည့်မစုံဖြစ်ခဲ့သော်လည်း ယခုအခါမှာ ရှေ့သွားခဲ့ကြသော ဘုရားဖူးများ၏ လှူဒါန်းမှုကြောင့် ပြည့်စုံကောင်းမွန်စွာ တည်းခိုနေထိုင်ခွင့်ရကြမည်ဖြစ်ကြောင်း၊ ယခုသွားသူများကလည်း နောက်လူများအတွက် လှူဒါန်းကြရန် ပြောပါသည်။

တတိယအစီအစဉ်မှာ အခမ်းအနားမှူးဖြစ်သူ ဦးအေးသိန်းက ခရီးစဉ်တလျှောက်မှာ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို ရှင်းလင်းပြောကြားသည်။ အစီအစဉ်အလိုက် ရောက်ရှိမည့် မြို့ဒေသများ၊ နေရာထူးများ၊ မြန်မာကျောင်းများ၊ ကောင်းမှုပြုရန် အစီအစဉ်များကို ပြောပြသည်။ နာလန္ဒာတက္ကသိုလ်မှ မြန်မာစာသင်သား သံဃာတော်များကို လှူဒါန်းကြရန်၊ ထိုသံဃာများမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟာဝိဇ္ဇာ၊ ဒေါက်တာဘွဲ့ရရန် ကြိုးပမ်းနေကြသူများ ဖြစ်ကြောင်း၊ ဆွမ်းခံစားရန် လှူဒါန်းမည့်သူမရှိ။ ယခုလို ဘုရားဖူးလာရောက်ကြသည့် မြန်မာများ လှူဒါန်းထောက်ပံ့မှုနှင့် တစ်နှစ်ပတ်လုံး မြိုးမြိုးမြက်မြက်စွာနေထိုင်ပြီး ပညာသင်ကြားရခြင်းဖြစ်ကြောင်း လှူဒါန်းလိုစိတ်ဖြစ်ပေါ်အောင် ရှင်းလင်းပြောကြားပါသည်။ ကျွန်တော်တို့အားလုံး လှူဒါန်းလိုစိတ်ဖြစ်ရုံမက သဒ္ဓါထက်သန်စွာ လှူဒါန်းရန်လည်း ဆုံးဖြတ်ကြပါသည်။ စားဖွယ်သောက်ဖွယ်မှစပြီး လှူဒါန်းဖွယ်တို့ကို စုပေါင်းထုတ်ပိုးရန်အတွက် (၂)ရက်ကြိုပြီး (၁၃)ရက်နေ့အရောက်ပို့ရန် ပြောဆိုမှာကြားသည်။

ဘုရားဖူးသွားမည့်သူများ မေးသည့်တို့ကို ဖြေကြားပြီးသောအခါ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

## ပျော်ရွှင်စွာပြင်ရပြီ

ဖွား ပွင့် ဟော စံ သံဝေဇနီယ(၄)ဌာနသို့ ဘုရားဖူးခရီးသွားဖြစ်ပြီ။ တကယ်သွားရတော့မည်ဟု သိရသည်က ပျော်စရာကြည်နူးစရာ။ မရောက်မီကပင် ရောက်ချင်သည်။ မမြင်ဖူးသေးသော နေရာထူးများကို စိတ်ကူးနှင့် ကြည်ညိုမိသည်။ လိုအပ်သည်များကို ပြင်ဆင်ရသည်။ ဝယ်သင့်သည်တို့ကို ဝယ်ရသည်။ ခရီးဆောင်အိတ်ကောင်းကောင်းတစ်လုံးဝယ်မည်ဟု စိတ်ကူးထားသော်လည်း ဝယ်ရန်မလို ဘုရားဖူးအဖွဲ့ကပေးမည်။ အားလုံးတစ်ပုံစံတည်းဖြစ်မည်ဟု ဆိုသည်။ ကောင်းပါသည်။ အိတ်မဝယ်တော့ပါ။ စောင်လည်း ယူရန်မလိုဟု ဆိုသည်။ သောက်နေကျ ကော်ဖီမစ်ထုပ်နှင့် ခရက်ကာမုန့်ထုပ်ဝယ်သည်။ နှစ်ပတ်စာ ဆေးဝါးအပြည့်အစုံ ဝယ်သည်။ ကော်ဖီရေနွေးကြမ်းစသည်သောက်ရန် မတ်ခွက်လိုသည်ပြောကြ၍ ဝယ်သည်။

ခရီးသွားခါနီး (၄)ရက်အလိုတွင် အမေ့မေတ္တာစာမူပြိုင်ပွဲမှဝတ္ထုတိုအပုဒ်(၄၀)ခန့် ရောက်လာသည်။ ကျိုက္ကလို့ မိုးကုပ်ဝိပဿနာရိပ်သာမှ သီလရှင်ဆရာကြီး ဒေါ်ယုဇနပေးပို့ခြင်းဖြစ်သည်။ ကျိုက္ကလို့ မိုးကုပ်ဝိပဿနာရိပ်



သာမှာ ဆယ်ရက်တရားစခန်းဝင်ဖူးသည်။ ဆရာတော် ဒေါက်တာ စန္ဒာဝရာဘိဝံသက ထိုအချိန်ကတည်းက ပြောထားဘူးသည်။ တစ်နှစ်တစ်ခါ အမေ့မေတ္တာစာပေပြိုင်ပွဲပြုလုပ်ကြောင်း ဝတ္ထုစာမူများကို စစ်ပေးရန်အကြောင်းဖြစ်သည်။ စစ်ပေးပါမည်ဟု ဝန်ခံကတိပြုထားသည်။ အမေ့မေတ္တာ၊ အမေ့ကျေးဇူးကို ဖော်ကျူးသော ပြိုင်ပွဲမို့လည်း ပို၍လိုလိုလားလား ဆောင်ရွက်ချင်မိသည်။ မနှစ်ကလည်း စစ်ပေးပြီးပြီ။ စာမူ (၆၀)ခန့် စစ်ရသည်။ သီလရှင်ဆရာကြီး ဒေါ်ယုဇနနှင့် ဆက်သွယ်ဆောင်ရွက်ရသည်။ ယခုနှစ်မှာတော့ ဆရာကြီး ပို့ပေးသည့် စာမူပေါင်းမှာ (၁၂၀)ခန့်ရှိသည်။ မနှစ်ကထက် နှစ်ဆခန့် ပိုများသည်။

စိတ်ပါဝင်စားစွာ ပြိုင်ကြသည်ကို တန်ဖိုးထား၍ အသေအချာစစ်ပေးရသည်။ ရေးသားတင်ပြပုံအားနည်းသော ဝတ္ထုများမှာပင် အမေ့မေတ္တာ၏ ထူးခြားသောခံစားမှုလေးများကို လေးစားစွာဖတ်ရသည်။ ညတိုင်းညဉ့်နက်အောင်ဖတ်ရသည်။ အောက်တိုဘာ (၁၃)ရက် သွားခါနီး (၂)ရက်အလိုမှာ အားလုံးပြီးတော့မည်မို့ ဝမ်းသာနေစဉ် နောက်ထပ်တစ်ထုပ်ရောက်လာပြန်သည်။ (၃၆)စောင်ဖြစ်သည်။ စိတ်မောကိုယ်မောဖြစ်သွားရသည်။ သို့သော် ဆင်ပြောင်ကြီး အမြီးကျမှတစ် အဖြစ်မခံတော့ပါ။ စေတနာထားပြီး အားလုံး ပြီးသည်အထိ စစ်ပေးရန် ဆုံးဖြတ်လိုက်သည်။ တစ်နေ့လုံးစစ်၊ တစ်ညလုံး စစ်၊ မလွဲသာမရှောင်သွားစရာရှိ၍ သွားလျှင်လည်း ကားပေါ်ယူသွားစစ်သည်။ ထူးခြားစွာကောင်းသည့် စာမူများကိုဖတ်ရတိုင်း ဝမ်းသာအားရဖြစ်ရသည်။ (၁၄)ရက်နေ့မှာ အားလုံးစစ်ပြီးသည်။ ပထမ၊ ဒုတိယ၊ တတိယ ရွေးသည့် စာမူများကို အကြိမ်ကြိမ်ပြန်ဖတ်၍ နှိုင်းယှဉ်စိစစ်သည်။ နှစ်သိမ့်ဆု (၁၀)ပုဒ် ကိုပါ အကြိမ်ကြိမ်ပြန်ယှဉ်ပြီးမှ တစ်၊ နှစ်၊ သုံး၊ လေး ... တစ်ဆယ်အထိ စဉ်ပေးသည်။ ကိုယ်တိုင်ကျေနပ်ပြီဆိုမှ ကျိုက္ကလို့ရိပ်သာဆရာကြီး ဒေါ်ယုဇန ထံ သွားပို့သည်။ သက်ပြင်းမောကို ချမိသည်။ ပြီးသွားပြီ။ ဗုဒ္ဓဂယာအတွက် ပြင်ဆင်နိုင်ပြီ။

ခရီးဆောင်အိတ်များမှာ လိုအပ်သည်တို့ကို ထည့်ရသည်။ သား၊ သမီး၊ တူ၊ တူမများက ကူညီပြင်ဆင်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်မှ ဂယာသို့

၁၅ ‌. ၁၁ ‌. ၂၀၀၇ တနင်္လာနေ့ မနက်(၅)နာရီ အိပ်ရာက နိုးသည်။ ဘုရားပွင့်တော်မူရာ ဂယာသို့ သွားရမည့်နေ့ဟူသော အသိကြောင့် လူက ကြည်လင်လန်းဆန်းနေသည်။ စောစောထ၍ ပုံမှန်အတိုင်း လမ်းလျှောက် ထွက်သည်။ ၁၁နာရီမှာ မနက်စာစားပြီး လေဆိပ်ရောက်တော့ အားလုံး ရောက်နှင့်နေကြပြီ။ လေဆိပ်အဆောက်အဦအသစ်၏ ထွက်ခွာဆောင်ကြီးမှာ စုစည်းမိကြသည်။ လေဆိပ်အဆောက်အဦသစ်ကြီးများဆောက်ပြီးမှ နိုင်ငံ ခြားသို့ မထွက်ရသေး။ ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးခရီးသွားအဖွဲ့မှ ကြိုတင် စီစဉ်ထား၍ အားလုံးအဆင်ပြေပါသည်။ နားနေဆောင်များမှာ အလွန်ကောင်း ပါသည်။ နေရာတိုင်းမှာ ခေတ်မီသန့်စင်ခန်းများရှိသည်။ တီဗွီများက ထွက်ခွာ မည့် လေယာဉ်ခရီးစဉ်များ၊ အချိန်များ၊ ထွက်ခွာရမည့် လေဆိပ်များကို ဖော်ပြနေသည်။

ယခုတစ်ခေါက် နိုင်ငံခြားသွားရသည်မှာ ယခင်အခေါက်များနှင့် မတူ တမူထူးခြားနေ၏။ ယခင်အခေါက်များတွင် ဘောင်းဘီနှင့် ကုတ်နှင့် နက်ကတိုင်နှင့် ဥရောပဝတ်စုံကို ဝတ်ဆင်ရသည်။ ဝတ်စုံပြည့်မဟုတ်လျှင် တောင် အနည်းဆုံး ဘောင်းဘီရှည်နှင့် ဖြစ်သည်။ ယခုတစ်ခေါက်မှာတော့ သံဝေဇနိယ(၄)ဌာန ဘုရားဖူးခရီးဖြစ်၍ လုံချည်နှင့် ရှပ်အင်္ကျီအဖြူ တိုက်ပုံ



အဖြူဝတ်ပြီး ယောဂီတဘက်ကို ပခုံးမှာ သိုင်းပတ်ထားသည်။ အမျိုးသမီး များက ယောဂီလုံချည်အညို အင်္ကျီအဖြူ ဆင်တူဝတ်ပြီး ပခုံးမှာ တဘက် သိုင်း ၍ တည်ငြိမ်အိန္ဒြေရစွာ လေယာဉ်ပေါ်သို့ တက်ခဲ့ကြသည်။

အိန္ဒိယ လေကြောင်းလိုင်းမှ လေယာဉ်ကြီးမှာ ၁၄၆ ယောက်စီး ဖြစ်၍ ကြီးမားခန့်ငြားပါသည်။ ၂နာရီ ၂မိနစ်မှာ လေယာဉ်စတက်သည်။ ဂယာလေဆိပ်သို့ တိုက်ရိုက်ပျံသန်းခဲ့ခြင်းဖြစ်သည်။

ရှေးယခင်ကဆိုလျှင် ဗုဒ္ဓဂယာသို့ သွားလိုလျှင် ကုန်းကြောင်းခရီး မှ လနှင့်ချီ၍ကြာအောင် ခက်ခဲပင်ပန်းစွာ စွန့်စွန့်စားစား သွားကြရသည်။ နောက်မှ လေယာဉ်ခရီးနှင့် သွားနိုင်လာသည်။ လေယာဉ်ခရီးမှာပင် ကိုလ် ကတ္တားလေဆိပ်မှာဆင်းလျှင် ဂယာသို့ ကားဖြင့် တစ်ညခရီးသွားရဦးမည်။ ခုတော့ တိုက်ရိုက်လေယာဉ်ဖြစ်သည်။ လမ်းတွင် ကော်ဖီသောက်လိုက်၊ အအေးသောက်လိုက်၊ နေ့လယ်စာ ထမင်းပူပူ ဟင်းပူပူစားလိုက်နှင့်ပင် ၄ နာရီ ၅ မိနစ်မှာ ဂယာလေဆိပ်သို့ ရောက်သွားသည်။ ဂျပန်နိုင်ငံက ဗုဒ္ဓ ပွင့်ရာနေရာသို့ အလွယ်တကူသွားရောက်နိုင်ရန် ကူညီဆောက်လုပ်ပေးသော လေဆိပ်ဖြစ်ကြောင်း သိရသည်။

ဂယာလေဆိပ်တွင် ရန်ကုန်ဘုရားဖူးလမ်းညွှန်အဖွဲ့မှ ဦးတင်ရှိန်နှင့် ဦးဝင်းမြင့်တို့ လာရောက်စောင့်ကြိုနေကြသည်။

စစ်ဆေးခြင်းလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ပြီးစီး၍ လေဆိပ်မှ ထွက်ခဲ့ကြသည်။ လေဆိပ်ပတ်ဝန်းကျင် မြင်ကွင်းများမှာ မြန်မာနိုင်ငံနှင့် ခြားနားခြင်းမရှိပါ။ လေအေးပေးစက်ပါသော ခရီးဝေးသွား မော်တော်ကား ကြီးဖြင့် ဗုဒ္ဓဂယာမြန်မာဘုန်းကြီးကျောင်းသို့ သွားကြသည်။ လမ်းမှာ တွေ့ ရသော ထန်းတောလေးများ သရက်ပင်များ၊ မန်ကျည်းပင် တမာပင်များ သည် အညာသို့ ရောက်နေသလိုပင် ထင်ရသည်။ ဘာမျှမကြာ မြန်မာ ကျောင်းသို့ ရောက်လာသည်။ ကားပေါ်မှဆင်းကြသည်။ ကိုယ့်လက်ဆွဲအိတ် ကိုယ်ယူရသည်။ ခရီးဆောင်အိတ်များအားလုံး ကိုယ့်အခန်းသို့ ရောက်လာ မည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဂယာ မြန်မာကျောင်း

ဗုဒ္ဓဂယာ မြန်မာကျောင်းမှာ မြန်မာလက်ရာ မုခ်ဦးနှင့် ဖြစ်သည်။ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့် တအံ့တသြဖြစ်ရသည်။ မြန်မာပြည်မှ ဘုန်းကြီးကျောင်းရောက်နေသလို ခံစားရသည်။ သရက်ပင်၊ ကျွန်းပင်၊ ပိန္နဲပင်၊ ပိတောက်ပင်၊ တမာပင်၊ စောင်းလျားပင်၊ ငွေးတောက်နွယ်ပင်မှအစ မြန်မာသစ်ပင်များကို မြင်ရသည်။ အဝင်ပေါက်နားမှ ကျောင်းကြီးရှေ့တွင် မြန်မာသံဃာတော်များ ကုလားထိုင်များမှာထိုင်၍ အေးအေးလူလူစကားပြော နေကြသည်။

ကျောင်းတိုက်ကြီးများက သုံးထပ်ဆောင်၊ လေးထပ်ဆောင်၊ နှစ်ထပ်ဆောင်ကြီးများနှင့် တခမ်းတနားဖြစ်သည်။ ကျွန်တော်တို့ တည်းရသည့် အခန်းများမှာ ကုတင်နှင့် စောင်ခြင်ထောင်၊ ခေါင်းအုံး၊ အဝတ်တင်စင်၊ မီးချောင်း၊ ပန်ကာအစုံရှိသည်။ ရေချိုးခန်း ထိုင်အိမ်သာ တွဲလျက်ပါသည်။ ပြည့်စုံကောင်းမွန်စွာ တည်းခိုနေထိုင်ရန် အဆင်ပြေပါသည်။ ယောကျ်ားမိန်းမ သီးခြားစီနေရသည်။

ဝရံတာသို့ အလုပ်သမားများ လာပို့သည့် အိတ်များမှ ကိုယ့်အိတ် ကိုယ်ရွေးယူရသည်။ ရေချိုး အဝတ်အစားလဲပြီး မကြာမီမှာပင် ထမင်းစား မောင်းထုသံကြား၍ ထမင်းစားခန်းသို့ သွားကြရသည်။ မြန်မာစာချက်ထားသည့် ကြက်သားဟင်း၊ ပဲဟင်း၊ ခရမ်းချဉ်သီးငရုတ်သီးချက်၊ ရေနွေးကြမ်းနှင့် ထမင်းစား၍ ကောင်းကြသည်။ ဟင်းလိုလျှင် ထပ်တောင်း၍ ရသေးသည်။

မြန်မာဘုန်းတော်ကြီးကျောင်းမှာ ထမင်းချက်ဆောင်၊ စားသောက်ဆောင်၊ နားနေဆောင်များ၊ သိမ်ကျောင်း၊ အစည်းအဝေးလုပ်ရန်ခန်းမ၊ သံဃာနားနေဆောင်၊ လူဧည့်သည်များ နားနေဆောင် စနစ်တကျ ပြည့်စုံသည်။

အမျိုးသမီးများက သုံးထပ်ဆောင်၏ မြေညီထပ်မှာ တည်းရသည်။ အမျိုးသားများက ဒုတိယထပ်မှာဖြစ်သည်။ လေးထပ်ကျောင်းဆောင်ကြီးတွင် ကျမ်းပြုရန် ရောက်ရှိနေကြသော နိုင်ငံရပ်ခြား ကျောင်းသူ၊ ကျောင်းသားများ ရှိနေကြသည်။ ကျောင်းအဝင်ပေါက်နားမှာ နိုင်ငံရပ်ခြားသို့ တယ်လီ



ဖုန်းဆက်နိုင်သောအခန်းရှိသည်။

ကျောင်းဆောင်များ၏ အလယ်မှ မြေကွက်လပ်တွင် ဘုရားဖူးခရီးသည်များ အလွယ်တကူ ဈေးဝယ်နိုင်ရန် ဆိုင်ကလေးများ တည်ခင်းလျက်ရှိသည်။ ဗုဒ္ဓဂယာ၊ ဘုရားပုံတော်များ၊ နံ့သာဖြူ၊ နံ့သာနီ စိတ်ပုတီးများ၊ ဘုရားရုပ်ထုများ၊ ဆာရီတဘက်၊ စောင်၊ ပိတ်စ၊ ပုဆိုးစွပ်ကျယ် အိန္ဒိယနိုင်ငံထွက်ပစ္စည်းများ၊ အမျိုးစုံရှိပါသည်။ ဒေါ်လာငွေနှင့် ရူပီးငွေလဲ၍လည်း ရပါသည်။

ထိုကွက်လပ်မြေအပြင်မှာ ကျောက်စားပွဲ၊ ကျောက်ထိုင်ခုံလေးများ စွာရှိသည်။ ဧည့်သည်များ လွတ်လပ်စွာ နားနေနိုင်သည်။ သစ်ပင်အရိပ်များကလည်း ကောင်း၍ အေးချမ်းသာယာလှသည်။ ဥသြငှက်ကလေးက 'ကလု ကလု ကလု'ဟူ၍ ခပ်မြန်မြန်အော်ပြီး ပျံသွားသည်။ စိတ်ကြည်နူးစရာ။

ဘုရားပွင့်တော်မူရာ ဒေသသို့ ရောက်နေပြီဟူသော အသိကလည်း မြတ်နိုးနှစ်သက်ဖွယ် ဖြစ်နေသည်။

မြန်မာကျောင်းရှေ့တွင် ဆိုက္ကားများ ရပ်ထားသည်။ ဘုရားပွင့်တော်မူရာ မဟာဗောဓိသို့သွားလျှင် ရူပီး ငါးကျပ်ပေးရမည်။ အိန္ဒိယ ဆိုက္ကားက အမိုးကလေးနှင့်။ မြန်မာကျောင်းရှေ့မှ ကတ္တရာလမ်း၏ တစ်ဖက်တွင်တွင် စားသောက်ဆိုင်လေးများရှိသည်။ ထိုဆိုင်များကို ကျော်ကြည့်လိုက်လျှင် မြန်မာအညာချောင်းနှင့်တူသော မြစ်တစ်စင်း စီးဆင်းနေသည်။ ရေနည်းနည်း သဲသောင်များများဖြစ်၏။ ဖဲလဂူမြစ်ဟုခေါ်ကြောင်း သိရသည်။

## မဟာဗောဓိသို့

ည(၇)နာရီတွင် မဟာဗောဓိသို့ ကားဖြင့်လိုက်ပို့သည်။ ခဏသာ စီးလိုက်ရသည်။ ရောက်သွားပြီ၊ နိုင်ငံတကာမှ လာရောက်ကြသည့် ဘုရားဖူးများနှင့် စည်ကားနေ၏။ ဆိုင်တွေကလည်း အများကြီး။ ကိုယ့်လမ်းညွှန်များနှင့်တွဲလျက် အဖွဲ့မကွဲအောင် သတိထားရသည်။ မီးများ ထိန်ထိန်လင်းနေသည်။ မြင်မြင်သမျှ ရင်ထဲမှာ ကြည်နူးစရာ။ နေရာထူး၊ နေရာမြတ်ကို ရောက်ရပေပြီဟု ဝမ်းသာပီတိဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ(၁၇၀)မြင့်သော မဟာဗောဓိစေတီတော်မြတ်ကြီးကို ဖူးမြင်ရပြီ၊ တအံ့တသြ မော့ကြည့်မိ၏။ မြန်မာနိုင်ငံတွင် ဖူးတွေ့နေကျ ပုထိုးစေတီများနှင့် မတူတာမှုထူးခြားနေသည်။ မူလကောင်းမှုရှင်မှာ အသောကမင်းကြီးဖြစ်သည် ဆို၏။ အကြိမ်ကြိမ်ဖျက်ဆီးခံရ၍ အကြိမ်ကြိမ်ထပ်ဆင့်ပြုပြင်မွမ်းမံထားရသော စေတီတော်ကြီးဖြစ်သည်၊ ထိုပြုပြင်သူများတွင် မြန်မာနိုင်ငံမှ မင်းတုန်းမင်းကြီး လည်းပါဝင်၏။ ယခုဖူးမြင်ရသော စေတီတော်ကြီးသည် မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ဖြစ်ပြီး အိန္ဒိယကျောက်ဆစ်ပညာရှင်တို့၏ လက်ရာဖြစ်သည်ဟု သိရသည်။

စေတီတော်ကြီး၏ အောက်ခြေမှာ လေးထောင့်ဖြစ်၍ ၄၈ ပေရှိသည်။ အပေါ်သို့ တဖြည်းဖြည်း ရှူးတက်သွားသည်။ စေတီတော်၏ နံရံမျက်နှာပြင်မှာ ခြူးပန်းခြူးနွယ်များ၊ နံရံကပ်လိုက်မုတ်များဖြင့် လှပစွာ တန်ဆာဆင်ထားသည်။ စေတီတော်ကြီး၏ ပထမအထပ်ထောင့်လေးထောင့်မှာ စေတီလေးဆူရှိသည်။ စေတီကြီး၏ ထိပ်ဆုံးအပိုင်းမှာ လေးထောင့်ပြီးသော် လည်ပင်းပုံအဝိုင်းဖြစ်သည်။ အပေါ်ဆုံးတွင် ထီးတော်ပုံလှပသော အချွန်အထွတ်ရှိသည်။

စေတီတော်ကြီး၏ ရှေ့တည့်တည့်မှ တအံ့တသြငေးမောကြည့်နေမိသည်။ ကိုယ်လိုကြည့်သူများ၊ ဓာတ်ပုံရိုက်သူ၊ ဗွီဒီယိုရိုက်နေကြသူများလည်း အများကြီးဖြစ်သည်။

ပုံ(၁)



မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် မြန်မာဘုရားဖူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

## မဟာဗောဓိ စေတီတော်ကြီး

စေတီတော်ကြီး၏ ဘုရားလိုဏ်ဂူအတွင်းသို့ဝင်ရန် အောက်သို့ ၁၅ပေခန့် ဆင်းရသည်။ လှေခါးထစ်များတွင် စတီးလက်ရန်းများ တပ်ဆင်ထားသည်။ လှေခါးထစ်များ၏ အောက်ခြေတွင် မတ်တပ်ရပ်လျက် ဘုရားရှိခိုးပူဇော်နေသူများ၊ မတ်တပ်မှ အဆင့်ဆင့်လှဲချလျက် အလျားမှောက်အနေအထားရောက်အောင် ဒိုက်ထိုးကန်တော့နေကြသည့် တိဘက်ဗုဒ္ဓဘာသာများကိုလည်း တွေ့ရသည်။ သူတို့လည်း သူတို့နည်း သူတို့ဟန်ဖြင့် မြတ်စွာဘုရားကို ရှိသေစွာ ပူဇော်ကန်တော့နေကြခြင်းဖြစ်သည်။ ကိုယ်လည်း ကိုယ့်ရင်ထဲမှာ လှိုက်လှဲစွာ ရှိသေမြတ်နိုးစိတ်များ ဖြစ်နေသည်။ သူတို့ကို မြင်ရသောအခါ ပို၍ပင် ကြည်ညိုသဒ္ဓါ တိုးပွားရသည်။

ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ ဘုရားလှိုဏ်ခေါင်းထဲသို့ ဝင်ခဲ့ကြသည်။ အောက်ခံအခင်းများမှာ အိစက်နူးညံ့လျက်ရှိ၏။ ပလ္လင်ပေါ်တွင် အရှေ့ဘက်သို့ မျက်နှာမူလျက် ထိုင်နေသော ဘူမိဖဿမုဒြာ ရုပ်ပွားတော်ကြီးကို ကြည်ညိုဘွယ်ရာ ဖူးတွေ့ရသည်။

မြတ်စွာဘုရားရှင်သည် ဤစေတီ၏ နောက်မှာရှိသော ဗောဓိပင်၏ အောက်တွင် မြက်ရှစ်ဆုပ်ကျဲရာမှ ပေါ်ပေါက်လာသော ပလ္လင်တော်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ၍ ဘုရားမဖြစ်သမျှ ငါမထဟု လုံ့လဥဿဟဖြင့် အားထုတ်ရင်း အလုံးစုံသော တရားအပေါင်းတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းဆင်ခြင်သိမြင်တော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနေက ဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ
ဂဟကာရက ဒိဋ္ဌောသိ ပုနဂေဟံ နကာဟသိ
သဗ္ဗာ တေဖာသုကာ ဘဂ္ဂါ ဂဟကူဋံ ဝိသင်္ခတံ
ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

မြတ်စွာဘုရားရှင်သည် ဤနေရာတွင် ဘုရားအဖြစ်သို့ ရောက်ခဲ့ပြီး ဥဒါန်းကျူးရင့်တော်မူခဲ့ခြင်းဖြစ်သည်။

သဗ္ဗညုတဉာဏ်တော်ကို မရသေးသမျှ သံသရာတွင် ဘဝများစွာ ဖြစ်ပေါ်စေသည့် ခန္ဓာအိမ်ကို တည်ဆောက်တတ်သော ဟယ် တဏှာလက်သမား –

ငါသည် သင့်ကို ပညာမျက်စိဖြင့် ကောင်းစွာသိမြင်ခဲ့လေပြီ။

သင်သည် ခန္ဓာအိမ်ကို နောက်ထပ်အသစ်တစ်ဖန် ဆောက်လုပ်ခွင့်ရတော့မည်မဟုတ်။

ခန္ဓာအိမ်၏ အချင်ယနယ်နှင့်တူသော ကိလေသာတို့ကိုလည်းကောင်း၊ အမိုးအထွတ်တို့နှင့်တူသော အဝိဇ္ဇာကိုလည်းကောင်း ထောင်းထောင်းကြေကြေမွ ဖျက်ဆီးခဲ့လေပြီ။ ဆင်းရဲခြင်းကိုဖြစ်စေသော တဏှာ၏ ကုန်ဆုံးရာ ငြိမ်းအေးချမ်းသာခြင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် နိုဝင်သက်ရောက်ခဲ့လေပြီ။

# ဗုဒ္ဓဂယာ ဆင်းတုတော်ကြီး

ဤနေရာထူး နေရာမြတ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူလျက် ဥဒါန်းကျူးရင့်တော်မူသော မြတ်စွာဘုရားကို အာရုံထဲမှာပေါ်အောင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဖူးမြင်ပြီး ပါဠိလိုရော မြန်မာလိုပါ အကြိမ်ကြိမ် ရွတ်ဆိုပူဇော်နေမိသည်။ ဤဥဒါန်းစကားကို ယခင်က ကြားဖူးရုံသာ ရှိပါသည်။ အလွတ်မရပါ။ ဗုဒ္ဓဂယာသို့ လာခါနီးမှ အလွတ်ရအောင် ကျက်မှတ်ထားခြင်းဖြစ်သည်။ ဘုရားကို ဤဥဒါန်းစကားဖြင့် ပူဇော်လို၍ ဖြစ်ပါသည်။

တဏှာကြောင့် ဘဝများစွာသံသရာမှာ ခန္ဓာအသစ်အသစ်ဖြစ်ပေါ်ရသည်ကိုလည်း ဆင်ခြင်သုံးသပ်မိပါသည်။ တဏှာနှင့် အဝိဇ္ဇာကြောင့် သမုဒယသစ္စာ ဖြစ်ရသည်။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာနှင့် သံသရာလည်နေရသည်။ ဝိပဿနာတရားဘာဝနာကို ကြိမ်ဖန်များစွာ ပွားများအားထုတ်ခြင်းဖြင့်သာ ဒုက္ခသစ္စာကို သိမြင်နိုင်သည်။ ဒုက္ခသစ္စာကို သိမြင်မှသာ ဘဝတဏှာတို့ကို ခင်မင်တွယ်တာသော သမုဒယသစ္စာကိုပယ်၍ နိရောဓသစ္စာကို ဆိုက်ရောက်မည်။ နိရောဓသစ္စာကို ဆိုက်ရောက်ရန် မဂ္ဂသစ္စာကို ကြိမ်ဖန်များစွာ ပွားများရမည်ဟုလည်း တရားတော်နှင့်ဆင်ခြင်၍ မြတ်စွာဘုရားကို ပူဇော်သည်။ ကြည်ညိုစွာပူဇော်၍ အလွန်ကောင်းပါသည်။ သဒ္ဓါထက်သန်၍ သမာဓိလည်း ရပါသည်။ သို့သော် နေရာကျဉ်းကျပ်၍ များပြားသော ဘုရားဖူးများကို စာနာပြီး နေရာပေးရပါဦးမည်။ သူများကိုလည်း ဖူးခွင့်ပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ ဘုရားလိုဏ်ဂူထဲမှ ပြန်ထွက်ကြသည်။ နောက်လူများ ဝင်လာပြီး နေရာယူ ဖူးမြော်ကြသည်။ ကျွန်တော်တို့ မြန်မာအဖွဲ့ စေတီတော်ကြီးကို လက်ယာရစ်လှည့်ပတ်ပြီး နောက်ဖက်မှ ဗောဓိညောင်ပင်သို့ သွားကြသည်။ ဘေးဘက်သို့ရောက်အောင် ဖြာထွက်နေသော ညောင်ကိုင်းများကို အဝေးမှပင် လှမ်းမြင်နေရသည်။ နောက်ဖက်သို့ ရောက်သောအခါ ဗောဓိညောင်ပင်ကို တွေ့မြင်ရသည်။ ညောင်ပင်အောက်တွင် ကျောက်ပြားအဖြူများ ခင်းထားသည်။ နေရာတိုင်းမှာပင် ဘုရားဝတ်ပြုနေသူများ၊ တရားထိုင်နေသူများကို တွေ့ရသည်။ မတ်တပ်ရပ်လျက်မှ အလျားမှောက်အနေအထားရောက်အောင် ဒိုက်ထိုးပြီး ဘုရားကန်တော့နေကြသည့် တိဘက်များကို နေရာတိုင်းမှာ တွေ့နေရသည်။

ဤအထွတ်အမြတ်နေရာမှ ဗောဓိပင်ရင်း ရွှေပလ္လင်ထက်မှာ မြတ်စွာဘုရားပွင့်တော်မူခဲ့သည်။ ဗောဓိပင်သည် မြတ်စွာဘုရားနှင့် ဖွားဘက်တော် (၇)ပါးမှာ တစ်ပါးအပါအဝင်လည်းဖြစ်ခဲ့သည်။ သို့သော် ယခုတွေ့မြင်ရသော ဗောဓိပင်မှာ ဘုရားပွင့်တော်မူခဲ့သည့် မူလဗောဓိပင်မဟုတ်တော့ပါ။ မူလဗောဓိပင်သည် ဘာသာခြားများ ခုတ်လှဲမီးရှို့ဖျက်ဆီးရာမှ ကိုင်းတက်ထွက်ပြန်ပေါက်ခဲ့ကြောင်း၊ နောက်တစ်ဖန် အာသောကမင်းကြီးလက်ထက်မှာ အာသောကမင်းကြီးက ဘုရားပွင့်တော်မူရာ ဗောဓိပင်မှာသာ ကြည်ညိုရှိသေစွာ အနေများ၍ မိဖုရားများက အာသောကမင်းကြီးမရှိခိုက်မှာ အခကြေးငွေပေး၍ ခုတ်လှဲဖျက်ဆီးပစ်လိုက်သည်။ အာသောကမင်းကြီး သိသောအခါ ကြီးစွာစိတ်မကောင်းဖြစ်၍ သစ္စာအဓိဋ္ဌာန်ပြုပြီး နို့ရေလောင်းရာမှ ပြန်၍ ရှင်သန်ကြီးထွားလာကြောင်း၊ ထိုအပင်ကြီးမှာ နှစ်များစွာကြာ၍ သဘာဝအတိုင်း အိုမင်းသေဆုံးသောအခါ မူလညောင်ပင်၏ အစေ့ကို ကျောက်စာမင်းကြီးဘမ်နင်ဟန်က စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗောဓိညောင်ပင်အောက်မှာ ဘုရားလှိုဏ်ဂူထဲနှင့်စာလျှင် နေရာပို၍ ကျယ်ပါသည်။ ဗောဓိညောင်ပင်ဘေး လွတ်ကင်းသောနေရာကျယ်ကျယ်မှာ မြန်မာဘုရားဖူးအဖွဲ့နေရာယူ၍ မြတ်စွာဘုရားကို ရည်မှန်းပြီး ဘုရားကန်တော့ကြသည်။



ဘုရားဂုဏ်တော်ကိုးပါးကို တစ်ပါးစီ အသေအချာအာရုံပြု၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဖြင့် မြတ်စွာဘုရားကို ရိုသေစွာ ပူဇော်ကန်တော့သည်။ နေရာတော်မြတ်မှာ ရောက်ရှိနေသည်ဟူသော အသိကြောင့်လည်း ဘုရားဂုဏ်တော်များကို အာရုံပြုပူဇော်ရသည်မှာ သမာဓိကောင်းသည်နှင့်အမျှ သဒ္ဓါကြည်ညိုစိတ်ထက်သန်သည်။ သက်တော်ထင်ရှား မြတ်စွာဘုရားကိုလည်း ကောင်းစွာအာရုံပြု၍ ပူဇော်ကန်တော့နိုင်သည်။

သမာဓိအားကောင်း၍ သဒ္ဓါထက်သန်လာသောအခါ ဆက်လက်၍ ဝိပဿနာတရားဘာဝနာကို ပွားများပါသည်။ ခန္ဓာ၏ ဖြစ်ပြီးပျက်နေသည့် မမြဲသောအနိစ္စကို ရှုမှတ်သည်။ ဖြစ်ပြီးပျက်နေသည့် မမြဲသောအနိစ္စခန္ဓာတွင် ချမ်းသာစစ်၊ ချမ်းသာမှန် ဘာတစ်ခုမျှမရှိ။ ဝိပရိနာမလက္ခဏာ ဒုက္ခသစ္စာ၊ ဖောက်ပြန်ခြင်းနှင့် ပျက်စီးခြင်းသာရှိသည့် ဒုက္ခသစ္စာပါလားဟု မမြဲသောအနိစ္စကိုပင် ဒုက္ခသစ္စာနှင့် ဆင်ခြင်သည်။ ဖြစ်ပြီးပျက်နေသော ခန္ဓာ၏ အနိစ္စကိုပင် ဤခန္ဓာသည် ဓမ္မသဘောတွေဖြစ်ပြီး ဓမ္မသဘောများ ပျက်နေကြခြင်းပါတကား။ ငါမဟုတ် ငါမပိုင် အစိုးမရသော အနတ္တပါတကားဟု ရှုမှတ်ဆင်ခြင်သည်။ စေတနာသဒ္ဓါတရားထက်သန်သောအခါ သမာဓိအားကောင်းသည်။ ဉာဏ်အားကောင်းသည်။ တရားရှုမှတ်၍ ကောင်းပါသည်။ မြတ်စွာဘုရားရှင်အား ဓမ္မပူဇာဖြင့် ရိုသေစွာ ပူဇော်ကန်တော့ရပါသည်။ သာဓု သာဓု သာဓု ကောင်းလေစွ ကောင်းလိုက်တာ၊ ကောင်းပါလေ့။ မိမိဘာသာ ကြည်နူးကျေနပ်စွာ သာဓုခေါ်မိပါသည်။ အတူတကွ ဘုရားဖူးကြ၊ ကောင်းမှုပြုကြသူများ၊ ခရီးသွားလမ်းညွှန်များ၊ မြန်မာကျောင်းမှ သံဃာတော်များ၊ ဤဗုဒ္ဓဂယာဒေသမှ လူများ၊ နတ်များ၊ သက်ရှိသတ္တဝါများ၊ မိဘ၊ ဘိုးဘွား၊ ဆရာသမားဆွေမျိုးညာတကာတို့မှစ၍ သုံးဆယ့်တစ်ဘုံကျင်လည်ကုန်သော သတ္တဝါအနန္တတို့အား အမျှပေးဝေပါသည်။

ရောက်သည့်နေ့ညမှာပင် ဗုဒ္ဓဂယာ၊ ဗောဓိပင်နှင့် မဟာဗောဓိစေတီတော်ကြီးမှာ ဘုရားဖူးရ၊ တရားဘာဝနာပွားရသည်အတွက် ကြည်နူးကျေနပ်ဖြစ်ရသည်။

ည၉နာရီ မြန်မာကျောင်းသို့ ပြန်ရောက်သောအခါ စျေးဝယ်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



လိုသည်တို့ကို သုံးနိုင်ရန်အတွက် ဒေါ်လာငွေနှင့် မြန်မာငွေကို လဲလှယ်ကြသည်။ တစ်ဒေါ်လာလျှင် ရူပီးငွေ ၃၈၅/– ရပါသည်။ မြန်မာစကားတတ်သော သာယာဝတီမြို့သူ ဒေါ်မာယာ၏ဆိုင်မှာ ဘုရားပုံတော်များ၊ ဘုရားဆင်းတုတော်များ၊ နံ့သာဖြူပုတီး၊ နံ့သာနီပုတီးများနှင့် အမှတ်တရပစ္စည်းများဝယ်ကြသည်။

နေရထိုင်ရသည်မှာ ဟော်တယ်ထက်ပို၍ သဘောကျသည်။ စိတ်နေလွတ်လပ်သည်။ ကိုယ့်အဖွဲ့သားများ တစုတဝေး စိတ်အေးချမ်းသာသည်။ နိုင်ငံရပ်ခြားဆိုသော်လည်း မြန်မာစကားသာ ကြားနေရသည်။ မြန်မာစကားသာပြောရသည်။ မြန်မာလိုနေ၊ မြန်မာလို စားရသည်။ မီးများကလည်း ထိန်ထိန်လင်းနေသည်။

ညနေပိုင်းက မိုးတိမ်တိုက်များ တက်လာပြီး ဖိုးကလဲ ဖွဲဖွဲကျလိုက်သောကြောင့် ရာသီဥတုမှာလည်း အေးအေးချမ်းချမ်းနှင့် ညအခါအိပ်၍ကောင်းကြသည်။

ဗုဒ္ဓဂယာဘုရားဖူးခရီး၏ ပထမနေ့မှာ အဆင်ပြေလှပါ၏။

## ဒွက္ကာရစရိယာတောင်သို့

မနက်(၅)နာရီ အိပ်ရာ နိုးသည်။ အိမ်မှာနိုးနေကျ အချိန်ဖြစ်၏။ အိမ်မှာလိုပင် လမ်းလျှောက်ထွက်ချင်၍ မျက်နှာသစ် အဝတ်အစားလဲပြီး မြန်မာကျောင်းမှထွက်ခဲ့သည်။ ကဏ္ဍရာလမ်းအတိုင်း ဂယာမြို့ဘက်ဆီ လမ်းလျှောက်ထွက်ခဲ့သည်။ ညာဘက်မှာ ဖလဂူမြစ်က အရုဏ်ဦးအလင်းရောင်မှာ ဖွေးဖွေးလွလွ။

ဘယ်ဘက်လမ်းဘေးတလျှောက်မှာ ဟိုတယ်၊ ဂတ်စ်ဟောက်စ်၊ ရက်စ်ထရင့်ဆိုသော ဆိုင်းဘုတ်ပါ အဆောက်အဦများကို တွေ့ရသည်။ နိုင်ငံတကာမှ ဘုရားဖူးလာသူများ တည်းကြ၊ စားကြရန်ဖြစ်မည်။ ကျွန်တော်တို့မှာ ကိုယ့်မြန်မာကျောင်းနှင့်ကိုယ် ဟန်ကျနေသည်။ နိုင်ငံခြားခရီးများသွားဖူးပါသည်။ ဟိုတယ်ကြီးများမှာ တည်းဖူးပါသည်။ ခမ်းနားသည်။ သန့်ရှင်းသပ်ယပ်သည်။ လွတ်လပ်သည်။ ကောင်းပါသည်။ သို့သော်ကိုယ့်မြန်မာကျောင်းမှာတည်းရသည်ကလည်း တစ်မျိုးနှစ်သက်စရာမို့ သဘောကျသည်။ ဟိုတယ်ကြီးများမှာလောက် မခမ်းနားသော်လည်း လိုအပ်သည်တို့ ပြည့်စုံသည်။ လွတ်လပ်မှုရှိပါသည်။

ကိုယ့်မြို့ကိုယ့်ဒေသမဟုတ်၍ သိပ်အဝေးကြီးမလျှောက်ပဲ ပြန်လာသည်။ ရေချိုးအဝတ်အစားလဲပြီးသည်နှင့် မနက်စာစားရန် အဆင်သင့်ဖြစ်နေပြီ။ ထမင်းကို ပဲနှင့်ကြော်၊ ခရမ်းချဉ်သီးချက်နှင့်စားပြီး ကော်ဖီတစ်ခွက်သောက်ရသည်။ အိမ်မှာစားရသကဲ့သို့ပင် မြန်မာစာဖြစ်၍ အဆင်ပြေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ကြမ်း၊ ရေအေး ကိုယ်ကြိုက်ရာကို ကြိုက်သလို သောက်နိုင်သည်။

၇ နာရီမှာ မော်တော်ကားဖြင့် ဒုက္ကရစရိယာတောင်သို့ သွားကြသည်။ ကားပေါ်မှာ ဘုရားဖူးအဖွဲ့ဝင်များအားလုံး ဆုံမိကြသည်။ ခရီးစဉ်အစအဆုံး ဤကားကြီးဖြင့်ပင် သွားရမည်ဖြစ်သည်။ ကားကြီးက ကောင်းပါသည်။ အိန္ဒိယနိုင်ငံလုပ်ဖြစ်သည်။ နှစ်ယောက်တွဲ ကတ္တီပါထိုင်ခုံများနှင့်ဖြစ်သည်။ ခုံမြင့်သည်။ ခြေထောက်ချထားရန် နေရာကျယ်သည်။ ခုံကို ခလုတ်နှိပ်ပြီး နောက်လှန်ဆွဲ၍ရသည်။ ရှေ့မှာ ရေပုလင်းထားရန်ရှိသည်။ အပေါ်မှာ ပစ္စည်းတင်ရန်တန်းရှိသည်။ မြန်မာနိုင်ငံမှ ခရီးဝေးသွားလေအိတ်ကားကြီးများနှင့် အဆင့်တူပါသည်။ လေအေးပေးစက်ကလည်း ကိုယ်ကြိုက်သလို ဖွင့်၍ရသည်။ အလွန်အေးချင်သလား၊ နည်းနည်းအေးချင်သလား၊ ပိတ်ထားချင်သလား ကိုယ်ကြိုက်သလို ခလုတ်ကို လှည့်နိုင်သည်။

ယာဉ်မောင်းအခန်းနှင့် ခရီးသည်အခန်းကို ပိုင်းခြားထားသည်။ တံခါးရှိသည်။ ယာဉ်မောင်းအခန်းမှာ လမ်းညွှန်ဦးတင်ရှိန်၊ ဓာတ်ပုံဆရာနှင့် ယာဉ်အကူလူငယ်တစ်ယောက်လိုက်ပါသည်။

ခရီးစဉ်အစအဆုံး ဘုရားဖူးများကို နေရာပုံသေသတ်မှတ်ပေးထားသည်။ သံဃာတော်များနှင့် အသက်ကြီးသူများက ရှေ့ပိုင်းမှာ နေရာရသည်။ ငယ်သူများကနောက်ပိုင်းခုံများမှာ ဖြစ်သည်။ ကျွန်တော်နှင့်ဇနီးက ဘယ်ဘက်ခြမ်း ဒုတိယခုံမှာ ဖြစ်သည်။

အိပ်ဆောင်မှာ သီးခြားခွဲနေရသော ဇနီးနှင့် ကားပေါ်မှာ နှစ်ယောက်ခုံတွင်ပြန်ဆုံရသည်။ မော်တော်ကားသည် ဖလဂူမြစ်ဘေးမှ ကတ္တရာလမ်းအတိုင်း ဂယာမြို့ဘက်ဆီသို့ သွားနေ၏။ မော်တော်ကားစတင်ထွက်ခွာပြီး မကြာမီမှာပင် သံဃာတော်နှစ်ပါးဦးဆောင်၍ မြန်မာဘုရားဖူးအဖွဲ့ဝင်များအားလုံး နမောတ သသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့သည်။ ပြီးလျှင် သရဏဂုံသုံးပါး ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို ရွတ်ဆိုကန်တော့သည်။ ပြီးသော် တိပိဋကဓရဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ မေတ္တာပို့နည်းဖြင့် မေတ္တာပို့ကြသည်။ သံဃာတော်



များနှင့်တကွ လမ်းညွှန်များ အပါအဝင် မြန်မာဘုရားဖူးအဖွဲ့ဝင်အားလုံး ညီညီညာညာ ဘုရားစာရွတ်ကြ၊ မေတ္တာပို့ကြရသည်မှာ ကြည်နူးစရာ၊ နားထောင်၍လည်း ကောင်းသည်။ လမ်းဘေးမှ ကြားသူများ ရပ်ကြည့်ငေးမောကျန်ခဲ့ကြသည်။

ထိုသို့ ငေးကြည့်ကျန်ရစ်ကြသူများကို တွေ့ရတိုင်း ကျွန်တော်တို့ ဂုဏ်ယူမြတ်နိုးစွာနှင့် အသံပိုကျယ်ပြီး ပို၍ညီညာ ဆောင်ရွက်ဆိုမိကြသည်။

မေတ္တာပို့ပြီး သာဓုသုံးကြိမ် ခေါ်အဆုံးသတ်ကြသည်။

ဘုရားဖူးအဖွဲ့ လမ်းညွှန်ဦးတင်ရှိန်က စကားပြောစက်ငယ်ဖြင့် ကားပေါ်မှ ဘုရားဖူးခရီးသည်များအားလုံးကြားအောင် ခရီးစဉ်အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဤလမ်းအတိုင်းသွားလျှင် ရှေ့မှာ ဂယာမြို့ဖြစ်သည်ကို ညွှန်ပြသည်။ ဗုဒ္ဓဂယာနှင့် ဂယာမြို့မှာ (၇)မိုင်သာ ဝေးပါသည်။

ဟိန္ဒူဘာသာဝင်များစွာ တစ်နှစ်တစ်ခါ ဂယာမြို့သို့ ရောက်လာ၍ မြစ်ထဲမှာ ရေဆင်းချိုးပြီး အကုသိုလ် အညစ်အကြေးများ ကင်းစင်အောင် ဆေးကြောသည့်အကြောင်း ရှင်းပြရင်း အဲဒီလိုသာဆိုရင် မြစ်ထဲမှာရှိတဲ့ငါးတွေ ရဟန္တာဖြစ်ကုန်မှာပေါ့ဟု သီတဂူဆရာတော်ကြီး မိန့်တော်မူကြောင်း ဦးတင်ရှိန်ပြော၍ ရယ်ကြရသည်။

ဂယာမြို့ကို ရှေ့ဆီမှာ လှမ်းမြင်နေရပြီ။ ဤပြည်နယ်မှာ ရှေးအခါက မာဂဓတိုင်းဖြစ်၍ ယခုအခါမှာ ဗီဟာပြည်နယ်ဟုခေါ်ကြောင်း ဂယာမြို့သည် ခရိုင်မြို့ကြီးဖြစ်ကြောင်း ပြောပြသည်။

ဂယာမြို့နားသို့ ရောက်ခါနီးမှ မြစ်ကိုဖြတ်ကူး၍ ဒုက္ကရစရိယာတောင်ဆီသို့ သွားကြရသည်။ လမ်းတွင်တွေ့သောအိမ်တိုင်းလိုပင် ပြီးအောင်မဆောက်ဘဲ အပေါ်မှာ သံချောင်းများ ထိုးထိုးထောင်ထောင်နှင့် မတင့်မတယ်ဖြစ်နေသည်ကို ညွှန်ပြ၍ ဦးတင်ရှိန်က ကုလားလူမျိုးတို့ အိမ်ဆောက်ရာတွင်ထားသော သဘောထားကို ရှင်းပြသည်။

သူတော့ ဒီလောက်အထိ ဆောက်ပြီးပြီ။ ကျန်တာကို သားသမီးများဆက်ဆောက်ရန် အပေါ်ထပ်မှာ သံချောင်းများထောင်လျက် ချန်ခြင်းဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ အိမ်ဆောက်မပြီးသေးလျှင် အချိန်မပေးရ

www.burmeseclassic.com

www.burmeseclassic.com



သေး၍ အခွန်ရှောင်ခြင်းလည်းဖြစ်ကြောင်း ရှင်းပြ၍ ရယ်ကြရသည်။

လမ်းမှာတွေ့သည့် စွန်ပလွန်ပင်များမှာ လေ့ခါးထစ်များလို ဘုများ ထစ်များနှင့် ဖြစ်နေသည်ကိုတွေ့ရ၍ ကုလားလူမျိုးများ စွန်ပလွန်ပင်ကို ခါးဖြင့်လှီးပြီး စွန်ပလွန်ရည်ခံသည်ကို ရှင်းပြသည်။ မှန်ပါသည်။ တချို့အပင် များတွင် အိုးငယ်များ ကြိုးဖြင့်ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ကားလမ်းဘေးတစ်လျှောက်တွင် လယ်ကွင်းစိမ်းစိမ်းများနှင့် မြက် ခင်းလှလှလေးများကို တွေ့ရသည်၊ ထန်းပင်အုပ်ကလေးများကလည်း မြန်မာ ပြည်နှင့်တူသေးတော့၏။ ရှေးယခင်သိဒ္ဓတ္ထမင်းသား တောထွက်စဉ်ကဆိုလျှင် ဤနေရာသည် တောကြီးမျက်မည်းဒေသ ဥရုဝေလဖြစ်ခဲ့လိမ့်မည်။

ကပ္ပိလဝတ်နေပြည်တော်မှ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်း သားသည် သက်တော် ၂၉နှစ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ နတ် တို့ပြသော နိမိတ်ကြီး(၄)ပါးကို မြင်ပြီး ခန္ဒကမြင်းကိုစီး၍ ဖွားဘက်တော် မောင်ဆံနှင့်အတူ ယူဇနာ (၃၀)ခရီးကို နှင်ခဲ့သည်။ အနော်မာသောင်ယံ ရောက်သော် ဆံတော်ပယ်ပြီး ရဟန်းပြုခဲ့သည်။ မောင်ဆန်နှင့် ခန္ဒကကို နေပြည်တော်ပြန်လွှတ်ပြီး တစ်ခုသောတောသို့ ဝင်ခဲ့သည်။

ကာလာမရသေ့ထံတွင် လောကီဈာန် (၇)တန်၊ ဥဒကရသေ့ထံ တွင် အထက်ဈာန် (၈)တန်တို့ကိုရပြီး သဗ္ဗညုတဉာဏ်၏ အကြောင်းမဟုတ် ကြောင်းကိုသိ၍ ဥရုဝေလတောသို့ ဝင်ခဲ့သည်။ ကောဏ္ဍညအမှူးပြုသော ပဉ္စဝဂ္ဂီ (၅)ဦးတို့က ဘုရားအလောင်းကို ဆီးကြို၍ အလုပ်အကျွေးပြုကြ သည်။

ဘုရားလောင်းသည် တစ်နေ့လုံး ဆွမ်းတစ်လုပ်ဖြင့်လည်းကောင်း၊ သစ်သီးတစ်လုံးဖြင့်လည်းကောင်း၊ နှမ်းတစ်စေ့ဆန်တစ်စေ့ဖြင့်လည်းကောင်း၊ နေ့ရက်တို့ကို ကုန်လွန်စေခဲ့၏။ အစာအာဟာရတို့ကို လုံးဝမမှီဝဲဘဲ ကျင့်တော် မူသဖြင့် အလွန်ပင်ပန်းတော်မူ၏။ ကိုယ်တော်ကြုံလှီလွန်းရကား လက္ခဏာ တော်ကြီးငယ်အသွယ်သွယ်တို့ ကွယ်ပျောက်၏။ အရိုးပေါ်အရေတင် နံရိုး အပြိုင်းပြိုင်းဖြစ်လျက်ရှိ၏။

ကျွန်တော်တို့ မော်တော်ကားသည် ထန်းပင် စွန်ပလွန်ပင်များနှင့်



အုပ်ဖွဲ့စည်ကားလျက်ရှိသော ရွာကလေးကို ဖြတ်လာ၏။ ရွာကလေးမှာ အတော်ပင် ဆင်းရဲနွမ်းပါးဟန်တူ၏။ အုတ်နှင့်ဆောက်ထားသည်ဖြစ်သော် လည်း အိမ်ကလေးများမှာ သေးငယ်လွန်းလှသည်။

ရွာကလေးကိုလွန်သော် ကျောက်ထုတ်လုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည့် ထုံးကျောက်တောင်ကြီးများကို တွေ့ရသည်။ တောင်ခြေမှာ ကျောက်ပုံကြီးများနှင့်ဖြစ်၏။ ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်နေသော တောင်ကြီးများကို ကျော်လွန်ပြီးနောက် ပေ ၁၀၀ခန့် မြင့်သော ဒုက္ကရစရိယာ တောင်သို့ ရောက်လာသည်။ တောင်ပေါ်အထိ ကားမောင်း၍ တက်ခဲ့သည်။ တောင်ပေါ်မှ မြေပြန့်တစ်နေရာတွင် မော်တော်ကားရပ်သည်။

ဘုရားဖူးခရီးသည်များ ကားပေါ်မှဆင်း၍ ဘုရားလောင်းဒုက္ကရစရိ ယာကျင့်တော်မူခဲ့သည့် လိုဏ်ဂူအထိ ခြေကျင်တက်ရသည်။ တောင်တက် လမ်းက ခပ်ပြေပြေဖြစ်သော်လည်း ကွေ့ကွေ့ကောက်ကောက်တက်ရသည်။ လမ်းဘေးမှ စိမ်းလန်းအုပ်ဖွဲ့နေသော သစ်ပင်များကို တွေ့ရသည်။ ဂေါက်သီး လုံးအရွယ် တင်းနစ်ဘောလုံးအရွယ်အသီးကလေးများကို တွေ့ရသည်။ အ သေအချာကြည့်သောအခါ ဥသျှစ်သီးလေးများ ဖြစ်သည်ကို တွေ့ရသည်။ ဥသျှစ်ပင်တန်းလေးဖြစ်၏။

ကျွန်တော်တို့ ခရီးသည်များ ကားပေါ်မှအဆင်းတွင် ဝိုင်းအုံကြည့် နေကြသော ဒေသခံကလေးလူကြီးများထဲမှ ၁၂နှစ်အရွယ် ကောင်လေးတစ် ယောက်က ဒေါ်မေမာကို လက်တွဲကူညီသည်။ ဒေါ်မေမာက ကောင်လေး ကို အားပြုပြီး တောင်ပေါ်သို့ တက်သည်။ သူ့ခမျာ ခြေတစ်ဖက်က သိပ် မသန်။ ဩော် ဟန်ကျလိုက်လေဟု ကျွန်တော်က ပြောမိ၏။ ကုလားတစ် ယောက်က ကျွန်တော့်ကို ပြုံးပြပြီး တောင်ဝှေးလှမ်းပေးသည်။ သူ၏ ကူ ညီလိုသော သဘောထားကို လေးစား၍ တောင်ဝှေးကို ကျွန်တော်လှမ်းယူ လိုက်သည်။ ထောက်ပြီးတက်မည်လုပ်မှ ရှေ့မှာဗွီဒီယိုရိုက်နေသော အိုးပင်ဒ ရာကို တွေ့ရသည်။ ဗွီဒီယိုထဲမှာ တောင်ဝှေးထောက်လျက် အဖိုးကြီးနှင့် တူမှာစိုးသောကြောင့် ''ရော့ ... ရော့ ... မယူတော့ပါဘူး ...''ဟု တောင် ဝှေးကို ပြန်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်နှင့် အပြန်အလှန်တွဲလျက်ကူလျက် ဆက်တက်ခဲ့ကြသည်။ တောင်ပေါ်မှာ ရာသီဥတုက အေးအေးလေးဖြစ်သည်။ လေကလေးတိုက်နေသည်။ နှစ်ခါလောက် ကွေ့ခါပတ်ခါတက်ပြီး တိဘက်ကျောင်းသို့ ရောက်သွားသည်။

အပေါ့်သွားရန် သန့်ရှင်းသပ်ယပ်သော အိမ်သာရှိသည်။ စားပွဲလေးများ ထိုင်ခုံလေးများ ချထားပြီး ရေနွေးကြမ်းအိုးဓာတ်ဘူးများ စားပွဲပေါ်တင်ထားသည်။ ပန်းကန်လုံးလေးများမှာငှည့်၍ သောက်နိုင်သည်။ ဘုရားဖူးများသောက်နေကြ၍ ကျွန်တော်လည်း အမောပြေတစ်ခွက်သောက်သည်။

'အို ... ကောင်းလိုက်တာ'

အနံ့ကလေးသင်းသင်းမွှေးနေ၍ ကောင်းကောင်းအမောပြေရသည်။ တစ်ခွက်ထပ်ငှည့်သည်။

'ကဲ ... ကဲ ရေနွေးကြမ်းသောက်ကြပါ။ အလွန်သောက်လို့ကောင်းအောင် အနံ့အရသာနဲ့ ပြည့်စုံပါတယ်။ ဘာလက်ဖက်ခြောက် ဘာအနံ့ဆိုတာ သေသေချာချာစဉ်းစားပြီး အဖြေပေးကြပါ။

လမ်းညွှန်ဦးတင်ရှိန်က ရေနွေးကြမ်းသောက်နေကြသော ဘုရားဖူးများကို ပဟေဠိမေးခွန်းထုတ်နေသည်။

ကျွန်တော် စဉ်းစဉ်စားစားသောက်သည်။ အဖြေရပြီထင်သည်။ သို့သော် သူမေးသလို လက်ဖက်ခြောက်နံ့တော့မဟုတ်။

'ဥသျှစ်နံ့ ...'ဟု ဖြေလိုက်သည်။

'ဟာ ဆရာကတော့်တော် တော်တာပဲ'ဟု ချီးမွမ်း၍ ကျွန်တော်သဘောကျပါသည်။ ဥသျှစ်သီးမှည့်အခွံလေးများကို အမှုန့်ပြုပြီး ခပ်ထားကြောင်းပြောပါသည်။ သူ့ရှင်းပြခါမှ ဥသျှစ်သီးနံ့ သင်းသင်းလေးမှာပို၍ သိသာထင်ရှားဖြစ်လာ၏။

အပေါ်ဘက် တောင်ကမ်းပါးယံသို့ နည်းနည်းတက်သောအခါ တောင်နံရံမှာ ဂူပေါက်တစ်ခု ဖြစ်နေသည်။ ဂူထဲသို့ ဝင်သောအခါ အရိုးပေါ်အရေတင် နံရိုးအပြိုင်းပြိုင်းဖြစ်နေသော ဒုက္ကရာစရိယာခြောက်နှစ်ကျင့်တော်မူနေသည့် ဘုရားလောင်း၏ ရုပ်ထုတော်ကို ဖူးတွေ့ရသည်။ ဘုရားဖူးများ

ပုံ(၂)



အရိုးပေါ်အရေတင် ဒုက္ကရစရိယာကျင့်တော်မူသောပုံ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ထုတော်ကို ပူးမြော်၊ ရွှေချ၊ ဓာတ်ပုံရိုက်ကြသည်။

နေရာကျဉ်း၍ နောက်လူများကို အလှည့်ပေးရန် ပြန်ထွက်ခဲ့ကြသည်။ အားလုံးပူးမြော်ပြီးကြသောအခါ တောင်ကမ်းပါးယံမှာပင် ကျောက်ခုံလေးပေါ်မှ သံဃာတော်များအတွက် အခင်းခင်းပေးထားသည်။ ဤကျောင်းမှ တိဘက်ဘုန်းတော်ကြီးအပါအဝင် မြန်မာသံဃာတော် (၃)ပါး ထိုင်ကြသည်။

အောက်မှ မြေညီထပ်တွင် တာရပတ်ခင်းထားသည့်အပေါ်မှာ ကျွန်တော်တို့ ဘုရားဖူးများ ထိုင်ကြသည်။ ဗုဒ္ဓဂယာ မြန်မာကျောင်းမှ လိုက်ပါလာသော သံဃာတော် ဦးကုသလထံမှာ ငါးပါးသီလယူကြသည်။ ဦးကုသလက ဗုဒ္ဓဝင်လာ ဘုရားလောင်း ဒုက္ကရစရိယာ (၆)နှစ် ကျင့်တော်မူပုံ၊ ကြုံတွေ့ရပုံတို့ကို ပြည့်စုံစွာ ဟောပြောပါသည်။ ဖတ်ဖူး ကြားဖူးသော်လည်း ဤနေရာ ဒုက္ကရစရိယာတောင်ပေါ်မှာ ဘုရားလောင်း ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သည့် နေရာမှာ နာကြားရသည်ကပို၍ ကြည်ညိုသဒ္ဓါ ဖြစ်ရသည်။

နောက်ဆုံးတွင် အမှန်ကို သိမြင်ဆင်ခြင်၊ အိပ်မက်ကြီးငါးပါးမြင်ဝင်လေထွက်လေရှု၊ အစွန်းလွတ်သော မဇ္ဈိမပဋိပဒါနည်းဖြင့် ကျင့်ကြံတော်မူပုံ၊ ဥရုဝေလတောမှ နေရဉ္ဇယာမြစ်သို့ သွားတော်မူပုံကို ဟောကြားသည်။

ဘုရားဖူးများ သာဓုအနုမောဒနာ ခေါ်ကြသည်။

တိဘက် ဘုန်းတော်ကြီးကလည်း ဘုရားဖူးအဖွဲ့ကို မေတ္တာပို့သပေးသည်။

ဤနေရာတွင် ဘာသာခြားများ လာရောက်လွှမ်းမိုးဖျက်ဆီးမလုပ်နိုင်ရန် ခက်ခဲစွာ လာရောက်နေထိုင်သီတင်းသုံး၍ ဘုရား ဒုက္ကရစရိယာကျင့်ရာဂူ၊ ကျင့်ကြံနေထိုင်ခဲ့ရာ ဒုက္ကရစရိယာတောင်ကို စောင့်ရှောက်နေသော ဗုဒ္ဓဘာသာတိဘက်ဘုန်းတော်ကြီးကို ကြည်ညိုရှိသေစွာ စုပေါင်းလှူဒါန်းခဲ့ကြပါသည်။

တောင်ကမ်းပါးယံကြီးမှာ မြင့်မားမတ်စောက်စွာ မိုးသို့ထိုးတက်နေသည်။ ကျောက်တောင်ကြီးကို တည့်မတ်စွာ လှီးဖြတ်ချထားသည်နှင့်တူသည်။ (၁၀)နာရီခန့် ရောက်သည်အထိ နေရောင်မရှိ အေးချမ်းသောအရိပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ နောက်ဖက်နံရံမှာ သာသနာ့အလံမျိုးစုံ ကြက်လျှာစွန်း အလံများစွာ ချိတ်ဆွဲတန်ဆာဆင်ထားသည်။ ဟိုးတောင်ထိပ်ပေါ်အထိ အလံများ မြင့်တက်သွားသည်မှာ ကြည့်၍ကောင်းလှ၏။ အဝေးကပင် မြင်နိုင်သည်။

တိဘက်ဘုန်းတော်ကြီးကို ကန်တော့ပြီး ဥသျှစ်ရေနွေးကြမ်းတစ်ခွက်နှစ်ခွက်စီသောက်၍ ပြန်ဆင်းလာခဲ့ကြသည်။

အားလုံး ကားပေါ်ရောက်သောအခါ ကားထွက်၍မရ ပြဿနာတက်နေပြီ။

ဒေါ်မေမာကို တောင်ပေါ်တွဲတင်ပေးသော ကလေးက တွဲတင်ခ ရူပီး(၂၀) တောင်းသည်။ ဒေါ်မေမာမှာ ရူပီးမပါ။ မြန်မာငွေသာပါသည်။ သို့သော် ကုလားလေးက မြန်မာငွေမယူ ရူပီး(၂၀) အတင်းတောင်းနေသည်။ မပေးလျှင် ကားမထွက်ရဟု ကားရှေ့မှာ ပိတ်ထားသည်။

နောက်ဆုံးတွင် လမ်းညွှန် ဦးတင်ရှိန်နှင့် မမော်တို့က နှစ်ယောက်စုပေါင်းပြီး ရူပီး(၂၀) ပေးလိုက်ရသည်။ တောင့်ဖေးငှားလျှင် (၅)ရူပီးဟု သိရသည်။ ကျွန်တော် မသုံးဖြစ်ဘဲ ပြန်ပေးခဲ့မိသည်မှာ ကံကောင်းလေစွ။

နောက်ဆိုလျှင် သူတို့နဲ့ ဘာမျှမပတ်သက်ကြရန်၊ ဘာအကူမှ မတောင်းကြရန် လမ်းညွှန်များက မေတ္တာရပ်ခံသည်။ ဘုရားဖူးများအားလုံး သင်ခန်းစာတစ်ခု ရလိုက်ကြပါ၏။

အပြန်ခရီးတွင် ကားဘေးမှ ကလေးများ အပြေးလိုက်လာပြီး ပိုက်ဆံတောင်းကြသည်။ သနားသော်လည်း ပေးလျှင် ဝိုင်းအုံလိုက်ပါပြီး အန္တရာယ်များ ပြဿနာများ၍ ဆင်ခြင်ကြပါရန် လမ်းညွှန်များက သတိပေးထားသည်။ ဆင်ခြင်ကြရပါသည်။

## ကမာကူရာဂျပန်ဘုရားကြီး

၁၁ နာရီတွင် ဒုက္ကရစရိယာတောင်မှ ပြန်လာကြပြီး အချိန်စောနေသေး၍ ဗုဒ္ဓဂယာရှိ ကမာကူရာဂျပန်ဘုရားကြီးကို သွားရောက်ဖူးမြော်ကြသည်။ ဂျပန်ပြည်မှာရှိသည့် ကမာကူရာ ရုပ်ပွားတော်ကြီး၏ ပုံတူဖြစ်သည်။ အလွန်ကြီးမားသော တင်ပလ္လင်ခွေဆင်းတုတော်ကြီးဖြစ်သည်။ ဘယ်



လက်ပေါ်မှာ ညာလက်တင်ထားသည်။ အမိုးအကာမပါ။ ပလ္လင်ပေါ်မှာ ထိုင်နေပုံဖြစ်သည်။ ပြုပြင်နေ၍ ငြမ်းများဆင်ထားသောကြောင့် လွတ်လွတ်ကင်းကင်းမဖူးရ။ ဘုရားကြီးကို နောက်ခံထား၍ ဓာတ်ပုံရိုက်ကြသည်။ တင့်တယ်သပ္ပာယ်သော ဆင်းတုတော်ကြီးဖြစ်သည်။

ဆင်းတုတော်ကြီး၏ အနီးမှာ ဂျပန်ဗုဒ္ဓဘာသာကျောင်းများကို တွေ့ရသည်။ ခမ်းနားကြီးကျယ်သော ကျောင်းကြီးများဖြစ်၏။ ဂျပန်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ဘုရားဖူးများလာလျှင် တည်းခိုနိုင်ကြမည်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ရောက်လာနေကြသော ဂျပန်ဘုရားဖူးများကိုလည်း တွေ့မြင်နေရပါသည်။

## မဟာယနဟိုတယ်ကြီး

ဆက်၍ လှေ့လာကြသောအခါ ကတ္တရာ လမ်းဘေးမှာပင် အလွန်ကြီးမား၍ခမ်းနားသော ဟိုတယ်ကြီးတစ်ခုကို တွေ့ရသည်။ မဟာယန ဟိုတယ်ဟု အင်္ဂလိပ်လို ရေးထားသည်။ ဒလိုင်းလားမားဘုန်းတော်ကြီး ဆောက်လုပ်ထားသော ဟော်တယ်ကြီးဟု သိရသည်။ တိဘက်လူမျိုးအများစု တည်းခိုကြမည် ထင်ပါသည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူးလာ အများဆုံးမှာလည်း တိဘက်များဖြစ်ကြပါသည်။ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တိဘက်ဘုရားဖူး အများဆုံးလာရောက်ကြလိမ့်မည်ဟု သိရပါသည်။ ယခု အောက်တိုဘာလမှာပင် အတော်များနေပါသည်။ တိဘက်ဘုန်းတော်ကြီးကျောင်းများကိုလည်း အထပ်ပေါင်းများစွာနှင့် ခမ်းနားလှပစွာ တွေ့ရသည်။ ကျွန်တော်တို့ ဓာတ်ပုံရိုက်ကြသည်။ ဒလိုင်းလားမား တည်ဆောက်ထားသည့် ကြီးမားခမ်းနားသော ဘုန်းတော်ကြီးကျောင်းကိုလည်း တွေ့ရသည်။

ဆက်ပြီး လေ့လာသောအခါ ဗီယက်နမ် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း၊ ဘူတန်ကျောင်း၊ သီဟိုဠ်ကျောင်း၊ ဘင်္ဂလားဒေ့ရှ်ကျောင်း၊ တရုတ်ကျောင်း၊ ရှမ်းကျောင်းများကို တွေ့ရသည်။ အများဆုံးမှာ မြန်မာကျောင်းဖြစ်မည်ထင်သည်။ (၅)ကျောင်းရှိသည်။ မြန်မာကျောင်းများမှာလည်း သီးခြားဝင်းနှင့် ခြံနှင့် လေးထပ်၊ သုံးထပ်ဆောင်ကြီးများ ဖြစ်သည်။ မျက်နှာမငယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခမ်းခမ်းနားနားရှိကြပါသည်။ မြန်မာတို့သည် ငွေကြေးမချမ်းသာသော်လည်း စေတနာအလွန်ချမ်းသာကြသည်မှာ သိသာထင်ရှားဖြစ်ပါ၏။

## ဒေါ်မာယာ၏ဆိုင်

မြန်မာကျောင်းသို့ ပြန်ရောက်သည်နှင့် ထမင်းစားပြီး နေ့ခင်းနားရသည်။ ဖနီးနှင့်အတူ ဈေးဆိုင်များကို လျှောက်ကြည့်ကြသည်။ မြန်မာစကားပြောတတ်သော ဒေါ်မာယာဆိုင်မှာ ဒေါ်မာယာနှင့် ရင်းနှီးခင်မင်စွာ စကားပြောကြသည်။ ဒေါ်မာယာက မြန်မာပြည်သာယာဝတီသူဖြစ်ကြောင်း ဆရာစံရဲမြို့ကမို့ မြန်မာမျိုးချစ်စိတ်အပြည့်ရှိကြောင်း ပြောသည်ကို သဘောကျပြီးရယ်ရသည်။

ဒေါ်မာယာကို ခင်သွားသည်။ သူ့ဆိုင်မှာ နံ့သာဖြူပုတီးသုံးကုံးနှံ့သာနီပုတီး (၄)ကုံး၊ ဘုရားပုံတော်ကားချပ် ၁၅ကား သော့တွဲနှစ်ခုဝယ်ကြသည်။ ဒေါ်မာယာက ဘောပင်တစ်ချောင်း ဆွဲကြိုးလေးတစ်ကုံး၊ နံ့သာနီပုတီးတစ်ကုံး၊ ဘုရားပုံနှစ်ခု လက်ဆောင်ပေးသည်။

အသက် (၅၀)ခန့် ဆာရီဝတ် အသားမဲမဲနှင့် ကုလားမသည် မြန်မာပြည်ပေါက်ဖြစ်၍ မြန်မာနှင့် ပြောရဆိုရ ရောင်းဝယ်ရသည်ကို ပျော်နေသည်။

နေ့ခင်းမှာဆိုင်တွင် ဒေါ်မာယာမရှိ၊ မြန်မာဘုရားဖူးများကို စိတ်ချယုံကြည်စွာ သူ့ပစ္စည်းများကို ထားခဲ့သည်။

ကျွန်တော် အိန္ဒိယ ပုဆိုးတစ်ထည်ကို ဝယ်ချင်၍ ကိုင်ကြည့်နေစဉ် လေးထပ်ကျောင်းဆောင်ဖက်မှ နိုင်ငံခြားသားလူငယ်တစ်ယောက် ကျွန်တော့်ဘေးနားရောက်လာသည်။ ကျမ်းပြုရန် ရောက်နေကြသော ကျောင်းသူကျောင်းသား (၄၀)ထဲမှ ဖြစ်သည်။

'မေးခွန်းတစ်ခု မေးလို့ရမလား'

ကျွန်တော့်ကို အင်္ဂလိပ်လိုမေးသည်။

'မေးပါ ရပါတယ်'ဆိုတော့

'လုံချည်ကိုမြဲအောင် ဘယ်လိုဝတ်ရသလဲ ...'



ကျွန်တော်က ပြုံးပြီး ခါးမှာဝတ်ထားသော လုံချည်ကို ဖြေဖြန့်လိုက်သည်။

'ဟီးယား' (ဒီမှာ)

ကမ်းမွန် ...(ဒီလိုလာ)

ဘယ်ဘက်မှ အစကို အလယ်သို့ ဆွဲခေါက်လိုက်သည်။

ကမ်းမွန် (ဒီလိုလာ)

ညာဘက်မှာ ကိုင်ထားသော အစကို အလယ်သို့ ဆွဲစုလိုက်သည်။

'သစ်စ်ဝမ်း ... ပွတ်အင် ...'

အစတစ်ခုကို ဆွဲယူပြီး အတွင်းသို့ ထိုးညှပ်လိုက်သည်။

'အိုး ... ဗဲရီးဂွတ် ... သင့်ခ်ယူ'

လူငယ်က သဘောကျစွာ ပြောဆိုသည်။

ကျွန်တော်တို့မှာဝတ်နေကျမို့ အလွန်လွယ်ပါသည်။ ဘာမျှအခက်အခဲမရှိပါ။ သို့သော် သူပြန်ဝတ်ကြည့်လျှင် လွယ်မည်မဟုတ်ပါ။ ဝတ်နေကျမို့ ကျွမ်းကျင်ရာ လိမ္မာခြင်းဖြစ်ပါသည်။

## ရဟန်းခံသိမ်ဆင်း

နေ့ခင်း (၁)နာရီတွင် ကျွန်တော်တို့ ဘုရားဖူးအဖွဲ့မှ ကိုလှဝင်း၊ ကိုကျော်စိုး၊ ကိုနိုင်နှင့် စိုးမင်းထိုက်တို့ (၄)ဦး ဗုဒ္ဓဂယာ မြန်မာ ကျောင်းရှိ နှစ်ထပ်သိမ်တော်ကြီးမှာ ရဟန်းခံကြသည်။ မြန်မာကျောင်း ဆရာတော်ကြီးက ဥပဇ္ဈာယ် ဆရာပြု၍ ရဟန်းဝတ်ပေးသည်။ ဗုဒ္ဓဂယာနေရာမြတ်သို့ ရောက်ခိုက်မှာ ဤကဲ့သို့ အမွန်တမြတ် ရဟန်းဝတ်လေ့ရှိကြသည်။ လေးယောက်စလုံး ဖနီးများပါကြသည်။ စိုးလင်းထိုက်မှာ ခပ်ငယ်ငယ်ရှိသေးသည်။ လက်ထပ်သည်မှာ မကြာသေး။ သူ့မိန်းကလေးကလည်း ချောချောလေးဖြစ်သည်။ လိမ္မာသော ကလေးများဖြစ်ကြ၏။ လက်ထပ်ပြီးစ ပျော်မြူးမေ့လျော့နေရမည့်ကာလမှာ ကောင်းမှုကိုမမေ့မလျော့ ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးထွက်လာကြသည်။ ဗုဒ္ဓဂယာ ရောက်ပြန်တော့လည်း ရဟန်းဝတ်သည်။

ဖနီးသည်များနှင့်အတူတကွ ကျွန်တော်တို့ ဘုရားဖူးများအားလုံး၊

www.burmeseclassic.com

www.burmeseclassic.com



သိမ်ဆင်းလောင်းရန် တန်းစီစောင့်ဆိုင်းနေကြသည်။ ရန်ကုန်မှာကတည်းက ရဟန်းခံရှိမည်၊ သိမ်ဆင်း (၃၃)ပါး လောင်းရမည်ဟု ကြိုပြောထား၍ အားလုံး အဆင်သင့်ပါလာခဲ့ကြသည်။ ဒေါ်မာယာတို့ ဈေးသည်များကလည်း လောင်း လှူကြသည်။

ကြည်နူးစရာ ရဟန်းခံနှင့် သိမ်ဆင်းအလှူဖြစ်ပါသည်။

သိမ်ဆင်းအလှူပြီးသော် ဗုဒ္ဓဂယာမြန်မာကျောင်းတွင် တစ်ဆက် တစ်စပ်တည်းရှိသော မြေကွက်ကိုဝယ်ယူ၍ အဆောက်အဦတိုးချဲ့ဆောက်ရန် စီစဉ်ဆောင်ရွက်နေသည်ကို လှူကြသည်။ ကျွန်တော်တို့ ဖနီးမောင်နှံ ဒေါ်လာ (၅၀)လှူပါသည်။ ကျွန်တော်တို့ထက်ပို၍ ဒေါ်လာ တစ်ရာ၊ သုံးရာ လှူကြသူတို့များပါသည်။ ကိုယ်တတ်နိုင်သမျှ သဒ္ဓါထက်စွာ ပါဝင်လှူဒါန်း ကြခြင်းဖြစ်သည်။

ကြာလေမြန်မာကျောင်းမှာ ပို၍စည်ကားတင့်တယ်၊ ကြီးကျယ် ခမ်းနားလာမည်ဖြစ်ပါသည်။ ဘုရားဖူးလာကြသူများအတွက်လည်း ပို၍ပို၍ ပြည့်စုံစွာ အဆင်ပြေကြမည်ဖြစ်ပါသည်။

## သတ္တဋ္ဌာနကို ဖူးမြော်ခြင်း

ညနေ (၃)နာရီခန့်မှာ မော်တော်ကားဖြင့် မဟာဗောဓိသို့ သွားကြ သည်။ ရန်ကုန်မှာကတည်းက ဘုရားဖူးများကိုယ်စား လမ်းညွှန်အဖွဲ့မှ ကြို တင်စီစဉ်ချုပ်လုပ်လာသည့် ကြာသက်န်းများကိုလည်း ကပ်လှူပူဇော်မည် ဖြစ်သည်။

ကားပေါ်မှဆင်းသည်နှင့် သံဃာတော်များနှင့် အမျိုးသားများက သက်န်းတစ်ထည်၊ အမျိုးသမီးများက သက်န်းတစ်ထည်၊ ဒေါက်တာစောနိုင် နှင့်ဖနီး ဒေါ်တင်နွဲ့မိုးတို့က ကိုယ်တိုင်ယူလာသည့် သက်န်းတစ်ထည် သက်န်း များကိုဖြန့်၍ကိုင်ပြီး နမောတဿ ညီညာစွာ ရွတ်ဆိုကန်တော့ပြီး မဟာ ဗောဓိသို့ သွားကြသည်။

နိုင်ငံတကာမှ လာရောက်ကြသည့် ဗုဒ္ဓဘာသာဘုရားဖူးများ ကျွန် တော်တို့အဖွဲ့ကို ရပ်ကြည့်နေကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ဗွီဒီယိုရိုက် ကြသည်။ ကျွန်တော်တို့က နမောတဿသုံးကြိမ်ပြီးသော် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်တို့ကို တညီတညွတ်ရွတ်ဆိုကြသည်။ ပြီးသော် ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဆို၍ မဟာဗောဓိစေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်ပတ်ပူဇော်ကြသည်။ (၃)ပတ်လှည့်၍ ပူဇော်စဉ်မှာ မြင်သူ အားလုံး ရပ်ကြည့်နေကြသည်။ မိမိတို့ကိုယ်တိုင်လည်း နေရာတော်မြတ်မှာ ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်ရင်း သဒ္ဓါကြည်ညိုစိတ်များ ကြီးမားလာ၍ မျက်ရည်စို့သည်အထိ ရင်ထဲမှာ ခံစားရသည်။ ပဋ္ဌာန်းရွတ်ရ

www.burmeseclassic.com

www.burmeseclassic.com



သည့်မှာလည်း ပို၍စိတ်ပါအားပါ ဖြစ်လာသည်။ သုံးပတ်လှည့်ပြီးနောက် ဘုရားလိုဏ်ဂူထဲသို့ ဝင်ခဲ့ကြသည်။

ဗုဒ္ဓဂယာမြန်မာကျောင်းမှ သံဃာတော်များက ပလ္လင်တော်ပေါ်သို့ တက်၍ ဘုရားကြီးတွင်ရှိနေသော သင်္ကန်းကိုသိမ်းယူပြီး ကျွန်တော်တို့ ဘုရားဖူးအဖွဲ့လှူဒါန်းသော ကြာသင်္ကန်းကို ဝတ်ရုံပေးသည်။

ကျွန်တော်တို့ ကြည်ညိုရှိသေစွာ ကြည့်ရှုဖူးမြော်ကြရသည်။ မြတ်စွာဘုရား၏ ဂုဏ်တော် (၉)ပါးကို သံပြိုင်ညီစွာ ရွတ်ဆိုပူဇော်ကြသည်။

## ပလ္လင်ကသတ္တာဟ (ပထမသတ္တာဟ)

တခြားဘုရားဖူးများကို နေရာအလှည့်ပေးရဦးမည်မို့ ကျွန်တော်တို့ ဘုရားထဲမှ ထွက်ခဲ့ကြသည်။ စေတီတော်၏ နောက်ဖက်ရှိ ဗောဓိညောင်ပင်ကို သွားကြသည်။ မြန်မာကျောင်းမှ ဗုဒ္ဓဂယာတက္ကသိုလ်မှာ မဟာဝိဇ္ဇာကျမ်းပြုစာသင်သားသံဃာတော်ဦးကုသလက မြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားအဖြစ်ကို ရောက်တော်မူသော် ပထမသတ္တ ဟဖြစ်သော ပလ္လင်က သတ္တာဟအကြောင်း ပြည့်စုံစွာ ရှင်းလင်းဟောကြားတော်မူသည်။ ငါသည် ဤဗောဓိပင်နှင့် ရွှေပလ္လင်ကိုရဖို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီများကို ဖြည့်ဆည်းပူးခဲ့ရသည်။

ငါ၏ ခန္ဓာကိုယ်၊ အသွေးအသား၊ အသက်၊ မျက်စိ၊ သားသမီး၊ ဇနီးတို့ကို ပေးလှူခဲ့ရသည်။ ဤပလ္လင်မှာပင် မာန်ငါးပါးကို အောင်မြင်တော်မူခဲ့သည်ဟု ဆင်ခြင်တော်မူ၏။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အပြန်ပြန် အလှန်လှန် ရှုကြလျက် အပရာဇိတပလ္လင်မှာ (၇)ရက်ကြာ ဈာန်သမာပတ်ဝင်စားလျက် သီတင်းသုံးနေတော်မူသည်။ ဤသို့နေတော်မူခြင်းသည် ပလ္လင်က သတ္တာဟ (ပဌမသတ္တာဟ) ဖြစ်သည်။ ကျွန်တော်တို့ ဘုရားဖူး အဖွဲ့သည် နမောတဿ သုံးကြိမ်ဖြင့်လည်းကောင်း၊ ဘုရားဂုဏ်တော် (၉)ပါးဖြင့်လည်းကောင်း၊ ပဋ္ဌာန်းဒေသနာတော်ဖြင့်လည်းကောင်း သံပြိုင်ညီညာ ဘုရားကန်တော့၍ မြတ်စွာဘုရားကို ပူဇော်ကြပါသည်။

ပုံ(၃)



မဟာဗောဓိမှာ ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်

www.burmeseclassic.com

www.burmeseclassic.com



## အနိမိသသတ္တာဟ (ဒုတိယသတ္တာဟ)

ဆရာတော် ဦးကုသလ ခေါင်းဆောင်၍ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ ဒုတိယသတ္တာဟဖြစ်သော အနိမိသစေတီတော်ရှိရာသို့ သွားကြသည်။ မဟာဗောဓိစေတီတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့်မှ ကုန်းပေါ်မှာ အနိမိသစေတီတော်ရှိပါသည်။ မဟာဗောဓိစေတီတော်ကြီးပုံမျိုးဖြစ်သော်လည်း ငယ်ပါသည်။ (၅၅)ပေရှိပါသည်။ မြက်ခင်းစိမ်းစိမ်းနှင့် ကုန်းတော်ပေါ်မှာ သပ္ပာယ်သော စေတီတော်ဖြစ်ပါသည်။ ဆရာတော် ဦးကုသလက ဤနေရာတွင် မြတ်စွာဘုရားသည် ရပ်တော်မူ၍ မဟာဗောဓိပင်နှင့် ရွှေပလ္လင်ကို (၇)ရက်ပတ်လုံး မမိုတ်မသုန် ရှုတော်မူပုံကို ရှင်းလင်းဟောကြားပါသည်။ ရှေးနည်းတူပင် နမောတဿ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းတို့ဖြင့် ပူဇော်ကန်တော့ကြပါသည်။

## စင်္ကြံသတ္တာဟ (တတိယသတ္တာဟ)

စေတီတော်ကြီး၏ မြောက်ဘက်မှာကပ်လျက်ရှိပါသည်။ အလျား (၆၀)ပေ၊ အနံ (၄)ပေ၊ အမြင့် (၃)ပေရှိ အုတ်ခုံပေါ်တွင် ကြာပွင့် (၁၉)ပွင့် ပြုလုပ်ထားပါသည်။ ဆရာတော် ဦးကုသလက ကျွန်တော်တို့ကို စင်္ကြံသတ္တာအကြောင်းဟောပြောပါသည်။

မြတ်စွာဘုရားရှင်သည် အနိမိသ စေတီတော်နေရာမှနေ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို (၇)ရက်တိုင် မမိုတ်မသုန်ကြည့်လျက် နေတော်မူသောအခါ နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားအား စံပျော်ဖူးသည့်ရွှေပလ္လင်ကိုမျှ ခင်မင်တောင့်တခြင်းမပြတ်။ မဂ်ကိစ္စပြီးရန် ကျန်သေးသည်ဟု အတွေးအကြံဖြစ်၏။ ထိုအကြံကို သိမြင်တော်မူသော မြတ်စွာဘုရားသည် နတ်ဗြဟ္မာတို့၏ သံသယကိုပယ်ဖျောက်ရန် တစ်ယူဇနာမျှ ကောင်းကင်သို့ ပျံတက်၍ ရေအစုံ မီးအစုံတန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးလျှင် ကောင်းကင်မှ သက်တော်မူ၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်(၂၀)ရှိသောအရပ်ကို အလယ်ထား၍ တစ်ဖက် (၅)လက်မက္ခာဋ္ဌာနတွင် အရှေ့မှသည် အနောက်သို့ အတောင်(၆၀)ရှိသော ရတနာစင်္ကြံကို ဖန်ဆင်းလျက် (၇)ရက်ပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



စကြံန်ကြွတော်မူသည်။ ထိုနေရာ စင်္ကြမသတ္တာဟ (ဒုတိယသတ္တာဟ) တွင်လည်း ဆရာတော် ဦးကုသလနှင့်တကွ ကျွန်တော်တို့ ဘုရားဖူး အဖွဲ့ဝင်များ၊ နမောတဿ၊ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းဒေသနာတော်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ကန်တော့ကြသည်။

## ရတနာဃရသတ္တာဟ (စတုတ္ထသတ္တာဟ)

မဟာဗောဓိပင်မှ အနောက်မြောက် ပေ(၃၀၀)ခန့်တွင် ရှိသည်။ ကျွန်တော်တို့ဘုရားဖူးအဖွဲ့ ရတနာဃရသတ္တာဟသို့ သွားကြသည်။ နေရာတိုင်းမှာပင် စေတီတော်ကြီးရှိရာသို့ ဦးခိုက်၍ ဒိုက်ထိုးကန်တော့နေသော တိဘက်များကို တွေ့ရသည်။ ရဟန်းတော်များရှိသလို လူပုဂ္ဂိုလ်များလည်း ရှိသည်။ မိန်းမဝဝများလည်း ပါသည်။ အားလုံးလိုလိုပင် လက်မောင်းအိုး၊ လက်မောင်း၊ လက်ဖျံများ တုတ်ခိုင်နေကြသည်။

ရတနာဃရရွှေအိမ်တော်သည် ၁၄ပေ၊ ၁၁ပေခန့် ကျယ်ဝန်းသည်။ အတွင်းမှာ ဗောဓိသတ္တရုပ်ထု ရှိပါသည်။ ယခုအခါတွင် ဘာသာခြင်းများက လာလှည့်ထားသည့် အခြားသောအရုပ်များလည်းရှိသည်။

မြတ်စွာဘုရားသည် နတ်တို့ဖန်ဆင်းသော ရတနာဃရရွှေအိမ်တော်မှာ လက်ဝယ်ဖွဲ့ခွေနေတော်မူလျက် အဘိဓမ္မာ (၇)ကျမ်းကို ဆင်ခြင်တော်မူရာ စဟာပကာရဏ ဖြစ်တော်မူသော ပဋ္ဌာန်းကျမ်းသို့ရောက်လျှင် ထက်ဂန်းကျင်ကိုယ်တော်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ ပြိုးပြိုးပြက်အ... ဖြင့် ခြောက်ပါးသောအဆင်းရှိသည့် ရောင်ခြည်တော်တို့ထွက်၍ အထ... ...အားဖြင့် ဘဝဂ်တိုင်အောင် အောက်အဖို့အားဖြင့် သုံးပါးသော မြေ... ...လေထုတို့ကို ဖောက်၍ အောက်ကောင်းကင်တိုင်အောင်၊ ဇီလာအ...ဖြင့် အနန္တစကြာဝဠာတိုင်အောင် ပျံ့နှံ့စေလျက် (၇)ရက်ပတ်လုံး စံတော်မူပုံကို ဆရာတော် ဦးကုသလက ပြည့်စုံစွာ ရှင်းလင်းဟောကြားသည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့များ၊ ရတနာ ဃရစံအိမ်ကို ဝန်းရံလျက် နမောတဿ၊ ဘုရားဂုဏ်တော်နှင့် ပဋ္ဌာန်းဒေသနာတော်ကြီးကို ကြည်ညိုရှိသေစွာ ရွတ်ဖတ်ပြီး မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြသည်။ မြတ်စွာဘုရား



ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်တော်မူ၍ ရောင်ခြည်တော်ခြောက်သွယ် စတင်ကွန့်မြူးသည့် စတုတ္ထသတ္တာဟ ရတနာဃရစံအိမ်တော်မှာ မြတ်စွာဘုရားကို ပဋ္ဌာန်းဒေသနာတော်ကြီးနှင့် ပူဇော်ရပေသည်ဟူသော အသိက ကြက်သီးမွေးညှင်းထအောင် ပီတိဖြစ်ရပါပေသည်။

## အဇပါလသတ္တာဟ (ပဉ္စမသတ္တာဟ)

မဟာဗောဓိစေတီတော်ကြီး ရှေ့ဘက်တည့်တည့်တွင် မုဒ်ဦးနှင့် ပေ(၂၀၀)ခန့်မှာ စေတီတော်သို့ အဆင်းလမ်း၌ ကျောက်တိုင်တစ်တိုင်ရှိပါသည်။ ရောင်စုံအလံများ၊ ရွှေသင်္ကန်းများ၊ ပန်းများနှင့် ပူဇော်ထားသည်။ ထိုတိုင်နေရာသည် ရှေးယခင် ဘုရားပွင့်တော်မူစဉ်က ဆိတ်ကျောင်းသားတို့ နားနေခိုဝင်ရာ အဇပါလညောင်ပင်ရှိခဲ့ရာဖြစ်၏။ ထိုအဇပါလညောင်ပင်တွင် မြတ်စွာဘုရား ဖလသမာပတ်ဝင်စားလျက် (၇)ရက် စံနေတော်မူ၏။

ထိုနေရာတွင် စံနေတော်မူစဉ် မာန်နတ်မင်း၏ သမီးတော်များဖြစ်သော တဏှာ၊ အာရတိ၊ ရဂါတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ နည်းအမျိုးမျိုးသော မာယာတို့ဖြင့် ဖျားယောင်းကြသည်။ မြတ်စွာဘုရားရှင်က ကိလေသာရန်မှန်သမျှ အောင်မြင်တော်မူသော အခြင်းအရာပြလျက် နတ်သမီးသုံးယောက်တို့ကို သုသာန်၌ စွန့်ပစ်အပ်သော သူကောင်ပုတ်ကဲ့သို့ စက်ဆုပ်တော်မူသည်၊ ကဲ့ရဲ့ရှုံ့ချတော်မူသည်။ နတ်သမီးတို့သည် 'လောက၌ မြတ်သောအလျှုကို ခံတော်မူထိုက်ပေ၏။ လူအပေါင်းတို့ တပ်အပ်သော အရာ၌လည်း ဆုံးမတော်မူနိုင်ပေ၏' ဟုဆို၍ မာန်နတ်မင်းထံ ပြန်ကြရလေ၏။

ထိုအဇပါလညောင်ပင်နေရာကျောက်တိုင်ရှေ့မှာ ဆရာတော် သံဃာတော်များနှင့် မြန်မာဗုဒ္ဓဘာသာဘုရားဖူးအဖွဲ့ဝင်များသည် နမောတဿ၊ ဘုရားဂုဏ်တော် (၉)ပါး၊ ပဋ္ဌာန်းဒေသနာတော်နှင့် မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြသည်။

## မုစ္စလိန္ဒာသတ္တာဟ (ဆဋ္ဌမသတ္တာဟ)

ပဉ္စမသတ္တာဟပြီးသော် မဟာဗောဓိစေတီတော်ကြီး၏ အရှေ့

www.burmeseclassic.com

www.burmeseclassic.com



တောင်ထောင့်မှ မုန်စလိန္ဒာအိုင်သို့ သွားကြသည်။ ကြည်စိမ်းနေသော ရေကန်ကျယ်ကြီးဖြစ်သည်။ ရေကန်ထဲတွင် မြန်မာနိုင်ငံမှ လှူဒါန်းထားသော နဂါးပါးပျဉ်းအုပ်မိုးထားသော ဘုရားဆင်းတုတော်ကို ဖူးမြင်ရသည်။

မုန်စလိန္ဒာအိုင်အနီးမှ ကျည်းပင်အရင်းမှာ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် အခါမဲ့မိုးကြီးသည်းစွာရွာသွန်း၍ မုန်စလိန္ဒာနဂါးမင်းသည် မြတ်စွာဘုရားအား ရတနာအတိပြီးသော ဗိမာန်ကို ဖန်ဆင်းလှူဒါန်းနိုင်ပါလျက် မိမိကိုယ်ဖြင့်ပြုသော ကုသိုလ်ကိုရလို၍ ကြီးစွာသောကိုယ်ကို ဖန်ဆင်းတော်မူ၏။ တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းသည်။ ကိုယ်တော်ကို (၇)ရစ်ပတ်ရံလျက် ဦးခေါင်းထက်မှာ ပါးပျဉ်းဖြင့် အုပ်မိုးပြီး မိုးပေါက်မစိုအောင် ကာကွယ်ပေးသည်။

မြတ်စွာဘုရားသည် နဂါးမင်း၏ အခွေထက်မှာ (၇)ရက်ပတ်လုံး ဖလသမာပတ်ဝင်စားတော်မူသည်။ (၇)ရက်စေ့၍ မိုးစဲသောအခါ နဂါးမင်းသည် လူယောင်ဖန်ဆင်းလျက် မြတ်စွာဘုရားကို ရှိခိုးခစားလေ၏။

ထိုမုန်စလိန္ဒာသတ္တာဟတွင်လည်း နမောတဿ၊ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းဒေသနာတော်တို့နှင့် ဘုရားရှိခိုးကြပါသည်။

## လင်းလွန်းပင်သတ္တာဟ (သတ္တမသတ္တာဟ)

မြတ်စွာဘုရားသည် ကျည်းပင်ရင်းမှ မဟာဗောဓိပင်၏ တောင်ဘက်မျက်နှာရှိ လင်းလွန်းပင်ရင်းမှာ အရဟတ္တဖိုလ်ချမ်းသာကို (၇)ရက် ခံစားစံနေတော်မူသည်။

ထိုနေ့မှာပင် ရာမညတိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာအရပ်သို့ ရောက်လာကြရာ အဆွေခင်ပွန်းဖြစ်ခဲ့ဖူးသော နတ်ကကိုယ်ထင်ပြလျက် လောကသုံးပါးမှာ အတုမရှိသော မြတ်စွာဘုရားပွင့်တော်မူနေကြောင်း မြတ်စွာဘုရားကို ပူဇော်လှူဒါန်း၍ အကျိုးများစေရန် တိုက်တွန်းနှိုးဆော်၏။

ကုန်သည်ညီနောင်တို့ ဝမ်းသာအားရဖြင့် ကြွက်ကျစ်မုန့် ပျားဆုပ်

ပုံ(၄)



မုန်စလိန္ဒာအိုင်မှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



မုန့်တို့ကိုလှူ၍ လင်းလွန်းပင်ရင်းရှိ မြတ်စွာဘုရားထံ ချဉ်းကပ်လှူဒါန်းတော်မူ၏။

ထိုအခါ ယင်္ဂကာဖြဟ္မာလှူဒါန်းတော်မူသော သပိတ်တော်သည် သုဇာတာနို့ဆွမ်းလှူစဉ်ကပင် ကျန်ခဲ့၍ အဘယ်ဝတ္ထုဖြင့်ခံသော် လျော်အံ့နည်းဟု ဆင်ခြင်တော်မူသော် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် ဣန္ဒနီလာကျောက်ညိုဖြင့်ပြီးသော သပိတ်လေးလုံးကို ကပ်လာ၏။ မြတ်စွာဘုရား အလှူခံတော်မမူ ပဲနောက်အဆင်းရှိ ကျောက်သပိတ်လေးလုံးကို လှူကြပြန်၏။ မြတ်စွာဘုရား ခံယူတော်မူ၍ လေးလုံးသောသပိတ်ကို ထပ်ပြီးအဓိဋ္ဌာန်ဖြင့်နှိပ်ရာ အနားရေးလေးခုရှိသော သပိတ်တစ်လုံးဖြစ်လာသည်။ ကုန်သည်ညီနောင်လှူသောမုန့်ဆွမ်းကို ထိုသပိတ်ဖြင့် ခံယူတော်မူသည်။

တစ်ဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးကိုလည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

ဒွေဝါစိကသရဏဂုံကို ပေးတော်မူသည်။

ဦးခေါင်းတော်ကို သုံးသပ်၍ ကိုးကွယ်ရန်အလို့ငှာ ဆံတော်မြတ်တို့ကိုလည်း ပေးသနားတော်မူသည်။

ဘုရားရှင်လက်ထက်မှာ ပထမဆုံး သရဏံဂုံနှစ်ပါးတည်သည်မှာ မြန်မာနိုင်ငံမှ မြန်မာကုန်သည်နှစ်ဦးဖြစ်ကြောင်းနှင့် ထိုဆံတော်များကို ဌာပနာပြီး တည်ထားသော စေတီတော်မှာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ စေတီတော်မြတ်ကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဤသတ္တမသတ္တာဟ လင်းလွန်းပင်သတ္တဟာသည် ဘုရားပွင့်တော်မူစမှာပင် မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိကြောင်း ဆရာတော်ဦးကုသလက ဂုဏ်ယူပြောကြားသည်။

ယခုရှိနေသော လင်းလွန်းပင်မှာပင် မူလလင်းလွန်းပင်နေရာမှာ မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီးလှအောင်က လာရောက်စိုက်ပျိုးလှူဒါန်းထားခြင်းဖြစ်ကြောင်း။

'ဒါကြောင့် လင်းလွန်းပင် သတ္တာဟ၊ သတ္တာမနေရာဟာ မြန်မာတို့အတွက် ထူးခြားတဲ့ နေရလဲဖြစ်တယ်။ ဘုရားကို ရှိသေစွာ ဦးချပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ကြပါကုန်စို့’ ဆရာတော်ပြောကြားပြီးသည်နှင့်တပြိုင်နက် နမောတဿ၊ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းဒေသနာတော်ကြီးတို့နှင့် ပူဇော်ပြီးရှိခိုးကန်တော့ကြသည်။

ဤနေရာမှပင် သတ္တသတ္တာဟ (၇)နေရာလည်း ပြည့်စုံစွာပြီးမြောက်ပြီဖြစ်၍ ဆရာတော်ဦးကုသလဦးဆောင်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး သာဓုသုံးကြိမ်ခေါ်ကြသည်။ ယနေ့ပြုသည့် ကောင်းမှုကုသိုလ်အလုံးစုံကိုလည်း လင်းလွန်းပင်သတ္တာဟာမှာပင် အမျှဝေ၍ သာဓုခေါ်ဆိုကြပါသည်။

## ဗုဒ္ဓဂယာမှ ဂင်္ဂါဗာရာဏသီသို့

၁၇ . ၁၀ . ၂၀၀၇ ဗုဒ္ဓဂယာရောက်ပြီး တတိယနေ့ မနက် (၄) နာရီ အိပ်ရာနိုးသည်။ မျက်နှာသစ် အဝတ်လဲပြီး တရားထိုင်သည်။

၅ နာရီ ၃၀မှာ ရေချိုးအဝတ်လဲပစ္စည်းသိမ်းပြီး ခရီးထွက်ဖို့ အသင့်ပြင်ရသည်။

၆ နာရီ ၃၀မှာ မနက်စာစားပြီးသည်နှင့် သွားနေကျ မော်တော်ကားကြီးနှင့် ခရီးစထွက်သည်။ ထိုင်နေကျခုံမှာပင် ဖနီးနှင့်အတူ ထိုင်ရသည်။ အိတ်ကြီးများ ကားအောက်ထဲရောက်သွားပြီ။ ကိုယ်နှင့်အတူ အသုံးပြုမည့် အိတ်များသာ ကိုယ့်အထက်ကတန်းပေါ်မှာ။

ခရီးစထွက်သည်နှင့် ရှေ့ဆုံးမှ ဆရာတော်နှစ်ပါး ခေါင်းဆောင်ကြီး နမောတဿသုံးကြိမ်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ပြီးတော့ မေတ္တာပို့ အမျှဝေ။ သာဓုခေါ်ကြသည်။

ယနေ့သွားရမည့်ခရီးက ဝေးသည်။ ၁၅၇ မိုင်။ လမ်းမှာ မနက်စာ ထမင်းစားရမည်။ နာမည်ကျော် ဂင်္ဂါမြစ်ကြီးကိုရောက်မည်။ ငယ်ငယ်ကတည်းက နာမည်ရင်းနှီးခင်မင်နေသော ပုံပြင်ထဲက ဗာရာဏသီကိုရောက်မည်။ စိတ်ဝင်စားစရာ။

ဖနီးနှင့်အတူ လမ်းဘေးဝဲယာကိုကြည့်ရင်း လိုက်ပါခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၏ မနက်ခင်း ရာသီဥတုလေးက အေးအေးချမ်းချမ်းရှိပါ၏။ ရှုခင်း၊ မြင်ကွင်း၊ သစ်ပင်စသည်တို့က မြန်မာနိုင်ငံနှင့် ခြားနားခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဝေးလမ်းမကြီးက ကောင်းပါ၏။ အသွားလမ်း အပြန်လမ်း လုပ်ထားသည်။ အလယ်ခေါင် လမ်းလယ်ကျွန်းမှာ နွယ်သာကီပန်းပင်များ စိုက်ထားသည်။ အပွင့်သိပ်မရှိပါ။ ဘယ်မောင်းစနစ်မို့ ကျွန်တော်တို့ကားမှာ ဘယ်ဘက်ယာဉ်ကြောတွင်ရှိသည်။

လမ်းဘေးမှာ တွေ့ရသော အဆောက်အဦမှန်သမျှ အုတ်တိုက်များဖြစ်သည်။ မြေစိုက်တဲ၊ သက်ငယ်မိုး၊ ဓနိမိုး မတွေ့ရသလောက် ရှားပါးသည်။ ရွာဝင်လမ်းထိပ်များတွင် မုဒ်ဦးလုပ်ထားသည်ကို တွေ့ရသည်။ ကားလမ်းမှ ခပ်လှမ်းလှမ်းရှိ ရွာများဆီသို့ လှမ်းကြည့်လျှင်လည်း အုတ်တိုက်များသာ ဖြစ်သည်။ အိန္ဒိယနိုင်ငံမှာ ဆောက်လုပ်ရေးအတွက် အုတ်ကို အလွယ်တကူဝယ်၍ရအောင် အုတ်များများထုတ်ဂုပ်ပေးဟန်တူပါသည်။ လမ်းဘေးတလျှောက်မှာ အုတ်နှင့်ပြုလုပ်သည့် မီးခိုးခေါင်းတိုင်ကြီးများကိုနေရာတိုင်းမှာလိုလိုတွေ့ရပါသည်။ အရင်းကြီးပြီး အဖျားမှာရှူးသွားသော ခေါင်းတိုင်မြင့်ကြီးများဖြစ်သည်။ အုတ်စက်များဖြစ်၏။

သူတို့၏အိမ်များမှာ အုတ်နှင့်လုပ်သော်လည်း သပ်ယပ်မှုအလွန်နည်းပါးသည်။ အိမ်များမှာ မပြီးသေးသည်နှင့်တူသလို အိုဟောင်းပြီး ပျက်နေသည်နှင့်လည်း တူသည်။ အိမ်တိုင်းပင် အမိုးပေါ်မှာ သံချောင်းများ ထိုးထိုးထောင်ထောင်တွေ့ရသည်။ တစ်ထပ်အိမ်ကလည်း ခေါင်မိုးပေါ်မှာ သံချောင်းများထောင်လျက် နှစ်ထပ်အိမ်သုံးထပ်အိမ်ဖြစ်လည်း သံချောင်းများထောင်လျက် –

လမ်းညွှန်ဦးတင်ရှိန်ပြောသလို မပြီးသေးဘူးဆိုပြီး အခွန်ရှောင်ရန်ဆိုလျှင်လည်း အိမ်အရုပ်ဆိုးလွန်းလှသည်။ သို့သော် အိမ်တိုင်းအတူတူဖြစ်၍ ကိုယ့်အိမ်ကျမှ အရုပ်ဆိုးသည်တော့မဟုတ်။ တစ်လမ်းလုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံး အရုပ်ဆိုးနေခြင်းဖြစ်သည်။

အိမ်၏ ဘေးနံစ်ဖက်မှာလည်း အုတ်စီထားသည့်အတိုင်းဖြစ်သည်၊ အင်္ဂတေလိမ်းကျံခြင်းလုံးဝမရှိ၊ တံခါးပေါက်လည်း လုံးဝမရှိ၊ လေဝင်ပေါက် လေထွက်ပေါက်ပင် မဖောက်သည်က များသည်။ တံခါးဖောက်လျှင် ကျည်းဘောင်ခွေရမည်။ တံခါးရွက်ထည့်ရမည်။ လုံခြုံရေးအတွက် အနည်းဆုံး



သံတိုင်ထည့်ရမည်။ ထိုကိစ္စအားလုံးကို ချေတာပစ်လိုက်သည်။ ရှေ့မျက်နှာစာဘက်မှာသာ ဝင်ပေါက်တံခါးတစ်ခုနှင့် ပြတင်းပေါက်တစ်ခုလောက် ထားသည်၊ အထဲမှာ လေဝင်လေထွက်လည်းမကောင်း လှောင်ပိတ်မှောင်မဲနေမည်။ သို့သော် သူတို့မှာ မြို့ရောတောပါ (၂၄)နာရီ လျှပ်စစ်မီးရသည်ဟု သိရ၏။ အတွင်းမှာ မီးထွန်းနေပေလိမ့်မည်။

မပြီးပြတ်သော အပေါ်ထပ်မှာ အဝတ်များလှမ်းထားသည်၊ အချို့အိမ်များတွင် အပေါ်ထပ်မှလှမ်းသောဆာရီသည် အောက်ထပ်အထိ ဝဲပျံကျနေ၏။ ကားလမ်းဘေးနီးသော အိမ်များကို လှမ်းကြည့်သောအခါ အိမ်ခန်းထဲမှာပင် နွားများနေသည်ကိုလည်း တွေ့ရသည်။ နွားကို သူတို့ အလေးအမြတ်ထားသည်။ လူလည်းနေ နွားလည်းနေသည်၊ မော်တော်ကားလမ်းလယ်ကျွန်းမှ ပန်းပင်ကိုလည်း နွားကတက်စားနေသည်။

နွားကို အလေးအမြတ်ထားသလို နွားချေးကိုလည်း တန်ဖိုးထားကြသည်။ အမှိုက်များကိုကောက်ယူပြီး နွားချေးနှင့် ရောနယ်၍ နွားချေးများပြုလုပ်ပြီး အခြောက်ခံလျှင် လောင်စာစွမ်းအင်ဖြစ်သည်ဟု လမ်းညွှန် ဦးတင်ရှိန်က ပြောပြသည်။ တိုက်အိမ်များ၏ နံရံများတွင် နွားချေးအခြောက်အပြားကပ်ထားသည်။ အိမ်ရှင်မများ လက်စွမ်းပြထားကြသည်၊ လက်ငါးရာထင်နေသော နွားချေးပြားများနှင့် အိမ်နံရံတွင် အလှဆင်ထားကြသည်၊ အမှန်တော့ အရုပ်ဆိုးဆင်ထားခြင်းဖြစ်၏။ သင်ပင်များမှာလည်း ကပ်ထားသည်၊ အုတ်တံတိုင်းများတွင်လည်း နွားချေးလက်ရာနှင့် ရွာများမှာမက မြို့ကြီးများမှာလည်း နွားချေးလက်ရာနှင့်။

အိမ်တိုင်းမှာလည်း နွားသို့မဟုတ် ကျွဲရှိသည်။ ကျွဲနွားများသည် အာဟာရအတွက် ကျွဲနို့ နွားနို့ပေးသည်သာမက အရေးကြီးသော လောင်စာလည်းပေးသည်။

လမ်းဘေးနေရာတိုင်းမှာ ဓာတ်ဆီဆိုင်ကြီးများကိုလည်း တွေ့ရသည်။ ဓာတ်ဆီကို ကားလမ်းဘေးမှ ဆီဆိုင်ကြီးများမှာ အလွယ်တကူ ဝယ်ယူရနိုင်သည်။

အဝေးပြေးလမ်းမကြီးတစ်လျှောက်မှာ ကားအသွားအလာလည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန်များပါသည်။ သို့သော် လူစီးကားရှားသည်။ ကုန်တင်ကားများသည် ခရီးသွားရာတွင် မီးရထားကို အစီးများသည်။ သူတို့ မီးရထားများမှာ အချိန်မှန်သည်။ ခုန်ခြင်းလှုပ်ယမ်းခြင်းမရှိဟု ဦးတင်ရှိန်က ပြောပြသည်။

မီးရထားလမ်းများကို ခေတ်မီလမ်းကျယ်ရော ယခင်လမ်းကျဉ်းပါ တွေ့ရသည်။ မီးရထားနှင့်လည်း ဆုံရသည်။ မီးရထားများမှာ စက်ခေါင်းတစ်လုံးနှင့် နောက်ဆွဲတွဲပေါင်းက သုံးဆယ်ခန့်ဖြစ်သည်။ အရှည်ကြီးတွေ့ရသည်။ ဆွဲသည့်စက်ခေါင်းက အားကြီး၍ ဖြစ်ပည်ထင်ပါသည်။

ကုန်တင်ကားများမှာလည်း အကြီးကြီးများဖြစ်သည်။ များသောအားဖြင့် ကွန်တိန်နာပုံ အလုံပိတ်ဖြစ်သည်။ ယာဉ်မောင်းအခန်းမှာ ကျယ်သည်။ ယာဉ်မောင်းထိုင်ခုံ၏ နောက်တွင် ခပ်ကျယ်ကျယ် ထိုင်ခုံရှည်တစ်ခုပါသည်။ လူလိုက်ပါလျှင် ယာဉ်မောင်းအခန်းမှာ အနည်းဆုံး (ယာဉ်မောင်းမပါ) လေးယောက်ခန့်လိုက်၍ရသည်။ အိမ်ထောင်ကျပြီးစဆိုလျှင် ဇနီးပါတင်ခေါ်သွားပါက အိမ်ခန်းသဖွယ်နေ၍ ရနိုင်သည်။ ကလေးတစ်ယောက်နှစ်ယောက်အထိ ရနိုင်သေးသည်ဟု တွေးကြည့်မိ၏။

သို့သော် တွေ့သမျှကုန်ကားကြီးများစွာတို့မှာ မိန်းမပါသည်ကို လုံးဝမမြင်ရပါ။ ယာဉ်မောင်းအခန်း၏ အမိုးပေါ်မှာလည်း သေတ္တာသဖွယ် ပစ္စည်းတင်၍ ရနိုင်သေးသည်။ ကားခေါင်းတွင် သူတို့ကိုးကွယ်သော နတ်ဘုရားပုံကားများကို တွေ့ရသည်။ ကားများအားလုံး ပုံစံတူညီကြသည်။ သူတို့နိုင်ငံမှ ထုတ်သောကားများဖြစ်သည်။

ကားရေစီးကြောင်းကြီးသည် ယာဉ်ကြောနှစ်ဖက်စလုံးတွင် အဆက်မပြတ်အောင် များလွန်းလှသည်။ ကုန်စည်စီးဆင်းမှုဆိုသော စကားကို မြင်တွေ့ရခြင်းဖြစ်သည်။ တောင်မှမြောက်၊ မြောက်မှတောင်၊ အရှေ့မှအနောက်၊ အနောက်မှအရှေ့ကုန်တင်ယာဉ်တန်းကြီးများသည် အိန္ဒိယနိုင်ငံကြီးထဲမှာ စီးမျောနေကြ၏။

လမ်းတွင် မြို့များတံတားများကို ဖြတ်သော်လည်း ပိုက်ဆံပေးရခြင်းလုံးဝမရှိပါ။ မည်သို့သောနည်းဖြင့် အခွန်ပေးရသည်မသိ။ လမ်းမှာရပ်ပေးရခြင်းမရှိသည်ကတော့ ခရီးလမ်းမှာ အနှောင့်အယှက်အဟန့်အတား



မရှိ။ ကြန့်ကြာမှုမရှိ အဆင်ပြေသည်။

လမ်းမှာ 'ဆူတာနဒီ' ရွှေမြစ်အမည်ရှိ မြစ်ကြီးတစ်ခုကို ဖြတ်ကျော်ရသည်။ တံတားအရှည်ကြီးပေါ်မှ မော်တော်ကားဖြတ်မောင်းရသည်။ မီးရထားလမ်း တံတားရှည်ကြီးပေါ်မှာ မီးရထားအရှည်ကြီးဖြတ်မောင်းနေသည်ကိုလည်း လှမ်းမြင်ရသည်။

ဟိုင်းဝေလမ်းပျက်၍ ပြင်သောနေရာမှာ လမ်းလွှဲမှသွားရသည်။ လမ်းလွှဲမှာ တိုတိုမဟုတ်။ အခြားလမ်းတစ်ခုဆီသို့အထိ ပြောင်းပေးခြင်းဖြစ်သည်။ မြို့များရွာများကို ဖုံတထောင်းထောင်းနှင့် ဖြတ်ကျော်ရသည်။

နေရာတိုင်းမှာ တွေ့မြင်ရသည်ကတော့ သံချောင်းထိုးထိုးထောင်ထောင်နှင့် မပြီးပြတ်သေးသောအိမ်များ၊ နွားချေးခြောက်လက်ရာများ၊ အုတ်စက်မီးခိုးခေါင်းတိုင်များ၊ ဓာတ်ဆီဆိုင်များဖြစ်သည်။

ဗီဟာပြည်နယ်မှ ထွက်ခွာနီးသောအခါ လမ်းဘေးမှာ ကုန်တင်ကားကြီးများ နှစ်ထပ်သုံးထပ်ရပ်ထားသည်ကို တွေ့ရသည်။ အလွန်များသော ကုန်တင်ကားကြီးများကို တွေ့မြင်ရခြင်းဖြစ်၏။ ကျွန်တော်တို့ကားလည်း တဖြည်းဖြည်းနှင့် ယာဉ်ကြောကျပ်ပြီး ရပ်သွားပါသည်။ ကားရှေ့ခန်းမှ နှစ်ယောက်ဆင်းသွားသည်။

လမ်းညွှန်ဦးတင်ရှိန်ကို မေးကြည့်တော့ ဗီဟာပြည်နယ်မှ ထွက်ခွာတော့မည်ဖြစ်၍ ပြည်နယ်အကူးမှာ ကားများအခွန်ဆောင်ရသည်ဟု သိရသည်။ ကုန်တင်ကားကြီးတွေတော့ မည်မျှကြာသည်မသိပါ။ ကျွန်တော်တို့ကားတော့ သိပ်မကြာ ၁၅ မိနစ်ခန့်နှင့် ခရီးဆက်ခွင့်ရပါသည်။

လမ်းတွင် ကိုယ်ပိုင်ကားလေးများကိုလည်း တွေ့ရပါသည်။ များသောအားဖြင့် ပုံစံတူပါသည်။ ပါဂျဲရိုပုံမျိုး တံခါး (၄)ပေါက်နှင့်ဖြစ်သည်။ ပါဂျရိုလောက်ကြီးသည်။ ပါဂျရိုနှင့် အတော်တူပါသည်။ အိန္ဒိယပြည်လုပ်ဖြစ်သည်။

လမ်းညွှန် ဦးတင်ရှိန်က ရှင်းပြပါသည်။ အိန္ဒိယနိုင်ငံတွင် သူတို့နိုင်ငံမှလုပ်သော ကားများကိုသာ သုံးကြသည်။ ကုန်တင်ကားရော၊ ကိုယ်ပိုင်စီးကားပါ ပြည်ပမှတင်သွင်းသောကားကို သူတို့ပြည်တွင်းလုပ်ကားထက်

www.burmeseclassic.com

www.burmeseclassic.com



အခွန်ငွေ သုံးဆလောက်ပိုကောက်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံခြားကားများ စင်သွင်းခြင်းမပြုနိုင်ကြောင်း သူ့နိုင်ငံမှကားများကိုသာ သုံးကြကြောင်း ပြောပြသည်။

ပါဂျရိုပုံကားလေးမှာ အိန္ဒိယ ရူပီးငွေ ၅ သိန်းဈေးရှိကြောင်း မြန်မာငွေနှင့်ဆိုလျှင် သိန်းနှစ်ရာအောက်မှာဖြစ်သည်။ တန်လိုက်တာဟု စီးချင်စိတ် ဖြစ်မိသည်။ ကျွန်တော်တို့ ဒဂုံဂျစ်၊ မန္တလာဂျစ်၊ ထီလာဂျစ်၊ ရှမ်းစတားဂျစ်များလည်း ဒီလောက်ကောင်းပြီး ဒီဈေးလောက်နဲ့ စီးနိုင်ခွင့် မကြာခင်ရပါစေဟု ဆန္ဒဖြစ်မိသည်။

လမ်းတွင် ဆိုင်ကြီးတစ်ဆိုင်မှာ ကားရပ်ပြီး မနက်စာစားကြသည်။ ကိုယ့်ဘာသာချက်လာသော ထမင်းဟင်းများကို ဆိုင်မှာနားပြီး စားခြင်းဖြစ်သည်။ ထိုဆိုင်ကြီးမှ ပူရီနှင့်ပဲဟင်းကိုလည်း ဝယ်ကျွေးပါသည်။ ပဲဟင်းမှာ အနံ့အရသာနှင့် ပြည့်စုံ၍ အလွန်ကောင်းပါသည်။ ထိုဆိုင်ကြီးတွင် မြန်မာဘုရားဖူးအဖွဲ့တစ်ဖွဲ့နှင့် ဆုံမိ၍ အသိမိတ်ဆွေများနှင့်တွေ့ပြီး ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ကျွန်တော်တို့ကအသွား သူတို့က အပြန်ဖြစ်သည်။ သဖင်မြင့်အောင်တို့၏ အောင်ချမ်းသာအဖွဲ့ဟု သိရသည်။

ခရီးဆက်ပြီးနောက် ဧရာဝတီမြစ်ကဲ့သို့ပင်ကြီးသော မြစ်ကြီးတစ်ခုကိုတွေ့ရသည်။ ဂင်္ဂါမြစ်ကြီးဖြစ်ကြောင်း ဦးတင်ရှိန်က ပြောပြသည်။

'ဩော် ... နာမည်ကြီး ဂင်္ဂါမြစ် ...'

အားလုံးစိတ်ဝင်စားစွာ လှမ်းကြည့်ကြသည်။ 'ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြသော ဘုရားများ'၊ 'ဝမ်းသမုဒ္ဒရာ အူဂင်္ဂါ' 'ဂင်္ဂါယမုန်နာမဟီ၊ အစီရဝတီ၊ သရဖူ ... ဟူသော မြစ်ကြီးငါးသွယ် ...'စသော စကားများကို ငယ်စဉ်ကတည်းက ကြားဖူးနေခဲ့သည်။ မြင်ချင်သော အထင်ကြီးခဲ့သည့်မြစ်ကြီး။ အထင်ကြီးသည့်အတိုင်းလည်း ကြီးကျယ်သောမြစ်ကြီး ဖြစ်ပါသည်။

သို့သော် အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့နိုင်ငံမှ ဧရာဝတီမြစ်ကြီးက ပို၍ကြီး ပို၍ကျယ်ပါသည်။ ပို၍လည်း လှပါသည်။ နာမည်ကြီးသော ဂင်္ဂါမြစ်ကိုကြည့်မြင်ရမှ ကိုယ့်ဧရာဝတီကို ပို၍ချစ်ခင်နှစ်သက်စွာ



ဂုဏ်ယူရပါသည်။

ဂင်္ဂါမြစ်ကြီးကို ကျော်ပြီးသည်နှင့် ဗာရဏသီမြို့ကြီးသို့ ရောက်ပါသည်။ တိုင်းမသိ ဗာရာဏာ၊ မင်းမသိဗြဟ္မဒတ်၊ ဗာရာဏသီ ကြိုးနဲ့ချည်၊ လျှော်မွေးသေမသာကို ဗာရာဏာပြည်ခဲ့။ ရှေးသရောအခါ ပြည်ဗာရာဝယ် ကုမ္ဘကြွယ်သား သူဌေးသား။ ဗာရာဏာသီ၊ မိဂဒါဝုဏ် စသည်ဖြင့် ဗာရာဏသီမြို့ကြီးအကြောင်းများကို ကြားသိခဲ့ရသည်။

ယခု ဗာရာဏသီမြို့ကြီးကို ကိုယ်တိုင်ရောက်ရပေပြီ။

ဗာရာဏသီမြို့ကြီးမှာ အလွန်စည်ကားပါသည်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ ဆိုက္ကားတွေ၊ စက်ဘီးတွေ လူတွေ ကျိတ်ကျိတ်တိုး စည်ကားလှသည်။ ကျွန်တော်တို့ကားမှာ ခက်ခက်ခဲခဲဖြည်းဖြည်းသာ မောင်းနေရသည်။

အဆောက်အဦတွေကတော့ ထုံးစံအတိုင်း မပြီးမပြတ်။ ညစ်ညစ်ပေပေ။ ဘေးနှစ်ဖက်မှာ အပေါက်မရှိ။ အုတ်ကြမ်းနံရံဖြစ်သည်။ မြို့လယ်မီးပွိုင့်နားရှိ တိုက်ပျက်တစ်ခု အပေါ်ထပ်မှာ ခြုံနွယ်များနှင့်။ စည်ပင်ကဘာမျှမပြော၍ဖြစ်မည်။. မြန်မာပြည်မှာ ဤသို့မရှိ။

ပြီးစီးအောင်ဆောက်ပြီး ဆေးသုတ်ထားသည့် အဆောက်အဦတွေ၍ ကြည့်လိုက်လျှင် ကျောင်း၊ ရုံးစသည်တို့ ဖြစ်သည်။ ပုဂ္ဂလိကအိမ်များကတော့ မပြီးမပြတ်ဖြစ်သည်။ လမ်းဘေးတွင် အမှိုက်ပုံများ၊ ပေါင်းပင်များ၊ ခြုံနွယ်များနှင့် ညစ်ပတ်သည်။ အပေါ့သွားသူများကလည်း လမ်းဘေးမှာမတ်တပ်ရပ်လျက် မကြာခဏတွေ့နေရသည်။ အလေးထိုင်သူများကိုပင် မြင်ရတွေ့ရသည်။

သူတို့နှင့် ယှဉ်လိုက်လျှင် ကိုယ့်နိုင်ငံ၏ သန့်ရှင်းသပ်ယပ်မှု စည်းကမ်းတကျရှိမှုမှာ ဝမ်းသာစရာ၊ ဂုဏ်ယူစရာ။

**မိဂဒါဝုဏ်မြန်မာကျောင်း**

ဗာရာဏသီမြို့ကို ကျော်လွန်သော် မိဂဒါဝုဏ် နယ်မြေသို့ ရောက်လာသည်။ သားသမင်စသည့် တောသတ္တဝါတို့အား ဘေးမဲ့ပေးရာ နေရာဖြစ်သည်။ မြတ်စွာဘုရားတရားဦး ဓမ္မစကြာဟောကြားတော်မူရာ နယ်မြေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာ မိဂါဒဝုဏ် မြန်မာဘုန်းတော်ကြီးကျောင်းကို ရောက်ပါသည်။ ဗုဒ္ဓဂယာရှိ မြန်မာဘုန်းတော်ကြီးကျောင်းက ပြည့်စုံကောင်းမွန်သည်။ ခမ်းနားသော သုံးထပ်၊ နှစ်ထပ်တိုက်တာကြီးများနှင့် တင့်တယ်သည်။ မိဂဒါဝုဏ် မြန်မာကျောင်းကတော့ ကောင်းမှကောင်းပါ့မလား စိုးရိမ်မိသည်။

ဗုဒ္ဓမြတ်စွာ တရားဦး ဓမ္မစကြာ ဟောကြားရာနေရာထူး ဖြစ်သော်လည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ မရှိသလောက် ရှားပါးသွားပြီမို့ စိုးရိမ်ပူပန်မိခြင်းဖြစ်သည်။

'ရောက်ပြီ ... မြန်မာကျောင်း ...' ဟုပြော၍ လှမ်းကြည့်လိုက်သည်။

လမ်းဘေးမှာ ကျောင်းအဝင်မုတ်ဦးကို တွေ့ရသည်။ ခမ်းခမ်းနားနားဖြစ်၏။ မုတ်ဦးမှတဆင့် ကျောင်းဝင်းထဲသို့ ကျွန်တော်တို့ကားကြီး မောင်းဝင်လိုက်သည်။ ကြီးကျယ်ခမ်းနားစွာ လှပတင့်တယ်သော ကျောင်းတော်ကြီးများကို တွေ့ရသည်။

အောက်ထပ်တွင်ကား ဂိုဒေါင်ပါသော နှစ်ထပ်ကျောင်းဆောင်ကား ဂိုဒေါင်ထဲမှာပါဂျရိုကဲ့သို့သော ကားအကောင်းစား (၂)စီးရှိသည်။ ကျောင်းဆောင်နှင့်ဆက်လျက် ဆရာတော်ကြီး သီတင်းသုံးသော နှစ်ထပ်ကျောင်းဆောင်။ ဆရာတော်ကြီးကျောင်းဆောင်အဝင်တံခါးကြီးမှာ ရွှေဆေးများသုတ်ထားသည့် သံပန်းတံခါးကြီးဖြစ်၍ ခမ်းနားတင့်တယ်လှသည်။

စံကျောင်းတော်ရှေ့တွင် အာသောကပင် အရှည်ကြီးများ နှစ်ဖက်တန်းနေသော လမ်းမှအတွင်းသို့ ဝင်ရသည်။ သုံးထပ် ကျောင်းဆောင်အသစ်ကြီးနှစ်ခုကို တွေ့ရမည်။ ညာဘက်မှာ နှစ်ထပ်ဆောင်ရှိသေးသည်။ အတွင်းသို့ ဆက်ဝင်လျှင် ဘုရားစေတီနှစ်ဆူရှိသည်။ အလုပ်သမားများနေရန် တိုက်ခန်းရှိသည်။ ကျောင်းဝင်းကို အတွင်းမှ ပတ်သောလမ်းရှိသည်။ သစ်ပင်များပန်းပင်များနှင့် လှပစိုပြေစွာ စိမ်းလန်းအုပ်ဖွဲ့နေသည်။

'ဩော် ကောင်းလိုက်တာ သာဓု ... သာဓု ... သာဓု ...'

ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မိသည်။ ဤကဲ့သို့သော နေရာတော်မြတ်တွင် ဤနှယ်ခမ်းနားတင့်တယ်သော မြန်မာကျောင်းကို တွေ့မြင်ရသည်



မှာ ဝမ်းသာဂုဏ်ယူစရာ။ သာသနာပြု ဆရာတော်များ၏ ကြိုးပမ်းမှုနှင့် အဆင့်ဆင့် အဆက်ဆက် လှူဒါန်းခဲ့ကြသော စေတနာရှင်များကို သာဓုခေါ်မိသည်။ သံဃာတော်များ ဆွမ်းစားဆောင်အပေါ်ထပ်မှာ တည်းရသည်။

အမျိုးသမီးများကို သုံးထပ်ကျောင်းဆောင်အသစ်ကြီး၏ ပထမထပ်နှင့် ဒုတိယထပ်မှာ နေရာချထားပေးသည်။

ကျွန်တော်တို့ အမျိုးသားများကို သုံးထပ်ကျောင်းဆောင်ကြီးသို့ခေါ်သွားသည်။ ကျောက်ဖြူပြားများ ခင်းထားသည့် လှေခါးကျယ်ကြီးမှ ဒုတိယထပ်သို့ တက်ရသည်။ ဘုရားခန်းအကျယ်ကြီးနှင့် ဆင်းတုတော်ရှိသည်။ ဒုတိယထပ်နေရာအားလုံးမှာ ကျောက်ဖြူပြားများခင်းထားသည်။ အတွင်းပိုင်းသို့ဝင်မိသော်ပို၍ ခမ်းနားသော ဗိသုကာလက်ရာကို တွေ့ရသည်။ ကျွန်တော်တို့ နေရသော အခန်းများမှာ ရေမိုးအစုံ ရေချိုးခန်း၊ ဗိုလ်ထိုင်အိမ်သာရှိသည်။ ကုတင်၊ ခြင်ထောင်၊ စောင် သန့်ပြန့်စွာနှင့် အဆင်သင့်ရှိသည်။ အခန်း၏ အလယ်ကွပ်လပ်ရှိ ကျောက်ဖြူပြားခင်းနေရာမှ အပေါ်ကောင်းကင်သို့ ကြည့်နိုင်သည်။ အထက်မှာ တစ်ထပ်ရှိသည်။ ဆက်တက်လျှင် ခေါင်မိုးအထပ်မှာ ပစ္စည်းများထားသည်။ ရှုခင်းကြည့်နိုင်သည်။

ရေချိုးအဝတ်လဲပြီးချိန်မှာ မောင်းသံကြား၍ ထမင်းစားဆောင်သို့ဆင်းသည်။ သံဃာစားဆောင်၊ လူစားဆောင် ခွဲထားသည်။ စားပွဲကုလားထိုင်များ သပ်ယပ်စွာ ခင်းကျင်းပြင်ဆင်ထားသည်။ ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ဖုန်းဖြင့် ကြိုတင်ဆက်သွယ်ထားမှုအရ ကျောင်းမှခရီးသည်အားလုံးအတွက် ညစာကိုအသင့်ချက်ထားပြီးဖြစ်သည်။

မြန်မာထမင်း၊ မြန်မာဟင်းကို မြန်မာကျောင်းမှာ မြိန်ယှက်စွာစားရသည်။

မိဂဒါဝုဏ်၏ အေးချမ်းသောညကို မြန်မာကျောင်းမှာ အေးငြိမ်းချမ်းသာစွာ အိပ်စက်အနားယူရပါသည်။

မနက် (၃) နာရီခွဲ တရေးနိုးသည်။ ရာသီဥတုက အေးအေးကလေးမို့နေ၍ အိပ်၍ကောင်းသည်။ ပြန်အိပ်ပျော်သွားပြီး (၅) နာရီခွဲမှာ နိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

# မိဂဒါဝုဏ်နှင့် တရားဦးဓမ္မစကြာ

မနက်စာစားပြီးကြသည်နှင့် မိဂဒါဝုဏ်မြေမြတ်မဟာသို့ ကားဖြင့်သွားကြသည်။ နီးနီးလေးဖြစ်ပါ၏။ နိုင်ငံတကာမှ ဗုဒ္ဓဘာသာဘုရားဖူးများအထွတ် အမြတ်ထားလာရောက်ကြသောနေရာဖြစ်သောကြောင့် လမ်းများ၊ ပန်းခြံများ၊ သစ်ပင်အလှများနှင့် သာသာယာယာ ဖန်တီးထားပါသည်။ ပြတိုက်လည်းရှိသည်။ ရှေးဟောင်းအဆောက်အဦ အကြွင်းအကျန်များကို ရှေးဟောင်းယဉ်ကျေးမှုဌာနက ဝင်းခတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ဝင်းအတွင်းမှာလည်း ပန်းပင်များ၊ မြက်ခင်းများနှင့် သန့်ရှင်းသပ်ယပ်လျက် စိတ်ကြည်နူးစရာ ကောင်းပါသည်။

မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့မှာ ဘုရားအဖြစ်ကို ရောက်တော်မူပြီးနောက် သတ္တသတ္တာဟ (၇)ရက်စီ (၇)နေရာမှာ စံနေတော်မူသည်။ (၄၉)ရက်ကြာသည်။

ထိုအခါတွင် နတ်ဗြဟ္မာ အပေါင်းတို့ ညီညာစွာ စုရုံး၍ သတ္တဝါတို့ အပယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးပွင့်စေရန်အတွက် တရားဟောကြားတော်မူပါရန် လျှောက်ထားတောင်းပန်ကြသည်။

မြတ်စွာဘုရားသည် မည်သူ့အား တရားဟောရမည်နည်း ဆင်ခြင်စဉ်းစားသော် အာဠာရ ရသေ့ကို ဆင်ခြင်တော်မူမိ၏။ သို့သော် အာဠာရရသေ့ကွယ်လွန်သည်မှာ (၇)ရက် ရှိခဲ့ပြီ၊ အကိဉ္စညာယတနဘုံ၌ ဖြစ်သည်ကို မြင်၍ ရှုံးလေစွဟု ကရုဏာသက်၍ ရင်ကိုသပ်တော်မူ၏။



နောက်တစ်ဦးဖြစ်သော ဥဒကရသေ့ကို ဆင်ခြင်မိရာတွင်လည်း ဥဒကရသေ့သည် ယမန်နေ့ ညဉ့်သန်းခေါင်ယံမှာ ကွယ်လွန်၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်သည်ကို သိမြင်တော်မူသည်။ ဤရသေ့လည်း ရှုံးခြင်းကြီးရှုံးလေစွဟု လက်ခုပ်ခတ်တော်မူ။

ထို့နောက်မှ တရားဟောရအံ့သောသူကို ရှုမြန်လျှင် ဟင်ပေဖူးသော ကျေးဇူးရှိသည်။ ပဉ္စဝဂ္ဂီ (၅)ဦးကို မြင်တော်မူ၏။ ထို့ကြောင့် ပဉ္စဝဂ္ဂီ (၅)ဦးရှိရာ မိဂဒါဝုဏ်တောသို့ မြတ်စွာဘုရား ကြွတော်မူသည်။ ၁၈ယူဇနာကွာဝေးသော ဗာရာဏသီမြို့အနီးမှ မိဂဒါဝုဏ်သို့ ခြေလှမ်းခရီးနှင် ကြွတော်မူခဲ့သည်။ ဗာရာဏသီမြို့မှ (၆)ကီလိုခန့်သာ ဝေးပါသည်။ ယခုအခါ ဆာရ်နသ် (SARNATH) ဟုခေါ်သည်။ ဝါဆိုလပြည့်နေ့ညနေချမ်းအချိန်၌ သားသမင်တို့ကို ဘေးမဲ့ပေးရာ ဣသိပတနမိဂဒါဝုဏ်သို့ မြတ်စွာဘုရား ရောက်ရှိတော်မူသည်။

ပဉ္စဝဂ္ဂီ (၅)ဦးတို့သည် ဘုရားပွင့်တော်မူလျှင် တရားဦးနာကြားအံ့ဟု ဘုရားအလောင်းကို အလုပ်ကျွေးပြုခဲ့ကြစဉ် ဘုရားလောင်းသည် အစာငတ်ရေငတ်ခံသည့် ပြင်းထန်သော ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူခဲ့၏။ နောင်တွင် အစွန်းရောက်မှုကို သိမြင်ဆင်ခြင်၍ သင့်တင့်မျှတစွာကျင့်ရန် ဆွမ်းခံစားသည်ကို တွေ့မြင်ရသောအခါ ဘုရားဖြစ်တော့မည်မဟုတ်ဟု ပဉ္စဝဂ္ဂီ ငါးဦးတို့ စိတ်ပျက်ပြီး ဘုရားလောင်းကို အလုပ်အကျွေးပြုခြင်းမှ စွန့်ခွာကာ မိဂဒါဝုဏ်သို့ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

မြတ်စွာဘုရား မိဂဒါဝုဏ်သို့ ကြွလာသည်ကို ပဉ္စဝဂ္ဂီငါးဦးတို့ တွေ့မြင်ကြသောအခါ ထိုရဟန်းကြီး ဂေါတမကို ရှိမခိုးကြစတမ်း၊ ခရီးဦးကြိုမပြုကြစတမ်း၊ သပိတ်သင်္ကန်းလှမ်း၍မယူကြစတမ်း။ သို့သော် ထိုရဟန်းကြီးဂေါတမထိုင်လိုလျှင် ထိုင်ရအောင် နေရာကိုမူကား ခင်းထားကြမည်''ဟု အချင်းချင်းကတိကဝတ်ထားကြလေကုန်၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ (၅)ဦးတို့၏ အကြံအစည်ကိုသိ၍ ထိုပဉ္စဝဂ္ဂီ (၅)ဦးတို့အား ရည်ညွှန်းကာ ဩဓိသကမေတ္တာ ပွားတော်မူသည်။ မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်နှင့် မေတ္တာတော်အစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပဉ္စဝဂ္ဂီ (၅)ဦးတို့သည် ဘုရားရှင်ကိုမြင်သည်နှင့် ထားသောကတိ မတည်ကြတော့ဘဲ ခရီးဦးကြိုပြုမိကြသည်။ တစ်ဦးက မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကိုယူသည်။ တစ်ဦးက နေရာကိုခင်းသည်။ အခြားတစ်ဦးက ခြေဆေးရေနှင့် အင်ပျဉ်ကိုယူသည်။ ကျန်တစ်ဦးက ခြေကို ပွတ်သပ်ဆေးကြောသည်။

ထိုသို့ပဉ္စဝဂ္ဂီ (၅)ဦး ကြိုဆိုသောနေရာကို သီရိခမ္မာသောကမင်းကြီးက အထိမ်းအမှတ် စေတီတော်ကြီး တည်ထားတော်မူသည်။ ထိုနေရာကို ရှေးဟောင်းယဉ်ကျေးမှုဌာနက ဝင်းခတ်၍ ထိန်းသိမ်းထားသည်။ သို့သော် ထိုဝင်းထဲမှာပင် ဟိန္ဒူများက သီတာမင်းသမီး ရာမမင်းသားကို စောင့်ကြိုသောနေရာဆိုပြီး အထိမ်းအမှတ်လုပ်ထား၍ လာရောက်ပူဇော်နေကြသူများကို တွေ့ရသည်။

ဗုဒ္ဓဘာသာမဟုတ်၊ ဘာသာခြားဖြစ်သော အက္ကဘာဘုရင်ကလည်း သူ့ဖခင်စစ်ရှုံးစဉ်က ပုန်းခဲ့သောနေရာဖြစ်သည်ဟူ၍ စေတီပျက်ကြီး၏ အပေါ်မှာပင် ထပ်ဆင့်ပြီး မျှော်စင်ပြုလုပ်ထားသည်ကို တွေ့မြင်ရသည်။

မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂီ (၅)ဦးနှင့် တွေ့သောအခါ ဘုရားအဖြစ်သို့ရောက်၍ အလုံးစုံသော တရားအပေါင်းကို သိခဲ့ပြီဖြစ်သောကြောင့် တရားဟောရန်ရောက်လာကြောင်းနှင့် ရိုသေစွာ တရားနာကြရန် မိန့်ကြားတော်မူသည်။

ထိုအခါ ပဉ္စဝဂ္ဂီတို့က 'ငါရှင်ဂေါတမ သင်သည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကျင့်၍မျှ ဘုရားဖြစ်တော်မမူ ယခုမူကား ဆွမ်းသင်္ကန်း၊ ကျောင်းစသည်တို့အတွက် လှည့်လည်လျက် မင်္ဂပိုချမ်းသာကို အဘယ်မှာ ရနိုင်အံ့နည်း'ဟု မယုံကြည်ကြောင်း သုံးကြိမ်တိုင် ပယ်ရှားကြသည်။

မြတ်စွာဘုရားက ဥရုဝေလတောတွင် ဒုက္ကရစရိယာကျင့်စဉ်က မရသေးသောတရားကို ရပြီ။ မသိသေးသည်ကို သိပြီဟု ဝါကြွားပြောဆိုခဲ့ခြင်းရှိမရှိမေးတော်မူမှ မရှိခဲ့သည်ကို သတိရ၍ တရားတော်ကို ရိုသေစွာနာကြားကြ၏။



မြတ်စွာဘုရား ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဟော်တော်မူရာနေရာကို အိန္ဒိယ ရှေးဟောင်းယဉ်ကျေးမှုဌာနက ထိန်းသိမ်းစောင့်ရှောက်ပြီး သံပန်းများ အုတ်များနှင့် ခြံဝင်းကြီးခတ်ထားသည်။ ဓမ္မစကြာတရား ဟောတော်မူရာနေရာမှာ အုတ်ခုံတစ်ခုပြုထားသည်ကို အမှန်အမြတ် တွေ့မြင်ရပါသည်။ ထိုနေရာတော်မြတ်တွင် ဓမ္မရာဇိက ကုန်းမြေစေတီတော် အုတ်ခုံရှိပါသည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်တွင် နေဝင်လထွက် ဓမ္မစက်ဆိုသည့်စကားနှင့်အညီ အနောက်ဖက်ကောင်းကင်တွင် ဝင်တော့မည်ဖြစ်သည့် အနီရောင်နေမင်းကြီးရှိနေသည်။ အရှေ့ဘက်ကောင်းကင်တွင်လည်း ငွေရောင် ဖွေးလွှသော လမင်းကြီးထွက်နေပြီ၊ လှပသာယာသောညနေဆည်းဆာအချိန်ဖြစ်၏။

မြတ်စွာဘုရား တရားဦးဓမ္မစကြာဟောသည်ကို မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာ ပန်းချီဆရာတို့သည် ကြည်ညိုရိုသေသောသဒ္ဓါစိတ်နှင့် အနည်းနည်းအဖုံဖုံ ရေးဆွဲခဲ့ကြသည်။ အေးချမ်းစွာ သွားလာနေထိုင်ကြသော ရွှေသမင်လေးများ၊ ယုန်လေးများ၊ ဒေါင်းငှက်၊ နောက်ဖက်သစ်ပင်ပေါ်ရှိ နွယ်တန်းပေါ်တွင် မျောက်ကလေးတစ်ကောင်နှစ်ကောင်၊ ခပ်လှမ်းလှမ်းရှိ တောင်ကမ်းပါးယံမှာ ရေတံခွန်မှ ရေများဝဲပျံစီးကျလျက်၊ ဘေးနားမှာ ရေကြည်ချောင်းလေး ကွေ့ကောက်စီးဆင်းနေသည်။ မြက်ခင်းပြင်စိမ်းစိမ်းကလေးက ညီညာလှပလျက် သစ်ပင်ပုလေးများ၊ သစ်ပင်မြင့်ကြီးများ စိတ်ကူးယဉ်သမျှ စိတ်ကူးဆန်းသမျှ ရေးဆွဲကြသည်။

တကယ့်အဖြစ်တွင်မူ မိဂဒါဝုဏ်မှာ တောင်မရှိ။ ရေတံခွန်မရှိ။ သို့သော် မရှိချင်နေပါစေ၊ ဘုရားကို ကြည်ညိုစိတ်နှင့် ရိုသေစွာ ပူဇော်ကြခြင်းဖြစ်သည်။ တင့်တယ်နိုင်သမျှ တင့်တယ်အောင် အစွမ်းကုန်ကြိုးစားကြခြင်းဖြစ်သည်။

စာရေးဆရာတစ်ဦးကဆိုလျှင် လမ်းဘေးမှာ မြက်ကဲ့သို့သော အပင်မျိုးမှ အလွန်လှပသော အရောင်အသွေးနှင့် အလွန်လှသောပန်းများ စပြီးပွင့်လာသည်။ မြတ်စွာဘုရား သစ္စာလေးပါးတရားကို စတင်ဟောသော နေ့မှ စတင်ပွင့်ပေါ်လာသည့်ပန်းဖြစ်ခြင်းကြောင့် သစ္စာပန်းဟု အမည်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ရေးဖွဲ့ထားပါသည်။ ကောင်းလေစွ အတွေးအာရုံထဲမှာ မှန်းပြီး လွမ်းခဲ့ရ။ ရှိသေသဒ္ဓါထက်သန်ခဲ့ရသည်။

ယခု ထိုနေရာတော်မြတ်သို့ ရောက်ရလေပြီ။ သုံးပေခန့်မြင့်ပြီး အတော်ပင်ကျယ်ပြန့်သော အဝိုင်းပုံမွေရာဇ်က ကုန်းတော်ရှေ့မှာ ကျွန်တော်တို့ ဘုရားဖူးများ နေရာယူမိထိုင်မိကြပြီ။ ပတ်ဝန်းကျင်မှာ ညီညာသန့်ရှင်းသော လမ်းကလေးများရှိသည်။ စိမ်းလန်းစွာ လှပသော မြက်ခင်းလေးများရှိသည်။

ဤမြေမြတ်မဟာတွင် မြတ်စွာဘုရားထိုင်၍ ဓမ္မစကြာတရား ဟောတော်မူခဲ့သည်။ ဘုရားရှင်ကို သတိရမိသည်။ အာရုံမှာ မြင်အောင် ဖူးမြော်ရသည်။

နမောတဿသုံးကြိမ်ရွတ်ဆို၍ မြတ်စွာဘုရားရှင်အား ကန်တော့ ကြသည်။ အရှေ့ဘက်ကောင်းကင်တွင် လမင်းကြီးထွက်လာပြီ။ အနောက် ဘက်ကောင်းကင်တွင် နေမင်းကြီးဝင်တော့မည်။ ပဥ္စဝဂ္ဂီ (၅)ဦးနှင့် နတ် ဗြဟ္မာများစွာကို မြတ်စွာဘုရား ဓမ္မစကြာတရားစတင်ဟောတော်မူပါပြီ။

ဘိက္ခူနံ ပဥ္စဝဂ္ဂိနံ ဉာတိပတာနနာမကေ
မိဂဒါယေ ဓမ္မဝရံ ယံတံနိဗ္ဗာနပါပကံ
သဟမ္ပတိ နာမကာန မဟာဗြဟ္မေန ယာစိတော
စတုသစ္စံ ပကာသေန္တော လောက နာထော အဒေသယိ
နန္ဒိကံ သမ္ဗ ဒေဝေဟိ သာဓုသမ္ပတ္တိ သာဓကံ
သဗ္ဗလောကဟိတတ္ထာယ ဓမ္မစက္ကံ ဘဏာမဟေ

သစ္စာလေးပါးကို ပြတော်မူသော လူတို့၏ ကိုးကွယ်ရာဖြစ်တော် မူသော မြတ်စွာဘုရားသည် သဟမ္ပတိအမည်ရှိသော ဘုရားပစ္စေ ကဗုဒ္ဓါအရိယာတို့၏ ကောင်းကင်မှ သက်ရာ၊ ကောင်းကင်သို့ တက်ရာဖြစ်၍ ဣသိပတန အမည်ရှိသော သားတို့အား ဘေးမဲ့ ပေးရာ မိဂဒါဝုန်တော၌ ငါးယောက်သော အစုရှိခြင်းကြောင့် ပဥ္စဝဂ္ဂီအမည်ရှိသော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ မဟာနာမ်၊ အဿဇိတို့အား နိဗ္ဗာန်ရောက်စေတတ်သည့် တရားမြတ်ဖြစ်သော ဓမ္မစကြာတရားဒေသနာကို ဟောတော်မူပြီ။

ပုံ(၅)



မိဂဒါဝုဏ်မှာ မြတ်စွာဘုရားတရားဦးဓမ္မစကြာ
ဟောတော်မူသောနေရာ

www.burmeseclassic.com

www.burmeseclassic.com



(ဝ) ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့ နှစ်သက်အပ်ကုန်သော လောကီလောကုတ္တရာ ပစ္စုပ္ပန်သံသရာ စည်းစိမ်ကို ပြီးစေတတ်သော တိုဓမ္မစကြာ ဒေသနာတော်ကို လောက၏ အစီးအပွား အကျိုးမှာ အိုအရှင်သူတော် ကောင်းတို့ ငါတို့သည် ရွတ်ဆိုကြကုန်အံ့

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဝင်များအားလုံး ဓမ္မစက္ကပဝတ္တ နသုတ်ပါဠိတော်ကို ရွတ်ဆို ပူဇော်ကြပါသည်။ သက်တော်ထင်ရှားဘုရားရှင်အား ကြည်ညိုစွာ အာရုံပြုရွတ်ဆိုပူဇော်ရသောကြောင့် ရင်ထဲမှာ ကျေနပ်ခြင်းကြီးစွာ ဖြစ်ရသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားရှေ့ရောက်၍ ဓမ္မစကြာတရားတော်ကို နာကြားနေရသလို ခံစားရပါသည်။ ပန်းဆီမီးတို့ဖြင့်လည်း ပူဇော်ကြပါသည်။ အသင့်ပါလာသော ရွှေဆိုင်းများဖြင့် ရွှေချ၍လည်း ပူဇော်ကြပါသည်။ ရှင်းလင်းဟောကြားတော်မူသော သံဃာတော် ဦးပညာစက္က(M.A) က ဤနေရာတွင် မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောကြောင်း ပဥ္စဝဂ္ဂီ (၅)ဦးတို့ တစ်ရက်မှာ တစ်ပါးသောတာပန်ဖြစ်ကြကြောင်း၊ အရှင်ကောဏ္ဍညမှာ ပထမဆုံး သောတာပန်တည်ကြောင်း၊ ငါးပါးလုံးဟိတိကျွတ်၍ ရဟန်းအဖြစ်သို့ ရောက်ကြကြောင်း ဤနေရာမှာပင် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကိုးကွယ်ရာအစုံ၊ သရဏဂုံ (၃)ပါး ပြည့်စုံကြောင်း ဟောပြောပါသည်။

ဓမ္မရာဇိက ကုန်းတော်ရှေ့မှာ ကျွန်တော်တို့ တရားထိုင်ကြပါသည်။ မြတ်စွာဘုရားကို ဓမ္မပူဇာဖြင့် ပူဇော်ခြင်းဖြစ်ပါ၏။ ဖြစ်သမျှပျက်နေကြသည်။ ဖြစ်ပျက်မမြဲသောအနိစ္စ၊ ဓမ္မသဘောတွေဖြစ်ပြီး ဓမ္မသဘောများ ပျက်နေသည့် ရုပ်နာမ်ခန္ဓာသည် ငါမဟုတ်၊ ငါမပိုင်၊ ငါ့သဘောအတိုင်းဘာမျှမဖြစ်၊ အစိုးမရသော အနတ္တပါတကား။ မမြဲသော အနိစ္စ၊ အစိုးမရသော အနတ္တဖြစ်သည့် ရုပ်နာမ်ခန္ဓာသည် ချမ်းသာစစ်ချမ်းသာမှန်မရှိ၊ ဆင်းရဲခြင်းအမှန်ဒုက္ခသစ္စာပါတကား။ တဏှာနှင့် အဝိဇ္ဇာကြောင်း သမုဒယသစ္စာကို အကြောင်းပြုပြီး ဒုက္ခသစ္စာနှင့် သံသရာမှာ ကျင်လည်နေကြရသည်။ ဒုက္ခသစ္စာကို ပယ်နိုင်မှ နိရောဓသစ္စာကို ဆိုက်ရောက်မည်။

www.burmeseclassic.com

www.burmeseclassic.com



အေးငြိမ်းချမ်းသာခြင်းအစစ်မှန်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်။ ငြိမ်းအေးခြင်းအစစ်ဖြစ်သော နိရောဓသစ္စာကို ဆိုက်ရောက်အောင် မဂ္ဂသစ္စာကို ပွားများရမည်။

နေရာထူးနေရာမြတ်မှာ တရားထိုင်ရခြင်းဖြစ်၍ သဒ္ဓါတရားထက်သန်မှုကြောင့် သမာဓိကောင်းကို ဖြစ်စေသည်။ ရုပ်နာမ်ခန္ဓာ၏ ဖြစ်ပျက်အနိစ္စကို လက္ခဏာရေးသုံးပါးနှင့် ဆင်ခြင်ပွားများရသည်။ ဣမာနိ၊ ဓမ္မာနိ၊ ဓမ္မပဋိပတ္တိယာဗုဒ္ဓံပူဇေမိ မြတ်စွာဘုရားရှင်အား ဓမ္မပူဇော်ခြင်းဖြင့် ရှိသေစွာ ပူဇော်ကြပါ၏။

## မူလဂန္ဓကုဋီ (မြတ်စွာဘုရား ပထမဆုံး ဝါဆိုကျောင်းတော်)

ဓမ္မရာဇိက ကုန်းတော်တွင် မြတ်စွာဘုရားကို ပူဇော်ကန်တော့ပြီးသောအခါ ဦးဆောင်လမ်းညွှန်ပြုသော သံဃာတော်က ဘုရားဖူးအဖွဲ့ကို တစ်ဖက်ကုန်းတော်ဆီရှိ အုတ်နှင့်ပြုလုပ်ထားသည့် အဆောက်အဦပန္နက်ပုံများရှိရာသို့ ဦးဆောင်သွားပါသည်။ နန္ဒိယသူကြွယ်ဆောက်လုပ်လှူဒါန်းသော မူလကျောင်းတော်နေရာဖြစ်ကြောင်း။ မြတ်စွာဘုရား ပထမဆုံးဝါဆိုသော ကျောင်းဖြစ်ကြောင်း၊ ဤကျောင်းတွင် မြတ်စွာဘုရားနှင့်အတူ ပဥ္စဝဂ္ဂီ (၅) ပါး၊ ယသသူဌေးသားနှင့် အပေါင်းအသင်း (၅၅)ပါး စုစုပေါင်း (၆၁)ပါးတို့ သီတင်းသုံးခဲ့သော ကျောင်းတော်ဖြစ်ကြောင်း၊ နန္ဒိယသူဌေးမှာ ကျောင်းဆောက်သည့် ကောင်းမှုကြောင့် နတ်ပြည်မှာ ဘုံဗိမာန်ပေါက်ပြီး နတ်သမီးများက စောင့်နေကြောင်း၊ သူသေမှ နတ်ပြည်ရောက်လာမှာမို့ 'သေဟဲ့ နန္ဒိယ'ဟု နတ်သမီးများက တမ်းတရာမှ 'သေဟဲ့ နန္ဒိယ'ဆိုသောစကား ဖြစ်ပေါ်လာကြောင်း ဦးပညာစက္ကပြော၍ ရယ်ကြရသည်။

'မြတ်စွာဘုရား ပထမ ဝါဆိုတော်မူခဲ့သော ကျောင်းတော်ရာသို့ ရောက်နေရခြင်းပါတကား'ဟု စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဘုရားကို နမောတဿဖြင့် သုံးကြိမ်ပူဇော်ကြပါသည်။ ဘုရားဂုဏ်တော်များကို အာရုံပြု၍ ဗုဒ္ဓါနုဿာတိဖြင့်လည်း ပူဇော်ရပါသည်။

ကုမာရဒေဝီ မင်းသမီး ဆောက်လုပ်လှူဒါန်းသော ကုမာရဒေဝီ

ပုံ(၆)



ဓမ္မကစေတီတော်နှင့် မြန်မာဘုရားဖူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်နေရာကိုလည်း လိုက်လံပြသပါသည်။

မြတ်စွာဘုရားသည် မိဂဒါဝုဏ်မှာ သုတ္တံပေါင်း (၁၁)သုတ် ဟောကြားတော်မူခဲ့သည်။ သုတ္တံ (၉)သုတ်ဟောကြားတော်မူသော နေရာမှာ ပလ္လင် အမှတ်အသားပြုလုပ်ထားသည်။ ထိုနေရာမှာလည်း မြတ်စွာဘုရားရှင်ကို ရှိသေစွာ အာရုံပြု၍ ပူဇော်ခဲ့ကြသည်။ ဤမိဂဒါဝုဏ်ဒေသသည် ဘုရား၏ တရားတော်များ၊ တရားသံများ ပျံ့နှံ့နေခဲ့သော နေရာတော်ဖြစ်ပေသည်။

မူလ ဂန္ဓကုဋီနေရာတွင် မြတ်စွာဘုရားကို လွန်စွာကြည်ညိုရှိသေသော အာသောကမင်းကြီးသည် အထိန်းအမှတ်အဖြစ် ကျောင်းတော်ကို ထပ်မံဆောက်လုပ်ပူဇော်တော်မူခဲ့သည်။ ယခုအခါ ကျောင်းနေရာတော် ပန္နက်ပုံအုတ်များသာ ဖူးမြင်ရပါသည်။ ထိုပန္နက်ပုံအုတ်ကျောင်းတော်နေရာများကို အိန္ဒိယရှေးဟောင်း ယဉ်ကျေးမှုဌာနက ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထား၍ သန့်ရှင်းသပ်ယပ်စွာ ရှိနေပါသည်။ ဘုရားဖူးတို့ စိတ်ကြည်နူးစွာဖူးမြင်ရပေသည်။

## ဓမ္မေကစေတီတော်

ထိုမှတဆင့် လှမ်းမြင်နေရသော ဓမ္မေကစေတီတော်ရှိရာသို့ သွားရောက်ကြသည်။ ဝါဆိုလပြည့်နေ့မှ နောက် (၅)ရက်မြောက်တွင် ဤနေရာမှာ မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီ (၅)ဦးနှင့် နတ်ပြဟ္မာများစွာတို့ကို အနတ္တသုတ်တရားတော်ဟောကြားတော်မူခဲ့သည်။ သောတာပန်ဖြစ်ပြီးသော ပဥ္စဝဂ္ဂီ (၅)ပါးတို့ ဤနေရာမှာ ရဟန္တာအဖြစ်သို့ ရောက်ကြသည်။ သီရိဓမ္မာသောကမင်းကြီးက အထိန်းအမှတ်အဖြစ် ဓမ္မေက စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။

အောက်ခြေမှာ ကျောက်တုံးကြီးများနှင့် အဆင့်ဆင့် တည်ဆောက်ထားသည်။ ကျောက်တုံးများပေါ်မှာ ကနုတ်ပန်းများကိုလည်း အဆန်းတကျယ် ထွင်းထုထားသည်။ အပေါ်မှာအုတ်ဖြင့် တည်ဆောက်ထား၏။ ဓမ္မေကစေတီတော်တွင် မြတ်စွာဘုရားအားလည်းကောင်း၊ တရားတော်များလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ရဟန္တာအရှင်မြတ်များဖြစ်ကြသည့် ပဥ္စဝဂ္ဂီငါးပါးသံဃာတော်အရှင်မြတ်များအားလည်းကောင်း ရည်မှန်း၍ အနတ္တလက္ခဏာသုတ်ကို ရှိသေစွာ ရွတ်ဖတ်ပူဇော်ကြသည်။ ဘုရားဖူးအဖွဲ့ကပေးသည့် ဘုရားဖူးလမ်းညွှန်စာအုပ်များတွင် လွယ်ကူစွာရွတ်ဆိုနိုင်ရန် ဓမ္မစကြာတရား၊ အနတ္တလက္ခဏာသုတ်၊ ရတနသုတ်၊ မောရှုင်ဂသုတ်တို့ ပါဝင်ပါသည်။

မိဂဒါဝုဏ်မှ ဓမ္မရာဇိကကုန်းတော်၊ နန္ဒသူကြွယ်လှူသည့်မူလဂန္ဓကုဋိ၊ ကုမာရဒေဝီမင်းသမီးဆောက်လုပ်လှူဒါန်းသည့် ကုမာရဒေဝီကျောင်းတော်၊ ဓမ္မေကစေတီတော် အာသောကမင်းကြီး၏ ကျောက်စာတိုင် (အဖျက်ဆီးခံရ၍ အပိုင်းပိုင်းကျိုးလျက်) ဓမ္မေကစေတီတော်စသည်တို့ကို အိန္ဒိယရှေးဟောင်းယဥ်ကျေးမှုဌာနက သံပန်းများ၊ အုတ်တံတိုင်းများနှင့် ခြံဝင်းခတ်၍ ကောင်းစွာ စောင့်ရှောက်ထားပါသည်။ နောက်ထပ် ဖျက်ဆီးခံရခြင်းမရှိတော့ပါ။ အုတ်ခုံများသာကျန်ပါတော့သည်။

ဘုရားဖူးလာရောက်ကြသူများ စိတ်ချမ်းသာ ရွှင်လန်းရှိစေရန်၊ မြက်ခင်းစိမ်းစိမ်းလေးများနှင့် သစ်ပင်ပန်းပင်လေးများကို လှပစွာ စိုက်ပျိုးထားပါသည်။ ပတ်ဝန်းကျင်မှာလည်း သစ်ပင်ကြီးများကို စိမ်းလန်းအုပ်ဖွဲ့အောင် စိုက်ပျိုးထားသည်မှာ ကြည်နူးစရာ။

သားမျိုးစုံသော မိဂဒါဝုဏ်၊ သားသမင်တို့ကို ဘေးမဲ့ပေးရာတောဆိုသော အမည်နှင့် လိုက်လျောအောင် ရွှေသမင်လေးများကိုလည်း တွေ့ရပါသည်။ သမင်လေးများကို အစာကျွေးရန်သွားသောအခါ ကောင်လေးတစ်ယောက် ကျွန်တော့်ဘေးမှာ ကပ်ပါလာသည်။ သူတို့သည် ဘုရားဖူးများကို နည်းမျိုးစုံနှင့် လိုက်လံချဉ်းကပ်နေကြသည်။ တချို့က ကြာပန်းရောင်းသည်။ တချို့က သမင်စာအဖြစ် ကင်းမုံသီးရောင်းသည်။ အချို့က ဘုရားကားရောင်းသည်။ အချို့က ရှေးဟောင်းဘုရားပုံတော် ကျောက်ခွက်၊ အုတ်ခွက်၊ ကျောက်ဆင်းတု စသည်ရောင်းသည်။ သူတို့ကို အရောတဝင်လုပ်၍မရပါ။ ကင်းကင်းနေမှတော်ခါကျပါသည်။

ကျွန်တော့်ဘေးမှာ လိုက်ပါလာသော ကောင်လေးက အရေးကြီးပုံမျိုးနှင့် ကျွန်တော့်ကို လေသံတိုးတိုးပြောနေသည်။ ဘေးပတ်ဝန်းကျင်ကို



လည်း ကြည့်လိုက်သေး။ ကျွန်တော်နှင့်သူ ရှိသောနေရာ၏ ညာဘက်ဘေးမှ ကျောင်းပျက်နေရာကို ပြသည်။ ထိုနေရာမှရသော ရှေးဟောင်းဆင်းတု တစ်ဆူရှိသည်။ ရောင်းမည်ဟု ဆိုသည်။

ကျွန်တော်က စိတ်ဝင်စားဟန်မပြပါ။ ခပ်မြန်မြန်လျှောက်သည်။ သူကလည်း အမြန်လျှောက်ပြီး လိုက်လာသည်။ သူ့လက်ထဲမှ အုတ်ခွက်ဘုရားလေးနှစ်ဆူကို ပြသည်။

ကျွန်တော် ဈေးနှုန်းမေးကြည့်ချင်သည်။ သို့သော် မေးမိလျှင် စိတ်ဝင်စားသည့်ထင်ပြီး ကပ်နေတော့မည်။ ကျွန်တော်မမေးဘဲ နေသည်။ ‘ဖစ်ဖ်တီးရူပီး’ ရူပီးငါးဆယ်ဟုပြောသည်။ ကျွန်တော်က အမှတ်တမဲ့နှင့် ဗဲရီးအတ်စပင်းဆစ်ဟု ပြောလိုက်မိသည်။ သူ အားတက်သွားသည်။ ‘ဟောင်းမတ်ချ်’ ‘ဟောင်းမတ်ချ်’ ကျွန်တော့်ကို ဘယ်လောက်ပေးမလဲဆိုတာ အတင်းလိုက်မေးသည်။ ဈေးဆစ်ခိုင်းသည်။ ဆစ်မိလျှင် ဝယ်ရတော့မည်။ ကျွန်တော်မဆစ် ‘အော်ရီဂျင်နယ်’ဆိုသောစကားကိုပြောပြီး အတင်းထိုးပြသည်။ ဘုရားပုံတော်က ချောချောညက်ညက်ကလေးမို့ ကျွန်တော်ကိုင်ကြည့်လိုက်သည်။ ဒုတိယအမှားဖြစ်၏။ တစ်ချိန်လုံး ကျွန်တော့်နားမှမခွာဘဲ ကပ်ပါနေတော့သည်။ ကျွန်တော့်မှာ ကြည့်ချင်သည့်ကို ကောင်းကောင်းကြည့်၍မရ။ လေ့လာချင်သည်တို့ကိုလည်း အေးဆေးစွာလေ့လာ၍မရ။ သူကတစ်ချိန်လုံး ကပ်ပြောနေသည်။

ကျွန်တော့်ရှေ့ခပ်လှမ်းလှမ်းမှာ ရောက်နေသော ကျွန်တော်ဇနီးကို လှမ်းကြည့်လိုက်သည်။ သူလည်း သူ့ဒုက္ခနှင့်သူ။ သူ့ဘေးမှာ ကုလားလေးတစ်ယောက်က ရွှေသမင်လေးတွေကျွေးရန် ကင်းမုံသီးများ လိုက်ရောင်းနေသည်။ လက်တစ်ဆုပ်စာရှိသော ကင်းမုံသီး (၇)လုံးခန့်ကို ပလပ်စတစ်အိတ်ကလေးနှင့်ထည့်၍ အတင်းထိုးပေးနေသည်။ ‘တွမ်တီး ရူပီး’ဟု ပြောနေသည်ကို ကျွန်တော်ကြားရသည်။ ကျွန်တော့်ဇနီးကမယူဘဲ လက်ကာပြသည်။ ကုလားလေးက ‘တင်းရူပီး’ဟု ဈေးလျှော့ပြီး အတင်းထိုးပေးနေသည်။

ကျွန်တော့်ဇနီးက မယူ ‘နိုးမန်းနီး ...’ ပိုက်ဆံမပါဘူးဟု ပြောလိုက်သည်။ ကောင်လေးက ‘ဖိုက်ရူပီး’ဟု လျှော့ပေးသည်။ ကျွန်တော့်ဇနီးက

www.burmeseclassic.com

www.burmeseclassic.com



'နိုးမန်းနိုး ...'ဟု ထပ်ပြောသည်။

ကောင်လေးက အတင်းထိုးပေးရင်း 'နိုးမန်းနိုး'ဟု ပြောသည်။ လက်ဟန်အမူအရာကလည်း ငွေပေးဖို့မလိုဘူး ယူလိုက်တော့'ဟူသော သဘောဖြစ်သည်။ ကျွန်တော်လည်း ထိုသဘောထားကို တွေ့မြင်ရသည်။

ဇနီးက သေချာအောင် 'နိုးမန်းနိုး'ဟု ထပ်ပြောသေးသည်။

ကောင်လေးက 'နိုးမန်းနိုး'ဟု ပြောပြီး အတင်းပေးပြန်သည်။ သေချာပါပြီ။ ပိုက်ဆံမပေးဘဲ ယူလိုက်တော့ဟု ကျွန်တော်ရော ကျွန်တော့် ဇနီးပါ နားလည်လိုက်သည်။

'သူက ငွေမပေးဘဲနဲ့ ယူလိုက်တော့လို့ ပေးနေတာ'

ဇနီးက သေချာအောင် ကျွန်တော့်ကို လှည့်ပြောသေးသည်။ ကျွန်တော် ဘာမျှဟန့်တားခြင်းမရှိ။ သူကယူလိုက်သည်။ ကျွန်တော့်ကို လည်း သုံးလေးလုံးခွဲပေး၍ယူပြီး သမင်ကျွေးပစ်လိုက်သည်။ သူလည်း ကျွေးသည်။ သူများကိုပင် တစ်လုံးနှစ်လုံး ခွဲပေးလိုက်သေးသည်။ သမင် လေးတွေက စားကြသည်။

ပျော်ပျော်ပါးပါး ကျွေးပြီးသည်နှင့် 'နိုးမန်းနိုး'ဆိုသည့်ကောင်က 'တင်းရှုပီး ...'ဟု လိုက်တောင်းသည်။ ဇနီးက 'နိုးမန်းနိုး' ပြန်ပြောသည်။ မရ 'တင်းရှုပီး ... တင်းရှုပီး' အတင်းထပ်တောင်းသည်။ ပြောလို့မရ။ ခွာ လို့မရတော့ပါ။ ပူးကပ်နေပြီ။ နားပူအောင်တောင်းနေပြီ။

'မင်းကိုက မသေချာဘဲနဲ့ လုပ်တာကိုး ...'

ကျွန်တော် ဇနီးကို အပြစ်တင်မိသေးသည်။

'သူက နိုးမန်းနိုးဆိုပြီး အတင်းပေးတာပဲ'ဟု ပြန်ပြောသည်။ မှန်ပါသည်။ ကျွန်တော်လည်းမတားခဲ့မိ။

ငါးရှုပီးပေးသည်။ မရပါ။ 'တင်းရှုပီး'ဟု အတင်းတောင်းပါသည်။ ညစ်ပတ်နေပြီဟု နားလည်လိုက်ပါသည်။ အစက ဖိုက်ရှုပီးဟု ဈေးလျှော့ ပြီးဖြစ်သည်။ ယခု လက်လွှန်ပြီးပြီမို့ အကျပ်ကိုင်ပါတော့သည်။ တခြား ကောင်လေးတွေပါ ဝိုင်းအုံလာကြပြီ။ နောက်ဆုံး 'ဆယ်ရှုပီးပေးလိုက်မှ အေးသွားပါတော့သည်။ သတိထားစရာဖြစ်ပါသည်။ ဘာမျှမပတ်သက်တာ

ပုံ(၇)



မိဂဒါဝုဏ်မှ သီဟိုဠ်စေတီတော်တိုက်တွင် ဘုရားဓာတ်တော်ကြုပ်ကို ခေါင်းပေါ်တင်လျက်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်ပါသည်။

ဤမိဂဒါဝုဏ်ဒေသမှာပင် သုဝဏ္ဏသာမဇာတ်တော်လာ မိဂသမ္မဒါမြစ်လည်း ရှိခဲ့ကြောင်း။ ကာလကြာ၍ မြစ်မှာတိမ်ကောပျောက်ကွယ်သွားပြီဖြစ်ကြောင်း လမ်းညွှန်ဆရာတော်က ပြောပါသည်။

ထိုမှဆက်၍ သီဟိုဠ်ဓာတ်တော်တိုက်သို့ သွားကြသည်။ ခမ်းနားလှပသော အဝင်လမ်းအတိုင်း မြန်မာဘုရားဖူးအဖွဲ့ တန်းစီ၍ သွားကြသည်။ ယောဂီဝတ်စုံနှင့် ယောဂီတဘက်နှင့် အဆင်အယင်ကလည်း ထူးခြားသည်။ တူတူညီညီရှိကြသည်။ ဓာတ်တော်တိုက်သို့ဝင်ကြ 'နမောတဿ' သုံးကြိမ်ရွတ်ဆို၍ ဘုရားကို ညီညာစွာကန်တော့ကြသည်။ ဘုရားဂုဏ်တော်ကိုရွတ်သည်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်သည်။ ရှေ့မှာ သံဃာ(၇)ပါးက ဦးဆောင်လျက် ဘုရားဖူးအဖွဲ့ဝင် (၃၀)ကျော်ဖြစ်သည်။

ကျန်ဘုရားဖူးများက ကျွန်တော်တို့ အဖွဲ့ကို ရပ်ကြည့်ကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ဗွီဒီယိုရိုက်ကြသည်။

မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ဓာတ်တော်များခွဲဝေပေးရာ သီဟိုဠ်ကျွန်းမှရရှိသော ဓာတ်တော်ကို ဤမိဂဒါဝုဏ်မှာပင် ဓာတ်တော်တိုက်ဆောက်၍ အသေအချာလုံခြုံစွာ ထားရှိသည်။ သီဟိုဠ်သံဃာတော်များကိုယ်တိုင် တာဝန်ယူ စောင့်ရှောက်သည်။

မြန်မာဘုရားဖူးအဖွဲ့ဝင်များကို သီဟိုဠ်ဆရာတော်က ဓာတ်တော်ကြုပ်ကို ကိုယ်တိုင်မ၍ ဦးခေါင်းပေါ်မှာ တင်ပေးသည်။ ကျွန်တော်တို့တစ်ဦးချင်း ဦးခေါင်းပေါ်သို့ ရောက်လာသော မြတ်စွာဘုရား၏ ဓာတ်တော်ကို ရှိသေစွာ ဖူးမြော်ကန်တော့ရသည်။ ကံကုသိုလ်ထူးလေစွ။

ဓာတ်တော်ကို ဖူးပြီးသောအခါ စွယ်တော်တိုက်ဝင်းထဲမှာပင်ရှိသော ဗောဓိပင်သို့ သွားရောက်ပူဇော်ကြသည်။ ဤဗောဓိညောင်ပင်မှာ အသောကမင်းကြီးလက်ထက်တွင် သားတော် မဟိန္ဒနှင့် သမီးတော် သဃမိတ္တာတို့ သီဟိုဠ်ကျွန်းသို့ သာသနာပြုသွားသောအခါ မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်၏ တောင်ကိုင်းကို အဓိဋ္ဌာန်ဖြင့် ဖြတ်ယူစိုက်ပျိုးခဲ့သော ညောင်ပင်ဖြစ်သည်။ ယနေ့ထက်တိုင် သီရိလင်္ကာနိုင်ငံမှာရှိ၍ နိုင်ငံတော်က

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်လုံခြုံရေးအတွက် အထူးစောင့်ရှောက်ကာကွယ်ထားကြောင်း သိရသည်။

ထိုညောင်ပင်မှ ကိုင်းတစ်ကိုင်းကို ဖြတ်ယူစိုက်ပျိုးထားသည့် ဘုရားပွင့်တော်မူရာ ညောင်ပင်၏ ကိုင်းအစစ်မှ တတိယမျိုးဆက်ကို မိဂဒါဝုဏ်သို့ ပြန်လည်ပင့်ဆောင်လာပြီး ဓာတ်တော်တိုက်ဝင်းအတွင်းမှာ စိုက်ပျိုးထားသည်။ ဤညောင်ပင်ကိုလည်းကောင်းစွာကာကွယ်စောင့်ရှောက်ထား၏။ ဤညောင်ပင်မှ ညောင်ရွက်ကိုလည်း အမြတ်တနိုး တန်ဖိုးထား၍ စောင့်ပြီး ကောက်ယူကြသည်။ ကျွန်တော် သုံးရွက်ကောက်ယူခွင့်ရခဲ့ပါသည်။

ထိုညောင်ပင်အနီးမှာပင် မြတ်စွာဘုရားဓမ္မစကြာတရားဟောပြောနေသောပုံတော်နှင့် ပဥ္စဝဂ္ဂီ (၅)ဦးတို့ တရားနာနေသော ပုံတော်များ ထုလုပ်ထားသည်ကို ဖူးမြော်ရပါသည်။ ပုံတော်များမှာ အိန္ဒိယမှာ တွေ့ရလေ့ရှိသည့် ကုလားဆန်သောပုံတော်များ မဟုတ်ပါ။ မြန်မာပြည်မှာ တွေ့ရတတ်သော မြန်မာ့ရုပ်သွင်များဖြစ်နေသည်။

လမ်းညွှန်ဆရာတော် ရှင်းပြမှ မိဂဒါဝုဏ်မြန်မာ့ကျောင်းဆရာတော်ကြီး၏ ကောင်းမှုမြန်မာပန်းရံများထုလုပ်သည့် မြန်မာမှုလက်ရာဖြစ်ကြောင်း သိရပါသည်။ မိဂဒါဝုဏ်မှ မြန်မာလက်ရာဘုရားဖြစ်ပါ၏။

## မိဂဒါဝုဏ်ပြတိုက်

နေ့ခင်းမှာ မိဂါဒဝုဏ်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။ ပြတိုက်ရှေ့မှာ ကတ္တရာခင်းလမ်းမကြီးရှိသည်။ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များ၊ ဘုရားပုံကားချပ်အရောင်းဆိုင်များ ဘုရားရုပ်ထုအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ စီတန်းလျက်ရှိသည်။ နိုင်ငံတကာမှလာသော ဗုဒ္ဓဘာသာဘုရားဖူးများ၊ မိဂဒါဝုဏ်သို့ လာရောက်လေ့လာကြသာ နိုင်ငံခြားသားများနှင့် စည်ကားလျက်ရှိသည်။

ပြတိုက်ကို ဝင်ကြေးပေး၍ ဝင်ရသည်။ ဘုရားဖူးအဖွဲ့က ပေးပါသည်။ ပြတိုက်ဝင်းအတွင်းမှာ သန့်ရှင်းသပ်ယပ်စွာ မြက်ခင်းလေးများ၊ သစ်ပင်ပန်းပင်များစိုက်ထားသည်။ ပြတိုက်ထဲမှာ ရှေးဟောင်းဘုရားပုံတော်



များ၊ ရှေးဟောင်းရုပ်ထုများကို အခန်းလိုက်ပြထားသည်။ ကွန်ပျူတာနှိပ်၍ ပုံတော်များအကြောင်း လေ့လာနိုင်သည်။

စိတ်မကောင်းစရာမှာ ပုံတော်ရုပ်ထုတိုင်းမှာ ဖျက်ဆီးခံထားရသည်။ ဘုရားပုံတော်များမှာ တစ်ပုံမျှ အကောင်းပတိမရှိပါ။ မျက်နှာတော်များမှာ ချိုးဖဲ့ဖျက်ဆီးခံထားရသည်။ ဘုရားပွင့်တော်မူရာ မြတ်စွာဘုရား ဓမ္မစကြာတရားဟောတော်မူရာ ဒေသများတွင် ဘာသာခြားတို့ လွှမ်းမိုးအားကြီးနေကြသည်။ ဗုဒ္ဓဘာသာနှင့် ဘုရားကို ရန်သူသဖွယ် သဘောထား၍ ဖျက်ဆီးခဲ့ကြသည်။

မြတ်စွာဘုရား ပထမဝါဆိုသော မူလဂန္ဓကုဋီဖြစ်သည့် နန္ဒဝံကျောင်းအတွင်းမှာ သူတို့ဘုရားပုံဝင်လုပ်ထားသည်။ အနတ္တလက္ခဏာသုတ်ဟောကြားတော်မူသောနေရာ ဓမ္မေကဘုရားနှင့်ကပ်လျက် ဂျိန်းဘုရားကျောင်းလုပ်ထားသည်။ ဂျိန်းဘာသာမှာနှစ်မျိုးရှိ၏။ ဝတ်ဖြူဝတ် ဂျိန်းသာသာနှင့် အဝတ်မဝတ်သော ဂျိန်းဘာသာဖြစ်သည်။ စားလျှင် ထမင်းဟင်းတို့ကို လက်ထဲမှာထည့်၍ လျှာနှင့်လျက်စားသည်ဟုဆို၏။

ဘာသာခြားတို့သည် ဗုဒ္ဓဘာသာအဆောက်အဦများကို ဖျက်ဆီးကြသည်။ ဘုရားပုံတော်များကို ချိုးဖဲ့ဖျက်ဆီးကြသည်။ မိဂဒါဝုဏ်တွင် အာသောကမင်းကြီးစိုက်ထူထားသည့် အထိမ်းအမှတ်ကျောက်တိုင်ကိုလည်း အပိုင်းပိုင်းချိုးဖဲ့ဖျက်ဆီးခဲ့ကြသည်။ ခြင်္သေ့သုံးကောင်ပုံပါ ကျောက်တိုင်၏ ထိပ်ပိုင်းအပြတ်ကို ပြတိုက်အတွင်းမှာ မှန်ဘီဒိုနှင့်ထည့်၍ ပြထားသည်။ အလွန်ချောညက်စွာ သပ်ယပ်သောပုံဖြစ်သည်။ ထိုကျောက်တိုင်ထိပ်ပိုင်းကို အိန္ဒိယပိုက်ဆံများမှာ အထိမ်းအမှတ်အဖြင့် ထည့်သွင်းဖော်ပြထားသည်ဟု ကြားရသည်။ ကျွန်တော့်အိတ်ထဲမှ ရူပီး ၁၀၀တန်ကို ထုတ်ယူပြီး အာသောက ကျောက်စာတိုင်၏ ခေါင်းကိုရှာကြည့်သည်။ တွေ့ပါသည်။ ခပ်သေးသေးဖြစ်၍မထင်ရှား။

ဘေးမှာရှိသော ဒိုတီဝတ်စုံဖြူဝတ်ထားသည့် ကုလားကြီးက သူ့အိတ်ထဲမှ အကြွေစေ့တစ်စေ့ကို ထုတ်ယူ၍ လှမ်းပေးသည်။

'နီး ... နီး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လက်တခါခါနှင့် တူးတူးခါးခါး ငြင်းပယ်လိုက်ပါသည်။ ကုလားကြီး အံ့အားသင့်သွားပြီး သူ့ပိုက်ဆံသူ ပြန်သိမ်းဆည်းသွားပါသည်။

ကျွန်တော့်ဘေးမှ မြန်မာဗုဒ္ဓဘာသာဘုရားဖူးတစ်ဦး၊က တစ်ရူပီး တန်အကြွေစေ့တစ်စေ့ကို လှမ်းပေး၏။ အကြွေစေ့၏ တစ်ဖက်တွင်ပါသော အာသောကကျောက်စာတိုင်ထိပ်ပိုင်း ခြသေ့်သုံးကောင်နှင့်ပုံကို ပြပါသည်။ အကြွေစေ့မှာ ပို၍ထင်ရှားစွာ တွေ့မြင်ရသည်။

ကျွန်တော် နားလည်လိုက်ပါပြီ။ စောစောက ကုလားကြီး အကြွေစေ့လှမ်းပေးသည်မှာ ကျွန်တော် နှိုင်းယှဉ်လေ့လာချင်သောဆန္ဒကို သိနားလည်၍ ကူညီခြင်းဖြစ်ပါသည်။

ရှေ့မှအတွေ့အကြုံများအရ ဘယ်သူ့မှ အကောင်းမထင် မယုံကြည်သော မကျေနပ်စိတ်အခံဖြင့် သူ့စေတနာကို စော်ကားမိသလို ဖြစ်သွားပါသည်။ ကျွန်တော်ချက်ချင်းပင် ကုလားကြီးဘက်လှည့်ပြီး

'ဆောရီး ... ဆောရီး ...'ဟု တောင်းပန်လိုက်ပါသည်။

ကုလားကြီးက နားလည်ပါကြောင်း ခေါင်းညိတ်ပြပါသည်။

အားနာဖွယ်ကောင်းလေစွ။

## ကိုလှမြင့်ဆိုင်

မိဂဒါဝုဏ် မြန်မာကျောင်း မုတ်ဦးနှင့် မျက်စောင်းထိုးမှာ ကိုလှမြင့် ဆိုင်ရှိသည်။ ၁၉၆၈–၆၉ ခန့်တွင် မိုဟာမဒီသင်္ဘောနှင့် အိန္ဒိယသို့ ပြန်ပို့ ခံရသော အိန္ဒိယနိုင်ငံသားဖြစ်သည်။ မြန်မာနိုင်ငံမှာ မွေးဖွားကြီးပြင်းခဲ့သော အိန္ဒိယနိုင်ငံသားကိုလှမြင့်ဖြစ်သည်။ မြန်မာစကား ကျွမ်းကျင်ရုံမက ဗုဒ္ဓဘာသာလည်း ဖြစ်သည်။

ကိုလှမြင့်၏ အိမ်ဆိုင်ကြီးတွင် ကော်ဖောအကြီးအသေးအမျိုးမျိုး၊ ဆာရီများ၊ စောင်များ၊ အိပ်ရာခင်းများ၊ ဘုရားဆင်းတုများ၊ ပုံတော်ကားချပ်များ၊ နှံ့သာဖြူ၊ နှံ့သာနီပုတီးများ၊ နှံ့သာဖြူ နှံ့သာနီဆင်းတုတော်များ၊ တစ်ဘက်စများ၊ အင်္ကျီစများ၊ မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးကို တရားဟော နေသောပုံတော်များ လိုချင်ဘွယ်ရာ အိန္ဒိယနိုင်ငံထွက် ပစ္စည်းများစွာ တင်



ထားသည်။ ဆိုင်ကြီးထဲမှာ မီးချောင်းများကိုလည်း ထိန်လင်းနေအောင် ထွန်းထားသည်။

ကိုလှမြင့်က အပြောချိုသည်။ ဆက်ဆံရေးကောင်းသည်။ ပစ္စည်းမှန်၊ ဈေးမှန်ဖို့လည်း အာမခံသည်။ ဒေါ်လာနှင့် အိန္ဒိယငွေလည်း လဲပေးသည်။ ဗုဒ္ဓဂယာမှလဲစဉ်က တစ်ဒေါ်လာကို ရူပီး သုံးဆယ့်ရှစ်ခွဲသာရသည်။ ဦးလှမြင့်က သုံးဆယ့်ကိုးအပြည့်ပေးသည်။

မြန်မာဘုရားဖူးများအားလုံးလိုပင် ကိုလှမြင့်ဆိုင်သို့ ရောက်နေကြသည်။ အများကြီးဝယ်ကြသည်။ အချို့ဆိုလျှင် ပက်ကင်ထုပ်ကြီးများ ထုပ်ရသည်အထိ ဝယ်ကြသည်။

ကျွန်တော်ကိုယ်တိုင်ပင် လှူရန်နှင့် တရားထိုင်သည့်အခါသုံးရန် ကော်ဖောနှစ်ချပ်ဝယ်ဖြစ်သည်။ မိန်းမကတော့ ကျွန်တော်ထက်ပို၍ ဝယ်ဖြစ်သည်။ သို့သော် ကျန်လူများက ကျွန်တော်တို့ထက်ပိုများကြသည်။

## မိဂဒါဝုဏ်နှင့် ငှက်ကျေးသာရကာ

မိဂဒါဝုဏ် မြန်မာကျောင်းဝင်းအတွင်းမှာ သစ်ပင်များနှင့် စိမ်းလန်းစွာသာယာ၍ ငှက်ကျေးသာရကာတို့များစွာ လာရောက်ကြသည်။ ညသံငှက်သံကြားရသည်။ ဇွေ့ငှက်များစွာ အုပ်ဖွဲ့လျက်ကျက်စားမြူးပျော်နေကြသည်။ မြန်မာနိုင်ငံမှာ တွေ့နေကျ ဇွေ့ငှက်နှင့်မတူ။ အကောင်ပိုကြီးသည်။ အမြီးပိုလှသည်။ တစ်အုပ်လျှင် အကောင်နှစ်ဆယ်၊ သုံးဆယ်ရှိသည်။ ဘေးမဲ့ဒေသဖြစ်၍ ထင်ပါ၏။ လူရှိသောနေရာများမှာလည်း ရဲရဲဝံ့ဝံ့ ကျက်စားနေကြသည်။

· ငှက်စာကျွေးခွက်များမှာ ကျီးကန်းငှက်များလာစားနေကြသည်။ မြန်မာနိုင်ငံမှာတွေ့ရသော ကျီးကန်းနှင့်မတူ။ တစ်ကိုယ်လုံး မဲသော်လည်း ဦးခေါင်းမှာ မီးခိုးရောင်ဖြူဖျော့ဖျော့နှင့်ကြည့်၍လှသည်။ ဘေးမဲ့တော ဘေးမဲ့ရာဒေသမို့ထင်ပါ၏။ ကြောက်ကြောက်လန့်လန့်နှင့် ပျာယာခတ်သော အကြည့်များမရှိ။ တည်ငြိမ်အေးဆေးစွာ ရှိနေကြသည်။

ရှဉ့်ကလေးများကိုလည်း တွေ့ရသည်။ အဖြူနှင့် မီးခိုးရောင်ရော

www.burmeseclassic.com

www.burmeseclassic.com



စပ်နေသည့် ရှဉ့်ကျားကလေးများဖြစ်သည်။ ဘေးကင်းစွာ သွားလာနေကြ၏။ သာမျိုးစုံသော မိဂဒါဝုဏ်မှာ ဘေးမဲ့တောဖြစ်သည်နှင့်အညီ သားငှက်များကိုတွေ့မြင်ရသည်မှာ အေးငြိမ်းချမ်းသာရှိလှပါ၏။

## မိဂဒါဝုဏ်ဆရာတော်ကို ပူဇော်ကန်တော့ခြင်း

၁၈ ။ ၁၀ ။ ၂၀၀၇ မိဂဒါဝုဏ်သို့ရောက်ပြီး ဒုတိယညမှာ မိဂဒါဝုဏ်ကျောင်းဆရာတော်ကြီးကို ကန်တော့ကြသည်။ ရောက်သည့်နေ့က ဆရာတော်မရှိ။ အမေရိကသို့ ကြွသွားသည်မှာ ပြန်မလာသေးဟု သိရသည်။ ဒုတိယနေ့မှာ အချိန်မှီပြန်ရောက်လာ၍ ဆရာတော်ကို ဖူးမြော်ကန်တော့ခွင့်ရကြသည်။

ညစာစားပြီး ညပိုင်း (၈)နာရီခန့်မှာ ကျွန်တော်တို့တည်းနေသည့် အလယ်တိုက်ဘုရားခန်းကျယ်မှာ ဆရာတော်ကို ပူဇော်ကန်တော့ကြ၏။

ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ ဘဒ္ဒန္တဝဏ္ဏဓဇဖြစ်သည်။ ကြည်ညိုလေးစားဖွယ်ရာ အေးချမ်းကြည်လင်သောဥပဓိရုပ်ရှိသည်။

ဘုရားဖူးများစု၍ ဆရာတော်ကြီးကို နဝကမ္မအဖြစ် ၉၂ဒေါ်လာ ရူပီးငွေ ၃၁၆၀နှင့် ကျပ်ငွေ ၅၀၀၀ ကိုလည်းကောင်း ဘက်စုံအသုံးပြုနိုင်ရန်အတွက် ၁၄၀ ဒေါ်လာ ၁၅၀၀ ရူပီးနှင့် ၃၉၀၀၀ိ/– နှစ်ရပ်ပေါင်း ၂၃၂ဒေါ်လာ ၄၆၆၀ရူပီး ၄၄၀၀၀ကျပ် လှူဒါန်းကြသည်။ သင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းအမျိုးစုံတို့ကိုလည်း လှူဒါန်းကြသည်။ ငါးပါးသီလခံယူပြီး ဆရာတော်ဟောကြားသည့်တရားတော်ကို နာကြသည်။

ဆရာတော် ဟောကြားတော်မူသောတရားတော်မှာ 'ဘုရားဘယ်သူနဲ့မှမတူဘူး' တရားတော်ဖြစ်သည်။

မရှည်ပါဘူး တိုတိုပဲ ဟောမှာပါဟု မိန့်ပါသည်။

'ဘုရားကို မြင်ဖူးသူမပါ။ ဘယ်သူမှမြင်ဖူးကြတာမဟုတ်။ ဒီမှာ ထုလုပ်ထားတဲ့ ကြေးဆင်းတုနဲ့မတူ။ မြတ်စွာဘုရားနဲ့တူတာ ဘယ်သူမှမရှိ။ ဒါကြောင့်မို့ အတုလံ အတုမရှိလို့ ခေါ်တာဖြစ်တယ်။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီတွေဟာ



နည်းတာမဟုတ်ဘူး။ သားသမီး၊ ဇနီး၊ အသွေး၊ အသား၊ ကိုယ်ခန္ဓာခြေလက်၊ မျက်စိ၊ အသက် ပေးလှူခဲ့တာတွေ မရေမတွက်နိုင်။ ဘယ်သူမှ မလှူနိုင်တာတွေလှူခဲ့။ ဘယ်သူမှ မပြုနိုင်တဲ့ ကောင်းမှုကုသိုလ်တွေပြုခဲ့။ ဒီဘဝဟာ နောက်ဆုံးဘဝ။ အကျိုးပေးစရာတွေ ကျန်သမျှ ရှိသမျှ စုပြုံအကျိုးပေးတဲ့ဘဝ။ ဒါကြောင့်မို့ ဘယ်သူနဲ့မှ မတူနိုင်။ ဘယ်သူနဲ့မှမယှဉ်နိုင်။ ကုစရာမမြင်၊ ယှဉ်စရာမရှိ။ နောက်ဆုံးဘဝ နောက်ဆုံးအကျိုးပေးတဲ့ဘုရားဟာ ဟောဒီနေရာ မိဂဒါဝုဏ်မှာ စတင်တရားဟောတာ။

'ဗုဒ္ဓ'ဆိုတဲ့ စကားကို ဒီနေရာမှာစပြောတာ။

'ငါဘုရားဖြစ်ပြီ၊ မလိမ်ဘူး၊ မညာဘူး၊ အရင်က ဒီစကားမျိုးပြောခဲ့ဘူးသလားလို့ ပဉ္စဝဂ္ဂီ(၅)ဦးကို မေးခဲ့တာ။

မြတ်စွာဘုရား တရားဦးဟောခဲ့တဲ့နေရာမှာ ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ရှိရှိသေသေစီးဖြန်းရင် ဒီဘဝအတွက် အပယ်တံခါးပိတ်ဖို့ စိတ်ချရပြီ။

ဘုရားဖူးလာတယ်ဆိုတာ ဘုရားနဲ့တွေ့ဖို့လာတာ ...

ပိုက်ဆံပေါတိုင်း လာလို့ရတာမဟုတ်။ လွယ်လို့လာတာမဟုတ်။ ပါရမီကုသိုလ်ထူးလို့လာရတာ။

ဒါကြောင့် ဒီလိုနေရာထူးရောက်ခိုက်မှာ မြတ်စွာဘုရားရဲ့ ဗုဒ္ဓါနုဿတိ ဂုဏ်အာရုံပြုတဲ့အခါမှာ သာမန်မဟုတ်ရဘူး။ ပသာဒစိတ္တဖြစ်ရမယ်၊ ကြည်ညိုလေးစားစိတ်ကြီးမားရမယ်။ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ရသလို ရှိုက်ကနည်းဖြစ်အောင်၊ ကြက်သီးမွေးညှင်းထအောင်၊ မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ကြည်ညိုသဒ္ဓါစိတ်ကြီးမားမှ သံဝေဇနီယကုသိုလ်ထူးရတယ်။

ဒီနေရာမှာ သံဝေဇနီယ ကုသိုလ်ထူးကိုရအောင်ယူပါ။ ဒီနေရာဟာ ရဟန္တာစပေါ်တဲ့နေရာ။ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာအစုံ သရဏဂုံသုံးပါး ပြည့်စုံစွာပေါ်ပေါက်တဲ့နေရာ ...

ဆရာတော်ဘုရား ဟောပြောနေပုံမှာပင် ပသာဒစိတ္တဖြစ်နေသည်။ နာကြားရသည်ပင် ကြက်သီးဖြန်းဖြန်းထရသည်။ ကောင်းလေစွဟု ရင်ထဲမှာ လှိုက်လှဲစွာသာဓုခေါ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က နောက်ဆုံးတရားအသိမ်းမှာ အချက် (၃)ချက်ပါသော စကားလက်ဆောင် (၃)ခွန်းကိုမိန့်ကြားပါသည်။

တစ်အချက် လူတစ်ယောက်ဟာ သီလရှိရမယ်။ သီလရှိဖို့ သတိလိုတယ်။ သတိရှိကြပါ။

သတိရှိလို့ သီလရှိရင် အရာရာအားလုံးအောင်မယ်။

သတိရှိလို့ သီလရှိပြီး အားလုံး အောင်မြင်ရင် လူတွေက မနာလိုဖြစ်တတ်တယ်။ အားလုံးကျန်းမာချမ်းသာစေဖို့ မေတ္တာပို့ပါ။ ဒုတိယအချက်မှာလိုတာက မေတ္တာတရားထားကြပါ။

တတိယအချက်မှာလိုတာကတော့ အများနဲ့ပေါင်းသင်းဆက်ဆံရာမှာ ခန္တီ သည်းခံပါ။

(၁) သတိ (၂) မေတ္တာ (၃) ခန္တီ ဒီသုံးခုနဲ့နေသွားပါလို့ စကားသုံးခွန်းလက်ဆောင်ပါးလိုက်ပါတယ်။

'နောက်တစ်ခါလာရင် ဘုရားနဲ့ ဘယ်သူတူတယ်'ဆိုတဲ့တရားဟောမယ်ဟု ပြောကြား၍ ဆရာတော်က တရားတော်နိဂုံး အဆုံးသတ်ပါသည်။ ကျွန်တော်တို့ လိုက်လှဲဝမ်းသာ သာဓုခေါ်မိကြပါသည်။

တကယ်ပင် (၁၅)မိနစ်သာ ကြာပါသည်။ ဆရာတော်ဟောကြားသည်မှာ တိုသော်လည်း အကျိုးကြီးမား၍ တရားအစအဆုံး မှတ်သားထားသည့်အတိုင်း ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

နောက်တစ်ခါ မိဂါဒဝုဏ်သို့ ရောက်ချင်ပါသေးသည်။ ဆရာတော်ဟောမည့် 'ဘုရားဘယ်သူနဲ့တူတယ်'တရားတော်ကို နာကြားလို၍ ဖြစ်ပါသည်။

နောက်တစ်နေ့ ပြန်ခါနီးမှာ ဆရာတော်ကို ကန်တော့သောအခါ တပည့်တော်တို့အတွက်တော့ မိဂဒါဝုဏ်ဆိုတဲ့ နေရာတော်မြတ်ကို တစ်ခါတစ်ခေါက် ရောက်လာရလို့ အံ့သြဝမ်းသာထူးထူးခြားခြားခံစားရပေမယ့် ဆရာတော်တို့ကတော့ ဒီနေရာမှာနှစ်ပေါင်းများစွာကြာအောင် သီတင်းသုံးနေခဲ့ပာဆိုတော့ ရိုးနေလောက်ပြီလို့ ထင်ထားတာ မနေ့ညက ဆရာတော်ဟောတဲ့တရားကို နာကြားရတော့ ဆရာတော်ရဲ့မရိုးနိုင်တဲ့သဒ္ဓါတရားကို



လေးစားရှိသေဖြစ်ရပါတယ်ဘုရားလို့ လျှောက်ထားမိသည်။

ဆရာတော်က 'တနေ့မှမရိုးပါဘူး။ မြတ်စွာဘုရားကို ကြည်ညိုရှိသေတဲ့စိတ်နဲ့ ဒီနေရာမှာ အခက်အခဲအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး ခံပြီးနေခဲ့တာပါ။ ဘာမှလိုချင်တာမရှိပါဘူး သာသနာပြုချင်တဲ့ဆန္ဒပဲရှိပါတယ်'ဟု မိန့်ကြား၍ -

ရင်ထဲမှ လှိုက်လှဲစွာ 'သာဓု ... သာဓု ... သာဓု' သုံးကြိမ်ခေါ်ရင်း ဆရာတော်ကို ကြည်ညိုရှိသေစွာ ဦးချကန်တော့မိပါ၏။ ဆရာတော်အသက်ရှည်ကျန်းမာစွာနဲ့ သာသနာပြုနိုင်ပါစေဟုလည်း ဆုတောင်းမေတ္တာပို့မိပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## မိဂဒါဝုဏ်မှ သာဝတ္ထိသို့

မနက် (၆)နာရီ အိပ်ရာနိုးသည်။ (၆)နာရီခွဲ မနက်စာစားပြီး ဖနီးနှင့်အတူ မိဂဒါဝုဏ်ဆရာတော်ကြီးကို သွားကန်တော့သည်။ ဆရာတော်ကြီးက မိဂဒါဝုဏ် နှစ်(၁၀၀)ပြည့် စာအုပ်ထုတ်မည်ပြော၍ စာမူတောင်းသည်။ ရန်ကုန်ပြန်ရောက်သည်နှင့် ရေးပို့ပါမည်ဟု ဝန်ခံကတိပြုခဲ့သည်။ (ရေးသားပေးပို့ခဲ့ပါ၏)

မနက် (ရနာရီ(၄၀)မိနစ်)တွင် မိဂဒါဝုဏ်မှ ဘုရားဖူးမော်တော်ကားကြီးခရီးဆက်လက်ထွက်ခွာခဲ့ပါသည်။ ပြုမြဲအတိုင်းပင် ဘုရားဖူးများအားလုံး နမောတဿရွတ်ဆို၍ ဘုရားကန်တော့ကြသည်။ စိတ်ထဲမှာ မိဂဒါဝုဏ်တွင် ဓမ္မစကြာတရားဦးဟောနေသော မြတ်စွာဘုရားကို အာရုံပြုထားလိုက်သည်။

နမောတဿပြီးသော် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို ရွတ်ဆို၍ကန်တော့ကြသည်။ ဘယ်ဘက်ရှိဝင်းထဲမှာ မြတ်စွာဘုရားတရားဦးဟောရာ ဓမ္မရာဇိကကုန်းတော်ရှိသည်။ ဓမေ္မကစေတီရှိသည်။ ဓာတ်တော်တိုက်ရှိသည်။ မြတ်စွာဘုရား ပထမဝါဆိုသော နန္ဒိယ ကျောင်းရှေ့သို့ရောက်လာပြီ။ မော်တော်ကားက ရှေ့ဆီသို့ပြေးလျက်။ ရှေ့ဘက်မှာ ပြတိုက်ရှိသည်။ ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့၏ မေတ္တာပို့သံ လေမှာလွင့်ပျံ့လျက်။

လမ်းဘေးမှလူများ ကျွန်တော်တို့ကားဆီသို့ ရပ်ကြည့်နေကြသည်။ ဗုဒ္ဓဘာသာကိုအလွန်ကြည်ညိုမြတ်နိုးစွာ ယုံကြည်ကိုးကွယ်သောမြန်မာနိုင်ငံမှ မြန်မာလူမျိုးဖြစ်ရခြင်းသည် ကံကုသိုလ်ထူးလေစွ။



ကျွန်တော်တို့ဘုရားဖူးကား ပြတိုက်ကို ကျော်လွန်လာခဲ့ပြီ။ သံဝေဇနီယ မိဂဒါဝုဏ်မှ တဖြည်းဖြည်းဝေးလာခဲ့ပြီ။ လမ်းနှစ်ဘက်မှာ ပုံမှန်အတိုင်း မြို့ရွာများကို တွေ့မြင်နေရသည်။ နေရာတိုင်းမှာပင် အုတ်စက်ခေါင်းတိုင်အမြင့်ကြီးများကို မြင်တွေ့နေရသည်။

လမ်းခရီးတစ်လျှောက်တွင် အမျိုးသမီးများကို အလွန်တွေ့ရခဲသည်။ သွားလာလှုပ်ရှားနေကြသူများမှာ ယောကျ်ားများသာဖြစ်သည်။ ဆိုင်များတွင် ဈေးရောင်းနေကြသည်မှာလည်း ယောကျ်ားများသာဖြစ်သည်။ အမျိုးသမီးများကို တွေ့ပြန်လျှင်လည်း ဆိုက္ကားစီးလျက်၊ ခေါင်းမြီးခြုံလျက်။ အချို့ဆိုလျှင် မျက်နှာပါ မမြင်ရအောင် အုပ်ထားလိုက်သေးသည်။ "အိမ်တွင်းပုန်းကုလားမတို့လို ကျွန်မတို့ မနေနိုင်ပေါင်ရှင့်"ဆိုသော လေဘာတီမပြရင်၏ သီချင်းကို သတိရမိသည်။ ယခုအချိန်အထိ ကုလားမများ အိမ်တွင်းပုန်းနေကြတုန်းလား။ မျက်နှာဖုံးကွယ်ထားကြဆဲလားဟု စဉ်းစားမိသည်။

လမ်းခရီးတွင် ဖြတ်သန်းရသော မြို့ရွာများမှာ လမ်းဘေးတွင် ယာယီနတ်ကွန်းကဲ့သို့သော အဆောက်အဦလေးများ ဆောက်လုပ်ထားသည်ကိုတွေ့ရသည်။ စက္ကူများနှင့် ပိတ်စများနှင့် လှပသေသပ်စွာ ဆောက်လုပ်ထားသည်။ အတွင်းဆဲသို့ လှမ်းကြည့်လျှင် လက်များစွာပါသော နတ်ဘုရားမပုံကိုတွေ့ရသည်။ ဘာနတ်ဘုရားမှန်းမသိ။ အချို့မြို့များတွင် တစ်လမ်းတစ်ခုလောက်ပင် တွေ့မြင်ရသည်။ အချို့နေရာတွင် လက်များစွာနှင့် နတ်ဘုရားမကို လှဲပေါ်မှာတင်လျက်တွေ့ရသည်။

တစ်လမ်းလုံးဖြတ်သွားသမျှ မြို့တိုင်းရွာတိုင်းမှာ တွေ့မြင်ရသည်။ အချို့နေရာတွင် ဘုရားကျောင်းနှင့်တွဲလျက်တွေ့ရသည်။ အချို့နေရာများမှာ ဆောက်လုပ်နေကြဆဲပြင်ဆင်နေကြဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံမှ လူအများကိုးကွယ်သော နတ်ဘုရားတစ်ဦးဦး၏ ပွဲတော်ဖြစ်မည်ကို မှန်းဆ၍ရသည်။ မကြာမီကျင်းပမည့်ပွဲတော်ဖြစ်ဟန်ရှိသည်။ တိုက်တိုက်ဆိုင်ဆိုင်များ ကြုံရဆုံရလျှင် မည်မျှကောင်းမည်နည်း။ သွားရင်းဟန်လွှဲ သူ့နိုင်ငံမှ ရိုးရာပွဲတော်တစ်ခုကို လေ့လာခွင့်ရကြမည်။ ခုတော့ ပြင်ဆင်နေကြသည်ကိုသာ တွေ့မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးအဖွဲ့က ဘုရားဖူးများကို သက်သက်သာသာနှင့် အဆင်ပြေစွာ သွားလာရအောင် ကူညီစောင့်ရှောက်ပါသည်။ ခရီးထွက်၍ တစ်နာရီခန့်ကြာလျှင် သောက်ရေသန့်တစ်ပုလင်းစီ ပေးပါသည်။ ခဏအကြာတွင် ပန်းသီးတစ်လုံးစီ ပေးပါသည်။ နီရဲလှပ၍ ကြီးမားသော ပန်းသီးကြီးများ ဖြစ်သည်။

## ဘုရားဖူးအဖွဲ့၏ မွေးနေ့လက်ဆောင်

ဘုရားဖူးများ အဆာပြေပန်းသီးစားနေကြစဉ် ဘုရားဖူးလမ်းညွှန် ဦးတင်ရှိန်က –

"ကျွန်တော်တို့ ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့အနေနဲ့ ခရီးစဉ်အတွင်းမှာ တိုက်တိုက်ဆိုင်ဆိုင် မွေးနေ့ကျရောက်တဲ့လူများပါလာရင် မွေးနေ့လက်ဆောင်ပေးတဲ့အစဉ်အလာရှိပါတယ်။ ဒီခရီးစဉ်မှာ အဲဒီလိုပုဂ္ဂိုလ်ပါလာပါတယ်။ ဒါကြောင့် ဒီနေ့ အောက်တိုဘာ (၁၉)ရက်နေ့မှာ မွေးနေ့ရှင်ဖြစ်တဲ့ ဦးလှဝင်းကို မွေးနေ့လက်ဆောင်ပေးမှာ ဖြစ်ပါတယ်။ ဦးလှဝင်း ... မွေးနေ့လက်ဆောင်လက်ခံပေးပါခင်ဗျာ ..."

ဦးတင်ရှိန် ကြေညာပြီးသည်နှင့် ဘုရားဖူးလမ်းညွှန်အဖွဲ့မှ အမျိုးသမီးလေးတစ်ဦးက ရောင်စုံစက္ကူဖြင့် သေသပ်လှပစွာ ထုပ်ထားသော မွေးနေ့လက်ဆောင်ကို ဦးလှဝင်းရှိရာသို့ သွားပေးသည်။

ကားပေါ်မှာ ပါလာသည့် ဘုရားဖူးအဖွဲ့ဝင်များအားလုံး လက်ခုပ်ဩဘာပေးကြသည်။ နှစ်ယောက်ထိုင်ခုံမှာ အတူထိုင်နေကြသော ကျွန်တော့်ဇနီးနှင့် ကျွန်တော်တို့လည်း လက်ခုပ်တီး၍ ကောင်းချီးဩဘာပေးမိကြပါသည်။

'မိဂဒါဝုဏ်မှာ မြတ်စွာဘုရားတရားဦးဓမ္မစကြာဟောကြားနေတဲ့ ကြေးသွန်းရုပ်ပွားဆင်းတုတော်မြတ်ဖြစ်ပါတယ်ခင်ဗျာ ...'

ဦးတင်ရှိန်က ပြောပြနေသည်။ ထုပ်ထားသည့် ပက်ကင်ကိုကြည့်ပြီး ဉာဏ်တော်အတော်ကြီးမြင့်သည်ကို မှန်းဆ၍ရပါသည်။ ကိုလှမြင့်ဆိုင်တွင် တွေ့ခဲ့ပါသည်။ ဓမ္မစကြာမုဒြာပုံတော်ဖြစ်သည်။ ကိုလှမြင့်ဆိုင်မှာ



တွေ့စဉ်က ကျွန်တော့်ဇနီး ဝယ်ချင်ခဲ့သည်။ ဈေးကြီးလွန်း၍ မဝယ်နိုင်ခဲ့သောဆင်းတုတော်ဖြစ်ပါသည်။

'ကုသိုလ်ကံထူးလိုက်တာနော် ...'

မွေးနေ့ရှင် ဦးလှဝင်းကို ကျွန်တော့်ဇနီးအားကျနေသည်။

ဦးတင်ရှိန်ထံမှ စကားပြောသံထွက်ပေါ်လာပြန်၏။

"ဒီခရီးစဉ်မှာ ထူးထူးခြားခြားတိုက်ဆိုင်တာကတော့ ဒီနေ့မွေးနေ့ကျရောက်တာတစ်ယောက်ထဲမဟုတ်ဘူး။ နောက်တစ်ယောက်ရှိပါသေးတယ်။ အဲဒီတစ်ယောက်ကိုလဲ အခုဆက်ပြီး မွေးနေ့လက်ဆောင်ပေးသွားမှာဖြစ်ပါတယ် ..."

"ဩော် ... ဘယ်သူများပါလိမ့် ..."

ကျွန်တော်တို့အားလုံး စိတ်ဝင်စားစွာ နားစွင့်နေကြပါသည်။

"အဲဒီမွေးနေ့ရှင်ကတော့ ဒေါ်မြင့်မြင့်ဖြစ်ပါတယ်။ ဒေါ်မြင့်မြင့် မွေးနေ့လက်ဆောင်လက်ခံပေးပါခင်ဗျား။

ကျွန်တော်တို့လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အံ့သြသင့်နေကြသည်။

ဘုရားဖူးများက ဝမ်းသာအားရ လက်ခုပ်ဩဘာပေးနေကြသည်။

ဘုရားဖူးအဖွဲ့မှ မိန်းကလေးက ပြောင်လက်တောက်ပသော ရောင်စုံစက္ကူဖြင့် သေသပ်စွာ ထုပ်ပိုးထားသည့် ရုပ်ပွားဆင်းတုတော်ကိုမွေးနေ့လက်ဆောင်အဖြစ် လာပေးနေပါပြီ။

ကျွန်တော့်ဇနီးက မတ်တပ်ရပ်ပြီး လက်ခံယူလိုက်ပါသည်။

ဘုရားဖူးအဖွဲ့ဝင်များ လက်ခုပ်တီးနေကြဆဲ။

ဇနီးက ဆင်းတုတော်ကို ကျွန်တော့်လက်သို့ပေးသည်။ ကျွန်တော် လှမ်းယူပြီး ရိုသေစွာ ကိုင်ထားပါသည်။ ဇနီးက ထိုင်မိသည်နှင့် ဆင်းတုတော်ကို လက်အုပ်ချီပြီး ရိုသေစွာ ကန်တော့နေပါသည်။

သူ့မျက်လုံးများမှာ မျက်ရည်များနှင့်ပြည့်လျှက်

သူရချင်သော ဓမ္မစကြာတရားဦးဟောကြားနေသည့် မြတ်စွာဘုရားပုံတော်ကို မွေးနေ့လက်ဆောင်အဖြစ် ရိုသေစွာ ပူဇော်ခွင့်ရနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင်လည်း ဝမ်းသာကြည်နူးလျက်ပါ။

နောက်ထပ်မွေးနေ့ရှင်ဆိုသည်ကို ကျွန်တော့်ဇနီးဖြစ်လိမ့်မည်ဟု ကျွန်တော်မသိပါ။ ကျွန်တော့်ဇနီးကိုယ်တိုင်လည်း မသိပါ။ အံ့အားသင့်နေသော ကျွန်တော်တို့လင်မယားကိုကြည့်ပြီး သူများတွေ အံ့ဩမည်ထင်ပါသည်။

''ကိုယ့်မွေးနေ့တောင် ကိုယ်မသိရအောင် ဘာကြောင်နေတာလဲ'' ဟု အပြစ်တင်လျှင်လည်း ခံရမည်ဖြစ်ပါသည်။

တကယ်ဆိုသော် ကျွန်တော်တို့မိသားစုမှာ မွေးနေ့အလှူလေးများလုပ်၍ အပြန်အလှန်မွေးနေ့လက်ဆောင်ပေးသော အလေ့အထရှိပါသည်။

ကျွန်တော် အိမ်ထောင်မကျခင်အထိ မွေးနေ့ပွဲကျင်းပခြင်းမရှိ။ မွေးနေ့ရောက်သည်ကိုပင် ထူးထူးခြားခြားသတိထားမိခြင်းမရှိ။ အသက်ကိုမေးမှ ဆယ့်ရှစ်နှစ်ရှိပြီ၊ နှစ်ဆယ်ရှိပြီဟု ပြောခဲ့သည်။

အိမ်ထောင်ကျပြီးမှ ဇနီးဖြစ်သူက ကျွန်တော့်မွေးနေ့မှာ အလှူကောင်းမှုလုပ်ပေးသည်။ မွေးနေ့ကလေးမှတ်မှတ်သားသားဖြစ်သွားသည်။ ဇနီးကမွေးနေ့လက်ဆောင်အဖြစ် ပုဆိုးလေး၊ အင်္ကျီလေးပေးသည်။ ကျွန်တော်သဘောကျသည်။

နောက်တော့ သားလေးရလာသည်။ သားလေးမွေးနေ့မှာ ကျွန်တော်တို့မိတနှစ်ဦးက ကောင်းမှုပြုပေးသည်။ အိမ်နီးချင်းများနှင့်ရင်းနှီးသူများကို ဖိတ်ကျွေးသည်။ သားလေးကို ကျွန်တော်တို့ မွေးနေ့လက်ဆောင်ပေးသည်။ သားလေးဝမ်းသာပျော်ရွှင်သည်။ ကျွန်တော်တို့ ကြည်နူးရသည်။

နောက်တော့ သမီးလေးမွေးပြန်၏။ မွေးနေ့တစ်နေ့တိုးလာပြန်သည်။ နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့အိမ်မှာ မွေးနေ့အလှူ (၃)ခါ ပြုလုပ်သည်။ မိသားစု (၄)ယောက်ရှိသော်လည်း ကျွန်တော့်ဇနီး၏ မွေးနေ့အလှူမရှိပါ။

သူ့ခမျာ (၅)နှစ်သမီးအရွယ်တွင် အဖေရော အမေပါ ကွယ်လွန်ခဲ့သည်။ အဒေါ်အကြီးက မွေးစားလိုက်၊ အဒေါ်အငယ်က မွေးစားလိုက်၊ အဖွားက မွေးစားလိုက်နှင့် ကြီးပြင်းခဲ့ရသည်။

မွေးဇာတိ ညောင်ကန်ရွာမှ အဆင့်ဆင့်ပြောင်း၍ မုံရွာမြို့သို့ရောက်



လာသည်။ သူ့နာမည် မြင့်မြင့်မှာ နေ့သင့်နာမ်သင့်မှည့်ခဲ့ခြင်းဖြစ်ကြောင်းတော့ သူသိသည်။ ကြာသပတေးသမီးဖြစ်သည်။

ကျောင်းနေအရွယ်မှာ အဒေါ်အကြီးက ကျောင်းအပ်ပေးသည်။ သူ့မွေးနေ့အမှန်ကိုမသိ။ သင့်တော်မည်ထင်သည့် ခုနှစ်၊ လ၊ ရက်တို့ကို ထည့်ပေးလိုက်သည်။ ထိုနေ့သည် ကြာသပတေးနေ့မဟုတ်။ ထို့ကြောင့် ထိုအသက်၊ ထိုမွေးနေ့သည် သူ့အသက်၊ သူ့မွေးနေ့အမှန်မဟုတ်မှန်း သူသိသည်။ ထိုမမှန်သော မွေးနေ့ကိုမလုပ်ချင်၍ သူ့မွေးနေ့အလှူမရှိ ဖြစ်ရသည်။

ကလေးများကြီးပြီး အိမ်ထောင်ကျသောအခါ ချွေးမမွေးနေ့၊ သားမက်မွေးနေ့ပါ တိုးလာသည်။ တစ်နှစ်မှာ မိသားစုမွေးနေ့အလှူ (၅)ခုဖြစ်လာသည်။ မွေးနေ့လက်ဆောင် အပြန်အလှန် ပေးကြရသည်။ ကျွန်တော့်ဇနီးမှာ လင်မွေးနေ့၊ သားမွေးနေ့၊ သမီးမွေးနေ့၊ ချွေးမမွေးနေ့၊ သားမက်မွေးနေ့တို့နှင့် အလုပ်များခဲ့ရသည်။ သူ့အတွက် အပြန်အလှန်မရှိသော မွေးနေ့လက်ဆောင်များကို ပေးနေခဲ့ရသည်။

ကြာတော့ ကျွန်တော် စိတ်မကောင်းဖြစ်လာသည်။ သူ့မှာလည်း မွေးနေ့ရှိစေချင်သည်။ သူ့မွေးနေ့လေး လုပ်ပေးချင်သည်။ မိသားစုများက တုန့်ပြန်ပေးသော မွေးနေ့လက်ဆောင်လေးများရစေချင်သည်။

သူ၏ အဒေါ်များ၊ ဦးလေးများထံသွား၍ စုံစမ်းမေးမြန်းသည်။ ဘယ်သူမှ အတိအကျမပြောနိုင်။ သူမွေးဖွားရာ ညောင်ကန်ရွာသို့သွား၍ စုံစမ်းသည်။ ကာလတွေကြာပြီမို့ တိကျသေချာပြောနိုင်သူမရှိ။ မွေးချင်းမွေးဖက်ရှာသည်။ ရေရေရာရာမတွေ့ရ။

နောက်ဆုံးတော့ ကျွန်တော်က သူနှင့်ကျွန်တော် လက်ထပ်သောနေ့ကို မွေးနေ့အဖြစ် သတ်မှတ်ပေးလိုက်သည်။ သူ သဘောတူသည်။ မိသားစုအားလုံး ဝမ်းသာကြသည်။ သူတို့အမေကို မွေးနေ့လက်ဆောင်ပေးချင်နေကြသည်။

ကျွန်တော့်ဇနီးအတွက် မွေးနေ့အလှူပွဲလေး ကျင်းပခွင့်ရသွားပြီ။ အပြန်အလှန်မွေးနေ့လက်ဆောင်ရသည့်အထဲမှာ ကျွန်တော့်ဇနီးပါဝင်သွားသည်။ ကြာလာသောအခါ ကျွန်တော်တို့လက်ထပ်နေ့သည် ကျွန်တော့်ဇနီး

www.burmeseclassic.com

www.burmeseclassic.com



၏ တကယ့်မွေးနေ့လိုပင် အသိအမှတ်ပြုမိသွားကြသည်။

သူ့အဒေါ်မှန်းဆပေးသည့် ကျောင်းအပ်မွေးနေ့ရက်စွဲသည် ဆယ်တန်းအောင်လက်မှတ်ပေါ် ရောက်ခဲ့သည်။ ဘွဲ့လက်မှတ်ပေါ် ရောက်ခဲ့သည်။ မှတ်ပုံတင်ပေါ်မှာ ရှိခဲ့သည်။ ထိုမှတ်ပုံတင်ပါမွေးနေ့သည် နိုင်ငံကူးလက်မှတ်ပေါ်ရောက်ခဲ့၏။ ထိုနိုင်ငံကူးလက်မှတ်ပေါ်မှ မွေးနေ့သည် ဘုရားဖူးလမ်းညွှန်အဖွဲ့၏လက်ထဲသို့ ရောက်နေခြင်းဖြစ်၏။ ထိုမွေးနေ့ကို အမှန်မဟုတ်၍ တစ်ခါမျှ မွေးနေ့ကျင်းပဖူးခဲ့ခြင်း မရှိ။ မှတ်တမ်းမှတ်ရာပါ မွေးနေ့အဖြစ် သဘောထားကြသည်။ သိသိမှတ်မှတ်ပင် မရှိခဲ့ကြ။

ထို့ကြောင့် ဘုရားဖူးလမ်း ညွှန်အဖွဲ့က မွေးနေ့ရှင်အဖြစ် ကျေညာသောအခါ ကာယကံရှင်ကိုယ်တိုင်မသိသလို ခင်ပွန်းဖြစ်သော ကျွန်တော်လည်းမသိ။

မည်သို့ပင်ဖြစ်စေ ဤခရီးစဉ်မှာ မွေးနေ့ရှင်အဖြစ်လက်ဆောင်ပေးခံရ၍ကိုယ်ရချင်သော ဘုရားရုပ်ပွားတော်ကို ပူဇော်ခွင့်ရသည်မှာ ကြည်နူးစရာ ကျေနပ်စရာ ဖြစ်ရသည်။ သူမျှားမွေးနေ့ကို စေတနာထား ဆောင်ရွက်ပေးခဲ့၍ သူပူဇော်ချင်သော ဓမ္မစကြာမုဒြာ ဘုရားပုံတော်ကို မွေးနေ့လက်ဆောင်အဖြစ် ပူဇော်ခွင့်ရခဲ့လေပြီ။ မွေးနေ့ရှင် (၂)ဦးကို လက်ဆောင်ပေးပြီးသောအခါ ဘုရားဖူးခရီးသည်များ အဆာပြေစားရန် ဘီစကွတ်တစ်ထုပ်စီ ထပ်ပေးပါသည်။ (၁၂)နာရီခန့်တွင်မှ နေ့လယ်စာစားရသည်။ မိဂဒါဝုဏ် မြန်မာကျောင်းမှချက်ယူလာသော မြန်မာထမင်းဟင်းများကို စားရ၏။ လမ်းမှာဝယ်စားလျှင် ဒေသစာများသည် မြန်မာဗိုက်နှင့် အဆင်မသင့်ပါ။ ဝမ်းပျက်မှာစိုး၍ဖြစ်သည်။ သို့သော် မနေကြပါ။ အာလူးဟင်းလောက်တော့ ဝယ်စားကြပါသည်။

ထမင်းစားပြီး ဆက်ထွက်လာသောအခါ တစ်လမ်းလုံး အုတ်စက်မီးခိုးခေါင်းတိုင်များကို မြင်ရသည်။ ဘုရားပွဲကျင်းပရန် ပြင်ဆင်နေကြသည်ကို တွေ့ရသည်။ သစ်ပင်များနှင့် ရေမြေအနေအထားမှာ မြန်မာနိုင်ငံတွင် တွေ့မြင်ရသည်များနှင့် ဆင်ပါသည်။ သိသာထင်ရှားစွာ ကွာခြားခြင်းမရှိပါ။ သံချောင်းများ ထိုးထိုးထောင်ထောင်နှင့် ဘေးဘက်မှာ ပြတင်းပေါက်မရှိသော



အိမ်များသာ ထင်ရှားစွာ ကွဲပြားသည်။ နွားချေးလက်ရာမှာလည်း မြို့ရောတောပါနေရာတိုင်းမှာ တွေ့ရသည်။ နွားချေးနှင့် အမှိုက်ကိုရောနယ်ပြီး လက်ရာပေးထားသည့် အပြားအချပ်များကို တံတိုင်းမှာကပ်လျက် အိမ်နံရံမှာကပ်လျက် သစ်ပင်မှာကပ်လျက် တွေ့ရသည်။ တချို့နေရာတွင် ကတ္တရာလမ်းပေါ်မှာပင် လမ်း၏ဘေးပိုင်းမှာ ကပ်ထားကြသည်။

လမ်းတွင်မြစ်ကြီးတစ်ခုကို တွေ့မြင်ရသည်။ ငယ်စဉ်က ကျက်မှတ်ခဲ့ရသော မြစ်ကြီးငါးသွယ်ဖြစ်သည့် ဂင်္ဂါ၊ ယမုန်နာ၊ မဟီ၊ အစီရဝတီ၊ သရဖူမြစ်ကြီးငါးသွယ်တွင်ပါဝင်သော ဂင်္ဂါမြစ်ဖြစ်သည်။ ရာမ၊ လက္ခဏာ၊ သီတာဒေဝီတို့၏ ဇာတ်လမ်း ဖြစ်ပေါ်ခဲ့ရာ အယုဒ္ဓမြို့ကိုလည်း တွေ့ခဲ့ရသည်။

## သာဝတ္ထိမြန်မာကျောင်း

ညနေ ၅နာရီ ၄၀မိနစ်တွင် သာဝတ္ထိမြို့ကို ဆိုက်ရောက်ခဲ့ပါ၏။ သာဝတ္ထိကို သက္ကတအသံထွက်ဖြင့် ဆရာဗစတိဟု ခေါ်၏။ ဘုရားရှင်လက်ထက်တော်က ကောသလတိုင်း ပသေနဒီကောသလမင်းကြီး ထီးနန်းစိုက်ရာမြို့တော်ဖြစ်သည်။ မြန်မာဘုန်း တော်ကြီးကျောင်းမှာ တည်းကြရသည်။ မူလမြန်မာကျောင်းမှာ ဇေတဝန် ကျောင်းတော်အနီးတွင် ရှိသည်။ ထိုကျောင်းမှာ မူလကျောင်းထိုင်ဆရာတော်က လူထွက်မိန်းမယူ၍ ပိုင်ရေးဆိုင်ခွင့်ပြဿနာဖြစ်နေသည်ကတစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုဌာန၏ ထိန်းသိမ်းစောင့်ရှောက်နယ်မြေတွင် ပါဝင်နေ သည်ကတစ်ကြောင်းတို့ကြောင့် နေရာအသစ်မှာ ကျောင်းသစ်ဆောက်ရခြင်း ဖြစ်သည်။ သို့သော် ကျောင်းသစ်မှာ ကားလမ်းဘေးဖြစ်သည်။ နေရာအကွက် ကျယ်သည်။ အဆောက်အဦးကလည်း ခေတ်မီစနစ်ကျသည်။ သုံးထပ် ကျောင်းဆောင်ကြီးများကို မြေကွက်၏ လေးထောင့်ပတ်လည်မှာဆောက်ထားခြင်းဖြစ်သည်။ အလယ်မှာ စကြံလမ်းရှိသည်။ ဟော်တယ်ကြီးကဲ့သို့ပင် ခမ်းနားကောင်းမွန်၏။ ဘုရားခန်း၊ ထမင်းစားခန်း၊ နားနေခန်း၊ အိပ်ခန်းတို့နှင့် ပြည့်စုံ၏။ အိမ်ခန်းများမှာ အိမ်သာတွဲလျက်ရှိသည်။ အခန်းတိုင်းမှာ အိပ်ရာပြည့်စုံစွာရှိ၍ ဘုရားဖူးတို့အတွက် အဆင်ပြေစွာ တည်းခိုနေနားရသည်။ စိတ်ချမ်းသာမှုကို

www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်သော ကျောင်းတော်ကြီးဖြစ်သည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ရောက်သည်နှင့် ပစ္စည်းများထားပြီး သာဝတ္ထိမြို့ဟောင်းသို့ သွားရောက်ကြသည်။ ဇေတဝန်ကျောင်းတော်နေရာ အနီးမှ ဖြတ်သွားရသည်။ နောက်တစ်နေ့တွင်မှ ဇေတဝန်ကျောင်းတော်သို့ သွားရောက်လေ့လာ၍ ဘုရားရှင်ကို ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

သုဘဒ္ဒကျောင်းတော်နှင့် အင်္ဂုလိမာလကျောင်းတော်နေရာအထိန်း အမှတ်အုတ်ပုံကြီးများကို တွေ့ရသည်။ မူစလင်ဂူပါကစ်ကုဋ္ဌီနှင့် ဆာဒူးကြီး နေခဲ့သော ပါကျစ်ကုဋ္ဌီအုတ်ဂူကြီးများကို တွေ့ရသည်။ ထိုနှစ်နေရာစလုံးသည် ကောသလမင်းကြီး၏ နန်းတော်နေရာများဖြစ်သည်ဟုလည်း သိရကြောင်း မြန်မာကျောင်းဆရာတော် ဦးသြဘာသက ရှင်းပြ၍ ဆန်တစ်စိတ်နှင့် ဆိတ် တစ်ကောင်စားသည်ဆိုသော ပသေနဒီ ကောသလမင်းကြီးအကြောင်း ပြောပြသည်။ ကောသလအိပ်မက် (၁၆)ချက် မြင်မက်ခဲ့သော မင်းကြီးဖြစ် သည်။ ဝိဋူပမင်း၏ ရန်ငြိုးနှင့် လက်စားချေခြင်းကြောင့် သာကီဝင်မင်းတို့ ပျက်စီးရပုံနှင့် ကောသလတိုင်းကို အဇာတသတ်မင်း အလွယ်တကူ သိမ်းယူ နိုင်ပုံအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝိသာခါကျောင်းအစ်မကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ပုဗ္ဗာရုံကျောင်းတော်ကြီးရှိခဲ့ဘူးသည့် နေရာဆီသို့ ညွှန်ပြသည်။ ကျွန်တော်တို့ ဘုရားဖူးများ မှန်းမျှော်ကြည့်ကြသည်။ ယခုအခါမှာတော့ အစိရဝတီမြစ်ရေ တိုက်စားသည့်အထဲမှာပါ၍ ကျောင်းတော်ကြီး ပျောက်ကွယ်သွားခဲ့လေပြီ။

ဆရာတော်က ဝိသာခါကျောင်းအစ်မကြီးနှင့် ပုဗ္ဗာရုံကျောင်းတော် ကြီးအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောပြနေသည်။ မြတ်စွာဘုရား (၆)ဝါတိုင် သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ကြီးဖြစ်သည်။ ဤကျောင်း တော်ကြီးမှာပင် ဘုရားရှင်သုတ္တံပေါင်း (၂၃)သုတ်ကို ဟောကြားတော်မူ ခဲ့သည်။

မြတ်စွာဘုရားနှင့် သံဃာတော်များကို လွန်စွာကြည်ညို၍ လှူစရာ မပါဘဲ လက်ချည်းသက်သက် ကျောင်းတော်သို့ မသွားဆိုသော ဝိသာခါ၊ လှူစရာနှင့်တကွ ကျောင်းတော်သို့ သွားနေသော ဝိသာခါ။ သားသမီးမြေး



များအလယ်မှာ ဘယ်ဟာ ဝိသာခါဟု ခွဲမရအောင် အရွယ်နုပျိုသည်ဆိုသော ဝိသာခါ၊ သာသနာရောင်ဝါ ထွန်းစေခဲ့သော ပုဗ္ဗာရုံကျောင်းတော် . . . ယခု အခါ ပုံပြင်သဖွယ် နားဆင်နေရသည်။

အပြန်တွင် ဇေတဝန်ကျောင်းတော်အလွန်မှာ စိဥ္စမာန မြေမျိုသည် ဆိုသောနေရာကို ဆရာတော်က ညွှန်ပြပြန်သည်။ ယခုအခါမှာ လယ်ကွင်း ပြင်ဖြစ်နေ၏။ ဝမ်းဗိုက်ကို ပျဉ်ချပ်ဖုံး၍ ကိုယ်လေးလက်ဝံရှိလေဟန် မြတ်စွာ ဘုရားကို လုပ်ကြံစွပ်စွဲသော စိဥ္စမာန၏ ဇာတ်လမ်းကတော့ စက်ဆုပ်ရွံ့မုန်း စရာ။

မြတ်စွာဘုရားကို လွန်စွာကြည်ညိုသော ကျောင်းအစ်မကြီး ဝိသာခါ၊ မြတ်စွာဘုရားကို လိမ်ညာစွပ်စွဲသော စိဥ္စမာနမိန်းမယုတ်။ (၇)နှစ် အရွယ်ကပင် သောတာပန်တည်သော ကောင်းမှုကုသိုလ်များစွာပြုသည့် ဝိသာခါ။ အကုသိုလ်ဒုစရိုက်တို့ကြောင့် မြေမျိုခံရသော စိဥ္စမာန။ မိန်းမနှစ် ယောက်ကို နှိုင်းယှဉ်၍ကြည့်မိသည်။

တစ်ဦးက မြတ်စွာဘုရားနှင့် ဘုရား၏ သာသနာတော်ကို ကြည် ညိုရှိသေစွာ ကောင်းမှုများစွာ ပြုခဲ့သည်။ ကောင်းကျိုးကြီးစွာ ရခဲ့သည်။ အပယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်ခဲ့လေပြီ။

နောက်တစ်ဦးက အတုမရှိသော မြတ်စွာဘုရားကို မဟုတ်မမှန် လုပ်ကြံလိမ်ညာစွပ်စွဲသည်။ သိလျက်နှင့် ကြီးစွာသော အကုသိုလ်အမှုကို ပြုခဲ့သည်။ ထိုဘဝမှာပင် မြေခွဲမျို၍ အပယ်ငရဲသို့ ကျရောက်ခဲ့ရ၏။

သံဝေဇနိယ လေးဌာနသို့ ဘုရားဖူးလာရင်း သံဝေဂယူစရာဖြစ်ပါ၏။

တည်းခိုရာ မြန်မာကျောင်းသို့ ပြန်ရောက်သောအခါ ရေချိုးထမင်း စားပြီးကောင်းစွာနားနေရပါ၏။ ဆေးလိပ်ချင်၍ ဖနီးရှိရာ အခန်းသို့ သွားသော အခါ ဖနီးနှင့်အတူ တစ်ခန်းတည်းနေသော ဒေါ်မိုးစိန်ဖြူနှင့် သမီး ခင်ထွေးဝင်း တို့ကို တွေ့ရ၏။ ခင်ထွေးဝင်းက သူ့အမေကို ဆေးတိုက်နေသည်။ မြင်ကွင်း လေးက ကြည်နူးစရာ။

ဖနီးက သမီးလေးခင်ထွေးဝင်း အလွန်လိမ္မာပုံကို ပြောပြသည်။ သူက အင်္ဂလန်နိုင်ငံမှာ အလုပ်သွားလုပ်သည်။ အလုပ်လုပ်ရင်း သူ[illegible]မေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြေရန်အတွက် ငွေစုသည်။ အမေက ဗုဒ္ဓဂယာသွားပြီး ဘုရားဖူးရလျှင် သေပျော်ပါပြီပြော၍ သူစုထားသော ငွေများနှင့် သူကိုယ်တိုင် ဗုဒ္ဓဂယာသို့ ဘုရားဖူးလိုက်ပို့သည်။ မြိုးမြိုးမြက်မြက်မဟုတ်၊ သူ့အမေ လှူချင်သမျှ ရက်ရောစွာ လှူနိုင်ရန် စီစဉ်ပေးသည်။ မြန်မာကျောင်းတိုင်းမှာ လှူနိုင်ရန် သင်္ကန်းများစွာ ပါသော သားအမိဖြစ်သည်။

မနက်လင်းသည်နှင့် သူ့မိခင်ကို မျက်နှာသစ်ပေးသည်။ မြန်မာ သနပ်ခါးကို ကိုယ်တိုင်သွေး၍ ကိုယ်တိုင်လိမ်းပေးသည်။ အဝတ်အစားလဲ ပေးသည်။ အမေက ဆီးချိုရောဂါရှိ၍ အချိန်မှန်ဆေးတိုက်သည်။ ကော်ဖီချိန် မှာဆီးချိုကော်ဖီတိုက်သည်။ ဆီးချိုရောဂါနှင့်သင့်တော်သော မုန့်ကျွေးသည်။ တစ်လမ်းလုံး လိုလေသေးမရှိ စိတ်ရှည်လက်ရှည်နှင့် ပြုစုသည်။

သူနှင့် စကားပြောကြရာတွင် အင်္ဂလန်နိုင်ငံမှာ မိဘနှင့်သားသမီး ဆက်ဆံရေးက မြန်မာနိုင်ငံမှာကဲ့သို့ ကြည်နူးစရာမကောင်းကြောင်း သူကိုယ်တိုင်တွေ့ရသော ဖြစ်ရပ်တစ်ခုကို ပြောပြသည်။ အမေက ရင်သားကင်ဆာနှင့် ဆေးရုံတက်နေသည်။ ကျောင်းသားအရွယ်သားလေးက ဆေးရုံလာကြည့်ရင်း ...

"အမေ မသေသေးဘူးလား။ ကင်ဆာဆိုတာ ကုလို့မရဘူး။ အမေ သေမှာ၊ သေမဲ့အတူတူ ဘာလို့ အကြာကြီး ဒုက္ခခံနေမလဲ ...မြန်မြန်သေလိုက်ပေါ့"ဟု ပြောသည်။ စိုးရိမ်ခြင်းမရှိ၊ ကြင်နာခြင်းမရှိ သံယောဇဉ်ကင်းစွာ ပြောဆိုကြောင်း သားပြန်သွားသောအခါ အမေက ဝမ်းနည်းကြေကွဲစွာငိုကြောင်း ပြောပြသည်။

မြန်မာဗုဒ္ဓဘာသာတစ်ယောက်အနေနှင့် ကြားရသည်မှာ စိတ်မကောင်းစရာ။

'တစ်ခုတော့ရှိတယ်ဦးရဲ့ ...။ ကလေးချည့်အပြစ်ပြောလို့လဲမရဘူး။ မိဘကလဲ သားသမီးမွေးလာရင် မြန်မာအမေလို နို့ချိုတိုက်တာ၊ ချစ်ခင်ကြင်နာစွာပြုစုယုယတာမရှိဘူး။ မွေးပြီးတာနဲ့ ကလေးထိန်းအပ်၊ ကလေးထိန်းကနို့တိုက်၊ ကျွေးမွေးပြုစု၊ နည်းနည်းကြီးလာတော့ မူကြိုတို့၊ မူလတန်းတို့ ကျောင်းအဆင့်ဆင့်မှာ ဘော်ဒါအပ်ထားလိုက်တာပဲ။ ဒီလိုနဲ့

BURMESE CLASSIC .com



ကြီးလာတော့ မိဘနဲ့ သားသမီးသံယောဇဉ်နည်းကြတယ်။ သားသမီးကလဲ မိဘတွေကြီးလာရင် ဘိုးဘွားရိပ်သာပို့၊ သက်ကြီးဂေဟာပို့လိုက်တာပဲ ...' ဟု ပြောပြသည်။

'သြော် သူ့ဟာနဲ့သူ အပြန်အလှန်ဖြစ်နေကြတာပဲ ...' ဆင်ခြင်ရမိသည်။ မြန်မာဗုဒ္ဓဘာသာဖြစ်ရသည်ကို ဂုဏ်ယူကြည်နူးမိသည်။

သမီးငယ် စုတွေးဝင်းထံမှ ကြားခဲ့ရသည့် မှတ်သားစရာစကားဖြစ်ပါ၏။ သူ၏မိခင်အပေါ်ထားသော စေတနာနှင့် ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်မှုအတွက်လည်း သာဓုခေါ်ရပါ၏။

ညတွင် သာဝတ္ထိကျောင်းဆရာတော်ကို လှူဖွယ်ပစ္စည်းများနှင့် တကွ ပူဇော်ကန်တော့ကြသည်။

ဆရာတော် ဦးဩဘာသမှာ တံတားဦးမြို့နယ် သူငယ်တော်ရွာသားဖြစ်သည်။ ကျွန်တော်က စဉ့်ကိုင်မြို့နယ် အနောက်ပိုင်း ဝန်းသိုရွာမှ ဖြစ်သောကြောင့် ရွာချင်းအသွားအလာ အရောင်းအဝယ်ကူးလူးဆက်ဆံမှုရှိသည်။ သူငယ်တော်ရွာကို မရောက်ဘူးသော်လည်း ငယ်စဉ်ကပင် ကောင်းစွာသိခဲ့သည်။

အိန္ဒိယနိုင်ငံရှိ သာဝတ္ထိကျောင်းဆရာတော်မှာ သူငယ်တော်ရွာမှ ဖြစ်သည်ဟု သိရသောအခါ အံ့ဩဝမ်းသာဖြစ်မိသည်။ ဆရာတော်ကလည်း ခင်မင်ရင်းနှီးရှိပါသည်။

ဆရာတော်ထံမှာ ငါးပါးသီလခံယူ၍ ကျွန်တော်တို့မြန်မာ ဘုရားဖူးများစုပေါင်းပြီး ဆရာတော်ကို နဝကမ္မနှင့် ဘက်စုံအလှူဒေါ်လာ ၁၈၁ ရူပီးငွေ ၃၈၆၀၊ မြန်မာငွေ ၁၀၀၀ကျပ်ကို လှူဒါန်းပူဇော်ကြပါသည်။

ဆရာတော်ရေးသားပြုစုသည့် မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်း၊ ရုပ်ကြွင်းပုံရိပ်လွှာများ စာအုပ်ကြီးကိုလည်း ဘုရားဖူးများ ဝယ်ယူပူဇော်ကြပါသည်။ မဇ္ဈိမဒေသဆိုင်ရာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော သိကောင်းစရာများကို ဆရာတော်ကိုယ်တိုင် ဟောကြားနေသကဲ့သို့ မှတ်သားစရာဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဇေတဝန်ကျောင်းတော်

သာဝတ္ထိမြို့၏ ထူးခြားချက်မှာ ဇေတဝန်ကျောင်းတော်ရှိခြင်းဖြစ်၏။ ဇေတဝန်ကျောင်း၏ ထူးခြားချက်မှာ မြတ်စွာဘုရား (၁၉)ဝါ သီတင်းသုံးခဲ့ခြင်းဖြစ်၏။ သာဝတ္ထိမြို့၏ ဒုတိယထူးခြားချက်မှာ ပုဗ္ဗာရုံကျောင်းတော်ကြီးရှိခြင်းဖြစ်သည်။ ပုဗ္ဗာရုံကျောင်းတော်ကြီး၏ ထူးခြားချက်မှာ မြတ်စွာဘုရား (၆)ဝါ သီတင်းသုံးခဲ့ခြင်းဖြစ်သည်။ ကျောင်းတော်ကြီး နှစ်ကျောင်းပေါင်းလျှင် မြတ်စွာဘုရားသည် သာဝတ္ထိမြို့မှာ (၂၅)ဝါသီတင်းသုံးခဲ့ခြင်းဖြစ်သည်။ ဘုရားရှင်နှစ်အများဆုံး သီတင်းသုံးဝါဆိုခဲ့သောမြို့ဖြစ်သည်။

မြတ်စွာဘုရားနှစ်များစွာ ဝါဆိုခဲ့သောမြို့ဖြစ်သည်နှင့်အညီ ဗုဒ္ဓသာသနာတော်အတွက် အရေးကြီးသော ဖြစ်ရပ်များ။ မြတ်စွာဘုရားဟောကြားတော်မူတော် တရားတော်များ၊ သာသနာတော်ဆိုင်ရာ ပုဂ္ဂိုလ်ထူးများ၏ အတ္ထုပ္ပတ္တိဖြစ်စဉ်များစွာတို့လည်း ပေါ်ပေါက်ခဲ့ပါသည်။

၂၀ ၊ ၁၀ ၊ ၂၀၀၇ နေ့တွင် မနက်စာစောစောစားပြီး သာဝတ္ထိမြန်မာကျောင်းဆရာတော် ဦးဩဘာသ ဦးဆောင်၍ ဇေတဝန်ကျောင်းတော်သို့ သွားကြသည်။ လူတစ်ယောက် ဝင်ကြေး (၂)ဒေါ်လာ၊ ဗီဒီယိုကင်မရာတစ်လုံး (၂၅)ရူပီးပေး၍ဝင်ကြရသည်။ အဝိဇဟိတဌာနတစ်ခုဖြစ်သော ဇေတဝန်ကျောင်းတော်သို့ ရောက်ကြရပါပြီ။

ဗုဒ္ဓဘာသာဝင်တိုင်း ကျက်ဖူး၊ မှတ်ဖူး၊ ကြားနာဖူးသော 'ယမင်္ဂလံ' အစချီသည့် မင်္ဂလသုတ်တော်တွင် 'ဘဂဝါသာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ

BURMESE CLASSIC .com

ပုံ(၈)



ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီနေရာမှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ္ဍိကသသအာရမေ' ဟူ၍ ပါရှိသည်။ လူတိုင်းနားစွဲ၍ သာဝတ္ထိကို သိနေကြသကဲ့သို့ ဇေတဝန်ကျောင်းတော်ကြီးကိုလည်း သွားနေကျနှယ် ရင်းနှီးနေကြ၏။

ဇေတဝနေဆိုသည်မှာ ဇေတမင်းသားပိုင်သော ဥယျာဉ်ဖြစ်သည်။ သာဝတ္ထိမြို့၏ တောင်ဘက် တစ်ဖာလုံခန့်အကွာတွင်ရှိသည်။ ဧက (၃၀) ကျယ်ဝန်းသည်။

အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအတွက် ကျောင်းဆောက်လုပ်လှူဒါန်းရန် ဇေတမင်းသား၏ ဥယျာဉ်ကို သဘောကျလျက်ရှိ၏။ ဇေတမင်းသားထံ ချဉ်းကပ်၍ ရောင်းချပါရန် တောင်းပန်သော်လည်း ဇေတမင်းသားသည် အကြိမ်ကြိမ်ငြင်းပယ်၏။ အနာထပိဏ်သူဌေးက အားမလျော့ 'ဘယ်လောက်ပေးရပေးရ ပေးပါမည် ကြိုက်ဈေးကိုသာ တန်ဖိုးဖြတ်ပေးပါ' ဟုတွေ့တိုင်းပြောဆိုနေသည်။

ဇေတမင်းသားက စိတ်မရှည်တော့၍ 'ဥယျာဉ်ကိုဝယ်လိုပါက ဥယျာဉ်အပြည့်မြေအပြင်မှာ ရွှေခွက်ခင်းရမည်' ဟု ပြောလိုက်သည်။

အလွန်ကြီးမြင့်သော ဈေးဖြစ်၏။ မြေတစ်လက်မတိုင်းကို ရွှေတစ်လက်မ၊ မြေအရှိ ရွှေအစိ ဈေးသင့်လိုက်ခြင်းဖြစ်သည်။ မရောင်းချင်၍မပေးနိုင်ဟု ထင်သောဈေးကိုဆိုလိုက်ပုံရပါသည်။

သို့သော် မြတ်စွာဘုရားကို စေတနာသဒ္ဓါတရားကြီးမားထက်သန်သော အနာထပိဏ်သူဌေးကြီးသည် သူ၏ ဘဏ္ဍာတိုက်မှ ရွှေများကို ထုတ်ယူပြီး ဥယျာဉ်အပြည့် ရွှေခွက် (ရွှေဒင်္ဂါး)များ ခင်းလိုက်သည်။ ဇေတမင်းသားက ဥယျာဉ်၏ တန်ဖိုးကိုသာပြောခြင်းဖြစ်သည်။ ရောင်းမည်ဟု ပြောခြင်းမဟုတ်၊ မရောင်းနိုင်ကြောင်း ပြောသည်။

ပိုင်ရှင်က တန်ဖိုးဖြတ်၍ ဈေးဆိုသည်။ ဝယ်သူက တန်ဖိုးပေးချေသည်။ ဝယ်သူရထိုက် မရထိုက် တရားရုံးမှာ တရားစွဲရာ ဇေတမင်းသားရှုံးသည်။ နောက်ဆုံးမှာ ဇေတမင်းသားကိုယ်တိုင် သဒ္ဓါတရားဖြစ်လာ၍ မြေတစ်ဝက်ကိုသာ ရွှေခွက်ခင်း၍ တန်ဖိုးပေးစေသည်။ ကျန်တစ်ဝက်ကို ဇေတမင်းသားက လှူသည်။ ထို့ငွေဖြင့် အနာထပိဏ်သူဌေးက အထပ်

www.burmeseclassic.com

www.burmeseclassic.com



(၇)ထပ်၊ ဘုံ (၇)ဆင့်ရှိသော ဂန္ဓကုဋိကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသည်။

ယခုအခါတွင် ကျောင်းတော်နေရာမှာ အုတ်ရိုး၊ အုတ်ခုံများသာ ကျန်တော့သည်။ ကျွန်တော်တို့ ကြည်ညိုရှိသေကိုးကွယ်သော မြတ်စွာဘုရားရှင်သည် ပန်းရနံ့မွှေးသော ဂန္ဓကုဋိတော်ကြီးမှာ (၁၉)ဝါတိုင် သီတင်းသုံးဝါဆိုခဲ့သည်။ တရားတော်များ ဟောကြားခဲ့သည်။ ဤကျောင်းတော်နေရာတွင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်း၍ အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိကြသည်။ ရွှေချပူဇော်ကြသည်။ ဘုရားဖူးများအားလုံး စုပေါင်း၍ ဤကျောင်းတော်တွင် မြတ်စွာဘုရားဟောကြားခဲ့သော မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြသည်။ မေတ္တာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြသည်။ တရားထိုင်၍လည်း မြတ်စွာဘုရားကို ဓမ္မပူဇော်ခြင်းနှင့် ပူဇော်ကြသည်။

ဘုရားရှင်လက်ထက်တော်က ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ၍ သက်တော်ထင်ရှား မြတ်စွာဘုရား ရှေ့တော်မှောက်ရောက်နေသည်နှယ် ခံစားရသည်။ ကြည်ညိုရှိသေသောစိတ်ဖြင့် တရားဘာဝနာရှုမှတ်ပွားများ ကြရပါသည်။

ဇေတဝန်ကျောင်းတော်အတွင်းမှ မြတ်စွာဘုရားသီတင်းသုံးတော်မူသော ကျောင်းတော်ကြီးလေးကျောင်းရှိကြောင်း ဆရာတော် ဦးဩဘာသာက ရှင်းပြသည်။ ဂန္ဓကုဋိ (နံ့သာကျောင်းတော်)က ရေရိကုဋိ (ရေခံတက်ပင်ရှိသောကျောင်းတော်) သလကာဂါရကုဋိ (သလာကုဋိကျောင်းတော်)၊ ကေသမကကုဋိ (ကြို့ပင်ရှိသောကျောင်းတော်) တို့ဖြစ်ကြသည်။

**အာနန္ဒာဗောဓိ**

ဇေတဝန်ကျောင်းတော်ပြီးသော် အာနန္ဒဗောဓိညောင်ပင်ကို သွားရောက်၍ အမွှေးတိုင်၊ ဆီမီးတိုင်တို့ဖြင့် ပူဇော်ကြသည်။

သက်တော်ထင်ရှားမြတ်စွာဘုရားရှိစဉ်မှာ အဝေးအနီး မြို့ရွာများမှ မြတ်စွာဘုရားကို ဖူးမြော်ရန် ပန်းနံ့သာတို့နှင့်တကွ လာရောက်ကြသည်။



မြတ်စွာဘုရားဒေသစာရီကြွချိန်၌ ကျောင်းတော်မှာမရှိလျှင် ဘုရားကိုဖူးမြင်ခွင့်မရသောကြောင့် ယူဆောင်လာသော ပန်းနံ့သာတို့ကို ဇေတဝန်ကျောင်းတော်အထွက်မှာစွန့်ပစ်ခဲ့ကြ၏။

ညီတော်အာနန္ဒာက မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထား၍ မြတ်စွာဘုရားက ကျောင်းတော်မှာမရှိချိန်တွင် ဗောဓိပင်ကိုပူဇော်ရန် ခွင့်ပြုတော်မူသည်။ ညီတော်အာနန္ဒာသည် ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ မျိုးစေ့ကို ဆောင်ယူပေးပါရန် အရှင်မောဂ္ဂလန်အား လျှောက်ထားသည်။ အရှင်မောဂ္ဂလန်က အဘိညာဉ်တန်ခိုးဖြင့် ယူပေး၏။ ထိုမျိုးစေ့ကို စိုက်ပျိုးထားသော ဗောဓိပင်ကို အာနန္ဒာဗောဓိဟုခေါ်ဆိုကြ၏။

အာနန္ဒာဗောဓိတွင် ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဝင်များ မြတ်စွာဘုရားကို အာရုံပြု၍ နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့ကြသည်။ ပြီးသော်ဇေတဝန်ကျောင်းတော်အတွင်းမှ ကျောင်းဆောင်နေရာများကို ရှုကြည့်ကြသည်။ ဆရာတော် ဦးဩဘာသက ရှင်သီဝလိကျောင်းနေရာဟုပြသော အုတ်ပုံတွင် ရှင်သီဝလိဂါထာဖြင့် ရှင်သီလဝိရဟန္တာအရှင်မြတ်ကြီးကို ပူဇော်ကန်တော့ကြသည်။

ဇေတဝန်ကျောင်းတော်ကြီး၏ရှေ့တွင် မြတ်စွာဘုရား ဆွမ်းခံရာမှ ပြန်ကြွလာတိုင်း ခြေဆေးသည်ဆိုသော ရေတွင်းကို တွေ့ရသည်။ ယခုအခါမှာ လက်နှိပ်တုံကင်တပ်ထား၏။ တုံကင်နှိပ်၍ ထွက်ကျလာသောရေဖြင့် မျက်နှာဦးခေါင်းတို့ကို ဆွတ်ဖျန်းကြရသည်။

ဤဇေတဝန် ကျောင်းတော်မှာပင် မြတ်စွာဘုရား စိဥ္စမာနကို အောင်မြင်ခဲ့သည်။ ပဋာစာရီကို ရဟန္တာဖြစ်စေခဲ့သည်။ သန္တတိအမတ်ကြီးကို ရဟန္တာဖြစ်စေခဲ့သည်။

ဤဇေတဝန် ကျောင်းတော်မှာပင် မြတ်စွာဘုရားရှင်သည် မင်္ဂလသုတ်၊ မေတ္တာသုတ်အပါအဝင် သုတ္တံပေါင်း (၈၄၄)သုတ်ကို ဟောကြားတော်မူခဲ့ပါ၏။ သာသနာတော်အတွက် အကျိုးများလှစွာသော ဇေတဝန်ကျောင်းတော်ကြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သာဝတ္ထိမှ နိပေါသို့

ဇေတဝန်ကျောင်းမှအပြန်တွင် ဒေဝဒတ် မြေမျိုသောနေရာကို ဆရာတော်ဦးဩဘာသက မှန်းဆ၍ပြ၏။ ထိုမှဆက်၍ မြတ်စွာဘုရားတန်ခိုးပြာဋိဟာပြခဲ့သော သရက်ဖြူပင် ကုန်းနေရာသို့ သွားကြ၏။

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှာ စန္ဒကူးသပိတ်ကို အကြောင်းပြု၍ အရှင်ပိဏ္ဍောလတန်ခိုး ပြတော်မူသည်ကို အကြောင်းပြုပြီး နောင်တွင်တန်ခိုးပြခြင်းမပြုရန် တားမြစ်ပညတ်တော်မူသည်။ ဤသို့ ပညတ်သည်ကို အခွင့်ကောင်းယူ၍ တိတ္ထိတို့က ရဟန်းများကို တန်ခိုးပြိုင်ရန်စိန်ခေါ်သည်။ မြတ်စွာဘုရား၏ အမိန့်ကိုရိုသေ၍ ရဟန်းတော်တို့ တန်ခိုးမပြသောအခါ တိတ္ထိများက ဘုရားကိုပင် စိန်ခေါ်လာကြသည်။

ထိုအခါ ပြဿနာငြိမ်းစေရန်အတွက် ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာပြမည်ဟု မိန့်တော်မူသည်။ တိတ္ထိတို့သည် သာဝတ္ထိတွင်ရှိသော သရက်ပင်တို့ကို ခုတ်လှဲစေ၏။

ဘုရင်၏ ဥယျာဉ်တော်၌ ချိန်ခါမဟုတ်ဘဲ သရက်သီးကြီးတစ်လုံး သီး၍ ဝင်းမှည့်နေသည်ကို ဥယျာဉ်မှူးကခူးပြီး ဘုရင့်ထံ သွားပို့သည်။ လမ်းခရီး၌ ဘုရားရှင်နှင့် ဖူးတွေ့ရ၍ သရက်သီးကိုလှူသည်။

မြတ်စွာဘုရားသည် သရက်သီးကို ဘုဉ်းပေးပြီး ဥယျာဉ်မှူးကဏ္ဍကိုစိုက်စေသည်။ မြတ်စွာဘုရား လက်ဆေးရေချတော်မူရာ ချက်ချင်း အပင်ပေါက်ပြီး သရက်ပင်ကြီးဖြစ်လာသည်။

ပုံ(၉)



တန်ခိုးပြာဋိဟာပြပြီးမြတ်စွာဘုရား
တာဝတိံသာသို့ လှမ်းကြွရာသရက်ဖြူပင်ကုန်းမှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ထိုသရက်ပင်အောက်တွင် မြတ်စွာဘုရားရှင်က ကြာပွင့်ကြီးတစ်ပွင့် ဖန်ဆင်းတော်မူ၍ ထိုကြာပန်းပေါ်မှာ မတ်တပ်ရပ်လျက် ခန္ဓာကိုယ်မှ ရေအစုံ မီးအစုံသောတန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။ တန်ခိုးပြာဋိဟာပြတော်မူပြီးသည်နှင့် သရက်ဖြူပင်ပေါက်ရာမြေမှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်။

ယခုအခါတွင် ထိုနေရာမှာ အထိမ်းအမှတ် အုတ်ရိုးအုတ်ပုံ ကုန်းမြင့်မြင့်ကို တွေ့ရသည်။ ဘုရားဖူးများ ထိုကုန်းတော်သို့ တက်ရောက်၍ နမောတဿဖြင့် မြတ်စွာဘုရားကို ပူဇော်ကန်တော့ကြသည်။ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

မြန်မာကျောင်းသို့ပြန်၍ နေ့လယ်စာစားပြီးသည်နှင့် ၁၂ နာရီတွင် နီပေါနိုင်ငံရှိ လုမ္ဗနီဥယျာဉ်သို့ ခရီးထွက်ကြသည်။

ခရီးစ၍ မော်တော်ကားအရှိန်ရပြီဆိုသည်နှင့် ထုံးစံအတိုင်း ဘုရားဖူးအဖွဲ့ဝင်များအားလုံး နမောတဿဖြင့် ဘုရားကန်တော့ကြသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဆိုပူဇော်ကြသည်။ မေတ္တာပို့ကြသည်။

မြန်မာဗုဒ္ဓဘာသာတို့ကြားလျှင် ဘာမှထူးခြားမည်မဟုတ်သော်လည်း နိုင်ငံခြားသားများအတွက် အတော်စိတ်ဝင်စားစရာဖြစ်ဟန်တူပါသည်။ လမ်းဘေးမှာ သွားလာနေသူများ ရပ်ကြည့်ကြသည်။

မြို့ရွာတို့မှာ အဆက်ပြတ်လှသည်မရှိပါ။ လမ်းဘေးတလျှောက်မှာ လူနေအိမ်ရာ၊ မြို့များ၊ ရွာများကို တွေ့နေရသည်။ အုတ်ဖုတ်သည့် မီးနိုးခေါင်းတိုင်ကြီးများကလည်း မကြာခဏတွေ့နေရသည်။

ထူးခြားသည်မှာ မြို့တိုင်းရွာတိုင်းတွင် ယာယီဘုရားကျောင်းလေးများမှာ လက်များစွာပါသည့် နတ်ဖုရားမပုံများကို တွေ့နေရခြင်းဖြစ်သည်။ အချို့က ထိုနတ်ဘုရားမပုံ၊ ဟန္နုမန်ပုံတို့ကို မော်တော်ကားပေါ်မှာတင်ပြီး သည်ရွှေ့နေကြသည်။ မကြာမီ ဘုရားပွဲတော်ကျင်းပတော့မည်ပုံဖြစ်သည်။ နည်းနည်းလေးကပ်လွဲသွားခြင်းဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ကြည့်ရလျှင် ကောင်းမည်ဟု ဆုံချင်ကြည့်ချင်စိတ်ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နီပေါနယ်စပ်သို့ ရောက်လျှင် နိုင်ငံကူးခွင့်လက်မှတ်ကိစ္စများ ဆောင်ရွက်နေစဉ် ကားပေါ်မှာသာနေကြရန်၊ ဈေးရောင်းသူများလာ၍ ဝယ်ယူရန် သွေးဆောင်လျှင် ဆင်းမဝယ်ကြရန်၊ ဝယ်လျှင် အရှုပ်အရှင်းကိစ္စများဖြစ်ပေါ်တတ်ကြောင်းလမ်းညွှန်ဖြစ်သူ ဦးတင်ရှိန်က သတိပေးသည်။

နီပေါနိုင်ငံဘက်နီးလာသည်နှင့်အမျှ ရာသီဥတုပိုအေးလာသည်ကို သတိထားမိသည်။ သရက်ပင်သရက်တောကြီးများကိုများစွာ တွေ့လာရသည်။

ညနေ ၅ နာရီခွဲတွင် နီပေါနယ်စပ်သို့ ရောက်သည်။ မော်တော်ကားနှင့်တကွလူများအားလုံး နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခွင့်ပြုလုပ်ရသည်။ ခရီးသည်များအားလုံး ကားပေါ်မှာထိုင်၍စောင့်ရသည်။ ခရီးသွားလမ်းညွှန်အဖွဲ့က (၄၅)မိနစ်ကြာအောင် ဆောင်ရွက်ရသည်။

ထိုအချိန်တွင် လမ်းညွှန် ဦးတင်ရှိန် ကြိုတင်မှာကြားထားသည့်အတိုင်း ဈေးသည်များ ရောက်လာသည်။ စောင်များ၊ ကော်ဇောများ၊ ပိတ်စများ ရောင်းကြသည်။ ကျွန်တော်တို့အားလုံး ဘုရားဖူးလမ်းညွှန်၏စကားကို နားထောင်၍ ကားပေါ်မှာပင် နေကြသည်။ ပတ်ဝန်းကျင်မြင်ရသည်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဖြတ်သွားဖြတ်လာမြင်ရသော မိန်းကလေးများမှာ အသားအရေဖြူသန့်စိုဝင်းပြီး ပို၍လှပသည်ကို သတိထားမိကြသည်။ ခန္ဓာကိုယ်ပို၍ကြော့ရှင်းလှပသည်။ နှစ်သက်ဖွယ်ရုပ်ဆင်းအင်္ဂါရှိကြသည်။ မျက်နှာအမူအရာကြည့်ပုံရှုပုံမှစ၍ ရဲတင်းပွင့်လင်းစွာ ကြည်ကြည်လင်လင်ရှိကြသည်။ သွားပုံလာပုံကအစ သွက်လက်သည်။ လွတ်လပ်မှုရှိသည်။

အိန္ဒိယဘက်တွင် မိန်းကလေးများမှာ အိမ်တွင်းပုန်းနေရ၍ အိမ်ထဲမှာ သိမ်းထားခံရသလိုဖြစ်နေသည်။ မလွှဲသာ၍ ထွက်လာလျှင်လည်း စောင့်ထိန်းရသည့် မိန်းကလေး၏ အိန္ဒြေသိက္ခာများလွှမ်း၍ ရဲရဲဝံ့ဝံ့ကြည်ကြည်လင်လင်မရှိကြ။ မျက်လွှာချလျက်ရှိကြသည်။ ဝတ်ဆင်ထားသည့် ဆာရီကလည်း ပျော့ပျော့အိအိတွဲတွဲတစ်ကိုယ်လုံး ရစ်ပတ်လွှမ်းခြုံထားသည်။ တောက်ပသောအရောင်များကို ဝတ်ဆင်ထားသော်လည်း မတောက်ပသလိုဖြစ်နေ



သည်။ ပိုဆိုးသည်က အချို့မှာ အနက်ရောင်ကြီးများဝတ်၍ မျက်နှာပါလုံအောင် လွှမ်းခြုံဖုံးအုပ်ထားခြင်းဖြစ်သည်။

နယ်စပ်ကျော်ပြီး နီပေါနိုင်ငံဘက် ရောက်သည်နှင့် မိန်းကလေးများ၏ အသားအရောင် ရုပ်ရည်အပြင်အဆင်သာမက ကြည့်ပုံမြင်ပုံပါ ပြောင်းသွားသည်။ မျက်နှာ အမူအရာများပါ ကြည်လင်လွတ်လပ်စွာ ကွာခြားသွားသည်။

အမျိုးသမီးများသာမက အမျိုးသားများ၏ ရုပ်ရည်သည်လည်း သိသာထင်ရှားစွာ ခြားနားသွားသည်။

နယ်စပ်ကိုဖြတ်ကျော်ပြီး လုမ္ဗဏီသို့ ဆက်သွားကြသည်။ လုမ္ဗဏီသို့ ရောက်သောအခါ ထိန်းသိမ်းစောင့်ရှောက်ထားသော လုမ္ဗဏီတောလုမ္ဗဏီဥယျာဉ်သည် သစ်ပင်များနှင့် စိမ်းလန်းအုပ်ဖွဲ့စွာ သာယာလျက်ရှိသည်။

လုမ္ဗဏီ မြန်မာဘုန်းတော်ကြီးကျောင်းမှာ ခေတ်မီဟော်တယ်ကြီးလိုပင် ခမ်းနားကောင်းမွန်လှပါ၏။

ဘုန်းတော်ကြီးများက ရွှေကျောင်းကြီးမှာ တည်းခိုရသည်။ မန္တလေးမြို့မှ ရွှေကျောင်းကြီးပုံတူ ဆောက်လုပ်ထားသည်။ မြန်မာမှု ဗိသုကာလက်ရာတို့နှင့် ရွှေချထားသော ခမ်းနားထည်ဝါသည့် ဂုဏ်ယူဖွယ်ရာ ကျောင်းတော်ကြီးဖြစ်သည်။

လူများက သုံးထပ်ကျောင်းဆောင်ကြီးအောက်ထပ်မှာတည်းခိုကြရသည်။ ကုတင်၊ ခြင်ထောင်၊ စောင်ခေါင်းအုံး ရေမီးပြည့်စုံသည်။ ရောက်ပြီးမကြာမီမှာပင် အဆင်သင့်ချက်ပြုတ်စီစဉ်ထားသော မြန်မာထမင်းဟင်းကို စားရသည်။

ည (၉)နာရီတွင် လုမ္ဗဏီကျောင်းဆရာတော် ဦးဉာဏဝံသနှင့် ဦးစန္ဒိမာတို့ကို ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ကြသည်။ ဆရာတော် ဦးစန္ဒိမာ ဟောကြားသည့် တရားတော်ကို နာယူသာဓုခေါ်ရသည်။

လုမ္ဗဏီကျောင်းမှာ အေးချမ်းစွာညအိပ်ရပ်နားကြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ကပ္ပိလဝတ်နေပြည်တော်

မနက်စောစောထ မနက်စာစားပြီးကြသည်နှင့် လုမ္ဗဏီကျောင်းဆရာတော်က ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ကို ကပ္ပိလဝတ်နေပြည်တော်သို့ လိုက်ပို့သည်။ ရှေ့မှသွားခဲ့ကြသော ဘုရားဖူးအဖွဲ့တိုင်းသွားနိုင်ခဲ့ခြင်းမရှိကြ။ နယ်မြေအခြေအနေအရ သွားလျှင်သင့်မသင့် ချင့်ချိန်ရသော နေရာဖြစ်သည်။

ဆရာတော်က ကျွန်တော်တို့အဖွဲ့ကို လိုက်ပို့သည်။ လမ်းမှာ ရဲစခန်းများရှိသည်။ မသင့်လျှင် တားလိမ့်မည်။ တားမှပြန်လှည့်မည်ဟု ပြောသည်။

'ရောက်အောင်သွားနိုင်ပါစေ'ဟု ကျွန်တော် ဆုတောင်းနေမိသည်။ ရောက်ချင်သည်။ ကပ္ပိလဝတ်နန်းတော်နေရာကို ကြည့်ချင်သည်။ အချို့သော စာရေးသူများက ကပ္ပိလဝတ်နေပြည်တော်ကို ရွာကြီးသာသာလောက် ပြောဆိုနေကြသည်။ သုဒ္ဓေါဒနမင်းကြီးကိုလည်း ရွာသူကြီးသာသာလောက်ဖြစ်အောင် ပြောနေကြသည်။ ဘုရားလောင်းသိဒ္ဓတ္ထကို သာမန်လောက်ဖြစ်အောင် ပြောချင်ကြသည်။ ဘုန်းတန်ခိုးကြီးသော ဘုရင့်သားမင်းစည်းစိမ်ကို ခံစားနေရသော ဘုရင့်သားအဖြစ်ကို လျှော့ပါးအောင် ပြုလိုကြဟန်တူပါသည်။

ထို့ကြောင့် ကပ္ပိလဝတ်နန်းတော်နေရာ မြို့အခင်းအကျင်းကို ကြည့်မြင်ချင်သည်။ ဘုရားဖူးကားကြီးနှင့် ကျွန်တော်တို့ သွားကြသည်။



နမောတဿမှအစချီပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဆိုပူဇော်သွားကြသည်။

ရဲစခန်းများရှေ့မှ ဖြတ်မောင်းသွားရသည်။ တားမြစ်ခြင်းမရှိ။ ကပ္ပိလဝတ်နေပြည်တော်အထိ ချောမောစွာ ရောက်သွားကြသည်။ နန်းတော်ရာပနက် ပုံအုတ်မြစ်များ ကျန်နေသေးသည်ကို ထင်ရှားတွေ့ရ၏။

'ဩော် ... ဒါ ... ငါတို့ ဘုရားဖြစ်မည့် ဘုရားလောင်း ရွှယ်မူနုဖြိုးနှစ်ဆယ့်ကိုးအထိ နေခဲ့သော နန်းတော်နေရာပါလား။ ယသော်ဓယာနှင့်အတူ စံမြန်း၍ သားတော် ရာဟုလာ မွေးဖွားခဲ့သောနေရာပါလား။ ဤနန်းတော်ကြီး၏ အရှေ့တံခါးမှ တောထွက်တော်မူခဲ့သော မြို့တော်ကြီးပါတကား ...'ဟု လေးစားမြတ်နိုးဖြစ်မိသည်။

ခမ်းနားကြီးကျယ်သော နန်းတော်ကြီး ဖြစ်ပါသည်။ အုတ်မြစ်အုတ်ရိုး အခြေခံကိုကြည့်၍ မှန်းဆသိနိုင်ပါသည်။ အဆောင်ဆောင် အခန်းခန်း၊ အပိုင်းအခြားများနှင့် ခမ်းနားပါသည်။ မက်မောလောက်စွာ စံမြန်းနိုင်သော နန်းတော်ကြီးဖြစ်ပါသည်။

ခန္ဓကမြင်းကိုစီး၍ တောထွက်တော်မူရာ အရှေ့တံခါးကို သွားကြည့်သည်။ နန်းစည်းစိမ်ကို စွန့်ခွာ၍ ဘုရားအဖြစ်သို့ ရောက်အောင်တောထွက်တော်မူသော ဘုရားအလောင်းကို ကြုံဆိုဂုဏ်ပြုသောအားဖြင့် ဘုရားဂုဏ်တော် (၉)ပါးဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဤနန်းတော်ကြီးကို စွန့်ခွာ၍ တောထွက်တော်မူသောကြောင့် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့တာပါတကား။ ဘုရားအဖြစ်သို့ ရောက်၍သိသော တရားတော်များကို ဟောကြားပြီး ဆိုဆုံးမတော်မူသောကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ အေးငြိမ်းချမ်းသာခြင်း အစစ်အမှန် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် ကျင့်ကြံပွားများအားထုတ်နိုင်ခွင့်ရကြတာပါတကား။ သံသရာလည်နေကြစဉ်မှာလည်း အကုသိုလ်ဒုစရိုက်များကို ရှောင်ကြဉ်နိုင်၍ ကုသိုလ်ကောင်းမှုများကို သိရှိရွက်ဆောင်နိုင်ကြတာပါတကားဟု ရိုကျိုးလေးစားစွာ ဘုရားကို အာရုံပြုရှိခိုးကန်တော့ကြပါ၏။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော

www.burmeseclassic.com

www.burmeseclassic.com



အခါမှာလည်း ယသော်ယောကိုအကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီးကို ဤကပ္ပိလဝတ်နန်းတော်ကြီးမှာ ဟောကြားတော်မူခဲ့သည်။ အဘယ်နေရာက ဘယ်အဆောင်မှာဖြစ်လေမည်နည်းဟု ယော်ရယ်မှန်းဆ၍ ကြည်ညိုနှစ်သက်သောအလွမ်းကို ခံစားရ၏။

နန်းတော်ကြီးမှ ပြန်ထွက်လာသောအခါ ကျွန်တော်တို့ ဘုရားဖူးများအနီးတွင် ဒေသခံ ရွာသူရွာသားကလေးများ ဝိုင်းရံလိုက်လာကြသည်။ ကျွန်တော်တို့ ဇနီးမောင်နှံဘေးမှာ မိန်းကလေးသုံးယောက်ပါလာသည်။ ကျွန်တော့်ထံမှ ဘောပင်တောင်းနေသည်။ သူတို့ အင်္ဂလိပ်လိုပြောတတ်ပါသည်။

ကျွန်တော်က မိန်းကလေးတစ်ယောက်ကို နာမည်မေးသည်။ ဒိဗျာ ဟုဖြေသည်။ ကျောင်းနေသလားမေးသည်။ နေသည်။ အတန်းမေးသည်။ ကိုးတန်းဟုဖြေသည်။ နောက်တစ်ယောက်နာမည်ကိုမေးသည်။ အမိတာဟုဖြေသည်။ ကျောင်းသူ ရှစ်တန်းဖြစ်သည်။ တစ်ယောက်က အမိတာဘဂျမ်းသမီးဟု နောက်လိုက်၍ရယ်ကြရသည်။ နောက်တစ်ယောက် အငယ်ဆုံးလေးကို မေးသည်။ သူ့နာမည်က ဘောဂဝတီဖြစ်သည်။ ရှစ်တန်းကျောင်းသူပင်ဖြစ်သည်။

အငယ်လေး ဘောဂဝတီက ကျွန်တော့်နာမည်ကို ပြန်မေးသည်။ ကျွန်တော်က စောချစ်ဟု ပြောလိုက်သည်။ 'အိုး မစ္စတာစောချစ် ဖဲရီးဖိုင်း' သိပ်လှတဲ့နာမည်ပဲဟု သူကပြောသည်။ သူ့အိမ်က ဘယ်နားမှာလဲဟု ကျွန်တော်မေးသည်။ ဟိုဘက်နားမှာ နီးပါတယ်။ မဝေးပါဘူး။ လိုက်လည်မလားဟု ဖိတ်ခေါ်ပါသည်။ ကျွန်တော် သူတို့နှင့် ရင်းနှီးသွားသည်။ ကျွန်တော့်မှာပါသော ဘောပင်၊ သကြားလုံး၊ ချိစ်ဘူးစသည်တို့ကိုထုတ်ပြီး လက်ဆောင်အဖြစ် ပေးလိုက်သည်။ ကျွန်တော့်နားမှာ ကလေးများစွာဝိုင်းအုံလာသည်။ လုမ္ဗဏီဆရာတော်ရောက်လာ၍ 'ဒကာကြီး အဲဒီလိုမလုပ်နဲ့၊ ကားပေါ်တက်၊ အများကြီးဝိုင်းတောင်းလို့ ပြီးမှာမဟုတ်တော့ဘူး'ဟု ပြောပါသည်။ ကျွန်တော် ကားပေါ်တက်နေလိုက်သည်ရသည်။ ကားထွက်တော့သူတို့ လက်ပြနှုတ်ဆက်ကျန်ရစ်ကြသည်။



ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား စံမြန်းခဲ့သော နန်းတော်အနီးမှာ နေကြသည့် နီပေါကကလေးငယ်များကို ဆွေမျိုးများလို ခင်မင်စိတ်ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂြောဓာရုံကျောင်းတော်

ကပိလဝတ်နန်းတော်မှ ပြန်ထွက်သောအခါ နိဂြောဓာရုံကျောင်းတော်ကြီးသို့ ဝင်ရောက်ကြသည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးနေထိုင်ရာမှ ကပိလဝတ်နေပြည်တော်သို့ သံဃာနှစ်သောင်းခြံရံလျက် ကြွရောက်တော်မူလာ၏။

ဆွေတော်မျိုးတော် သာကီဝင်မင်းတို့သည် နိဂြောဓသာကီဝင်မင်းသား၏ နှလုံးမွေ့လျော်ဖွယ်သာယာသော ဥယျာဉ်တော်ဝယ် နိဂြောဓာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းကြ၏။

နိဂြောဓာရုံကျောင်းတော်ကြီးသို့ မြတ်စွာဘုရားရောက်ရှိလာသောအခါ အသက်အရွယ်ကြီးသူ သာကီဝင်မင်းသားတို့သည် မြတ်စွာဘုရားကို ငါတို့အောက် အသက်ငယ်သည်ဟု ရှိခိုးခြင်းမပြု ငယ်သူတို့ကိုသာ ရှေ့မှာထား၍ ကန်တော့စေပြီးနောက်မှာ နေကြကုန်၏။

ထိုအခြင်းအရာကို မြတ်စွာဘုရား မြင်တော်မူသော် ဆွေတော်မျိုးတော်တို့ကို မာန်မာနကျိုးစိမ့်သောငှာ စံရာပလ္လင်ထက်မှာ စတုတ္ထဈာန်ဝင်စားတော်မူ၍ ကောင်းကင်ထက်သို့ တက်တော်မူပြီး ရေအစုံမီးအစုံသောတန်ခိုးပြဋ္ဌိဟာတို့ကို ပြတော်မူပြီး သာကီဝင်မင်းအပေါင်းတို့၏ ဦးခေါင်းထက်၌ ဖဝါးခြေမှုန့်ကို ကျဲချသကဲ့သို့ဖြစ်စေ၏။

သာကီဝင်မင်းအပေါင်းတို့လည်း ကြည်ညိုဖွယ်ရာ ရောင်ခြည်



တော်ခြောက်သွယ်နှင့်တကွ အံ့ဖွယ်သရဲထူးကဲဆန်းကျယ်သော တန်ခိုးပြာဋိဟာတို့ကို ဖူးမြင်ရသောအခါ ရှိမခိုးဘဲ နေဝံ့သူမရှိ။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှစ၍ သာကီဝင်မင်းအပေါင်းတို့ ကြည်ညိုရိုကျိုးရှိခိုးဦးနှိမ်ကန်တော့ကြသည်။

ထိုအခါ စွတ်လိုသူကို စွတ်၍မစွတ်လိုသူကို မစွတ်သော ပေါက္ခရဝဿမိုးကြီး ရွာသွန်းသည်ကို အကြောင်းပြု၍ ဤနေရာမှာပင် ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့သည်။

နိဂြောဓာရုံကျောင်းတော်နေရာမှာ သရက်ပင်များနှင့် ရေကန်နှင့်ပန်းပင်များကို စိုက်ပျိုးထား၍ စိမ်းလန်းသာယာရှိပါသည်။ ကျောင်းတော်နေရာမှာ အုတ်ရိုး အုတ်ပုံဖြင့် မြင့်မြင့်မားမားကျန်ရှိနေပါသေးသည်။ ကြီးမားကျယ်ဝန်းသော ကျောင်းတော်ကြီးဖြစ်ပါသည်။

ညီတော် နန္ဒမင်းသားကို ကပိလဝတ်နန်းတော်မှာ ဇနပဒကလျာဏီနှင့် လက်ထပ်ထိမ်းမြားသောနေ့၊ အိမ်ရှေ့ထီးဆောင်းမင်္ဂလာပြုသောနေ့မှာပင် သပိတ်ထမ်းစေ၍ ဤနိဂြောဓကျောင်းတော်ကြီးသို့ ခေါ်တော်မူလာခဲ့သည်။

ကျောင်းတော်သို့ရောက်လျှင် မြတ်စွာဘုရားက "ညီတော် ရဟန်းပြုတော်မူနိုင်ပါမည်လား'ဟု မေးသည်။ ကြင်ရာတော် ဇနပဒကလျာဏီက 'အရှင့်သား ကြာရှည်စွာမနေပါနှင့် လျင်လျင်မြန်မြန်ပြန်ခဲ့ပါ"ဟု မှာလိုက်သော စကားကိုကြားယောင်ပြီး အမြန်ပြန်လိုလှသော်လည်း နောင်တော်ဘုရားကို ရိုသေကြောက်ရွံ့ခြင်းကြောင့် အငြင်းစကားမပြောဝံ့ 'ပြုပါမည်'ဟု လျှောက်ထားလိုက်ရသည်။

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာခေါ်၍ ညီတော်နန္ဒကို ရဟန်းပြုစေသည်။ ညီတော်နန္ဒနှင့် ဇနပဒကလျာဏီတို့၏ အချစ်ဇာတ်လမ်းကလေးက ဘဝတဏှာကို တပ်မက်သူတို့အတွက် လွမ်းမောစရာ။ နိဂြောဓာရုံကျောင်းတော်ကြီးကို ကြည့်ပြီး ချစ်သူထံ ပြန်လိုရှာမည့် နန္ဒမင်းသားကို သတိရမိသည်။

မြတ်စွာဘုရားက ညီတော်နန္ဒကို သစ်ငုတ်တိုပေါ်မှ မျှော်မနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖနပဒကလျာဏီကို နှိုင်းယှဉ်မေးခဲ့သည်။ မညှာမတာမေးရက်လေသည်ဟု ညီတော်နန္ဒဝမ်းနည်းငိုကြွေးသည်။

မြတ်စွာဘုရားက ညီတော်ကို တာဝတိံသာနတ်ပြည်သို့ခေါ်သွားပြီး တွေ့ရသော နတ်သမီးများနှင့် ဇနပဒကလျာဏီ မည်သူက လှသနည်းဟု နှိုင်းယှဉ်မေးသည်။ နတ်သမီးတို့နှင့်စာလျှင် ဇနပဒကလျာဏီသည် သစ်ငုတ်တိုပေါ်မှ မျောက်အိုမနှင့် တူသွားကြောင်း လျှောက်ထားသည်။

မြတ်စွာဘုရားက သာသနာတော်၌ ကောင်းစွာကျင့်ကြံအားထုတ်လျှင် နတ်သမီးများလာရောက်ခစားစေတတ်သော ဂါထာအဖြစ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးနှင့်စပ်သော တရားဒေသနာကို ဂါထာဖွဲ့သီပေးသည်။

ထိုဂါထာကို အနက်ထင်အောင် ကြိုးစားပွားများရင်း အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်၏။

ထိုနောက်ရက်များ မကြာမီပင် ရာဟုလာမယ်တော် ယသော်ဓယာသည် သားတော်ရာဟုလာကို ဘုရားရှင်ထံ ရွှေအိုးကြီးလေးလုံး အမွေတောင်းခိုင်း၏။

ရာဟုလာမင်းသားလည်း ဆွမ်းဘုဉ်းပေးနေသော ဘုရားရှင်ထံချဉ်းကပ်၍ အဖဉစ္စာဟူက သားရစမြဲဖြစ်ကြောင်း ပြောပြီးအမွေတောင်း၏။ မြတ်စွာဘုရား နိဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွသည်အထိ သင်္ကန်းစကိုဆွဲ၍ အတူလိုက်ပါရင်း အမွေရလိုကြောင်း တောင်းခံသည်။ မြတ်စွာဘုရားရှင်က ငြင်းဆိုခြင်းပြန်ခိုင်းခြင်းမရှိ။

နိဂြောဓာရုံကျောင်းတော်သို့ ရောက်တော်မူသောအခါ 'ငါ့သားရာဟုလာသည် ဥစ္စာအမွေကို အလိုရှိ၏။ ထိုဥစ္စာကား ဝဋ်ဘဝ၌ ရှည်လျားစွာ ကျင်လည်စေကြောင်း၊ မကောင်းသောအမွေဖြစ်၍ ကိုယ်တိုင်ကြိုးစားရှာဖွေရရှိခဲ့သော လောကုတ္တရာ ဓမ္မအမွေကိုပေးရန် ရှင်သာရိပုတ္တရာကိုခေါ်ပြီး –

"ဤရာဟုလာမင်းသားကို ငါအမွေသနားတော်မူလိုသည် ရှင်ပြုလော့"ဟု မိန့်တော်မူသည်။ ရှင်မောဂ္ဂလန်က ဆံရိတ်၍ သင်္ကန်းဝတ်ပေး



သည်။ ရှင်သာရိပုတ္တရာက သရဏဂုံတင်ပေးသည်။ ရှင်မဟာကဿပက ဩဝါဒဆရာဖြစ်သည်။

သုဒ္ဓေါဒနမင်းကြီး သားရော မြေးပါ သာသနာ့ဘောင်ဝင်၍ ထီးမွေနန်းရုံဆက်ခံသူပြတ်ပြီး ပူပန်ဆင်းရဲကြေကွဲစွာ ခံစားသောကြောင့် နောင်တွင်မိဘခွင့်လွှတ်မှ ရဟန်းပြုပေးပါရန် တောင်းပန်သည်။ မြတ်စွာဘုရား ဝိနည်းပညတ်ပေးပါသည်။

ဤနိဂြောဓာရုံကျောင်းတော်ကြီး၌ ဖြစ်ခဲ့ကြသော သားအဖ၊ ညီနောင်တို့၏ အဖြစ်ကို ဆင်ခြင်ကြည့်သောအခါ သံသရာဝဋ်ဘေးမှ လွတ်မြောက်ခြင်းသည်သာ အကြီးမားဆုံးသော ဆုမြတ်အဖြစ် နားလည်ရပါသည်။

နိဂြောဓာရုံကျောင်းတော်ကြီးနေရာမှာ မြတ်စွာဘုရားရှင်ကို ရိုသေစွာကန်တော့ကြပါ၏။ ကျောင်းတော်၏ အုတ်နံရံများမှာ ရွှေချကြ၏။ ကျောင်းတော်ကြီး၏ အမြင့်ဆုံးနေရာမှာ ဘာသာခြားတို့က သျှိဝနတ်၏ လိင်အင်္ဂါကို စိုက်ထူထားကြသည်။ မဖွယ်ရာသော နိမ့်ကျမှုဖြစ်ပါသည်။ ဗုဒ္ဓဘာသာမြန်မာဘုရားဖူးတို့ ရှောင်ကွင်း၍ ဆင်းခဲ့ရ၏။

နိဂြောဓာရုံကျောင်းတော်မှပြန်ထွက်ပြီး လုမ္ဗဏီဥယျာဉ်သို့ သွားကြသည်။ စွန့်စွန့်စားစား သွားရသော ခရီးဆိုသော်လည်း ဘာမျှအတားအဆီးအနှောင့်အယှက်မရှိ။ အေးအေးဆေးဆေးချောမောစွာ ပြန်လာခဲ့ရသည်။ ကပိလဝတ်မှ လုမ္ဗဏီဥယျာဉ်သို့ (၁၀)မိုင်သာ ဝေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## လုမ္ဗဏီဥယျာဉ်

လုမ္ဗဏီဥယျာဉ်သို့ ရောက်သောအခါ (၂၄)နာရီ မီးမငြိမ်းမီးခွက်မှာ မာတ်ပုံရိုက်ကြသည်။ လုမ္ဗဏီသာမောအင်ကြင်းတောဆိုသကဲ့သို့ ကုလသမဂ္ဂ၏ အကူအညီအစီအစဉ်နှင့် ဗုဒ္ဓဘာသာနိုင်ငံများမှ လှူဒါန်းကြသောငွေများဖြင့် သာယာလှပသော ဥယျာဉ်ကြီးတစ်ခုဖန်တီးထားသည်။ သို့သော်ငွေများစွာတို့မှာ အလွဲသုံးစားမတရားအလုပ်ခံရသည်ဟုသိရ၏။ အကယ်၍သာ ထိုသို့မတရားအပြုမခံရလျှင် လှူဒါန်းကြသည့်ငွေများမှာ လုမ္ဗဏီဥယျာဉ်မှလမ်းများကို ရွှေလမ်းခင်းနိုင်သည်ဟုဆို၏။

လုမ္ဗဏီဖုံအစီအစဉ်အတိုင်းမဖြစ်သည်ကို မကျေနပ်၍ စုံစမ်းရန်ရောက်ရှိလာသော ဂျပန်နိုင်ငံမှ သံဃာတော်မှာ အသတ်ခံလိုက်ရသည်။

လောကကြီးတွင် စိတ်ကောင်းစေတနာကောင်းနှင့် ကောင်းမှုကုသိုလ်ပြုသူများရှိသကဲ့သို့ လောဘ၊ ဒေါသ၊ မာန်မာနတို့နှင့် အကုသိုလ်အမှုပြုသူတို့လည်း များလှစွာ၏။ ထိုအထဲတွင် သူများပြုသောကောင်းမှုကို လောဘဖြင့် အလွဲသုံးစားပြုသည်မှာ ကြောက်စရာကောင်းသောအကုသိုလ်အမှုဖြစ်ပါသည်။

လုမ္ဗဏီဥယျာဉ်သည် သစ်ပင်များနှင့် စည်ကားပါ၏။ အင်ကြင်းပင်များကိုလည်း အသစ်ဖြည့်၍ စိုက်ပျိုးထားပါ၏။

လုမ္ဗဏီဥယျာဉ်မှာ BC ၂၄၉ခုနှစ်က အသောကမင်းကြီး စိုက်ထူထားသော အထိမ်းအမှတ်ကျောက်တိုင်ရှိသည်။ အမြင့် ၁၃ပေခွဲ၊ လုံးပတ်





လုမ္ဗိနီဥယျာဉ် ဖွားတော်မူရာနေရာ အုတ်ကျောင်းမှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ရပေ ၃လက်မရှိသည်။ မြေဝင် ၁၀ပေခန့်ဖြစ်သည်။ ထိပ်ပိုင်းမြင်းရပ်မှာ မရှိတော့ပါ။

မယ်တော်မာယာ သားဖွားမည့်ပုံထုလုပ်ထားသော ကျောက်ပြား ရှိပါသည်။ မယ်တော်မာယာသည် အင်ကြင်းကိုင်းကိုင်လျက် ဘုရားလောင်း မင်းသားငယ်က ဘေးမှာမတ်တပ်ရပ်ပုံဖြစ်ပါသည်။

ဘုရားအလောင်းဖွားတော်မူပြီးလျှင် မြောက်အရပ်သို့ ခြေ (၇)လှမ်း ကြွတော်မူသော အထိမ်းအမှတ်အဖြစ် စေတီငယ် (၇)ဆူရှိသည်ဟု ဆို၏။ ယခုအခါတွင် စေတီအုတ်ခုံ (၄)ခုကိုသာ တွေ့ရတော့သည်။

ဘုရားအလောင်းတော်မွေးဖွားရာနေရာတွင် အထိမ်းအမှတ်အဖြစ် အုတ်ကျောင်းတော်ဆောက်လုပ်ထားသည်။ ကျယ်ကျယ်ပြန့်ပြန့်ရှိ၍ သေသပ် လှပသော အဆောက်အဦဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ ဝင်များအားလုံး ယောဂီဝတ်စုံ၊ ယောဂီတဘက် ရင်မှာပိုက်လျက် အညီအ ညွတ်ဝတ်သောနေ့ဖြစ်သည်။ သံဃာတော်များရှေ့မှ ဦးဆောင်လျက် နောက် မှစီတန်းပြီး အုတ်ကျောင်းပေါ်သို့ လှေကားအတိုင်း တက်ကြသည်။ ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်နှင့် ပဋ္ဌာန်းဒေသနာကို ရွတ်ပြီးသွားကြခြင်းဖြစ်၏။ သံဃာတော်များအပါအဝင် လူသုံးဆယ်ကျော်ရှိ သည်။ မြန်မာဗုဒ္ဓဘာသာများပီပီ ဂုဏ်တော်များနှင့် ပဋ္ဌာန်းစသည်တို့ကို အားလုံးတူညီစွာ ရကြသည်။ အသံနေအသံထား မှန်ကန်စွာနှင့် တညီတ ညွတ်ရွတ်ဆိုနိုင်ကြသည်။ ဦးဆောင်သည်မှာ ဘုတလင်မြို့နယ်သား လုမ္ဗဏီ မြန်မာကျောင်းဆရာတော် ဦးဉာဏဝံသဖြစ်ပါသည်။

မြတ်စွာဘုရား ဖွားမြင်တော်မူသည့် သံဝေဇနီယနေရာမြတ်ဖြစ် သောကြောင့်လည်း အားလုံး၏ အသံမှာ ကြည်ညိုသဒ္ဓါထက်သန်စွာ ညီညာ ၍ နေပါသည်။ လျှောက်လှမ်းနေကြပုံကလည်း တည်ငြိမ်အိန္ဒြေရစွာ တန်းစီ လက်အုပ်ချီလျက်ဖြစ်ပါသည်။

နိုင်ငံတကာမှ ရောက်ရှိနေကြသော ဘုရားဖူးများသည် မြန်မာဗုဒ္ဓ ဘာသာဘုရားဖူးအဖွဲ့ကို လမ်းဘေးမှာရပ်၍ သဘောကျစွာ ကြည့်နေကြ သည်။ ဓာတ်ပုံရိုက်ယူကြသည်။ ဗွီဒီယိုရိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရားဖူးအဖွဲ့ဝင်များ ကျောင်းဆောင်အတွင်းရောက်သောအခါ စကြံအတိုင်း စီတန်းလမ်းလျှောက်လျက် ရွတ်ဖတ်မပျက် မြတ်စွာဘုရားကိုကြည်ညိုရိုသေစွာပူဇော်ကြသည်။ ဘုရားဖူးတော်မူရာနေရာကို အလှည့်ကျကြည့်ကြသည်။ ဓာတ်ပုံရိုက်ကြသည်။ အားလုံးပြီးသည်နှင့် ဝရံတာတစ်ပတ်မှာထိုင်လျက် နေရာယူပြီး ဘုရားရှိခိုးမေတ္တာပို့ အမျှဝေ၍ (၁၀)မိနစ်တရားထိုင်ကြသည်။

အဖွဲ့လိုက် အစီအစဉ်ပြီးသည်နှင့် တစ်ဦးချင်းစိတ်ကြိုက်ကြည့်ရှုလေ့လာကြ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

၁၁ နာရီခွဲတွင် လုမ္ဗဏီဥယျာဉ်မြန်မာကျောင်းသို့ ပြန်လာကြပြီး နေ့လယ်စာထမင်းစားကြသည်။ ကျောင်းမှ အဆင်သင့်စီစဉ်ချက်ပြုတ်ခူးခပ်ပြင်ဆင်ကျွေးမွေးခြင်းဖြစ်သည်။ မြန်မာတို့အတွက် မြန်မာကျောင်းကချက်ကျွေးသော မြန်မာအစားအစာဖြစ်ပါသည်။ ကြက်သားဟင်း၊ ငါးပိလိမ္မာချက်၊ ရွှေဖရုံသီးဟင်း၊ မုံလာချဉ်ရည်ဟင်းဖြစ်သည်။ စား၍ကောင်းကြသည်။ ထပ်တောင်းသမျှ ထည့်ပေးသည်။ ဤဘုရားဖူးခရီးစဉ်တွင် မြန်မာကျောင်းများရှိသည်မှာ အဆင်ပြေကောင်းမွန်လှပါ၏။

# လုမ္ဗဏီမှ ကုသိနာရုံသို့

နေ့လယ်စာထမင်းစားပြီးကြသည်နှင့် ဆရာတော်များကို ကန်တော့ဝေယျာဝစ္စဆောင်ရွက်သူများကို နှုတ်ဆက်ပြီး ၁၂ နာရီ ၄၅ မိနစ်မှာ ဘုရားအလောင်းဖွားတော်မူရာ လုမ္ဗဏီဥယျာဉ်မှ ထွက်ခွာလာခဲ့သည်။ ပုံမှန်ပြုနေကျအတိုင်း ကားပေါ်မှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို ညီညီညာညာ ရွတ်ဆိုကန်တော့လျက်ပါ။

မော်တော်ကားကြီးက လမ်းမပေါ်မှာ အရှိန်မှန်မှန်ပြေးသွားနေပါသည်။ လုမ္ဗဏီနှင့် ကုသိနာရုံမှာ (၈၅)မိုင်မျှသာ ဝေးပါသည်။ လွန်ရောကျွန်ရော (၄)နာရီခန့်နှင့် ရောက်နိုင်သောခရီးဖြစ်သည်။

နီပေါနှင့် အိန္ဒိယနယ်စပ်သို့ ရောက်သောအခါ နယ်စပ်ဖြတ်ကျော်ခွင့်လုပ်ရသည်။ မိနစ် (၂၀)ခန့်သာ ကြာပါသည်။ အိန္ဒိယနိုင်ငံထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး လမ်းမှာ ဒူရဂါဘုရားလှည့်ပွဲများနှင့် ကြုံရပြီ။

နီပေါနိုင်ငံ လုမ္ဗဏီဥယျာဉ်သို့အသွားခရီးတွင် နတ်ဘုရားကျောင်းများ၏ပြင်ဆင်နေခြင်း၊ နတ်ဘုရားရုပ်ထုပုံများ ပြုလုပ်နေခြင်း၊ ပွဲတော်ပြုရန်ပွဲခင်းပြင်နေကြခြင်းများကို တစ်လမ်းလုံးတွေ့မြင်ခဲ့ရ၍ ထူးခြားသည့်ကြီးကျယ်သောပွဲတော်ဖြစ်သည်။ တစ်နိုင်ငံလုံးနေရာတိုင်းမှာ စည်ကားစွာ ကျင်းပသောပွဲတော်ဖြစ်မည်။ ကြုံကြိုက်တိုက်ဆိုင်လျှင် မည်မျှကောင်းမည်နည်း။ သူ့နိုင်ငံသူ့ယဉ်ကျေးမှု၏ ထူးခြားသော အလေ့အထကို မြင်တွေ့ရမည်ဟုတိုက်ဆိုင်စွာကြည့်မြင်လိုခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတိုက်ဆိုင်နေပြီ။ ဒူရဂါဘုရားပွဲဟု သိရသည်။ မြို့တိုင်းရွာတိုင်း ရပ်ကွက်တိုင်းလမ်းတိုင်းမှာပင် ဒူရဂါဘုရားကျောင်းများရှိနေသည်။ ရှိသော ဘုရားကျောင်းတိုင်းမှာလည်း ပွဲတော်များ စည်ကားစွာကျင်းပနေသည်။

နတ်ဘုရားမပုံတော်မှာ လက်တွေအများကြီးပါ၍ ကျွန်တော်က လက်ချိမီးနတ်ဟု ထင်မိသည်။ ကိုယ့်ဘာသာထင်ချင်ရာထင်ထားခြင်းဖြစ်သည်။ ဘုရားဖူးအဖွဲ့လမ်းညွှန်ဦးတင်ရှိန်က ပြောပြမှ ဒူရဂါနတ်ဘုရားပွဲတော်ဖြစ်မှန်းသိရသည်။

ဒူရဂါနတ်ဘုရားသည် မိန်းကလေးများကို စောင့်ရှောက်သောနတ်ဘုရားမဖြစ်ကြောင်းသိရသည်။

ဒူရဂါနတ်ဘုရားပွဲနေ့တွင် မိန်းကလေးမှန်သမျှ လမ်းပေါ်ထွက်လာကြပြီး ဒူရဂါနတ်ဘုရားမကို ပူဇော်ကြရသည်။ ထို့ကြောင့် ဤနေ့တွင် အိမ်တွင်းပုန်း၊ ခေါင်းမြီးခြုံ မိန်းကလေးအကုန်လုံးကို လမ်းများပေါ်မှာ မြင်နိုင်သည်ဟု ဦးတင်ရှိန်က ရှင်းပြ၏။

မှန်ပါသည်။ ယခင်ရက်များမှာ ယောကျ်ား(၁၀၀)တွေ့၍ မိန်းမ (၅)ယောက် တွေ့မြင်ရရန်မလွယ်။ ခုတော့ လမ်းများပေါ်မှာ မိန်းကလေးများစွာကို လှပသော ဆာရီများဝတ်ဆင်ပြီး အလှပြင်လျက် တွေ့မြင်နေရသည်။

နတ်ဘုရားမ၏ နတ်ကွန်းဘုရားကျောင်းများကို လမ်းဘေးမှာ လှပသပ်ယပ်စွာ ပြုလုပ်ထားကြသည်။ ဘုရားကျောင်းထဲတွင် လက်များစွာပါသော ဒူရဂါနတ်ဘုရားမကို တွေ့ရသည်။ ထူးခြားသောပုံတော်ဖြစ်သည်။ အမျိုးသမီးပုံမှာ လက်များစွာနှင့်ဖြစ်သည်။ နတ်ဘုရားမပုံနှင့်အတူ ဟနူမာန်နတ်ရုပ်ပုံကိုလည်း တွေ့ရသည်။

လမ်းများပိတ်နေ၍ ကျွန်တော်တို့ ဘုရားဖူးကားမှာ မကြာခဏရပ်စောင့်ပြီးမှ သွားရသည်။

ဘုရားပွဲမဏ္ဍပ်အနီးမှာ မိန်းကလေးများစွာက ရပ်လျက်ရှိနေကြသည်။ လူငယ်ယောကျ်ားလေးများစွာတို့ကားပေါ်၊ လှည်းပေါ်မှာ ဒူရဂါနတ်ဘုရားမပုံ၊ ဟနူမာန်နတ်ဘုရားပုံစသည်တို့ကိုတင်ပြီး လှည့်လည်ရန် ပြင်ဆင်



နေကြသည်။

ကားများပေါ်မှ လူငယ်ယောကျ်ားလေးများက လမ်းဘေးမှာရှိနေကြသော မိန်းကလေးများစွာကိုကြည့်ပြီး စိတ်ကြိုက်ရွေးချယ်နိုင်ကြသည်။ မိမိတို့သဘောကျသော မိန်းကလေးကိုတွေ့ရလျှင် မှတ်ထားပြီး ဘုရားပွဲပြီးသောအခါ မိဘကို သွားပြောတောင်းရမ်းယူနိုင်သည်ဟု သိရ၏။

ကြင်ယာရွေးခွင့်ရသော ဘုရားပွဲဟု ပြောနိုင်ပါသည်။ မိန်းကလေးများကလည်း ဒူရဂါနတ်ဘုရားမကို ပူဇော်ပြီး ကြင်ရာကောင်းရအောင် ဆုတောင်းကြရသောပွဲတော် ဖြစ်ဟန်တူပါသည်။ သူ့အလေ့အထနှင့် သူ့ပွဲတော်ပျော်စရာနှင့် ထူးခြားသော ဓလေ့တစ်ခုအဖြစ်မှတ်သားရပါသည်။

သို့သော် တဖြည်းဖြည်းနှင့် လမ်းများက ပို၍ပိတ်ဆို့လာသည်။ တချို့နေရာမှာ အကြာကြီးစောင့်နေရသည်။ ညနေစောင်းလေပို၍စည်လေဖြစ်လာသည်။ လှည့်လည်နေကြသော ဘုရားပွဲအဖွဲ့ကို စောင့်နေရသည်။ သူတို့လွန်သွားမှ ဆက်သွားခွင့်ရသည်။

တစ်မြို့တွင်ကား ဘုရားပွဲလှည့်သူများနှင့် လမ်းများအားလုံး ပိတ်နေသောကြောင့် ရဲကတား၍ နောက်ကြောင်းပြန်လှည့်ပြီး လမ်းကြောင်းအသစ်မှ သွားရသည်။ ညပိုင်းရောက်သောအခါ ပိုဆိုးလာသည်။ စတီဗ်ရှိုးပွဲများနှင့်လမ်းများပိတ်ကုန်သည်။ လမ်းလွှဲများမှ ရှောင်ကွင်းသွားရင်း သစ်ပင်ကြီးများကို ဖြတ်ရသည်။ ခရီးပိုဝေးကုန်သည်။ လေးနာရီခန့်နှင့်ရောက်ရမည့်ခရီးမှာ ရှစ်နာရီကြာ၍လည်း မရောက်နိုင်။

လူတွေအားလုံးလည်း ဗိုက်ဆာကုန်ကြပြီ။ လမ်းမှာ ငှက်ပျောသီး၊ မုန့်ချို၊ ဘီစကွတ် စသည်တို့ကိုစားပြီး အဆာပြေကြရသည်။ စေတနာရှင်ဦးလှဝင်းက တစ်လမ်းလုံးမှာ တွေ့သမျှ ဝယ်ကျွေးနေသည်။ ကြုံဖူးချင်သော ဘုရားပွဲ ကြုံပြန်တော့လည်း မြို့ရွာလမ်းများ ပိတ်ဆို့ကုန်၍ သွားရလာရခက်ကုန်သည်။ (၁၁)နာရီခန့်ကြာအောင် မောင်းရ၍ ည (၁၂)နာရီကျော်မှ ကုသိနာရုံသို့ ရောက်ကြသည်။

ကုသိနာရုံ ဘုန်းတော်ကြီးကျောင်းမှ အဆင်သင့်ပြင်ထားသော ညနေစာကို ညလယ်စာအဖြစ် စားလိုက်ကြရသည်။ စားပြီးသည်နှင့် ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



လွှန်း၍ ဂူသိနာရုံဘုန်းကြီးကျောင်းမှာ အိပ်စက်အနားယူကြရသည်။ အိပ်ခန်း အိပ်ရာနေရာစသည်တို့မှာ အဆင်သင့်ဖြစ်၍ ကျေးဇူးတင်စရာ ကောင်းလှပါသည်။

## သံဝေဇနီယကုသိနာရုံ

ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထား၍ ကြည်ညိုသော မြတ်စွာဘုရား၊ ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရား၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ဆရာတစ်ဆူအစစ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကယ်မပို့ဆောင်တော်မူသော မဟာကရုဏာတော်ရှင်မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံသည် ဗုဒ္ဓဘာသာတို့အတွက် ဝမ်းနည်းကြေကွဲစရာနှင့် သတိသံဝေဂဖြစ်စရာ သံဝေဇနီယနေရာတော်မြတ်ဖြစ်ပေသည်။

မနက်အိပ်ရာမှ နိုးနေသည်နှင့် ကုသိနာရုံမြန်မာကျောင်းမှ ကျွေးသော မနက်စာကိုစားပြီး ကုသိနာရုံသို့သွားရန် ပြင်ဆင်ကြသည်။ မြန်မာကျောင်းနှင့် ကပ်လျက်မှာရှိသောကြောင့် ခြေကျင်သွားကြမည်။ အားလုံး ယောဂီဝတ်စုံဝတ်ပြီး ယောဂီတဘက်သိုင်းရသောနေ့ဖြစ်သည်။

ဘုရားဖူးအဖွဲ့မှ ကြိုတင်စီစဉ်၍ ယူဆောင်လာသော ရွှေသင်္ကန်းတော်ကြီးကို ဖြန့်ပြီးအားလုံးဝိုင်း၍ကိုင်ကြရသည်။ အလျား (၂၁)ပေရှိသော လျောင်းတော်မူကိုယ်တော်ကြီးကို လွှမ်းခြုံကြရမည့် ရွှေသင်္ကန်းဖြစ်သည်။ ကြီးမားကျယ်ပြန့်သော သင်္ကန်းတော်ဖြစ်၍ ဘုရားဖူးသံဃာတော်များနှင့် ဘုရားဖူးအဖွဲ့ဝင်များအားလုံးမျှကိုင်ကြရသည်။

မြန်မာကျောင်းမှ ထွက်ကတည်းက နမောတဿသုံးကြိမ်ညီညီညာညာရွတ်ဆို၍ ဘုရားကန်တော့ကြသည်။ ပြီးသော်ဘုရားဂုဏ်တော်၊

www.burmeseclassic.com

www.burmeseclassic.com



တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို ရွတ်ဆိုပူဇော်ကြသည်။ ကုသိနာရုံဘုရားဝင်းအတွင်းသို့ ရောက်လာကြပြီ။ မြက်ခင်းစိမ်းစိမ်းလေးများ၊ အလှစိုက်တော်ဝင်အုန်းပင်တန်းများ၊ အင်ကြင်းပင်များ၊ ရေကန်များနှင့် သာယာလှပသည်။ နိုင်ငံတကာမှ ဘုရားဖူးအဖွဲ့များလည်း စည်ကားစွာ ရောက်နေကြပြီ။

ကုသိနာရုံမြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရရှေ့မှဦးဆောင်၍ မဟာပရိနိဗ္ဗာန ရုပ်ပွားတော်ရှိရာ ကျောင်းဆောင်ဆီသို့ လျှောက်လှမ်းခဲ့ကြသည်။ မြန်မာဘုရားဖူးအဖွဲ့ဝင်များအားလုံးပဋ္ဌာန်းဒေသနာတော်ကြီးကို ညီညာစွာ ရွတ်ဆိုလာကြသည်။

ကျောင်းတော်ကြီးအတွင်းသို့ ရောက်သောအခါ မဟာပရိနိဗ္ဗာန်ရုပ်ပွားတော်ကြီးကို လက်ယာရစ်လှည့်ပတ်ပူဇော်ပြီး ရုပ်ပွားတော်ကြီးမှာ လွှမ်းခြုံထားသည့် ရွှေသင်္ကန်းတော်ကို မြန်မာကျောင်းဆရာတော်ကြီး အရှင်ဉာဏိဿရက စွန့်တော်မူရန်ခွင့်ပန်၍ ရုပ်သိမ်းပြီး ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ လှူဒါန်းသော ရွှေသင်္ကန်းတော်ကြီးကို ရုပ်ပွားတော်မှာ ဆက်ကပ်လှူဒါန်းပါသည်။

ရုပ်ပွားတော်မှာ မြောက်ဘက်သို့ ဦးခေါင်းတော်ပြု၍ အနောက်ဘက်သို့ မျက်နှာမူထားသည်။ ဦးခေါင်းတော်မှ ခြေဖဝါးအထိ ပေ (၂၀) ရှိသည်။ ပခုံးတော်အကျယ် ၅ပေ ၆လက်မ ရှိသည်။ အောက်ဘက်မှ ညောင်စောင်း၏ အလျား ၂၃ပေ ၉လက်မ အနံ ၂ပေ ၁လက်မ ရှိသည်။

ရုပ်ပွားတော်ကြီးမှာ ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။ မဏိတော်ဘက်မှ ဖူးမြော်ပါက ပြုံးနေသောဟန်နှင့် ကြည်ညိုဖွယ်ရာ သပ္ပါယ်လှပါသည်။ မျက်နှာတော်တည့်တည့်မှ ဖူးပါက ကျိန်းစက်နေဟန်တွေ့မြင်ရပါသည်။ ခြေရင်းဘက်မှ ဖူးမြော်ပါက ဝေဒနာခံစားနေရသည့်ဟန်ကို ဖူးရပါသည်။

ရုပ်ပွားတော်ကြီး၏ တစ်ပတ်လည်မှာ မြန်မာဘုရားဖူးအဖွဲ့ဝင်များနေရာယူ၍ သံဃာတော် အရှင်မြတ်များ ရှေ့မှဦးဆောင်သည့်အတိုင်း စုပေါင်းညီညာဘုရားကန်တော့ကြသည်။



ကျွန်တော်ထိုင်ရသည့်နေရာမှာ မြတ်စွာဘုရား၏ မျက်နှာတော်နားမှာဖြစ်သည်။ အသင့်ယူဆောင်လာသော ကြာညိုပန်းနှစ်ပွင့်ကို ဘုရား၏ မျက်နှာတော်အနီးပလ္လင်ပေါ်မှာထား၍ လှူဒါန်းပူဇော်လိုက်သည်။

သက်တော်ထင်ရှားရှိခဲ့သော မြတ်စွာဘုရားသည် နောက်ဆုံးခရီး၊ နောက်ဆုံးအချိန်၊ နောက်ဆုံးတရားနှင့် ပရိနိဗ္ဗာန်ပြုပုံများ ဖတ်ရှုမှတ်သားခဲ့သည်တို့ကို ပြန်လည်၍ဆင်ခြင်မိပါ၏။

မြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်မောဂ္ဂလန်တို့ ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ ကြွရောက်တော်မူခဲ့သည်။

ဝေသာလီပြည်မှာ သီတင်းသုံးတော်မူစဉ် ရှင်အာနန္ဒာကို 'ငါဘုရားအလိုတော်ရှိ၍ ဣဒ္ဓိပါဒ် (၄)ပါး၊ ဗောဇ္ဈင် (၇)ပါးတရားတို့ကို လေ့လာပွားများ၍နေသော် အာယုကပ်ပတ်လုံးတည်တော်မူနိုင်ကြောင်း အမြွက်အရိပ်နမိတ် သြဘာစကား မိန့်ကြားတော်မူခဲ့သည်။

အရှင်အာနန္ဒာလည်း မာရ်နတ်ပူးဝင်နှောင့်ယှက်၍ တည်နေတော်မူပါရန် တောင်းပန်ခြင်းမပြုမိခဲ့။ မာရ်နတ်မင်းကတော့ ညီတော်အာနန္ဒာရှေ့ဆောင်ရန် သွားနေခိုက်မှာ မြတ်စွာဘုရားရှင်အား ပရိနိဗ္ဗာန်ပြုတော်မူရန် လျှောက်ထားလာ၏။

မြတ်စွာဘုရားရှင်လည်း ရှေးဘုရားတို့ အာယုသင်္ခါရကို ရှုဆင်ခြင်သော် သက်တမ်းကို ငါးဖို့ပြု၍ လေးခုမျှသာ တည်တော်မူသည်ကို ဆင်ခြင်တော်မူလျက် သက်တော် (၈၀)ရှိပြီဖြစ်၍ နောင် (၃)လမှာ ပရိနိဗ္ဗာန်ပြုမည်ဖြစ်ကြောင်း မာန်နတ်ကို မိန့်တော်မူလိုက်သည်။

ထိုအခါ မြတ်စွာဘုရား၏ အာယုသင်္ခါ သမာပတ်၏ အာနုဘော်ကြောင့် မြေ၊ ရေ၊ ကောင်းကင်၊ သမုဒ္ဒရာ၊ သတ္တဝါအပေါင်းတို့ ကြောက်ရွံ့ထိတ်လန့်ကြက်သီးမွေးညှင်းထစေခြင်းငှာ မဟာပထဝီမြေကြီးသည် သည်းစွာတုန်လှုပ်၏။ ဘဝင်မိုးပြင် ပွဲတင်တော်လဲ၏။

မြေလှုပ်ခြင်းအကြောင်းကို အာနန္ဒာမေးလျှောက်လေသော် မြတ်စွာဘုရားက မာန်နတ်လာရောက်လျှောက်ထား၍ ဤကာလမှ နောက်သုံးလ

www.burmeseclassic.com

www.burmeseclassic.com



မြောက်လွန်သောအခါ ပရိနိဗ္ဗာန်စံတော်မူအံ့ဟု အာယုသင်္ခါရကြောင့် မြေငလျင်လှုပ်ကြောင်း မိန့်တော်မူသည်။

ထိုအခါကျမှ အရှင်အာနန္ဒာက လူတို့၏ အကျိုးစီးပွားများ စိမ့်သောငှာပရိနိဗ္ဗာန်မပြုပါလင့်၊ အာယုကပ်ပတ်လုံး တည်တော်မူပါဟု လျှောက်၏။

သို့သော် နောက်ကျခဲ့လေပြီ။ ဘုရားရှင်တို့မည်သည် ဆိုအပ်ပြီးသောစကားကို မပြင်ချေ။ ဝေသာလီမှာရှိသော ရဟန်းအပေါင်းကို စည်းဝေးစေ၍ သုံးလမြောက်လွန်သော် ပရိနိဗ္ဗာန်ပြုတော်မူမည့်အကြောင်း မိန့်တော်မူ၏။ သတိပဋ္ဌာန်တရား (၄)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင် (၈)ပါး တရားတော်များကို ပွားများအားထုတ်ကြရန် ဆုံးမတော်မူသည်။

နောက်နေ့ မိုးသောက်မှ ဝေသာလီတွင် ဆွမ်းခံပြီး ညီတော်အာနန္ဒာနှင့်အတူ ဘဏ္ဍာဂါမသို့ သွားကြ၏။ ဘဏ္ဍာဂါမမှတဆင့် ဟတ္ထိဂါမ အမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဘောနဂရသို့ အစဉ်အတိုင်း ကြွတော်မူ၏။ သံဃာတော်တို့ကိုလည်း မဟာပဒေသ (၄)ပါးကို ညွှန်ကြားတော်မူပြီး ဘောဂနဂရမှတဆင့် ပါဝါပြည်သို့ ကြွတော်မူ၏။

ပါဝါပြည်၌ ရွှေပန်းတိမ်သည်၏သား စုန္ဒါယကာ အထူးစီစဉ်ချက်ပြုတ်၍ ဆက်ကပ်လှူဒါန်းသော ဝက်သားပျိုသားနှင့် ပြွန်းသည့်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူသည်။ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူမည့်နေ့တွင် သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းနှင့်အတူပင် အကျိုးကြီးသောဆွမ်းဖြစ်ကြောင်း အခြားသော ကာလများမှာ လှူရသော ဆွမ်းတို့ထက်ထူးကဲလွန်မြတ်ကြောင်း မိန့်တော်မူပါသည်။

မြတ်စွာဘုရားသည် ညီတော်အာနန္ဒာနှင့်အတူ သံဃာတော်များနှင့်တကွ ပါဝါပြည်မှတဆင့် ကုသိနာရုံပြည်သို့ သွားကြသည်။ မြတ်စွာဘုရားသည် သွေးဝမ်းသွားနေ၍ပင်ပမ်းတော်မူလှ၏။ လမ်းခရီးတွင် သစ်ပင်ရင်း၌ ဒုကုဋ်တော်ကို လေးထပ်ခင်းစေ၍ လဲလျောင်းတော်မူရ၏။

ထိုသို့လျောင်းတော်မူပြီးသော် ရေမွတ်သိမ့်တော်မူ၍ အာနန္ဒာအားရေရှာစေသည်။ ညီတော် အာနန္ဒာ ရေရှာသော် ဂင်္ဂါမြစ်ရေမှာ မလ္လာမင်းတို့လှည်းငါးရာ ဖြတ်ကူးထား၍ နောက်ကျိနေသည်။ ရှေ့အနီးရှိ ကကုဓါမြစ်



ရောက်မှ ရေကြည်ရေအေးသောက်သုံးပါရန် လျှောက်ထားသော်လည်း သုံးကြိမ်တိုင် တိုက်တွန်းတော်မူ၍ သပိတ်တော်နှင့် သွားခပ်ရသည်။ နောက်ကျိနေသောရေသည် သန့်ရှင်းကြည်လင်စွာ ခပ်ယူရရှိ၏။ ထိုရေကို မြတ်စွာဘုရား ဘုဉ်းပေးသုံးဆောင်ရသည်။

ထိုမှတဆင့် ညီတော် အာနန္ဒာကို ခေါ်၍ ဟိရညဝတီမြစ်၏ဟိုမှာဘက်သို့ကူးပြီး ကုသိနာရုံပြည်မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ဝင်ရန် ခရီးဆက်ကြသည်။

ကုသိနာရုံပြည်အနီးသို့ရောက်သော် မလ္လာမင်းတို့ ပျော်ပါးရန်အလို့ငှာပြုပြင်ထားသော အင်ကြင်းဥယျာဉ်သို့ဝင်၍ မလ္လာမင်းတို့နေနားရန်ချထားသော ညောင်စောင်းကို အင်ကြင်းပင်နှစ်ပင်အကြားတွင် မြောက်သို့ဦးခေါင်းထား၍ လျင်မြန်စွာခင်းရန် အာနန္ဒာကို မိန့်တော်မူသည်။

အရှင်အာနန္ဒာသည် နောင်တော်ဘုရား အားတော်ကုန်လုပြီကိုသိပြီးသနားတော်မူ၍ ပူပင်သောနှလုံးဖြင့် ယူကျုံးမရ စီးကျသောမျက်ရည်ကိုသုတ်ပြီး ဒုကုဋ်တော်ကိုခင်းလျက် အင်ကြင်းပင်အစုံကြား၌ ညောင်စောင်းကိုထား၏။ ညောင်စောင်းထက်မှာ မြတ်စွာဘုရား ဖြည်းဖြည်းသာသာလက်ယာန်တောင်းဖြင့် လျောင်းတော်မူ၏။

ယင်းသို့ ရတနာညောင်စောင်းထက် လျောင်းစက်သောကာလတွင် ခြေရင်းမှာလည်းကောင်း၊ ခေါင်းရင်းမှာလည်းကောင်း တည်ရှိကုန်သောအင်ကြင်းပင်ပျိုတို့သည် အခါမဲ့ဖြစ်သော်လည်း ဘုရားရှင်ကို ပူဇော်ခြင်းငှာပင်လုံးညွတ်မျှ ပွင့်ကြကုန်၏။ ထိုမှတပါး ဥယျာဉ်တွင်းရှိ အခြားသောသစ်ပင်များစွာတို့သည်လည်း ဘုရားရှင်သို့ ညွတ်လျက်ပင်လုံးကျွတ်ပွင့်ကြကုန်၏။

နတ်ပြဟ္မာအပေါင်းတို့သည်လည်း အထူးထူးသော ပန်းတို့ဖြင့် ပူဇော်သက္ကာပြုကြပြီးလျှင် မြတ်စွာဘုရားသည် နိဗ္ဗာန်လားလွယ်ပေတကားဟု ဝမ်းနည်းကြေကွဲစွာ ငိုကြွေးမြည်တမ်းကြကုန်၏။

မြတ်စွာဘုရားရှင်သည် သံဃာတော်တို့အား မှာကြားဆုံးမသင့်သည်တို့ကို မှာကြားဆုံးမ၏။ ရှင်အာနန္ဒာမေးလျှောက်သည်တို့ကိုလည်း ဖြေကြားရင်းမှ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်းတို့သည် စေတီတည်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းတို့ဖြင့် လူတို့၏ အကျိုးများနိုင်ပုံကိုလည်း မိန့်တော်မူပြီးလျှင် ဖလသမာပတ်တွင် ဝင်စား၍ ဆိတ်ငြိမ်စွာ နေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ဤညမှာပင် မြတ်စွာဘုရားနိဗ္ဗာန်ယူချေတော့မည်ဟု ဆွေးမြေ့သောနှလုံးဖြင့် ယူကျုံးမရဖြစ်ကာ ဘုရားရှင်အနီးမှခွာ၍ မလ္လာမင်းတို့တည်းခိုရာ မင်းကွန်းဇရပ်တံခါးတိုင်ကိုင်လျက် ငိုကြွေး၏။ 'ငါသည် သောတာပန်မျှသာရှိသေး၍ အထက်မဂ်အလို့ငှာ ပြုရာကိစ္စရှိချေသေးသည်။ နောင်တော်ဘုရား ငါ့ကိုထား၍ ပရိနိဗ္ဗာန်ယူချေတော့မည်။ မနက်ဖြန်မှစ၍ နောင်တော်ဘုရားအား ပြုဘွယ်ဝတ်များပြုရမည်မဟုတ်သည်ကို ဝမ်းနည်းတသ ယူကျုံးမရ ပြောဆိုမြည်တမ်းကာ ငိုကျွေးရှာသည်။

ဘုရားရှင်သံဃာတော်တို့အား ကြည့်ရာတွင် အာနန္ဒာကိုမမြင်သောအခါ မေးတော်မူသည်။ သံဃာတော်များက အဖြစ်မှန်ကိုလျှောက်ထား၍ ဘုရားရှင်က အာနန္ဒာကိုခေါ်စေသည်။

ချစ်သားအာနန္ဒာ ငါဘုရားသည် သင်တို့အား ငိုကြွေးပူဆွေးခြင်းဖြင့် အကျိုးမရှိသည်ကို ဟောကြားတော်မူဖူးပြီ မဟုတ်ပါလော။ အကြင်ခန္ဓာကိုယ်သည် တဏှာဟူသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်၏။ ထိုဖြစ်သမျှ ခန္ဓာတို့သည် ပျက်မြဲသာလျှင်ဖြစ်ကြောင်း ငါဘုရားဟောတော်မူခဲ့ပြီ မဟုတ်ပါလား။

ချစ်သားအာနန္ဒာ သင်သည် ရှည်လျားစွာသော ကာလပတ်လုံး ငါဘုရားအား မေတ္တာစွမ်းအားကြီးစွာဖြင့် မျက်နှာသစ်ရေ၊ ဒန်ပူ ကပ်လှူခြင်း၊ နေရာခင်းခြင်းစသည့် ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်မှန်သမျှ မလစ်ဟင်းစေရအောင် အလုပ်အကျွေးပြုခဲ့ပြီ။ ဤသို့ပြုအပ်သော သင်၏ကောင်းမှုကုသိုလ်ကံသည် စကြဝဠာနှင့်စာသော် စကြာဝဠာသည် ကျဉ်းငယ်လှ၏။ အထက်ဘဝဂ်နေ ဝသညာ နာသညာဘုံသည်လည်း နိမ့်လှသေး၏။

ချစ်သားအာနန္ဒာ သင်သည် ဖြည့်အပ်ပြီးသော ပါရမီကောင်းမှုရှိပြီဖြစ်၍ ကမ္မဋ္ဌာန်းတရားကိုသာ ကြိုးစားပွားများပါလော့။ မကြာမီ အာသဝေါကင်းကွာ၍ ရဟန္တာဖြစ်လတ္တံ့ ဟုမိန့်ကြားတော်မူသည်။

ထို့နောက် အရှင်အာနန္ဒာကို မလ္လာမင်းတို့ထံသွားရောက်၍ မနက်



မိုးသောက်ယံတွင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်ကြောင်း ဖူးမြင်လိုပါမူ လျင်မြန်စွာလာကြရန် နောင်တွင်မှ ဘုရားရှင်နိဗ္ဗာန်စံဝင်သည်ကို မမြင်လိုက်ရမရှိကြစေရန် ပြောကြားစေသည်။

ရှင်အာနန္ဒာလည်း မြတ်စွာဘုရားမိန့်တော်မူတိုင်း တစ်ပါးတည်းကြွ၍ မလ္လာမင်းတို့အား ပြောကြား၏။ မလ္လာမင်းတို့လည်း ပြုမြဲအစည်းအဝေးတွင် ရှင်အာနန္ဒာ၏စကားကိုကြားသည်နှင့် သားမယားဆွေမျိုးများနှင့်တကွ ပြည်သူပြည်သားတို့အား အကြောင်းကြားသည်။ လူအပေါင်းတို့ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးပူဆွေးကြ၏။

မလ္လာမင်းတို့လည်း သားမယားဆွေမျိုးများနှင့်တကွ ဥယျာဉ်သို့ လာရောက်၏။ ညီတော်အာနန္ဒာလည်း မလ္လာမင်းတို့အား ခြေတော်ရင်းမှ တစ်ဦးစီဝင်၍ ရှိခိုးဦးခိုက်ကန်တော့ကြသည်။

## နောက်ဆုံးသာဝက

ထိုအချိန်မှာ သုဘဒ်ပရိဗိုဇ်မည်သော ကုသိနာရုံပြည်မှ ရဟန်းကြီးသည်။ ပစ္ဆိမယံတွင် ဘုရားရှင်ပရိနဗ္ဗာန်စံဝင်တော်မူမည်ကို ကြားသိ၍ ဘုရားရှင်ထံ အလျင်အမြန်ရောက်လာပြီး ရှင်အာနန္ဒာနှင့်တွေ့သည်။ ဘုရားရှင်အား ဖူးမြင်ခွင့်သိချင်သည်တို့အား မေးလျှောက်ခွင့်တောင်းသည်။

ရှင်အာနန္ဒာစဉ်းစားရပြီ။ ပရိဗိုဇ်တို့သည် မိမိတို့အယူ အဆကိုသာ မြဲမြံစွာခံယူ၍ အငြင်းပွားပါက ဘုရားရှင်ပင်ပန်းတော်မူမည်ကို ဆင်ခြင်ပြီး အကြောင်းမသင့်အခွင့်မသာကြောင်းနှင့် ဘုရားရှင်ကို မညှဉ်းဆဲပါရန် တောင်းပန်သည်။ သုဘဒ်ပရိဗိုဇ်က သုံးကြိမ်တိုင်တောင်းပန်သည်။ ရှင်အာနန္ဒာကလည်း ခွင့်မပြု တားမြစ်သည်။

မြတ်စွာဘုရားကြားလေသော် သုဘဒ်ပရိဗိုဇ်၏ အကျိုးအတွက် ပြင်းစွာအားထုတ်ပြီး လာခဲ့သည်ဖြစ်သောကြောင့် 'ချစ်သားအာနန္ဒာ မတားမြစ်ပါနှင့် ငါဘုရားကို ဖူးမြင်ပါစေ။ ပြဿနာမေးလိုလျှင်လည်း မေးပါစေ' ဟု မိန့်တော်မူ၏။

သုဘဒ်ပရိဗိုဇ် ဝမ်းသာအားရ မြတ်စွာဘုရားထံချဉ်းကပ်၍ ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမ ကျွန်ုပ်သံသယတစ်ခုရှိပါသည်။ ဤလူ့ရွာ၌ ကျော်စောထင်ရှားသော ဂိုဏ်းဆရာများဖြစ်သည့် ပူရဏ၊ ကဿပ၊ မက္ခလိ၊ ဂေါသာလ၊ အဇိတ၊ ပကုဓကစ္စာယန၊ သဉ္စယ၊ နိဂဏ္ဌ တို့သည် အလုံးစုံသော တရားကို သိပါကုန်သလော၊ မသိဘဲ ဝါကြွားနေသလော၊ အချို့သောတရားကို သိလေသလော ဟု မေးလျှောက်၏။

ဘုရားရှင်က အချင်းသုဘဒ် သင်မေးသည်များကို ဖြေရန်အကြောင်းမသင့်၊ ငါဘုရားဟောကြားအံ့ အကြင်တိတ္ထိတို့သည် ကိလေသာအညစ်အကြေးကင်းသဖြင့် သန့်ရှင်းစင်ကြယ်စွာ အင်္ဂါရှစ်ပါး မဂ္ဂင်တရားကို မကျင့်တတ်။ ထိုတိတ္ထိတို့ သာသနာ၌ သောတာပန် သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတို့ကို အခါခပ်သိမ်းမရအပ်သေး။ ခန္ဓာပျက်ကြွေသေသော်လည်း အမြိုက်တရားကို မရကုန်။ ငါဘုရားသာသနာ၌ ကိလေသာအညစ်အကြေးကို ကင်းဝေးစေတတ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရအပ်သောကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတို့ကို ကောင်းစွာရအပ်၏။ ထို့ကြောင့် ခန္ဓာပျက်ကြွေသေလွန်သောအခါ အမြိုက်ချမ်းသာကို ကောင်းစွာရလေကုန်၏။

ငါ၏သာသနာတော်မှ ကင်းကွာ၍ မဂ်ဖိုလ်လမ်းမှန် နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ ငါမြင်တော်မမူ'ဟု ဟောတော်မူ၏။

သုဘဒ်ရဟန်းလည်း 'ကောင်းမြတ်လေစွ လမ်းမှားရောက်နေသူကို လမ်းမှန်မှာချပေးသကဲ့သို့ ကျေးဇူးကြီးလှပါ၏။ အရှင်ဘုရားသာသနာ၌ ရဟန်းပြုလိုပါသည်ဟု လျှောက်ထား၏။

ရှင်အာနန္ဒာကိုခေါ်၍ သုဘဒ်ကို ရဟန်းပြုပေးစေသည်။ ကမ္မဋ္ဌာန်းကိုပေးသည်။ သုဘဒ်ရဟန်းဥယျာဉ်အတွင်းမှာပင် စင်္ကြံသွားလျက် တရားအားထုတ်သဖြင့် ထိုညမှာပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဘုရားသာသနာတော်မှာ ဘုရားရှင်ရှိစဉ် နောက်ဆုံးဖြစ်တော်မူသော ရဟန္တာသာဝကပင်တည်း။

မဟာကရုဏာတော် ရှင်မြတ်စွာဘုရားသည် သက်တော်(၈၀) အရွယ် ပရိနိဗ္ဗာန်ပြုခါနီး မကျန်းမာစဉ်မှာပင် ကျွတ်ထိုက်သူ သာဝကတစ်ဦး



အတွက် ပါဝါပြည်မှ ကုသိနာရုံ (၆)မိုင် ခရီးကို လမ်းမှာ(၂၅)ကြိမ် ရပ်နားပြီး ပင်ပန်းခံ၍လာခဲ့သည်။ နောက်ဆုံးအချိန်အထိ တရားဓမ္မဟောပြောပြ၍ ကျွတ်တမ်းဝင်စေခဲ့ပါသည်။

ရှေးတူရှုမှာ ရှိနေသည့် မြတ်စွာဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြော်ရင်း ကြည်ညိုမဆုံးဖြစ်မိရပါသည်။

သုဘဒ်ပရိဗိုဇ်အား တရားရစေပြီးသော် ရှင်အာနန္ဒာကိုခေါ်တော်မူ၍ 'ချစ်သားအာနန္ဒာ ငါ၏သာဝကဖြစ်သော သံဃာတော်များသည် ငါဘုရားလွန်ပြီး မရှိပြီဖြစ်သော်လည်း ငါဘုရားဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်တို့သည် သင်တို့၏ဆရာ ဖြစ်လိမ့်မည်။ ငါဘုရားရှိသည်ကဲ့သို့ မှတ်ယူကြရာ၏'ဟု မိန့်ကြားတော်မူသည်။

ထို့နောက် ရဟန်းများကိုခေါ်တော်မူ၍ 'ချစ်သားတို့ ဘုရား၊ တရား၊ သံဃာ၌ လည်းကောင်း မဂ်တရား၊ ဖိုလ်တရား၊ ကျင့်ဝတ်ပဋိပတ်တို့ ကိုလည်းကောင်း၊ ယုံမှားတွေးတောခြင်းဖြစ်အံ့။ ငါဘုရားကို မေးလျှောက်ကြကုန် နောင်အခါမှ ဘုရားရှင်မျက်ဝါးထင်ထင် တွေ့မြင်ရပါလျက် မမေးလိုက်ရဟု နောင်တမရှိစေလင့်'ဟု မိန့်တော်မူသည်။

သုံးကြိမ်တိုင် မြတ်စွာဘုရားမေးသော်လည်း ရဟန်းတို့မေးလျှောက်ခြင်းမရှိ။ ဆိတ်ဆိတ်သာနေကြကုန်၏။ ညီတော်အာနန္ဒက 'ဘုန်းကြီးသော မြတ်စွာဘုရား ဤအစည်းအဝေးရှိ တစ်စုံတစ်ယောက်သော ရဟန်းမျှ သာသနာတော်၌ ယုံမှားသံသယမရှိကြပါဘုရား'ဟု လျှောက်ထားသည်။

'ချစ်သားအာနန္ဒာ ယုံမှားမရှိခြင်းကို ငါဘုရားလည်း သိတော်မူသည်သာတည်း ဤအစည်းအဝေး၌ အငယ်ဆုံးဖြစ်သော သံဃာတော်သည် သောတာပန်သာ ရှိပေသည်ဟု မိန့်တော်မူပြီး ရဟန်းတို့ကို –

'ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တ ယာမိဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ' ဟူ၍ နောက်ဆုံးတရားကို ဟောကြားတော်မူပေသည်။

ရဟန်းတို့ သင်တို့ကို ငါဘုရားဟောကြားမိန့်မှာတော်မူလို၏။ ကံ စိတ်ဥတု အာဟာရ အကြောင်းတရားလေးပါးအစု ပြုပြင်၍ ဖြစ်သမျှသင်္ခါရတို့သည် ပျက်တတ်သောသဘောရှိကြကုန်၏။ ထိုသို့ဖြစ်သမျှ ပျက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မမေ့မလျော့ မပေါ့သောသတိဖြင့် ရှိကြစေကုန်လော့ဟု မှာကြားတော်မူခြင်းဖြစ်ပါ၏။

ထိုမှ နောင်တွင် အဆင့်ဆင့်သော ဈာန်တို့ကို ဝင်စားတော်မူပြီး ဝေဒနာသညာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

သက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ အာရုဏ်တက်နီးလင်းအားကြီးအချိန်တွင် အလုံးစုံသော သင်္ခါရတရားတို့၏ ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက် ပဌမသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏။

နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်၏။

ထံတော်နီးပါး၌ ရှိကြကုန်သော သောတာပန် သကဒါဂါမ် ရဟန်းတို့သည် ရှိုက်ကြီးတငင် ပူပင်ပြင်းစွာ ငိုကြွေးကြကုန်၏။

သိကြားနတ်မင်းကလည်း

'အနိစ္စာ ဝ တ သင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ

သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်တကား ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိကြကုန်၏။ ဖြစ်ကုန်ပြီး၍ ချုပ်တတ်ကုန်၏။ ထိုသို့ဖြစ်တတ်ပျက်တတ်သော သဘောတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင် ချမ်းသာပေစွတကား။

မလ္လာမင်းတို့သည်လည်း ဆွေမျိုးသားမယားတို့နှင့်တကွ လာရောက်၍ ဝမ်းနည်းပူဆွေးစွာ ငိုကြွေးကြသည်။ မြတ်စွာဘုရား အလောင်းတော်ကို ပန်းနံ့သာ၊ အမွှေးအကြိုင်တို့ဖြင့် ပူဇော်ကြသည်။ လူ အပေါင်းတို့သည်လည်း ကခြင်း၊ သီချင်းတီးမှုတ်ခြင်းဖြင့်လည်းကောင်း ပန်းနံ့သာတို့ဖြင့်လည်းကောင်း ပူဇော်ကြသည်။

၇–ရက်တိုင် ပူဇော်ပြီးကြသောအခါ မလ္လာမင်းတို့က မြို့ပြင်တောင်စူးစူးအရပ်မှာ ပူဇော်ကုန်အံ့ဟု ရတနာပြာသာဒ်ထက်တင်ရန် အလောင်းတော်ကို ချီမသော်လည်း မကြွ။ ရှင်အနုရုဒ္ဓါကို လျှောက်ထားမှ



နတ်တို့ဆန္ဒနှင့်မညီကြောင်း သိရသည်။ နတ်တို့က မြို့လယ်မှ အရှေ့တံခါးဖြင့်ထွက်ပြီး မင်းတို့မင်္ဂလာပြုရာ မကုလဗန္ဓနအရပ်၌ တေဇောဓာတ်လောင်စေလိုသော အကြံရှိသည်။ မလ္လာမင်းတို့လည်း နတ်တို့၏ ဆန္ဒအတိုင်းဖြစ်စေသည်။ နတ်တို့ပူဇော်သော ပန်းများသည် လူသွားလမ်းတွင် ပုဆစ်ဒူးကျွံမျှရှိ၏။ လူတို့အကြား၌ နတ်တို့သွားလာသည်ကိုလည်း ထင်ရှားမြင်ကြရကုန်၏။

မြတ်စွာဘုရား၏ ရုပ်အလောင်းတော်ကို စကြာဝတေးမင်းတို့ သင်္ဂြိုလ်သောထုံးနှင့်အညီ အဝတ်ပုဆိုးတို့ဖြင့် ရစ်ပတ်ထုပ်ပိုးပြီး နုနယ်သော ဝါဂွမ်းတို့ဖြင့် အထပ်ထပ်ရစ်လျက် ပုဆိုးငါးရာပြီး သိပ်သောကျင်း၌ထည့်၍ ဆီလောင်းပြီး တစ်ခုသောရွှေကျင်းဖြင့်ဖုံးသည်။ စန္ဒကူးထင်းပုံထက်သို့ တင်သည်။ မလ္လာမင်းတို့ နည်းအမျိုးမျိုးဖြင့် ကြိုးစားသော်လည်း အလောင်းတော်ကို မီးစွဲလောင်ခြင်းမရှိ။

တတိယသာဝကကြီးဖြစ်သော ရှင်မဟာကဿပ မထေရ်ကြီးသည် မြတ်စွာဘုရားကို ဖူးမြော်ရန် ရဟန်းငါးရာခြံရံလျက် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွတော်မူလာနေသည်။ ရှင်မဟာကဿပမထေရ် မဖူးမြင်ရသေး၍ အလောင်းတော်မှာ မီးစွဲလောင်ခြင်းမရှိ ဖြစ်ရပေသည်။

ရှင်မဟာကဿပ မထေရ်ရောက်လာသောအခါ အလောင်းတော်ကို ထင်းတလားအတွင်း၌ သွင်းထားသည်ကိုမြင်လျှင် ဘုရားရှင်သို့ လက်အုပ်ချီလျက် လက်ယာရစ်သုံးပတ်လည် ပူဇော်ပြီးမှ ဉာဏ်ဈာနကား ဦးခေါင်းတော်တည်း။ ဉာဏ်ဈာနကား ဖဝါးတော်ရှိရာတည်းဟုမှတ်၍ ကိုယ်တော်မြတ်၏ ခြေတော်အစုံကိုမျှ ငါမဖူးမမြင်ရတကားဟု နှလုံးထားနှင့် ဖဝါးတော်သို့ ရှေးရှုရပ်လျက် စတုတ္ထသမာပတ်ကို ဝင်စားပြီးသော် ကိုယ်တော်မြတ်၏ ခြေတော်အစုံသည် လွှမ်းခြုံသမျှကို ဖောက်ထွက်၍ ဦးခေါင်းထက်၌ တည်စေသော်'ဟုမနောဓိဋ္ဌာန် ကြံတော်မူ၏။

ထိုခဏ၌ အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်ရာ့ရှစ်ချက် စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ဖဝါးခြေအစုံသည် လွှမ်းခြုံသမျှကို ဖောက်ထွက်၍ ရှင်မဟာကဿပ၏

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းထက်၌ တည်လာ၏။ ရှင်မဟာကဿပလည်း ရွှေအဆင်းနှင့်တူသော ဘုရားရှင်၏ ခြေတော်အစုံကို ကြာမုံလက်အုပ်ဖြင့် ဖမျက်တိုင်အောင် ထိ ကိုင်လျက် မိမိ၏ဦးခေါင်းထက်မှာထားပြီး ရှိခိုး၏။ ငါးရာသောရဟန်းတို့လည်း အနည်းနည်းအဖုံဖုံ ကြည်ညိုစွာ ရှိခိုးကြကုန်၏။

လူများစွာတို့လည်း အံ့ဖွယ်သရဲကို ထူးကဲစွာမြင်ကြရ၍ ဟစ်ကြွေး ပူဇော် အုတ်အော်သောင်းတင်း ဖြစ်ကြကုန်၏။

ယင်းသို့ပူဇော်ပြီးကာမျှ၌ တစ်ဖန်အမိဌာန်ခြင်း မပြုရဘဲ ရှင်မဟာ ကဿပလက်မှလွတ်၍ ထင်းပုံတလားတို့ကိုမျှ မလှုပ်ရှားစေဘဲ တည်မြဲ အတိုင်းဝင်၍ ပကတိအတိုင်း မပျက်မယွင်းရှိလေ၏။

ထိုအချိန်တွင် လူရှင်ရဟန်းတို့ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးပူဆွေး ကြစဉ်မှာပင် မည်သူတစ်စုံတစ်ယောက်မျှ မီးမညှိရဘဲ ရဲရဲပြောင်ပြောင် တေဇောဓာတ် လောင်ကျွမ်းတော်မူ၏။

မီးလောင်ပြီးသော် ကိုယ်တော်၏အရေအသားအရိုးတို့သည် ရွှေစင် တကွဲ၊ ပုလဲဥလား၊ ချရားစေ့အဆင်းရှိသော ဓာတ်တော်တို့သည်သာလျှင် ရှစ်စိတ်ပမာဏ ကြွင်းကျန်ကြကုန်သတည်း။

## ပရိနိဗ္ဗာန စေတီတော်

ပရိနိဗ္ဗာနစေတီတော်အနီး ဘုရားကျောင်းထဲမှ မြောက်သို့ ဦးခေါင်း တော်ပြုပြီး အနောက်ဘက်သို့ မျက်နှာမူထားသည့် ပေ(၂၀)ရှိ ရုပ်ပွားတော်ကို မြန်မာဘုရားဖူးအဖွဲ့ဝင်များ သင်္ကန်းတော်အသစ်ဖြင့် လွှမ်းခြုံပူဇော်ပြီး ဆရာ တော်များဦးဆောင်၍ မြတ်စွာဘုရားကို ကြည်ညိုရှိသေစွာ ရှိခိုးကန်တော့ကြ သည်။

ဘုရားကန်တော့ပြီးသောအခါ မိမိရောက်ရှိသည့် နေရာမှာပင် မြတ်စွာဘုရားကို ကြည်ညိုစွာ ဖူးမြော်ခွင့်ရသည်။ သက်တော်ထင်ရှား မြတ်စွာဘုရား ယခုပင်ပရိနိဗ္ဗာန်ပြုသွားသကဲ့သို့ ခံစားရပြီး ဝမ်းနည်းစိတ် နှမြောတသစိတ်များဖြစ်ပေါ်ရသည်။ ကြက်သီးမွေးညင်းထမျှ တုန်လှုပ်စွာ ခံစားရသည်။

ပုံ(၁၁)



မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘုရားကို တကယ်ကြည်ညိုလျှင် ဘုရား၏နောက်ဆုံးစကားကို အလေးထားသင့်သည်ဟု ဆင်ခြင်မိ၏။

'ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ'

ရုပ်တရား၊ နာမ်တရားတို့၏ အချိန်တိုင်းဖြစ်ပျက်နေသော သဘောကို မမေ့မလျော့ မပေါ့သောသတိဖြင့် အမြဲမပြတ် အလျဉ်မီအောင် ကြိုးသိနေစေရန် ကြိုးကြိုးစားစား ရှုမှတ်ပွားများနေကြရမည်ဖြစ်ပါသည်။

မိမိထိုင်မြဲနေရာမှာပင် တရားဘာဝနာ ရှုမှတ်ပွားများအားထုတ်ကြရပါသည်။

ပြီးသည်နှင့် ဘုရားကို လက်ယာရစ်တစ်ပတ်လှည့်၍ ပူဇော်သည်။ ခြေဖဝါးတော်ဘက်သို့ ရောက်လာသောအခါ ဝေယာဝစ္စဆောင်ရွက်နေသော သံဃာတော်တစ်ပါးက ခြေထောက်ပေါ်တွင် လွှမ်းခြုံထားသော သင်္ကန်းကို ဖယ်၍ပြသည်။

'အို ... အပြင်ကိုထွက်လာနေတဲ့ ခြေတော်အစုံပါလား ...'

ရှင်မဟာကဿပ မထေရ်၏ ဦးခေါင်းတော်သို့ ရောက်လာသော ခြေတော်အစုံကို ဖူးမြင်ခွင့်ရပါသည်။ ကြည်ညိုရိုသေစွာ ဦးခေါင်းနှင့်ထိ၍ ရှိခိုးကန်တော့မိပါ၏။

ပရိနိဗ္ဗာနရုပ်ပွားတော်ကြီးကို ကျေနပ်အောင် ဖူးမြော်ပြီးကြသောအခါ မကုဋဗန္ဓနစေတီတော်ဘက်သို့ ကူးသွားကြပါသည်။ မြတ်စွာဘုရားတေဇောဓာတ်လောင်ကျွမ်းတော်မူရာ အထိမ်းအမှတ် စေတီတော်ကြီးဖြစ်ပါသည်။

'ဩော် ဒီနေရာမှာ ငါတို့ကိုးကွယ်ဆည်းကပ်ရာ မြတ်စွာဘုရားတေဇောဓာတ်လောင်ကျွမ်းတော်မူခဲ့တာပါတကား ..'

လက်အုပ်ချီလျက် စေတီတော်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်ပြီး နမောတဿ သုံးကြိမ်၊ဘုရားဂုဏ်၊တရားဂုဏ်၊ သံဃာဂုဏ်၊ ပဋ္ဌာန်းဒေသနာတော်တို့ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ ဆီမီးအမွှေးတိုင်တို့ဖြင့် ပူဇော်သည်။ စေတီတော်ကြီးမှာ ရွှေချသည်။ စေတီရင်ပြင်မှာ တရားထိုင်ကြသည်။

ထမင်းစားပြီးသောအခါ ကိုယ်ပိုင်အချိန်ရ၍ စေတီတော်ကြီးသို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ရောက်လာပြီး တရားထိုင်ပါသည်။

နွေခင်းပိုင်းမှာ အိပ်ချင်သော်လည်း ဤနေရာသို့ နောက်တစ်ခေါက် ရောက်ရန် မလွယ်သောကြောင့် ဘုရားပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံမှာ အခွင့်သာသမျှ အချိန်တိုင်း ဘုရားကို ပူဇော်အာရုံပြုနိုင်ရန် တစ်ခေါက်ပြန်သွားသည်။ လူရှင်းနေချိန်ဖြစ်၍ ပရိနိဗ္ဗာန်ရုပ်ပွားတော်ကြီးရှေ့မှာ ဘုရားရှိခိုး တရားထိုင်ရသည်။ မိဘဘိုးဘွားများ ကျေးဇူးရှင်များမှစ၍ သတ္တဝါဝေနေယျ အားလုံးကို အမျှပေးဝေသည်။

တေဇောဓာတ်လောင်ရာ စေတီတော်ကြီးကိုလှည့်ပတ်၍ ပဋ္ဌာန်း အကျယ် မေတ္တာသုတ်၊ ပရိမိတ္တဇာလသုတ်၊ ဓဇဂ္ဂသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ သမ္ဗုဒ္ဓမင်္ဂလာ ဂါထာတော်တို့ကို ရွတ်ဖတ်၍ မြတ်စွာဘုရားကို ပူဇော်သည်။ ကန်တော့ရှိခိုး၍မဝ ပူဇော်၍မရောင့်ရဲဖြစ်ရသည်။

ညနေပိုင်းမှာ ဇနီးဖြစ်သူကိုခေါ်၍ တစ်ခေါက်သွားပြီး ဘုရား ကန်တော့ ပရိတ်ရွတ်ပြီး တရားထိုင်ပါသည်။

ဘုရားပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံမှာ တစ်နေ့လုံး အချိန်ကောင်းစွာ ယူ၍ မြတ်စွာဘုရားကို ကျေနပ်အားရအောင် ပူဇော်ကန်တော့ခွင့်ရခဲ့ပါသည်။ စိတ်ထဲမှာ ကျေနပ်စွာပီတိဖြစ်ရပါ၏။

ညစာစားပြီးကြသောအခါ ဘုရားဖူးအဖွဲ့ဝင်များအားလုံး စုပေါင်း၍ ကုသိနာရုံ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဉာဏိသာရကို ရှိခိုးကန်တော့ပြီး နဝကမ္မနှင့် ဘက်စုံအလှူငွေ (၇၅)ဒေါ်လာ (၂၇၃၀) ရူပီးနှင့် (၅၁၀၀၀ိ) ကျပ်၊ ဦးလှဝင်းက ပဋ္ဌာန်းပွဲအတွက် ဒေါ်လာ (၁၀၀၀)လှူဒါန်းသည်။ သံဃာများကို ရူပီး (၁၁၂၀၀)လှူသည်။ ဆရာတော်ဟောကြားသော တရားတော်ကို နာကြားကြသည်။

ဤကုသိနာရုံနေရာတွင် အမျိုးမျိုးသော အနှောင့်အယှက်အဟန့်အတား အခက်အခဲများကြားမှ မှတ်စုအခြေအနေရောက်အောင် သာသနာပြု ဆောင်ရွက်ကြရပုံများကို သိကြရသည်။ ဆရာတော်ကြီးနှင့်တကွ အဆင့်ဆင့်မှ ဆောင်ရွက်ခဲ့ကြ ဆရာတော်သံဃာတော် အားလုံးကို ကျေးဇူးတင်မိကြရသည်။ ရှိသေလေးမြတ်ဖွယ် သာဓုခေါ်မိကြရသည်။

ပုံ(၁၂)



မြတ်စွာဘုရား တေဇောဓာတ်လောင်ကျွမ်းတော်မူရာ
အထိန်းအမှတ်စေတီတော်ကြီးမှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

# ကုသိနာရုံမှ ပတ္တနားသို့

၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၂၃-ရက်မှာ မနက်(၅)နာရီ အိပ်ရာထ အားလုံးပြင်ဆင်ပြီးသောအခါ ဖနီးမမြင့်ကိုခေါ်၍ ဆရာတော်ကြီးကို သွားကန်တော့ကြသည်။ ကိုယ်ရေးသောစာအုပ်ကလေးများ ပါလာသမျှ ဆရာတော်ကြီးကို အမှတ်တရလှူဒါန်းသည်။ ဆရာတော်ကြီးကလည်း သူရေးသားပြုစုထားသော စာအုပ်ကြီးတစ်အုပ် လက်ဆောင်ပြန်ပေးလိုက်ပါသည်။

နိုင်ငံရပ်ခြားမှာ သာသနာတော်ကို ကြည်ညိုစိတ်နှင့် ဒုက္ခမျိုးစုံကို ရင်ဆိုင်ပြီး မြတ်စွာဘုရား၏ သံဝေဇနီယနေရာတော်များကို စောင့်ရှောက်တော်မူကြပြီး မြန်မာနိုင်ငံမှ လာရောက်ကြသည့် ဘုရားဖူးများကိုလည်းလို လေသေးမရှိ ပြည့်စုံအောင် ကူညီစောင့်ရှောက်ကြသော ဆရာတော်ကြီးများ၏ သာသနာပြုလုပ်ငန်းများကို ကျေးဇူးတင်လေးစားမဆုံး ဖြစ်ရပါသည်။

မနက်(၇)နာရီတွင် မော်တော်ကားကြီးဖြင့် ကုသိနာရုံမှ ထွက်ကြသည်။ ထုံးစံအတိုင်း ညီညာဖျဖျ ဘုရားကန်တော့ကြသည်။

လမ်းတွင် မြတ်စွာဘုရားနောက်ဆုံးရေသုံးသပ်ရာ ကက္ကုရာမြစ်ကို တွေ့ရသည်။ စုန္ဒ၏သရက်ဥယျာဉ်ရှိရာ ပါဝါပြည်ကိုလည်း ဖြတ်သွားရပါသည်။

ဥတ္တရာပြည်နယ်မှ ဘီဟာကူနာသို့အကူးမှာ မော်တော်ကား အခွန်ဆောင်သည်ကို စောင့်ရသည်။ အိန္ဒိယနိုင်ငံလုပ် ကုန်တင်ကားကြီးများစွာကို လမ်းဘေးမှာရပ်လျက် တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်တစ်ခုမှတစ်ခုသို့ အကူးမှာ အခွန်ဆောင်ရသည်။ သို့သော် သိပ်မကြာပါ။ မိနစ်(၂၀)ခန့်သာစောင့်ပြီး ဆက်လက်ထွက်ခွာလာခဲ့ကြရာ ညနေ(၃)နာရီမှ ဝေသာလီသို့ ရောက်သည်။

ဝေသာလီသည် မြတ်စွာဘုရားရှင်လက်ထက်က အလွန်စည်ကားသော တိုင်းပြည်ကြီးဖြစ်သည်။ ဝေသာလီမြို့ကို တံတိုင်းသုံးထပ်ကာရံထားသည်။ ဝေသာလီမင်းညီမင်းသားတို့သည် အချင်းချင်းစည်းလုံး၍ အညီအညွတ်စုပေါင်းတိုင်ပင်ပြီး တိုင်းပြည်ကို အုပ်ချုပ်ကြသည်။ အလှည့်ကျအုပ်ချုပ်သောမင်းပေါင်း (၇၇၀၇)ယောက်ရှိသည်။ အိမ်ရှေ့မင်း၊ စစ်သူကြီး ဘဏ္ဍာထိန်း ပုဂ္ဂိုလ်တို့လည်း (၇၇၀၇)ယောက်စီပင် ရှိကြသည်။ စီးပွားဥစ္စာတောင့်တင်း၍ လူဦးရေများသည်။ လူမျိုးလည်း စုံသည်။ မင်းညီမင်းသားတို့၏ အချင်းချင်းညီညွတ်စွာ စုပေါင်းတိုင်ပင်အုပ်ချုပ်ကြသောကြောင့် မည်သည့်ရန်သူမှ နှောင့်ယှက်ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်။

သို့သော်နောင်အခါတွင် ကပ်ရောဂါဘေးဆိုက်ရောက်၍ ဝေသာလီပြည်မှာ အသေအပျောက်များသောအခါ မြတ်စွာဘုရားရှင်ကိုယ်တိုင် ကြွရောက်လာ၍ ရတနသုတ်ပရိတ်ကို (၇)ရက်တိုင် ဟောတော်မူသည်။ အရှင်အာနန္ဒာကိုလည်း သင်ပေး၍ တံတိုင်း(၃)ထပ်အကြားမှာ လှည့်လည်ရွတ်စေသည်။ အရှင်အာနန္ဒာ ညလုံးပေါက်လှည့်လည်ရွတ်ဖတ်သည်။ ထိုအခါကျမှ ကပ်ရောဂါဘေးကြီးမှ ကင်းစင်လွတ်မြောက်သွားလေသည်။

ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ဝင်များ ဝေသာလီသို့ ရောက်ကြသောအခါ မြတ်စွာဘုရားရှင်အား ရတနသုတ်ဖြင့် ရွတ်ဖတ်ပူဇော်ပြီး သတ္တဝါအများကို မေတ္တာပို့ အမျှဝေကြသည်။

ဒုတိယသံဃာယနာတင်ရာ ဝါဠုကာကျောင်းတော်ရာမှာ တည်ထားသော စေတီသို့ရောက်ကြသည်။ ဘေးနားမှ အုတ်ပုံလေးများမှာ ရဟာန်းတော်တို့၏ အရိုးဂူများဖြစ်ကြောင်းသိရသည်။

ပျားသလက်ရေကန်သို့ ရောက်သောအခါ ကြည်လင်၍ သာယာလှပသည်။ ကန်အနီးမှာ အာသောကကျောင်းတိုင်ကြီးကို ထီးထီးမားမားတွေ့ရသည်။ အသောကကျောင်းတိုင်အနီးမှာ ဘုရားဖူးများ အတွဲများကို



လည်း တွေ့ရသည်။

ထိုမှတစ်ဆင့် ဓာတ်တော်တိုက်သို့သွားကြသည်။ ဝေသာလီမင်းသားများ ခွဲဝေရရှိလာကြသည့် ဘုရားဓာတ်တော်များကို လူအများ ဖူးမြော်ပူဇော်နိုင်ရန် စုပေါင်းထားရှိသော ဓာတ်တော်တိုက်ဖြစ်သည်။

မော်တော်ကားဖြင့် ဆက်သွားကြသောအခါ ရေကန်ကြီးတစ်ကန်ကို တွေ့ရသည်။ ကြည်လင်ပြီး ကြီးမားသောရေကန်ကြီးဖြစ်သည်။ သစ်ပင်များ စိမ်းညို့စွာ ဝန်းရံအုပ်ဖွဲ့နေ၍ သာယာလှပသော ရှုခင်းလည်းဖြစ်နေသည်။ ရှေးအခါက လစ္ဆဝီမင်းသားတို့ သံကွန်ချာ(၇)ထပ် အုပ်မိုးထားသော ရေကန်ကြီးဖြစ်သည်။

ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာမိဖုရား ကိုယ်ဝန်ရှိသောအခါ ဤရေကန်မှရေကို သောက်ရန် ချင်ခြင်းတပ်ခဲ့သည်။ စစ်သူကြီးမဟာဗန္ဓုလသည် မလ္လိကာကို ရထားထက်မှာတင်ဆောင်၍ ရေကန်သို့ရောက်ရှိလာပြီး သံကွန်ချာ(၇)ထပ်ကို သံလျက်ဖြင့် ခုတ်ဖြတ်၍ မိဖုရား၏ဆန္ဒအတိုင်း ကန်ရေကို သောက်စေသည်။ ပြီးသည်နှင့် ရထားကိုမောင်း၍ ပြန်၏။

လစ္ဆဝီမင်းသားတို့ ကြားသိလေသော် မင်းသားသုံးဆယ် ရထားဖြင့် အလျင်အမြန်လိုက်ကြသည်။ နောက်မှလိုက်သော မြင်းရထား(၃၀)ကို တစ်တန်းတည်းဖြစ်ချိန်မှာ ပြောရန် ဗန္ဓုလက မလ္လိကာကိုပြော၏။ တစ်တန်းတည်း မြင်ရချိန်မှာ မလ္လိကာ ဗန္ဓုလကို အသိပေးသည်။ ဗန္ဓုလ လေးညို့တင်၍ မြားကိုပစ်လွှတ်၏။

လစ္ဆဝီမင်းသားတို့က ဗန္ဓုလအား မြင်းလှည်းရပ်ရန် အော်ဟစ်ပြောဆိုသောအခါ ဗန္ဓုလက လစ္ဆဝီမင်းသားအားလုံးမှာ သေလူများဖြစ်ကြောင်း၊ အိမ်သို့အမြန်ပြန်ကြရန်နှင့် အိမ်ရောက်သော် သားမယားတို့ကို မှာစရာရှိသမျှ ပြောဆိုမှာကြားပြီးမှ ချပ်ဝတ်တန်ဆာ ချွတ်ကြရန်ပြောဆိုသည်။

လစ္ဆဝီမင်းသားတို့ ပြန်ခဲ့ကြ၏။ သားမယားတို့ကို မှာစရာရှိသည်များ မှာကြားပြီး ချပ်ဝတ်တန်ဆာတို့ ချွတ်ကြသည်။ အားလုံးပင် မြားဖောက်ဝင်သော ဒဏ်ရာဖြင့် သေဆုံးကြကြောင်း ဦးတင်ရှိန်ကပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင် ဖတ်ဖူးကြားဖူး၍ သိထားသော်လည်း ဤနေရာတွင် ရောက်နေ၍ ကိုယ်တိုင်ကြည့်မြင်လျက် နားထောင်ရသည်မှာ ပို၍စိတ်ဝင်စားစရာ ကောင်းပါ၏။

ဖြစ်စဉ်ကတော့ ကြည်နူးစရာမကောင်းပါ။ ရက်စက်မှုအပေါင်း သရုပ်ဆောင်သောအဖြစ်။ 'ငါ'တကားဟု မာနတံခွန်ထူခဲ့ကြသည်။ သူ့အသက်ကို ရက်ရက်လွယ်လွယ် သတ်ခဲ့ကြသည်။ သတ်သူဗန္ဓုလကိုယ်တိုင်လည်း နောင်အခါမှ သားများနှင့်အတူတကွ ဘုရင်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

အကုသိုလ်အမှုတို့၏ ကြောင်းကျိုးဆက်တရားကိုသံဝေဂပွားရပါ၏။

ထိုမှထွက်၍ခရီးဆက်ကြရာ ဂင်္ဂါမြစ်ကြီးကို တွေ့မြင်ရပြန်သည်။ ဂင်္ဂါမြစ်ကမ်းဘေးတလျှောက်မှ စိမ်းညို့သော ငှက်ပျောတောကြီးများကို တွေ့မြင်ရသည်။ ကားလမ်းဘေးတွင် ငှက်ပျောချဉ်ကဲ့သို့သော ငှက်ပျောခိုင်များကို အစုလိုက်အပုံလိုက် တွေ့ရသည်။ ကျွန်တော်က ငှက်ပျောသီးကြိုက်သူဖြစ်၍ မြင်ရုံမျှနှင့် သဘောကျနေခဲ့ရသည်။ သွားရင်းလာရင်းမို့ တစ်လုံးမျှ ဝယ်ခွင့်စားခွင့် မရခဲ့ပါ။

ဂင်္ဂါမြစ်ပေါ်မှ မော်တော်ကားဖြတ်ကျော်နေပါပြီ။ နာမည်ကြီးသည်နှင့်အမျှ အကျယ်ပြန့်သောမြစ်ကြီးဖြစ်ပါ၏။

ညနေ(၅)နာရီခန့်တွင် ပါတလိပုတ်ပြည် ပတ္တနားမြို့ကြီးသို့ ရောက်ကြ၏။ စည်ကားသောမြို့ကြီးဖြစ်ပါသည်။ မြန်မာကျောင်းရှိသည်။ တစ်ခုတည်းသော ဗုဒ္ဓဘာသာကျောင်းဖြစ်သည်ဟု သိရ၏။

ပါတလိပုတ်မြို့ကြီး တည်ဆောက်ခဲ့စဉ်က မြတ်စွာဘုရားကိုယ်တိုင် မြို့ဖွင့်ပွဲမှာ တရားဟောကြားခဲ့သော နေရာဖြစ်သည်။






အသောကမင်းတရားကြီးပုံတော်

www.burmeseclassic.com

www.burmeseclassic.com

# အသောကမင်းတရားကြီး

ဘုရားပရိနိဗ္ဗာန်ပြုပြီး (၂၁၈)နှစ်မှာ ဗုဒ္ဓသာသနာတော်ကို လွန်စွာကြည်ညိုသော အသောကမင်း(သီရိဓမ္မာသောကမင်း)ကြီး ထီးနန်းအုပ်ချုပ်သည့် ပါတလိပုတ်ပြည်ကြီး ဖြစ်လာခဲ့သည်။ ထီးနန်းတက်စက နောင်တော်ညီတော် ကိုးကျိပ်ကိုးယောက်ကို သတ်ဖြတ်ခဲ့သည်။ စစ်ပွဲများမှာ ရက်စက်ကြမ်းကြုတ်သော ဘုရင်ဖြစ်ခဲ့သည်။ နောင်တွင် တူတော် နိဂြောဓသာမဏေရဟန္တာအရှင်မြတ်၏ တရားဓမ္မကို နာကြားရပြီး ဗုဒ္ဓဘာသာကို ထူးခြားစွာကြည်ညိုလေးစားသော မင်းတပါးဖြစ်လာသည်။ ရဟန္တာအရှင်မြတ်ကြီးများအပါအဝင် သံဃာတော်အရှင်သူမြတ်များစွာကို နန်းတော်မှာ နေ့စဉ်ဆွမ်းကပ်လှူသည်။

ပါတလိပုတ် နေပြည်တော်မှာ အာသောကာရုံကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်း၍ သံဃာယနာတင် အလှူကောင်းမှုကြီးကိုလည်းပြုခဲ့သည်။ သားတော် မဟိန္ဒနှင့် သမီးတော် သဃမိတ္တာတို့ သာသနာ့ဘောင်သို့ သွတ်သွင်း၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများစေလွှတ်တော်မူသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိလာသည်မှာလည်းအာသောကမင်းကြီး၏ ကျေးဇူးဖြစ်သည်။ သားတော် မဟိန္ဒနှင့် သမီးတော် သဃမိတ္တာတို့သည် သီဟိုဠ်ကျွန်းသို့ သာသနာပြုသွားရောက်ခဲ့ကြသည်။

အာသောကမင်းကြီးသည် မြတ်စွာဘုရား၏ သံဝေဇနီယ(၄)ဌာနကိုလည်း ရှာဖွေဖော်ထုတ်၍ အထိမ်းအမှတ်စေတီများ တည်ဆောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အထိန်းအမှတ်ကျောက်တိုင်များ စိုက်ထူခဲ့သည်။

အာသောကမင်းကြီး၏ ကျေးဇူးကြောင့် ဗုဒ္ဓသာသနာတော်သည် ပိုမို၍ ပြန့်နှံ့ခဲ့ရသည်။ ဗုဒ္ဓ၏အမှတ်တရနေရာများလည်း မပျောက်မပျက်အောင် ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ဗုဒ္ဓသာသနာတော်အတွက် ကျေးဇူးကြီးမားသော မင်းတရားကြီးဖြစ်သည်။

တစ်နေ့တွင် မင်းကြီးသည် အာသောကာရာမကျောင်းတော်ကြီးသို့ သွား၍ ခြောက်သောင်းမျှသော ရဟန်းတို့ကို စည်းဝေးစေပြီး ပစ္စည်းလေးပါးတို့ကို လှူဒါန်း၏။ 'အရှင်ဘုရားတို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များ မည်မျှရှိပါသနည်း'ဟု လျှောက်ထားမေးမြန်း၏။

ရဟန္တာမြတ်တို့က 'ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိသည်'ဟု မိန့်ကြားတော်မူကြ၏။

မင်းကြီးလည်း တရားတော်တို့ကို ကြည်ညိုလွန်းရကား ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို အကြောင်းပြုပြီး စေတီပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ ရေတွင်းပေါင်း ၈၄၀၀၀ အလှူကောင်းမှု ပြုတော်မူခဲ့သည်။

ဤသို့ သာသနာတော်ကို ကြည်ညိုလှူဒါန်းခဲ့သော အသောကာမင်းကြီး၏ သံဃာယနာတင်ခဲ့သော သာသနာထွန်းကားရာ ပါတလိပုတ်မြို့ကြီးမှာ ယခုအခါတွင် ထေရဝါဒဗုဒ္ဓဘာသာ ကျောင်းဆို၍ မြန်မာဆရာတော် သီတင်းသုံးရာ မြန်မာကျောင်းတစ်ကျောင်းတည်းသာ ရှိကြောင်းသိရသည်။

စည်ကားရှုပ်ထွေးသော လမ်းမကြီးများကို ဖြတ်ရသည်။ မီးရထားလမ်းကျော် ဂုံးတံတားကြီးကိုဖြတ်ပြီးနောက် မြန်မာကျောင်းရှိရာ လမ်းသို့ရောက်သည်။ တွေ့ပါပြီ လမ်းမကြီး၏ဘေးမှာ အဝင်မုတ်ဦးကြီးသည်ပင်ခမ်းနားထည်ဝါလှ၏။ မြန်မာမှုပိသုကာလက်ရာ ပြာသာဒ်ဘုံဆောင် စုလစ်မွန်ချွန်တို့နှင့် သုံးထပ်သိမ်ကျောင်းဆောင်ကြီးက ထည်ထည်ဝါဝါရှိလှသည်။ နောက်ဘက်မှာ ဘုရားဖူးတို့ ကောင်းစွာနေနားတည်းခိုရာ လေထပ်ကျောင်းဆောင်ကြီးရှိသည်။



ဘုရားဖူးများအတွက် အိပ်ခန်းများ၊ ရေချိုးခန်း၊ ထမင်းစားခန်းများ ပြည့်စုံစွာ ကောင်းမွန်လှပါသည်။ ဘုရားဖူးအဖွဲ့၏ ကြိုတင်ဆက်သွယ်ထားမှုအရ ညစာကိုလည်း အဆင်သင့်ချက်ပြုတ်ထားပြီးဖြစ်သည်။ ကိုယ့်ရပ်ကိုယ့်ဒေသမှာ စားရ၊ နေရသကဲ့သို့ အဆင်ပြေလှပါသည်။

ည(၉)နာရီတွင် ပဋ္ဌာနာမြန်မာကျောင်းဆရာတော် ဒေါက်တာခေမာစာရနှင့် ဒေါက်တာ ဝိလာသဂ္ဂတို့ကို ကန်တော့ကြသည်။ ရှေ့လူများလှူဒါန်းခဲ့ကြသည့် ကောင်းမှုကြောင့် ယခုလာသော မြန်မာဘုရားဖူးတို့ကောင်းစွာနေနားစားသောက်ရသည်။ နောင်လာကြမည့် ဘုရားဖူးများကောင်းစွာနေနားစားသောက်နိုင်ရန် မြန်မာကျောင်းဆရာတော်များကို စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပြီး တရားနာအမျှဝေ သာဓုခေါ်ဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နာလန္ဒာ တက္ကသိုလ်

ပတ္တနားကျောင်းမှာ သီးခြားအခန်းများပေးထား၍ ကောင်းမွန်ချမ်းသာစွာ အိပ်ပျော်ရသည်။ မနက်(၆)နာရီတွင်မှ အိပ်ရာနိုးသည်။ ရေချိုး၊ အဝတ်လဲ ခရီးဆက်ရန်ပြင်ဆင်သည်။ ထမင်းစားခန်းမှာ မနက်စာအဆင်သင့်ဖြစ်နေပြီ။ မြန်မာနိုင်ငံမှာကဲ့သို့ မြန်မာစာ စားရသည်။

၇–နာရီ ၁၀ မိနစ်တွင် ပတ္တနားမြန်မာကျောင်းမှ မော်တော်ကားစထွက်သည်။ စည်ကားရှုပ်ထွေးသော ပတ္တနားမြို့ကြီးကို ဖြတ်ကျော်ရသည်။ ကျွန်တော်တို့မြန်မာဘုရားဖူးအဖွဲ့ကား စထွက်သည်နှင့် ဘုရားကန်တော့၊ ပဋ္ဌာန်းရွတ်၊ မေတ္တာပို့သည်။ ထူးခြားနေသော မြန်မာဗုဒ္ဓဘာသာ ဘုရားဖူးကားကို လမ်းဘေးမှလူများ စိတ်ဝင်စားစွာ ကြည့်ကြသည်။ ကျွန်တော်တို့၏ အသံများမှာ ကြည်ညိုသဒ္ဓါစိတ်ကြောင့် စည်စည်ညီညီရှိလှသည်။ ကျွန်တော်တို့ ကိုယ့်ဘာသာဂုဏ်ယူနေမိကြသည်။ လူမျိုးနှင့်ကိုးကွယ်သောဘာသာကို လူအများလေးစားအောင် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ခံစားရသည်။ သာသနာပြုနေရခြင်းတစ်မျိုးပင် ဖြစ်ပါ၏။

ဂင်္ဂါမြစ်ကြီးကိုကျော်ပြီးသောအခါ မြစ်ကမ်းအတိုင်း ကားလမ်းမှသွားနေရ၏။ လမ်းဘေးဝဲယာမှာ ရေလျှံနစ်မြုပ်နေသော လယ်မြေကွက်များစွာကို တွေ့ရသည်။ ဂင်္ဂါမြစ်ရေကြီးရေလျှံခဲ့ခြင်းဖြစ်သည်။ အတော်ကြာပြီဖြစ်သော်လည်း ရေများလျော့ပါးအောင် နှုတ်သိမ်းနိုင်ခြင်းမရှိပါ။

မနက်(၁၀)နာရီမှာ ကျွန်တော်တို့အဖွဲ့ နာလန္ဒာတက္ကသိုလ်သို့

ပုံ(၁၄)



နာလန္ဒာမှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြသည်။ မရောက်မီကပင် ရောက်ချင်သောနေရာ။ ရှေးယခင်ကာလကတည်းက နာလန္ဒာတက္ကသိုလ်ဆိုသည်မှာ နာမည်ကြီးခဲ့၏။ 'ရာဇဂြိုလ်ပြည်ဌာန' နာလန္ဒတက္ကသိုလ် ဟု ပုံတောက်သံများကြားခဲ့ဖူးပါသည်။

ယခုခရီးစဉ်မှာလည်း မထွက်မီ ရန်ကုန်မှာကတည်းက နာလန္ဒာတက္ကသိုလ်မှာ မြန်မာသံဃာတော်များ ပညာသင်ကြားနေကြသည်။ ဘီအေဘွဲ့မှစ၍ အမ်အေဘွဲ့ ဒေါက်တာဘွဲ့အထိ သင်ယူနေကြသည်။ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်ကြသည့် ပညာလိုသောသံဃာတော်များဖြစ်သည်။

ပွင့်လင်းရာသီ မြန်မာဘုရားဖူးများ လာရောက်ချိန်မှာ လှူဒါန်းသည်များနှင့် တစ်နှစ်ပတ်လုံး မြိုးမြိုစွာ စားသုံးပညာသင်ရသည်ဟု ကြားသိရသည်။ ဘုရားဖူးအဖွဲ့များကလည်း မသွားမီ အကြိုအစည်းအဝေးမှာ ရှင်းပြသည်။ လှူဒါန်းကြပါရန်လည်း နှိုးဆော်သည်။

ထိုအချိန်ကတည်းက ဘုရားဖူးအဖွဲ့ဝင်များအားလုံး လှူလိုက်မည်ဟု စေတနာသဒ္ဓါတရား ထက်သန်နေကြသည်။ ငါးခြောက်၊ ပုစွန်ခြောက်စသည်တို့ကိုလည်း ကြာရှည်အထားခံမည့်နည်းဖြင့် စီမံကြော်လှော်ထုပ်ပိုး၍ ဘုရားဖူးအဖွဲ့ထဲတွင် အပ်နှံကြသည်။

နာလန္ဒာတက္ကသိုလ်ရောက်သောအခါ ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့မှ အထုပ်ကြီး၊ အထုပ်ငယ်များကို ကားပေါ်မှ သည်မချလာကြသည်။ တစ်လမ်းလုံး လှူခဲ့သမျှ အများဆုံး လှူဖွယ်ပစ္စည်းများဖြစ်သည်။ သကၤန်း၊ ပရိက္ခရာ၊ စားဖွယ်ပစ္စည်းများအပြင် နဝကမ္မအဝ်စပ်သောပစ္စည်းများ မှာသုံးနိုင်ရန် အလှူငွေများကိုလည်း လှူဒါန်းကြသည်။ သံဃာအပါး(၇၀)ခန့်ရှိသည်။ သံဃာအားလုံး တပေါင်းတည်းကန်တော့ခံကြသည်။

မြန်မာဘုရာဖူးအဖွဲ့ဝင်များအားလုံး တပေါင်းတစ်စုတည်း သံဃာတော်များကို စုပေါင်းလှူဒါန်းသောငွေမှာ အမေရိကန်ဒေါ်လာ ၂၂၃၅ ရူပီငွေ ၇၄၅၀၊ မြန်မာငွေ ၆၅၅၀၀ ဖြစ်သည်။ ထိုအချိန်က ငွေလဲနှုန်းအရဆိုလျှင် (၃၂)သိန်းကျော်ဖြစ်ပါသည်။ (၃၀)ခန့်သော မြန်မာဘုရားဖူးအဖွဲ့က လှူဒါန်းခြင်းဖြစ်သည်။ ကျန်အဖွဲ့များလည်း လှူဒါန်းကြမည်ဖြစ်ပါသည်။

ရပ်ဝေးမြေခြားမှာ ဘာသာမတူသူများကြားတွင် မျက်နှာငယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိုး၍ မြန်မာဗုဒ္ဓဘာသာသာဘုရားဖူးများ စေတနာထားကြခြင်းဖြစ်ပါသည်။

မဟာဝိဇ္ဇာတန်းရောက်လျှင် ကွန်ပျူတာမှာ မရှိမဖြစ်လိုအပ်သော အထောက်အကူပြုပစ္စည်းဖြစ်လာပါသည်။ မဟာဝိဇ္ဇာနှင့်ဒေါက်တာဘွဲ့ တက်နေသူတိုင်းမှာ ကွန်ပျူတာရှိကြပါသည်။

ဆွမ်းခံ၍မရ ကိုယ့်အစုလေးနှင့်ကိုယ်ချက်ပြီး ဆွမ်းဘုန်းပေးရသည်။ သံဃာတော်များတွင် ရခိုင်မှပါသလို ထားဝယ်မှပါသည်။ ရန်ကုန်မှပါသလို မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့မှ စုံအောင်ပါဝင်ပါသည်။ တစ်ခန်းကို(၆)ပါးခန့် စုနေရသည်။ အခန်းကကျယ်ပါသည်။ မဟာဝိဇ္ဇာတန်းနှင့် ဒေါက်တာဘွဲ့အတွက် သံဃာတော်များကတော့ တစ်ပါးတစ်ခန်း နေခွင့်ရသည်။

ကန်တော့လှူဒါန်းပြီးသောအခါ သံဃာတော်များနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ စာရေးဆရာ လယ်တွင်းသားစောချစ်ပါကြောင်း ကြိုတင်သတင်းရထားကြ၍ မေးမြန်းသည်။ တွေ့ရသောအခါ ဝမ်းသာအားရတွေ့ဆုံနှုတ်ဆက်ကြသည်။ ကိုယ်ရေးသောစာအုပ်များကို တစ်ပါးချင်း မလှူနိုင်သော်လည်း အများဖတ်နိုင်ရန် လှူဒါန်းရသည်။ ဓာတ်ပုံရိုက်ကြရသည်။

ကိုယ့်နိုင်ငံသား၊ စာသင်သား သံဃာများနှင့် တွေ့ရသည်မှာ ကိုယ့်ဆွေကိုယ့်မျိုး၊ ကိုယ့်မိသားစုနှင့်တွေ့ရသလို ကြည်နူးဝမ်းသာဖြစ်ကြရပါသည်။

စာသင်သား သံဃာတော်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာနှင့် သာသနာအကျိုး သည်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့မိကြပါသည်။

## နာလန္ဒာတက္ကသိုလ်ဟောင်းမှာ လွမ်းစရာ

နာလန္ဒာတက္ကသိုလ်မှာ မြန်မာသံဃာတော်များကို တွေ့ဆုံလှူဒါန်းရ၍ ပျော်ရွှင်ကြည်နူးခဲ့ရသော်လည်း နာလန္ဒာတက္ကသိုလ်ဟောင်းသို့ ရောက်ကြသောအခါ လွမ်းဆွတ်ကြေကွဲစရာဖြစ်ရသည်။

နာလန္ဒာမြို့မှ နာလန္ဒာတက္ကသိုလ်ကို နာဂအဖွဲ့နဆရာတော်က

ပုံ(၁၅)



နာလန္ဒာတက္ကသိုလ်မှ ကြွင်းကျန်ရစ်သော အုတ်ရိုးများ

www.burmeseclassic.com

www.burmeseclassic.com



စတင်တည်ထောင်ခဲ့သည်။ မကြာမီ တိုးတက်ကြီးပွား၍ စာသင်သားရဟန်း (၁၀၀၀၀)အထိ ရှိခဲ့သည်ဟုသိရ၏။ ဆရာပေါင်းက (၃၀၀၀)ကျော်ရှိသည်။ နေထိုင်စားသောက်စရိတ်အားလုံးကို တက္ကသိုလ်ကျောင်းက တာဝန်ယူသည်။ ကုန်ကျစရိတ်အားလုံး ဘုရင်များနှင့် နယ်စားများက လှူဒါန်းကြသည်။ စာသင်ဆောင်၊ လူနေဆောင် လိုလေသေးမရှိရ။ စာကြည့်တိုက်မှာ ၉–ထပ်အထိ အမြင့်ရှိသည်။

အေဒီ ၇–ရာစုတွင် တရုတ်ဘုန်းတော်ကြီး ယူဟင်ဆန်၏ မှတ်တမ်း၌ နာလန္ဒာကို အထူးတလည် ချီးမွမ်းထားပါသည်။ သူကိုယ်တိုင် ခုနစ်နှစ်ကြာ နေထိုင်၍ ဟေတုဝိဇ္ဇာ(လောဂျစ်)၊ သဒ္ဒဝိဇ္ဇာ၊ စိကိစ္ဆာ ဝိဇ္ဇာနှင့် ဝေဒကျမ်းစာများကို သင်ယူခဲ့သော တက္ကသိုလ်ကြီးဖြစ်သည်။

ဂုတ္တမင်းဆက်၏ နောက်ဆုံးဘုရင် ဟဿမင်းသည် ဗုဒ္ဓဘာသာဝင် ဖြစ်၍ နလန္ဒာကျောင်းတော်ကို အစွမ်းကုန် ချီးမြှင့်ထောက်ပံ့သည်။ ကြေးပြာသဒ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ အိမ်ခြေ(၂၀၀၀)ရှိ ရွာပေါင်း(၁၀၀)ကို ကျောင်းတော်သို့ လှူဒါန်းသည်။ အေဒီ(၈၁၅–၈၅၄) ဒေဝပါလမင်း၏ ကြေးပြား၌ ဆုမတြာဘုရင်က ရာဇဂြိုဟ်အနီးရှိ ရွာငါးရာကို နာလန္ဒာကျောင်းတော်သို့ လှူဒါန်းခဲ့ကြောင်း ဖော်ပြထားသည်။

ရွာနှစ်ရွာမှ အမျိုးသမီးများကို သီလရှင်ဝတ်ပြီး အလုပ်အကျွေးပြုစေသည်။ ထောင်သားများကို လွှတ်၍ ကပ္ပိယအလုပ်အကျွေးထားသည်။

တရုတ်ပြည်၊ ကိုရီးယားနိုင်ငံနှင့် ဆုမတြားကျွန်းတို့မှ ရဟန်းတော်များ လာရောက်သင်ကြားခဲ့ကြသော တက္ကသိုလ်ကျောင်းတော်ကြီး ဖြစ်ပါသည်။ အေဒီ ၅–ရာစုမှ ၁၂–ရာစုထိ နှစ်ပေါင်း(၇၀၀)ကျော် တည်ရှိခဲ့သည်။

ဤမျှ ကြီးကျယ်ခမ်းနားခဲ့သော နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကြီးသည်လည်း အနိစ္စသဘောတရားကို လွန်ဆန်နိုင်ခြင်းမရှိချေ။ မဂိုဘုရင်များ အင်အားကြီးထွားလာသောအခါ ဘုရားကျောင်းကန်များကို မီးရှို့ဖျက်ဆီးလုယက်ကြသည်။ ကျောင်းသား (၁၀၀၀၀)ကျော်နှင့် ဆရာ(၃၀၀၀)ကျော်ကို အားလုံးတစ်ယောက်မကျန် ကျောင်းတံခါးများပိတ်ပြီး မီးရှို့သတ်ခဲ့ကြသည်။ တံခါးများမှ ရွှေများ၊ ရတနာများကို ခွာယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေအကျယ် ၄၁၉ ကေရှိ၍ ကျောင်းပေါင်း(၁၈၀)ရှိသောကြောင့် မီးလောင်နေသောအချိန်မှ (၉)လအထိ ကြာမြင့်သည်ဟုဆို၏။

ယခုသွားရောက် လေ့လာကြသောအခါ ရှေးဟောင်းယဉ်ကျေးမှု ဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။ အဆောက်အဦဟောင်းများနေရာတွင် ကျောက်လှေခါးကျယ်ကြီးများ ကျောက်လှေခါးအမြင့်ကြီးများကိုသာ တွေ့မြင်ကြရသည်။ တိုင်များ၏အောက်ခံကိုလည်း ကျောက်များကို အသုံးပြုကြောင်း၊ ကျောက်ဆုံကျောက်ခွက်များတွေ့ရသည်။ အောက်ထပ်အရှေ့ဘက် အထပ်အခန်းတစ်ခန်းတွင် ဘုရားဆောင်အဖြစ် တွေ့ရသည်။ ထိုအဆောင်ရှေ့တွင် အုတ်ခုံအမြင့်တစ်ခုရှိသည်။ စာသင်ခန်းမဟု ထင်ရသည်။ အချို့က လေးမြားအတတ်သင်ရာ နေရာဟုဆိုကြသည်။ နာလန္ဒာတက္ကသိုလ်မှာ အဋ္ဌာရသ (၁၈)ရပ် သင်ကြားကြောင်း သိရ၍ မြားပစ်အတတ်လည်း သင်ကြားမည်ဟု ယူဆရသည်။


ကျောင်းအဆောက်အဦများကို လှည့်လည်လေ့လာကြရင်း မီးရှို့အသတ်ခံခဲ့ကြရသည့် ရဟန်းတော်များအတွက် စိတ်မကောင်းဖြစ်ကြရသည်။ ဤခရီးစဉ်တွင် ပြုခဲ့ကြသော ကုသိုလ်ကောင်းမှုများကို အမျှအတမ်း ပေးဝေကြရသည်။

နာလန္ဒာတက္ကသိုလ်ဝင်းအတွင်းမှာပင် နောက်ဆုံးမှာ နာလန္ဒ၏ အတွက်အမြတ်စေတီသို့ ရောက်ကြသည်။ ပညာအရာမှာ ဧတဒဂ် ရသော ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မွေးဖွားရာနှင့် ပရိနိဗ္ဗာန်ပြုရာ အထိန်းအမှတ် စေတီဖြစ်ပါသည်။

တွေ့နေကျပုံစံမျိုး မဟုတ် တမူထူးစွာ အဆင့်ဆင့်တည်ဆောက်ထားသည်။ အပေါ်တွင် အမိုးဟူ၍ မရှိသော်လည်း ဆောက်ထားပုံမှာ ခမ်းခမ်းနားနားရှိသည်။ လှေကားဖြင့် အဆင့်ဆင့်တက်ရောက်ရသည်။ အပေါ်သို့ ရောက်လျှင် အားလုံးကို စီး၍မြင်ရပေလိမ့်မည်။ ရှေးယခင်က တက်ခွင့်ရသော်လည်း ယခုအခါတက်ခွင့်မရ၍ အောက်မှပင် ပူဇော်ကြရသည်။

ပညာအရာမှာ ဧတဒဂ်ရ လက်ယာတော်ရံ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို သံဃဂုဏ်တော်(၉)ပါး ရွတ်ဆို၍ပူဇော်ကန်တော့ကြသည်။

ပုံ(၁၆)



ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မွေးဖွားရာနှင့် ပရိနိဗ္ဗာန်ပြုတော်မူရာ အထိန်းအမှတ် စေတီ

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကျေးဇူးဆပ်ရန် ပရိနိဗ္ဗာန်ပြုခါနီးမှာ အမေ့ထံပြန်လာခြင်း ဖြစ်သည်။ နတ်ပြဟ္မာတို့ လာရောက်ကန်တော့ကြသည်ကို တွေ့ရသော မိစ္ဆာအယူရှိသည့် မိခင်ကြီးသည် သားတော်ကို အထင်ကြီးစိတ်ဖြစ်ခဲ့ရ၏။ ထိုအခါကျမှ တရားဟောပြောခြင်းဖြင့် သောတာပတ္တိမဂ်ကို ရစေခဲ့သည်။ မိခင်ကြီးကို အပယ်တံခါးပိတ်စေပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေသည်။

အထိန်းအမှတ်ပြုထားသည့် စေတီတော်အမြင့်ကြီးဆီသို့ ရှိသေစွာ အာရုံပြု၍ ရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးကို ရှိခိုးကန်တော့မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# တောင်ငါးလုံးကာခို့သည့်ရာဇဂြိုဟ်

နာလန္ဒာတက္ကသိုလ်မှာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ အထိန်းအမှတ်စေတီတော်ကို ဖူးမြော်ကန်တော့ပြီး ခရီးဆက်ခဲ့ကြရာ နေ့ (၁၂)နာရီတွင် ရာဇဂြိုလ်မြန်မာကျောင်းသို့ရောက်ကြသည်။ ခမ်းနားစည်ပင်စွာနှင့် သာယာသော ကျောင်းတော်ကြီးဖြစ်ပါသည်။

ကြိုတင်ဆက်သွယ်ထား၍ နေ့လယ်စာစားရန် အဆင်သင့်ပြင်ဆင်ထားသည်။ ရေနွေးကြမ်းခွက်ကလေးများကလည်း သောက်ချင်စရာ။ တစ်ခွက်ယူ၍သောက်လိုက်သည်။ မြန်မာကျောင်းမှာ ဝေယာဝစ္စ ဆောင်ရွက်ကြသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ မိမိအစီအစဉ်ဖြင့် လာသော မြန်မာဘုရားဖူးမိသားတစ်စုနှင့် ဆုံနေကြသည်။ သူတို့က ထမင်းစားပြီးကြပြီ။ ခရီးဆက်ကြတော့မည်။

ကျွန်တော်တို့အဖွဲ့ ထမင်းစားကြသည်။ ဆာဆာနှင့်စား၍ ကောင်းလှသည်။ စားပြီး၍ ကျောင်းရှေ့မှာထိုင်ပြီးနားနေစဉ် အသက်(၅၀)ခန့် လူတစ်ယောက်လာပြီး နှိပ်ပေးသည်။ မနှိပ်ရန် တားသော်လည်း မရ။ အတင်းနှိပ်ပေးသည်။ လမ်းလျှောက်ရသည်များ၍ ခြေသလုံးများ တောင့်တင်းညောင်းညာနေသည်။ နှိပ်လိုက်တိုင်း ခံ၍ကောင်းနေသည်။ သို့သော် ပိုက်ဆံအတင်းတောင်းမှာစိုး၍ ငြင်းသည်။ သူက လက်ကာပြသည်။ ဘာမျှကိစ္စမရှိပါဘူး။ နှိပ်ပေးချင်လို့ပါ။ စေတနာနဲ့ပါဆိုသောသဘောနှင့် ဖွတ်အတင်းနှိပ်ပါသည်။

ကျွန်တော်လည်း မငြင်းတော့ပါ။ ဇိမ်ရှိစွာ အနှိပ်ခံနေလိုက်ပါသည်။



ကျန်သည့်ဘုရားဖူးအဖွဲ့ဝင်များလည်း ညောင်းနေကြဟန်တူပါသည်။ ကျွန်တော့်ကို ကြည့်ပြီး သဘောကျ၍ ပြုံးပြကြသည်။

'သူ့ဘာသာ ဖွတ်အတင်းနှိပ်ပေးနေတာ'

ကျွန်တော်က ပြုံးသူများကို ရှင်းပြပါသည်။

သွားကြတော့မည်ဆိုမှ သူနှိပ်၍ပြီးသည်။ ကျွန်တော်လည်း အတော် အညောင်းပြေသွားသည်။

'တွမ်တီးရူပီ'

ရူပီနှစ်ဆယ်ပေးရန် လက်ဖြန့်တောင်းနေပြီ။

မတောင်းမီကပင် အညောင်းပြေ၍ ဆယ်ရူပီလောက်ပေးမည်ဟု ရည်မှန်းထားပါသည်။ တောင်းနေသည်က နှစ်ဆယ်ဆိုတော့ များလွန်းသည်။ ကျွန်တော်က ဆယ်ရူပီပေးသည်။

'နိုး တွမ်တီးရူပီ'

သူတို့ထုံးစံအတိုင်းပင် 'ငါ့ခေါးဝင် ဖင်ပြင်'ဆိုသောသဘောနှင့် အတင်းတောင်းနေပြီ။ သူနှိပ်သည်ကို ခံခဲ့ပြီမို့ ပေးရမည့်သဘော။ ငြင်း၍မရ အတင်းလိုက်တောင်းနေတော့သည်။

မပေးဘဲ အပြတ်ငြင်းပြီး ကားပေါ်တက်သွားလျှင် ရမည့်သဘောရှိပါသည်။ သို့သော် ပေးလည်းပေးထိုက်သည်ထင်၍ သူတောင်းသည့်အတိုင်း ပေးခဲ့ပါသည်။ နောက်ထပ်သင်ခန်းစာ တစ်ခုတိုးပြန်ပါသည်။ သူတို့မှာ အလကားဆိုတာ ဘာမျှမရှိပါ။

ညအိပ်မရပ်နားသောကြောင့် ဆရာတော်ထံမှာ သီလယူတရားနာပြီး ဆရာတော်ကိုပူဇော်ကန်တော့ကြသည်။ နဝကမ္မနှင့် ဘက်စုံနှစ်ရပ်ပေါင်း ဒေါ်လာ ၁၂၈၊ ရူပီငွေ ၁၅၀၀၊ ကျပ်ငွေ ၄၄၀၀၀ ဖြစ်ပါသည်။

ရာဇဂြိုလ်မြန်မာကျောင်းမှ ထွက်၍ ဘုရားရှင် ဒုတိယဝါအပါအဝင် (၆)ကြိမ် ဝါဆိုတော်မူခဲ့သော ရာဇဂြိုဟ်ကို လှေ့လာကြသည်။

တောင်ငါးလုံးကာခိုသော ရာဇဂြိုဟ်မြို့ ဗုဒ္ဓဘာသာစာပေအရ ဝေဘာရ၊ ဝေပုလ္လ၊ ဣသိဂိလိ၊ ဂိဇ္ဈကုဋ်၊ ပဏ္ဍဝတောင်မြင့်ကြီးငါးလုံးဖြစ်သည်။ ပတ္တနာမြို့၏ တောင်ဘက်(၆၅)မိုင် အကွာမှာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းတော် တောထွက်လာသော် ရာဇဂြိုဟ်ပြည့်ရှင် ဘုရားဗိမ္ဗိသာရမင်းကြီးက တွေ့မြင်သောအခါ မည်းစည်းစိမ်ကို တစ်ဝက်ခွဲဝေပေးပြီး မင်းပြုရန် တောင်းပန်သည်။ မရသောအခါ ဘုရားဖြစ်လျှင် ရာဇဂြိုဟ်မြို့သို့ ကြွရောက်လာရန်ကတိတောင်းခဲ့သည်။

## ဝေဠုဝန်ကျောင်းတော်

ပထမဝါကျွတ်ပြီးသည်နှင့် ကတိအတိုင်း မြတ်စွာဘုရားရာဇဂြိုဟ်သို့ ကြွလာခဲ့သည်။ ဗိမ္ဗိသာရမင်းက ဝါးပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် သာယာလှပသော ဝါးတောကြီးမှာ ဝေဠုဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည်။ ကျောင်းအလှူတွင် လျောင်လှူပ်ခဲ့သည်။

ဝေဠုဝန်ကျောင်းတော်နေရာမှာ ခုချိန်တိုင် သစ်ကြီးဝါးကြီးများနှင့် အုပ်ဖွဲ့၍ သာယာအေးချမ်းလှသည်။ အလှမာန်တက်နေသော ခေမာမိဖုရား ဝေဠုဝန်ကျောင်းတော်သွားအောင် ကျောင်းတော်၏လှပသာယာပုံ စာပေကဗျာတို့ရေးဖွဲ့စေသည်။ ခေမာမိဖုရား ဝေဠုဝန်ကျောင်းတော်သို့ ရောက်လာသောအခါ သူ့ထက်ပို၍ လှသောမိန်းကလေး ဘုရားကိုယပ်ခတ်ပေးရာမှ အိုနာသေခြင်း နိမိတ်ပုံပြ၍ အကျွတ်တရားရစေခဲ့သည့် ကျောင်းတော်ကြီးဖြစ်၏။ ကျောင်းဝင်းအတွင်းမှာ ကြည်လင်အေးမြသော ရေကန်ကျယ်ကြီးရှိသည်။ မြတ်စွာဘုရားဆွမ်းခံပြန်လျှင် ခြေဆေးသောကန်၊ ရှဉ့်နက်ကလေးများကို အစာကျွေးသောကန်ဖြစ်ကြောင်း သိရသည်။ ကျောင်းဝင်းအတွင်း ဝါးရုံပင်အရင်း မြေအမြင့်တစ်နေရာမှာ ရှင်မောဂ္ဂလာန်၏ ဓာတ်တော်များအား ဘုရားရှင်ကိုယ်တိုင် ဌာပနာခဲ့သော အထိန်းအမှတ်စေတီရှိသည်။ ယခုအခါတွင် ဘာသာခြားတို့၏ သင်္ချိုင်းနေရာဖြစ်နေသည်။

'ဩော် . . . ဖြစ်မှဖြစ်ရလေ . . .'

စိတ်မကောင်းကြီးစွာဖြစ်ရ၏။ ဤကဲ့သို့သော ဗုဒ္ဓဘာသာတို့၏ အထွတ်အမြတ် နေရာတိုင်းမှာ ဘာသာခြားတစ်မျိုးမျိုးက ဝင်ရောက်ပြီး နေရာယူထားသည်ချည့်သာ ဖြစ်သည်ကိုတွေ့ရ၏။



## ရာဇဂြိုဟ်မှာလေ့လာစရာ

တောင်ငါးလုံးကာခိုသော ရာဇဂြိုဟ်သည် ယခုအခါတွင် မြို့ကြီးအဆင့်မှာ မရှိတော့ဘဲ ရွာကြီးအဆင့်သာရှိတော့သည်။ သို့သော် ရေပူစမ်းနှင့် မြို့ဟောင်းကြောင့် နာမည်ကြီးနေသေး၏။

ဝေဠုဝန်ကျောင်း၏ နယ်နိမိတ်အဆုံး တောင်ဘက်တွင် ရေပူစမ်းရှိသည်။ ဘုရားဖူးလာသူများ ရေပူစမ်းလာသူများနှင့် စည်ကားနေသည်။ ဆိုင်များစွာရှိ၍ စားသုံးသူများလည်းရှိသည်။ ဆိုင်များမှ အပေါ်အမြင့်သို့ တက်သောလမ်းကလေးအတိုင်း ရေပူစမ်းအဆင့်ဆင့်သို့ တက်သွားရသည်။

ရေပူများမှာ ဝေဘာရကျောက်တောင်မှထွက်၍ စီးဆင်းနေခြင်းဖြစ်သည်။ အောက်မှတက်သွားလျှင် ပထမဆုံးတွေ့ရသော ရေပူစမ်းမှာ ဇာတ်နိမ့်တို့ ရေချိုးသောနေရာဖြစ်သည်။ စမ်းချောင်းမှာ စီးဆင်းနေသော ရေပူများကို စမ်းချောင်းထဲဆင်း၍ လူများစွာချိုးနေကြသည်။ ဇာတ်နိမ့်များဖြစ်သည်ဟု သိရသည်။ သူတို့က အခွင့်အရေးတစ်ပမ်းသာသည်မှာ ရေချိုးရင်း ဆပ်ပြာတိုက်ခွင့်ရသည်။ ဆပ်ပြာတိုက်ပြီး စမ်းချောင်းမှာပင် ရေချိုးခွင့်ရသည်။

အပေါ်မှ ဇာတ်မြင့်တို့မှာ ရေချိုးရင်း ဆပ်ပြာတိုက်ခွင့်မရ။ ရေချိုးရုံသာချိုးရသည်။ ဆပ်ပြာကို ရေချိုးခန်းမှာတိုက်ရသည်။ ဆပ်ပြာပြောင်အောင် ရေချိုးပြီးမှ စမ်းချောင်းတွင် ရေပြန်ချိုးရသည်။

အလယ်မှသတ်မှတ်နေရာတွင် ဇာတ်လတ်များရေချိုးရသည်။ အမျိုးသားအမျိုးသမီး ငယ်သူကြီးသူ လူများစွာ ပျော်ရွှင်စွာရေချိုးနေကြသည်။ ရေပူစမ်းတလျှောက်လုံးမှာ ရေပူချိုးသူများနှင့် စည်ကားနေ၏။

အပေါ်ဆုံးမှ သတ်မှတ်နေရာတွင် ဇာတ်မြင့်များရေချိုးကြသည်။ စမ်းချောင်း၏ဘေးဘက်မှာ ရေချိုးခန်းများလည်းရှိသည်။ ရေချိုးခန်းများမှာ ရေချိုးနေသူများရှိသလို စမ်းချောင်းထဲမှာ ချိုးနေသူတို့လည်း များစွာရှိသည်။

ဤရေပူစမ်းတွင် ရေချိုးခြင်းဖြင့် (၉၆)ပါးသော ရောဂါများပျောက်သည်။ ကိလေသာအညစ်အကြေးများ ကင်းစင်ပပျောက်သည်ဟူသော ယုံကြည်ချက်ဖြင့် ဇာတ်နိမ့် ဇာတ်လတ် ဇာတ်မြင့်များစွာ လာရောက်ရေချိုးကြခြင်းဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာနှင့်သူ ဇာတ်နိမ့် ဇာတ်လတ်၊ ဇာတ်မြင့်သတ်မှတ်ခံယူပြီး ကိုယ့်နေရာနှင့်ကိုယ် ရေချိုးကြသည်မှာ အံ့ဩစရာ။ ဇာတ်နိမ့်ဖြစ်ရသည်မှာ မျက်နှာငယ်စရာ စိတ်ပျက်စရာ။

ဇာတ်မြင့်တို့နေရာအရောက်မှာ အသက်(၅၀)ခန့် လူတစ်ယောက်က ရေပူတစ်ခွက်ယူလာပြီး ကျွန်တော့်ကို လောင်းပေးမည်ပြုသည်။ ကျွန်တော်က 'နိုး ... နိုး'ဟု ငြင်းသည်။ ငြင်းနေသည့်ကြားမှပင် သူက ကျွန်တော့်ကိုယ်ပေါ်သို့ လောင်းချလိုက်သည်။ ပူနွေးသောရေများဖြစ်သည်။

လောင်းပြီးသွားပြီမို့ ကျွန်တော်ဘာမျှမပြောတော့ပါ။ သို့သော် သူက လက်ဖြန့်ခံ၍ 'ဗိုက်ရှုပီ' ဟု တောင်းနေပါပြီ။

ကျွန်တော် 'နိုး ...'ဟုပြောပြီး ဆက်တက်သွားရသည်။

ရေပူစမ်းမှ အထက်သို့ ဝေဘာရတောင်ကို ဆက်တက်လျှင် လက်ယာဘက်တွင် ကျောက်တုံးများဆင့်စီထားသော လေးထောင့်ပုံစံ ကျောက်ဂူငယ်တစ်ခုရှိ၏။ အလျား ၈၅ ပေ၊ အနံ ၈၁ ပေ၊ အမြင့် ၁၁ ပေမှ ၈ ပေ အထိ လေးထောင့်လိုဏ်ဂူငယ်ရှိသည်။ ထိုလိုဏ်ကို ဗုဒ္ဓဘာသာဝင်များက ရှင်မဟာကဿပထေရ်သီတင်းသုံးရာ ပိပ္ပလိလိုဏ်ဂူဟု ခေါ်ကြသည်။ လိုဏ်ဂူအထက်တွင် မျောက်များပြေးလွှားဆော့ကစားနေသည်ကို တွေ့ရသည်။

ပိပ္ပလိဂူမှ အထက်သို့တက်သွားလျှင် ဟိန္ဒူဘုရားကျောင်းနှင့် ဂျိန်းဘုရားကျောင်းရှိသည်။ ဂျိန်းဘုရားကျောင်းမှ ယာဘက်အနိမ့်ပိုင်းသို့ ဆင်းသွားလျှင် စရည်းပင်ပေါက်ရာလိုဏ်ဂူကို တွေ့ရမည်ဖြစ်သည်။ အဇာတသတ်မင်းလက်ထက် ပထမသံဃာယနာတင်ခဲ့သော နေရာဖြစ်သည်။ ပုထုဇဉ်ရဟန်းတစ်ပါးမျှ မပါ။ ရဟန္တာချည့် အပါး ၅၀၀ သံဃာယနာ တင်ခဲ့ကြခြင်းဖြစ်သည်။

ဝေဘာရတောင်၏ တောင်ဘက်ခြေရင်းတွင် ဆွန်ဘဏ္ဍာဟုခေါ်သော ကျောက်ဂူနှစ်ဂူရှိ၏။ ဗိမ္ဗိသာရမင်း၏ ရွှေတိုက်တော်ဟုခေါ်ကြသည်။ ကျောက်တောင်ကိုထွင်းထားသည့် ဝင်ပေါက်တစ်ခုသာရှိသော ဂူဖြစ်သည်။ ပြတင်းငယ်တစ်ခုရှိသည်။ ဤဂူကိုပင် ပထမသံဃာယနာတင်ရာ ဂူဟုလည်း



ခန့်မှန်းကြသည်။ သုမင်္ဂလဝတီဗုဒ္ဓဝင်၌ ဤနေရာကို သံဃာယနာတင်ရာ ဂူဟု ဆို၏။

အဇာတသတ်မင်းရရှိသည့် မြတ်စွာဘုရား၏ ဓာတ်တော်များ မြှုပ်နှံသိုဝှက်ထားသည့် ဓာတ်တော်တိုက်သို့လည်း ရောက်ရှိကြသည်။

အဇာတသတ်မင်းသည် မြတ်စွာဘုရားကို လွန်စွာကြည်ညို၍ ရရှိလာသော ဘုရားဓာတ်တော်များကို ၇ နှစ်၊ ၇ လ၊ ၇ ရက် အကြီးအကျယ် ပူဇော်ချင်သည်။ ဌာပနာရန် မြေမြတ်မဟာကို ရှာဖွေရာ ဤနေရာမြတ်မှာ အတောင်(၈၀)တူး၍ လုံခြုံစွာ သိုဝှက်သိမ်းဆည်းပြီး ဓားစက်လုံစက်များ တပ်ဆင်ထားသည်။ ခြေဝင်ခြေပြတ်၊ လက်ဝင်လက်ပြတ်သည်ဟုဆို၏။

ဓာတ်တော်တိုက်တွင် မြန်မာဘုရားဖူးအဖွဲ့ဝင်များ အတူတကွ စုပေါင်း၍ မြတ်စွာဘုရား၏ ဓာတ်တော်များကို နမောတဿသုံးကြိမ်ရွတ်ဆို၍ လည်းကောင်း၊ ဘုရားဂုဏ်တော်များကို ရွတ်ဖတ်၍လည်းကောင်း ပူဇော်ကန်တော့ကြပါသည်။

ဘုရားဓာတ်တော်များကို ပူဇော်ကန်တော့ပြီးသည်နှင့် တောင်ဘက်သို့ (၁၀)ကီလိုမီတာခန့် သွားသောအခါ ကျောက်တုံးများဖြင့်ကာရံထားသည့် ဗိမ္ဗိသာရမင်းကြီး၏ အကျဉ်းထောင်သို့ရောက်ကြသည်။ ဘခင်မေတ္တာနှင့် ကြေကွဲစရာဇာတ်လမ်းတစ်ပုဒ်ကို လွမ်းမောစွာနှင့် ဆင်ခြင်သင်ခန်းစာယူစရာ ဖြစ်ပါ၏။

## ဘုရင်ဗိမ္ဗိသာရနှင့်ဘခင်မေတ္တာ

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအလောင်းတောထွက်လာစဉ်ကပင် လွန်စွာတင့်တယ်သော အဆင်းအချင်းကို မြတ်နိုးလေးစား၍ ထီးနန်းပေးပြီး မင်းပြုရန်တောင်းပန်သည်။ ဘုရားလောင်းက ထီးနန်းစည်းစိမ်ကို လက်မခံသောအခါ ဘုရားဖြစ်လျှင် ရာဇဂြိုဟ်ပြည်သို့ ပထမဦးစွာ ကြွလာပါရန် လျှောက်ထားတောင်းပန်သည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသော် မိဂဒါဝုဏ်တောမှ

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စဝဂ္ဂီ(၅)ဦးကို တရားဦးမဟောကြားတော်မူပြီး ပထမဝါမှထွက်သည်နှင့် ကတိအတိုင်း ရာဇဂြိုဟ်သို့ကြွလာသည်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို ကြည်ညိုလှ၍ သာယာလှပသော ဝေဠုဝန်ဝါးတောဥယျာဉ်တွင် ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းသည်။ ဝေဠုဝန်ကျောင်းတော်ဟု ထင်ရှား၏။

ဘုရားကျောင်းဒကာကြီးဖြစ်သည့် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားကြီးမှာ ပသေနဒီကောသလမင်းကြီး၏ နှမတော်ဝေဒေဟီဖြစ်သည်။

မိဖုရားကြီးတွင် သန္ဓေသားရသောအခါ မိဖုရားသည် ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကို ဖောက်၍သောက်ချင်သောဆန္ဒ ပြင်းစွာဖြစ်၏။ ဘုရင်ကို မလျှောက်တင်ဝံ့သောကြောင့် ညှိုးနွမ်းလျက်ရှိ၏။ ဘုရင်ကမေးမြန်း၍ အကျိုးအကြောင်းသိရသော် ချက်ချင်းပင် လက်မောင်းသွေးကိုဖောက်၍ သောက်စေတော်မူ၏။ မိဖုရားချင်ခြင်းအာသာပြေပျောက်ရသည်။

ပညာရှိအမတ်တို့ သိလေသော် မိဖုရားဝမ်းတိုက်မှာ ကိန်းနေသောသန္ဓေသားသည် မင်းကြီးအား သတ်မည့်သူဖြစ်လတ္တံ့ဟု နိမိတ်ဖတ်ကြသည်။ ဝေဒေဟီမိဖုရားကြီးလည်း အဖသတ်မည့်သားကို မမွေးလို၍ ကိုယ်ဝန်ကိုဖျက်သော်လည်း မပျက်။ ဗိမ္ဗိသာရမင်းကြီးသိလေသော် သတ်လိုလျှင်သတ်ပါစေ မဖျက်ပါလင့်။ သား၏မျက်နှာမျှကို မြင်လိုပါ၏ ဟုဆို၏။

ဖွားမြောက်လေသော် သားကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်လွန်း၍ စားတော်မျှမခေါ်နိုင်။ ဖက်ယမ်းနမ်းရှိုက်လျက် ဘခင်မေတ္တာဖြင့် ကြင်နာစွာစောင့်ရှောက်၏။ သားတော်ငယ်စဉ် လက်မခူနာပေါက်၍ ဆောက်တည်ရာမရ ပြည်ကိုက်ဝေဒနာခံရသောအခါ အနာသက်သာအောင် လက်မကိုအာခံတွင်းဖြင့် ငုံထား၏။ သားကလေး ဝေဒနာသက်သာ၍ အိပ်ပျော်သွားစဉ် အနာပြီပေါက်လေသော် ထွေးလျှင် သားလေးနိုးမည်စိုး၍ မထွေးရက်။ သွေးပြည်ပုတ်တို့ကို မြိုချခဲ့၏။

ထိုသားလေးကြီးလာ၍ အရွယ်ရောက်သောအခါ အဇာတသတ်အမည်တွင်၏။ မြတ်စွာဘုရားကို ရန်ငြိုးထား၍ ဘုရားလုပ်လိုသော ဒေဝဒတ်သည် မိမိရရှိထားသော ဈာန်အဘိဉာဉ်ဖြင့် သူငယ်သဏ္ဌာန်ဖန်ဆင်းပြီး



ဦးခေါင်းထက်တွင် မြွေတစ်စင်း၊ လက်နှစ်ဖက်တွင် မြွေနှစ်စင်း၊ ခြေနှစ်ဖက်တွင် မြွေနှစ်စင်း ပါးပျဉ်းများဖြန့်လျက် အမြီးများယှက်ထိုးခါးကြိုးကဲ့သို့ ဆင်၍ ကောင်းကင်ခရီးဖြင့် သွားပြီး အဇာတသတ်မင်းသား၏ နေရာမှာ သက်ဆင်း၏။

မင်းသားလွန်စွာထိတ်လန့် ကြောက်ရွံ့ဖြစ်ရသည်။ ဒေဝဒတ်၏ ဘုန်းတန်ခိုးကိုလည်း အံ့သြလေးစားစွာနှင့် ဆရာတင်၏။

ဒေဝဒတ်က သူသည် ဘုရားကိုသတ်ပြီး ဘုရားလုပ်မည်။ အဇာတသတ်က ဘခင်ဘုရင်ကြီးကိုသတ်ပြီး ဘုရင်လုပ်ရန်ပြောသည်။ အဇာတသတ်မင်းသားသည် ဘခင်ဘုရင်ကိုသတ်ရန် သံလျက်ကို ပေါင်ကြားမှာဝှက်၍ နေ့ခင်းတွင် နန်းတော်သို့ဝင်၏။ အစောင့်တို့ စစ်ဆေးပေါ်ပေါက်၍ မင်းသားကို ဖမ်းဆီးပြီး စစ်ဆေးရာ ဒေဝဒတ် အကြံပေးချက်အရ မင်းကြီးကို သတ်ရန်ကြံမိကြောင်း ပေါ်ပေါက်သည်။

မင်းကြီးထံအပ်နှံတင်လျှောက်ရာ မင်းကြီးက အဘယ်ကြောင့် သတ်လိုကြောင်း သားကိုမေးသည်။ သားအဇာတသတ်က မင်းအဖြစ်လို၍ သတ်ရန်ကြံကြောင်း လျှောက်တင်သည်။ ဘုရင်က အဇာတသတ်ကို မင်းအဖြစ်ပေးအပ်၏။

ထိုအခါ ဒေဝဒတ်က ခမည်းတော်မင်းကြီးရှိနေသမျှ အန္တရာယ်ရှိနေမည်။ ရန်ဆိုသည်မှာ အဆုံးရောက်အောင်ပြုမှ ငြိမ်းချမ်းစွာနေရမည်ဟု ပြောဆို၍ ထီးနန်းစည်းစိမ် လွှဲအပ်ပေးသော ဗိမ္ဗိသာရမင်းကြီးကို သတ်ရန် အဇာတသတ်ကို သွေးထိုးလှုံ့ဆော်၏။

အဇာတသတ်က ဖခင်ကြီးအား ဓားဖြင့်ခုတ်ဖြတ် မသတ်ထိုက်သည်မဟုတ်ပါလောဟု ပြောသောအခါ နှောင်အိမ်သွင်း အကျဉ်းထား၍ အာဟာရဖြတ်သတ်သော် သူ့အလိုလိုသေခြင်းဖြစ်၍ အပြစ်မရှိဟု အကြံပြု၏။

အဇာတသတ်သည် ဆရာခိုင်းစေတိုင်း ဘခင်ဘုရင်ကြီးကို ဖမ်းဆီး၍ နှောင်အိမ်အတွင်းသွင်းသည်။ မယ်တော်မိဖုရားကြီးမှတပါး မည်သူမျှမဝင်မတွေ့ရ။ အာဟာရပေးကျွေးလျှင် မင်းပြစ်မင်းဒဏ်ထားရန် အာဏာသား တို့ကို စောင့်ကြပ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ဝေဒေဟီမိဖုရားကြီးသည် သားကို ဆုံးမပြောဆိုသော်လည်း မရလျှင် ရွှေခွက်နှင့်ပွဲတော်စာထည့်၍ ခါးပိုဒ်ဖြင့် လျှို့ဝှက်ဆောင်ယူပြီး မင်းကြီးအားကျွေးရ၏။

ဆယ်ရက်လခွဲကြာ၍ အဇာတသတ်အစောင့်အကြပ်တို့မေးရာ ခမည်းတော်မသေသေးကြောင်း မယ်တော်က အာဟာရတို့ကို အဝတ်ဖြင့် ခါးပိုဒ်ပြုဆောင်ယူကျွေးနေကြောင်းသိရသည်။ မယ်တော်အား အစားအစာတို့ကို ခါးပိုဒ်ဖြင့် မယူနိုင်အောင် စစ်ဆေးရန်မှာကြားသည်။ မယ်တော်က စတုမဓုဖြင့် ပြုအပ်သော မုန့်လုံးကို ဆံထိုးကြားမှာဆောင်ယူ၍ ကျွေးမွေး၏။ မင်းကြီးလည်း ထိုအာဟာရဖြင့် အသက်ရှင်နေ၏။

အဇာတသတ်မင်းစစ်မေးသိသော် မယ်တော်နှောင်အိမ်ဝင်လျှင် ဆံပင်ဖြန့်၍ ချစေ၏။ မယ်တော်သည် မုန့်ထမင်းကို ရွှေခြေနင်းမှာစီးနင်းဝင်၍ ကျွေးရ၏။ ခုနစ်ရက်ကြာ၍ မသေသော် မေးပြန်၏။ မယ်တော်က ခြေနင်းမှာဆောင်ယူကျွေးကြောင်း သိရလျှင် မယ်တော်ခြေနင်းမစီးစေဘဲ ဝင်ရသည်။ မိဖုရားကြီးသည် ကိုယ်ခန္ဓာကို သန့်စင်စွာ ရေချိုးချေးညှော်ကင်းစေလျက် စတုမဓုအရည်ကို နံ့သာမှုံ့ဖြင့်နယ် ကိုယ်ဝယ်လိမ်းကျံသည်။ သန့်ပြန့်သောအဝတ်ကိုဆင်၍ နှောင်အိမ်တွင်းဝင်ရသည်။ ကိုယ်မှစတုမဓုတို့ကို ချစ်ခွာ၍ ဗိမ္ဗိသာရမင်းကြီးကို ကျွေးရသည်။ မင်းကြီးမတင်းတိမ်ရကား မိဖုရားကိုယ်၌ ကပ်ကျန်သော နံ့သာနှင့်ရောသည့် စတုမဓုကို လျှာဖြင့်လျက်၍ မျိုရှာ၏။

ထိုအဖြစ်ကိုမြင်ရကုန်သော် နှောင်အိမ်စောင့်သူအာဏာပါးကွက်သားတို့ ပင်ရင်မှာ နာကြင်စွာခံစားရလွန်း၍ မင်းကြီးကိုသနားသောကြောင့် မျက်ရည်မဆည်နိုင်အောင် ငိုကြွေးကြရသည်။

နောက်လေးငါးရက်ကြာ၍ အဇာတသတ်မေးလေသော် အကြောင်းစုံကိုသိရ၍ မယ်တော်မိဖုရားကြီးအား နှောင်အိမ်အတွင်းသို့ ဝင်ခွင့်ပိတ်လိုက်သည်။

ဗိမ္ဗိသာရမင်းကြီးသည် အနည်းငယ်သော အာဟာရကိုမျှ မမှီဝဲရသော်လည်း ချုပ်နှောင်ထားသော လှောင်အိမ်နေရာသည် မြတ်စွာဘုရား



သီတင်းသုံးတော်မူရာ ဂိဇ္ဈကုတ်တောင်ထက်မှ ကျောင်းနေရာကို လှမ်းမြော်ဖူးမျှော်နိုင်သောနေရာဖြစ်၍ စင်္ကြံကြွရင်း ဘုရားရှင်ကို ပူဇော်လျက်နေ၏။ သိမြင်ထားသော မဂ်ဖိုလ်ချမ်းသာကို ခံစား၍ စင်္ကြံကြွလျက် မျှတတော်မူ၏။ အသားအရေတို့မှာ စိုပြေဝင်းပလျက် ရွှေယခင်ကထက်ပင် သာလွန်တင့်တယ်တော်မူ၏။

နောက်(၇)ရက်ကြာ၍ မသေသောအဖြစ်ကို မေးလေသော် စင်္ကြံဖြင့် မျှတကြောင်းကိုသိ၍ စင်္ကြံမကြွနိုင်အောင် ခြေဖဝါးဓားခွဲသားနယ် မီးရဲရဲမှာကင်စေသည်။ အာဏာပါးကွက်သားတို့လည်း မင်းကြီးအားရှိခိုးတောင်းပန်ပြီး သားအဇာတသတ်အာဏာကိုတည်ကြရ၏။

ဗိမ္ဗိသာရမင်းကြီး နာကျင်ခြင်းဝေဒနာ ပြင်းထန်စွာခံစားရပြီးမှ စုတိစိတ်ကျလေသည်။

မင်းချင်းတို့လည်း ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံတော်မူကြောင်း အဇာတသတ်ထံ လျှောက်တင်ရန်သွား၏။ မင်းတံခါးဝတွင် အဇာတသတ်မင်း၏ သားတော်လေး ဥဒယဘဒ္ဒ ဖွားမြင်ကြောင်း သတင်းလာပို့သူနှင့်ဆုံသည်။ မင်္ဂလာသတင်းကို အလျင်လျှောက်တင်စေ၏။

သားတော်လေးမွေးဖွားသောသတင်းကို ကြားရသော် အဇာတသတ်မင်း ရိုးတွင်းချင်ဆီစိမ့်အောင် နှစ်သက်ကြည်နူးလွန်းရကား ငါ၏ခမည်းတော် ငါ့ကိုဤသို့ချစ်မချစ် သိလိုစိတ်ဖြစ်၏။ မယ်တော်ကိုမေးသည်။

မယ်တော်မိဖုရားကြီးသည် မျက်ရည်မဆည်နိုင်အောင် ခံစားရ၍ ဘခင်ဘုရင်ကြီး၏ ချစ်မြတ်နိုးပုံ၊ ခူနာပေါက်သောလက်ငုံထားခဲ့ပုံ၊ သွေးပြည်ပုတ်တို့မျိုချပုံ အလုံးစုံတို့ကို ပြောပြရာ အဇာတသတ်မင်း မိမိ၏ အမှားကို သိမြင်လေပြီ။ ခမည်းတော် ဘုရင်ကြီးကို လွှတ်စေမိန့်တော်မူသည်။ သို့သော် နောက်ကျခဲ့လေပြီ။ ခမည်းတော် နတ်ရွာစံကံတော်ကုန်ပြီဖြစ်ကြောင်း လျှောက်ထားလာကြပြီ။

အဇာတသတ်မင်း နှောင်တကြီးစွာရ၍ ပူလောင်ခြင်းဆင်းရဲကို ခံစားရသည်။ ထိုအချိန်မှစပြီး အိပ်၍လည်း ကောင်းစွာမပျော်၊ ပွဲတော်လည်း မတည်နိုင် စိတ်ဆင်းရဲကြီးစွာ ဖိစီး၍ ဆောက်တည်ရာမရဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်မင်း ဆရာများ၏ မျက်မှောက်သာမက သံသရာအထိ ဒုက္ခကြီးစွာဖြစ်ရသည်။ ဆရာဇီဝက၏ အကြံပေးမှုနှင့် ဘုရားရှင်ထံရောက်ပြီး မြတ်စွာဘုရား ဟောကြားသော သာမညဖလသုတ်ဒေသနာကို နာကြားရ၏။ ပိတုဃာတကကံကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ဘဲ သရဏဂုံမြဲသည့် ဥပါသကာအဖြစ်သို့သာ ရောက်ရ၏။

ဗိမ္ဗိသာရအကျဉ်းထောင်နေရာကို ယခုအခါတွင် ဂျပန်နိုင်ငံမှ ဗုဒ္ဓဘာသာတို့က ကျောက်အုတ်တို့ဖြင့် ကာရံလျက် အထိန်းအမှတ် ပြုထားပါသည်။ သားကိုချစ်သည့် ဘခင်ကောင်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို လေးစားကြည်ညိုဖြစ်ကြရသည်။ ယခုမျက်မှောက်ကာလအထိ ဖခင်မေတ္တာကို စံပြုစရာအဖြစ်ပြောဆိုနေကြရသည်။

ထိုအကျဉ်းထောင်နေရာမှ အပေါ်ဘက်သို့ လှမ်းမြော်လျှင် ဂိစ္ဈကုဋ်တောင်ပေါ်မှာ ဘုရား၏ ကျောင်းတော်ရာကို လှမ်းပြီး ဖူးမြော်ရပါသည်။ ဂိစ္ဈကုဋ်တောင်ပေါ်ရှိ ဘုရားကျောင်းတော်ရာမှ အောက်ဘက်သို့ ကြည့်လျှင်လည်း ဤအကျဉ်းထောင်နေရာကို မြင်ရသည်ဟု သိရပါသည်။

ဘုရားရှင်ကို ကြည်ညိုရှိသေစိတ်ဖြင့် စင်္ကြံကြွလျက် နေခဲ့မည့် ဗိမ္ဗိသာရမင်းကြီးကို မြင်ယောင်၍ သာဓုနုမော်ခေါ်မိကြပါသည်။

## ရာဇဂြိုဟ်မှာပူဇော်စရာ

ဗိမ္ဗိသာရမင်းကြီး၏ အကျဉ်းထောင်နေရာမှ ဆက်သွားကြသောအခါ ဇီဝက၏ ဆေးဥယျာဉ် (သရက်ဥယျာဉ်ဟုလည်းခေါ်ကြသည်။)သို့ ရောက်ကြသည်။ နှယ်မြက်သစ်ပင်မှန်သမျှ ဆေးဘက်ဝင်သည်ဟု ဆိုကြ၏။ သူ့ရောဂါ သူ့ဝေဒနာ အလိုက်သိရန်သာလိုသည်။ ဆရာဇီဝကသည် ဆေးအတတ်တွင် တစ်ဖက်ကမ်းခတ်တတ်မြောက်သော ဒိသာပါမောက္ခဆရာကြီးထံသို့ သွားရောက်၍ တပည့်ခံပြီး ဆေးကုသခြင်းအတတ်ပညာကို သင်ကြားသည်။ သူတပါးကဲ့သို့ အခကြေးငွေ မပေးနိုင်၍ ဆရာ့ဝေယျာဝစ္စကို ဆောင်ရွက်ပေးပြီး ပညာသင်ရ၏။ ဆရာ၏ ချစ်ခင်စွာ သင်ကြားပေးမှုနှင့် ဇီဝက၏ ကြိုးစားသင်ယူမှုတို့ကြောင့် သူများ(၁၆)နှစ် သင်ယူရသော ဆေးပညာကို



ဆရာဇီဝက (၇)နှစ်နှင့် တတ်မြောက်ခဲ့သည်။

(၇)နှစ် သင်ကြားပြီးသောအခါ ဆရာဇီဝက၏ ဆရာကြီးက တူရွင်းတစ်ချောင်းကိုယူစေ၍ မြို့တံခါး (၄)မျက်နှာမှ တစ်ရက်စီထွက်စေပြီး တစ်ယူဇနာအတွင်းမှာ ဆေးဘက်မဝင်သော အပင်ကို ရှာစေသည်။ ဇီဝကကြိုးစားရှာသော်လည်း ဆေးဘက်မဝင်သော အပင်တစ်မျှမတွေ့။ ထိုအကြောင်းဆရာကို ပြန်ပြောသောအခါ ဆရာက ကျေနပ်နှစ်သက်၍ ဆေးကုသခွင့်ပြုလိုက်သည်။

ဇီဝက၏ ဆေးဥယျာဉ်ထဲသို့ ရောက်ကြသောအခါ သစ်ပင်တိုင်းဆေးဘက်ဝင်ကြသည်ဟု ခံယူ၍ တွေ့သမျှအပင်များကို ဘုရားဖူးတို့နှုတ်ယူကြသည်။

ဤနေရာမှာပင် ဆရာဇီဝကကျောင်းဆောက်၍ မြတ်စွာဘုရားကို သီတင်းသုံးစေခဲ့သည်။

ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိပြီး ဆောက်တည်ရာမရ ပူလောင်ခြင်းဆင်းရဲခံစားနေရသော အဇာတသတ်မင်းကို ဆရာဇီဝက လမ်းညွှန်ပြမှုကြောင့် တန်ဆောင်မုန်းလပြည့်ညတွင် ဆရာဇီဝကနှင့်အတူ အဇာတသတ်မင်း ဘုရားကို ဖူးမြော်ရန် ရောက်ရှိလာသော နေရာဖြစ်သည်ဟု ယူဆကြ၏။

မြတ်စွာဘုရားရှင်၏ ကျန်းမာရေးကို ကုသစောင့်ရှောက်ပေးသော ဆေးဆရာကြီး ဇီဝကကိုလည်း မြတ်နိုးစွာ ရိုသေလေးစားမိပါ၏။ ပူလောင်ဆင်းရဲခြင်းအပေါင်းကို ငြိမ်းအေးစေတော်မူသော မြတ်စွာဘုရားကိုလည်း ဆရာဇီဝက၏ သရက်ဥယျာဉ်မှာ ရိုသေစွာ ပူဇော်ကန်တော့ကြရပါသည်။

ဇီဝက၏ ဥယျာဉ်မှ ဂိစ္ဈကုဋ်တောင်သို့ လမ်းအတိုင်း တတ်သွားလျှင် အဇာတသတ်ကိုယ်ဝန်ရှိစဉ်က ဝေဒေဟီမိဖုရားကြီး အဖသတ်မင်းသားကို အနှိပ်သည်နှင့် ဖျက်ချရန် ကြိုးစားခဲ့သည့်နေရာဟု သိရ၏။

နောင်တွင် ဤနေရာမှာ ကျောင်းဆောက်၍ မြတ်စွာဘုရားသီတင်းသုံးခဲ့၏။ ဒေဝဒတ် ကျောက်မောင်းဆင်လှိမ့်ချ၍ ဤနေရာအနီးတွင် ခြေမတော်အား ကျောက်စမှန်၍ သွေးခြည်ဥခဲ့၏။ မဒ္ဒကုဋ္ဌိကျောင်း၌နေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ဇီဝကဥယျာဉ်ကျောင်းသို့ ပင့်ရသည်။ ဘုရားရှင်အား မည်သည့်ရန်သူမျှ အန္တရာယ်မပြုနိုင်ကြောင်း သက်သေပြသောနေရာဖြစ်သည်။

ရှေ့ဆက်တတ်လျှင် စေတီနှစ်ဆူရှိသည်။ ဘုရင်ဗိမ္ဗိသာရဘုရားကို ဖူးမြော်ရန် ဂိဇ္ဈကုဋ်တောင်တက်လျှင် ရထားထက်မှဆင်းသောနေရာတွင် စေတီတစ်ဆူရှိ၏။ သံလျက်၊ သရဖူ စသည့် မင်းမြောက်တန်ဆာများ ကိုယ်ရံတော်သို့ ပေးသောနေရာတွင် စေတီတစ်ဆူရှိ၏။

ဆက်တတ်လျှင် အာနန္ဒာအရှင်မြတ်သီတင်းသုံးရာ လိုဏ်ဂူနှင့် ဂိဇ္ဈကုဋ်တောင်ထက်မှ မြတ်စွာဘုရား၏ ကျောင်းတော်ရာတို့ ဖြစ်သည်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ မရောက်ခဲ့ရပါ။ အောက်ဖက်မှ နေရာများတွင် ရှင်းလင်းပြောကြားသည့် အချိန်များလွန်းသွားသည်။

ဂိဇ္ဈကုဋ်တောင်၏ ဝဲဘက်တွင် ဂိဇ္ဈကုဋ်တောင်ထက်မြင့်သော ရတနာဂီရိတောင်ရှိသည်။ ထိုတောင်ထိပ်တွင် ဂျပန်နိုင်ငံမှ အရှင်ဒီဂျိုးတည်သော ငြိမ်းချမ်းရေးစေတီရှိသည်။ ထိုစေတီသို့ ကောင်းကင်ကြိုးပုခက်များနှင့် တက်ရသည်။ သက်သာလွယ်ကူစွာနှင့် တောင်ပေါ်သို့ ရောက်ရသည်။ ဘုရားဖူးများ စိတ်ဝင်စားကြသည်။ ခေတ်မီစက်ကြိုးယန္တရားများ ဖြစ်ပါ၏။ ဗွီဒီယိုရိုက်၊ ဓာတ်ပုံရိုက်ကြသည်။ ထိုကောင်းကင်ကြိုးပုခက်များကို စိတ်ဝင်စားမိကြ၍ ထင်ပါ၏။ မြတ်စွာဘုရားသီတင်းသုံးခဲ့သည့်ကျောင်းတော်နှင့်တကွ ထူးခြားသော ဖြစ်ရပ်များနှင့် မှတ်သားဘွယ်ရာ ဂိဇ္ဈကုဋ်တောင်ကိုတက်ရန် မရွေးချယ်ဘဲ စက်လှေခါးနှင့်တက်ရသည့် ရတနာဂီရိတောင်ကို ရွေးချယ်ခဲ့ကြသည်။ ဂိဇ္ဈကုဋ်တောင်ဘက်သို့ ပြန်ဆင်းလျှင် ရသေးသည်။ သို့သော် အောက်မှာ ရှင်းလင်းဟောပြောချိန်ကို မချုပ်ခဲမိ၍ ဂိဇ္ဈကုဋ်တောင်ဘက်သို့ ခြေလျင်ဆင်းရန် ခရီးစဉ်ကိုချုပ်ခဲ့ရသည်။ အချိန်မရတော့ပါ။

အချို့မှာ အတော်ပင် မကျေမနပ်ဖြစ်ကြသည်။ ဒီနေရာရောက်ချင်၍ ရည်မှန်းချက်ကြီးစွာ စေတနာသဒ္ဓါထက်သန်စွာနှင့် လာခဲ့ကြခြင်းဖြစ်သည်။ ဂိဇ္ဈကုတ်တောင်ကို တက်ချင်သည်။ လမ်းခရီးအဆင့်ဆင့်မှာ မှတ်သားစရာများ၊ ကြည်ညိုသဒ္ဓါပွားစရာများကို မြင်ချင်သည်။ တွေ့ချင်သည်။ ဂိဇ္ဈကုဋ်တောင်ပေါ်မှ မြတ်စွာဘုရားသတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်နေရာတွင်





ရတနာဂီရိတောင်ထက်မှ ကောင်းကင်ကြိုးပုခက်နှင့် ဆင်းသက်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ကြည်ညိုပူဇော်ချင်သည်။ သို့သော် ရောက်ခွင့်မရတော့ပါ။

တစ်ယောက်ဆိုလျှင် သူ့ဘာသာတစ်ယောက်တည်း ခြေကျင်ဆင်းမည်။ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဘုရားကျောင်းတော်ရာနေရာကို ရောက်ဖူးချင် ဘုရားကို ပူဇော်ချင်၍ ဤခရီးလိုက်လာခြင်းဖြစ်သည်ဟု ပြောနေသည်။

ဘုရားဖူးခရီးသည်အများစုကတော့ အသင့်အတင့်နှလုံးသွင်း၍ ဘုရားဖူးအဖွဲ့၏ အစီအစဉ်အတိုင်း လက်ခံလိုက်ကြသည်။ အောက်ဖက်မှ ဗိမ္ဗိသာရအကျဉ်းထောင်၊ ဇီဝက၏ ဥယျာဉ်တို့တွင် ရှင်းလင်းပြောကြားသည် မှာလည်း ဇာတ်ကွက်ဇာတ်လမ်းများနှင့်တကွ အပြည့်အစုံ ခင်းကျင်းပြောပြခြင်းကြောင့် အချိန်ယူတာ များလွန်းသွားသည်။ အချိန်ကို တွက်ရမည်။ ဖြတ်သင့်ချိန်မှာ ဖြတ်ရမည်။ နောင်ခရီးစဉ်များတွင် ဘုရားဖူးအဖွဲ့ဝင်များ ဆင်ခြင်သတိပြုစရာဖြစ်ပါ၏။

ခုတော့ ရတနာဂီရိတောင်ထိပ်ပေါ်မှသာ ဂိဇ္ဈကုဋ်တောင်မှ ဘုရားကျောင်းတော်ကို လှမ်းမျှော်ပူဇော်ရသည်။ ကောင်းစွာမြင်ရပါသည်။ ဘုရားဖူးအဖွဲ့ဝင်များ ပရိမိတ္တဇာလသုတ်ကို ရွတ်ဖတ်၍ မြတ်စွာဘုရားကို ပူဇော်ကြရသည်။

ရတနာဂီရိတောင်ထက်မှကောင်းကင်ကြိုးပုခက်ယာဉ်များကို စီးပြီး ခပ်မြန်မြန်ပြန်ဆင်းခဲ့ကြသည်။

ရာဇဂြိုဟ်မြို့ဟောင်းသို့ ကုန်သည်များ လာရောက်ကြသည့် ကျောက်သားပြင်ပေါ်မှာ (၈)လက်မခန့် နက်ရှိုင်းစွာ ထင်ကျန်နေသော လှည်းဘီးရာကြီးများကိုတော့ အပြန်ခရီးမှာ အမှတ်ထင်ထင် တွေ့မြင်အံ့သြခဲ့ကြရပါ၏။

## သံဃစနိယဗုဒ္ဓဂယာ

ရာဇဂြိုဟ်မှပြန်လာကြရာ ည(၇)နာရီခန့်တွင် ဗုဒ္ဓဂယာမြန်မာကျောင်းသို့ ရောက်ကြသည်။ အဆင်သင့်ချက်ပြုတ်ပြင်ဆင်ကျွေးသော ညစာစားပြီး ညအိပ်ရပ်နားကြသည်။ ဧည့်သည်နည်းသောနေ့မို့ ရေချိုးခန်းအိမ်သာတွဲလျက်အခန်းမှာ တစ်ယောက်စီနေခွင့်ရကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်(၄)နာရီခွဲ အိပ်ရာနိုး၍ မျက်နှာသစ်အဝတ်လဲပြီး (၅)နာရီခန့်မှာ မြန်မာကျောင်းမှထွက်ခဲ့သည်။ အာရုဏ်ဦးရောင်ခြည်အောက်မှာ ဖလဂူမြစ်ကို သဲသောင်ဖွေးဖွေး၊ ရေဖွေးဖွေးနှင့် တွေ့မြင်ရ၏။

ဗုဒ္ဓဂယာဘုရားကြီးကို အရုဏ်ဦးမှာဖူးချင်၍ လမ်းလျှောက်သွားသည်။ လက်ဖက်ရည်ဆိုင် တစ်ဆိုင်နှစ်ဆိုင်ဖွင့်နေပြီ။ သွားရင်းသွားရင်းနှင့် တော်တော်ဝေးဝေးရောက်နေပြီ၊ ဂယာဘုရားကြီးကို ရောက်သင့်ပြီ၊ မရောက်သေး မေးရအောင်လည်း သူ့စကားကိုယ်မသိ၊ ကိုယ့်စကားသူမသိ။ ပြန်လှည့်လာသည်။ လမ်းမှားပြီးအဝေးကြီးသို့ လွန်သွားခြင်းဖြစ်၏။ ကိုယ်ဘာသာလမ်းရှာပြီးတွေ့သွားပါသည်။ အဝင်စနားမှာ ကြာညိုပန်းများရောင်းနေသည်။

တစ်ပွင့်လက်ညှိုးထိုးပြသည်။ ငါးရူပီး ဟုဆိုသည် မပေးရပါ။ ငါးရူပီး ပေးလျှင် (၅)ပွင့်အနည်းဆုံးရမည်။ လက်နှစ်ချောင်းထောင်ပြီး နှစ်ပွင့်တောင်းသည် ပေးလိုက်သည်။ ကြာညိုပန်းနှစ်ပွင့်ကို (၅)ရူပီးနှင့်ဝယ်ပြီး ဘုရားကြီးသို့ လာခဲ့သည်။

ဘုရားလိုဏ်ဂူထဲမှာ မနက်အစောကြီးလည်း ဘုရားဖူးများပျားလျက်ရှိသည်။ ကြာပန်းနှစ်ပွင့်ဖြင့် ဘုရားကန်တော့ပြီး အနေကဇာတိသံသာရနှင့် ဘုရားကန်တော့သည်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြင့် ဘုရားဂုဏ်တော်များကို အာရုံပြုပြီး သက်တော်ထင်ရှား ဘုရားရှင်အားပူဇော်သည်။ ကြည်ညိုသဒ္ဓါစိတ်ကြောင့် စိတ်နှလုံးအေးချမ်းစွာ ပီတိဖြစ်ရ၏။

ဘုရားဖူးတရားထိုင်ပြီးသည်နှင့် စေတီတော်ကြီးကို လက်ျာရစ်လှည့်၍ နောက်ဘက်မှ ဗောဓိညောင်ပင်သို့ရောက်သည်။ ညောင်ပင်အောက်မှာ ဝတ်ဖြူစင်ကြယ်ဝတ် တိဘက် သီလရှင်များ တရားထိုင်နေကြသည်။ သူတို့ရှေ့မှ ဗောဓိပင်နှင့်ကပ်လျက် နေရာလွတ်ရှိသည်။ ထိုနေရာမှာ ညင်သာစွာ ဝင်ရောက်နေရာယူ၍ (၁)နာရီခန့် တရားထိုင်သည်။

မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်အောက်မှာ တရားထိုင်၍ ကောင်းပါသည်။ သမာဓိတည်ကြည်မှု၊ စိတ်အေးငြိမ်းမှုကြောင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို ကောင်းစွာရှုမှတ်ပွားများရပါသည်။

တရားထိုင်ပြီးသည်နှင့် ကြာညိုပန်းနှစ်ပွင့်ကို ဗောဓိပင်အနီးမှ

ပုံ(၁၈)



သုစာတာ နို့ဃနာဆွမ်း ကပ်တော်မူသောနေရာတွင် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးမှာလှူဒါန်းပြီး လမ်းလျှောက်ပြန်ခဲ့သည်။

မြန်မာကျောင်းသို့ ရောက်သောအခါ ဘုရားဖူးအားလုံး ကျောင်းရှေ့မှ ကားပေါ်မှာရောက်နေကြပြီ။ ဘုရားဖူးထွက်ကြတော့မည်။ ကျွန်တော့်ကို စောင့်နေကြခြင်းဖြစ်သည်။ သူတို့အားလုံး မနက်စာလည်း စားပြီးကြပြီ။ ကျွန်တော့်ဇနီးက မနက်စာကို ပန်းကန်နှင့်ထည့်၍ ကားပေါ်မှာယူထားပြီဖြစ်သည်။ ကျွန်တော် ကားပေါ်သို့တက်ပြီးလိုက်ခဲ့သည်။ မနက်စာကို ကားပေါ်မှာပင်စားလိုက်ရ၏။

ရှေးဦးစွာ မဟာသေနသူကြွယ်သမီး သုဇာတာနေရာ သေနနိဂုံးသို့ သွားကြသည်။ အိမ်နေရာမှာ တည်ဆောက်ထားသော စေတီတော် အထိန်းအမှတ်ရှိပါသည်။ ဘုရားရှိခိုးပြီး သုဇာတာဃနာနို့ဆွမ်း လှူဒါန်းရာ ညောင်ပင်သို့ သွားကြသည်။ လယ်ကွင်းများကို ဖြတ်ပြီးလယ်ကန်သင်းရိုးအတိုင်း ခြေကျင်သွားကြရသည်။ မြန်မာပြည်မှ လယ်ကွင်းများနှင့်ပင် တူသေးတော့သည်။ စိမ်းစိုသောလယ်များကြားမှ လှူတန်းကြီးကို ဗွီဒီယိုဆရာက စိတ်ကြိုက်ရိုက်ယူနေပါသည်။ ထိုနေရာတွင် မြတ်စွာဘုရားကို သုဇာတာဃာနနို့ဆွမ်း လှူနေပုံများ ထုလုပ်ထားသည်။ ဘုရားကန်တော့ကြ၊ ဓာတ်ပုံရိုက်ကြသည်။ ငယ်စဉ်ကပင် ပုံပြင်သဖွယ်ကြားဖူးနေသော နေရာထူးများကို ကိုယ်တိုင်ရောက်ခွင့်ကြုံခဲ့ရလေပြီ။

မြတ်စွာဘုရားရှင်က သူဇာတာလှူဒါန်းသော အဖိုးတစ်သိန်းတန် ရွှေခွက်နှင့်တကွ နို့ဆွမ်းကို အလှူခံ၍ ဘုန်းပေးသုံးဆောင်ပြီး ရွှေခွက်ကို နေရဉ္ဇယာမြစ်မှာ အဓိဋ္ဌာန်ဖြင့်မျှောသည်။ ဘုရားဖြစ်ရန် ဧကန်မှန်၍ ရွှေခွက်သည် အဓိဋ္ဌာန်သည့်အတိုင်း မြစ်ရေမှာဆန်တက်သည်။ အတောင်ရှစ်ဆယ်ခန့် ဆန်ပြီးမှ နစ်မြုပ်၍ ရှေးဘုရားတို့၏ ရွှေခွက်သုံးလုံးနှင့် ထိသောအသံကြောင့် ကာဠနဂါးအိပ်ရာမှနိုးသည်။ ဘုရားခုတင်ခုပွင့်ပါပေသည်'ဟု ပြောဆိုမြည်တမ်းပြီးမှ ဘုရားပွင့်တော်မူပြီဖြစ်ကြောင်း အများသိအောင် နှိုးဆော်ကြေညာသည်။

ထိုနေရာမှ ရှေ့သို့ခြေကျင်ခရီးဆက်ကြသောအခါ သော[illegible] မြက်ထမ်းသမား မြတ်(၈)ဆုပ်လှူသောနေရာမှာ ရုပ်ပုံများထု[illegible]ထား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မြတ်စွာဘုရားကိုရည်မှန်း၍ ပူဇော်ကြသည်။

မြတ်စွာဘုရားသည် မြက်(၈)ဆုပ်ကို ယူတော်မူ၍ မြစ်ကိုဖြတ်ကူးပြီး ဗောဓိပင်ရင်းမှာ မြက်(၈)ဆုပ်ကို အဖျားမှဆုပ်ကိုင်ကြဲဖြန့်သည်။ တစ်ဆယ့်လေးတောင် အပြန့်ကျယ်သော အပရာဇိတပလ္လင် ဖြစ်တော်မူလာ၍ ပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသည်။ 'ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထပြီ'ဟု ကြိုးစားအားထုတ်တော်မူ၏။

ရူပဈာန်များ၊ အရူပဈာန်များ အဆင့်ဆင့်ရတော်မူပြီးသော် ရှေးဦးစွာ မိမိ၊ သူတပါးတို့ သန္တာန်ဖြစ်ဖူးသော ခန္ဓာအစဉ် အမည်အမျိုး အကျိုးအကြောင်း ပြောင်းလဲသည်တို့ကိုမကျန် ကုန်စင်သိမြင်တော်မူသော ပုဗ္ဗေနိဝါသအတိတံသအမည်ရသော အဋ္ဌမဝိဇ္ဇာဉာဏ်ကို ညဦးယံမှာ ရတော်မူ၏။

ထိုမှဆက်၍ ကြိုးစားအားထုတ်သောအခါ နတ်မျက်စိမက အဆအရာ လွန်၍ မြင်နိုင်သော တစ်ဆယ့်တစ်ပါးသော အညစ်အကြေးမရှိသော ဒိဗ္ဗစက္ခု ဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်ကို သန်းခေါင်ယံ၌ ရတော်မူ၏။ ဆက်၍ကြိုးစားအားထုတ်သောအခါ တစ်ထောင့်ငါးရာ ကိလေသာရန် ကိုအကြွင်းမဲ့ချုပ်စေလျက် အသဝက္ခယ ဟု ဆိုသော အရဟတ္တမဂ်ဉာဏ်ကို မိုးသောက်ယံအကုန် နေအရုဏ်ထွက်သည်နှင့် ရရှိတော်မူ၏။ သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘုဉာဏ်ဖြင့် သိမြင်တော်မူသော နိဗ္ဗာန်သင်းကျစ် ဓမ္မရာဇ် ထွတ်ဖျား ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

သုဇာတာ၏ ရွာ၊ သုဇာတာယနာနို့ဆွမ်းကပ်သောနေရာ သောတ္ထိယာ စင်မြက်(၈)ဆုပ်လှူသောနေရာတို့သည် ယခုအချိန်အထိ လယ်ကွင်းများသာခြားလျက် တစ်ဆက်တစ်စပ်တည်း ရှိနေသည်။ မြက်ရှစ်ဆုပ် အလှူခံသော နေရာမှထွက်လာပြီး အရှေ့မြောက်အရပ်ဆီသို့ လှမ်းမျှော်ကြည့်လျှင် ဒုက္ကစရိယတောင်းနှင့် ဉရုဝေလတောကိုလည်း လှမ်းမြင်နေရသည်။ အနောက်ဘက်ဆီတွင် နေရဉ္ဇယာမြစ်နှင့် ဗောဓိညောင်ပင်ကို လှမ်းမြင်ရသည်။ ဘုရားဖြစ်ခါနီးမှာ မြတ်စွာဘုရားရှင် သွားလာလှုပ်ရှားခဲ့သော နေရာများကို ဘုရားဖူးများ လှည့်လည်ဖူးမြော်ကြရင်း ဘုရားရှင်ကို သတိတရဖြစ်နေမိကြသည်။



မြက်ထမ်းသမား စေင်မြက်လှူသောနေရာမှ ဗောဓိပင်ရှိရာသို့ ကားဖြင့်ခရီးဆက်ခဲ့ကြသည်။ ဗောဓိပင်သို့ရောက်သောအခါ ဗောဓိပင်ရင်းရွှေပလ္လင်ထက်တွင် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိ၍ ဘုရားအဖြစ်ရောက်တော်မူပြီး ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ကြပါ၏။

မင်းတုန်းမင်းကြီးလှူတော်မူသော ဇရပ်(အုတ်တိုက်ကြီး)နှင့် ရေးထိုးထားသောကျောက်စာများကို ဖတ်ရှုလေ့လာကြသည်။ ဓာတ်ပုံရိုက်ကြသည်။

နေ့ခင်းမှာ ဇနီးမမြင့်နှင့်အတူ ဆိုက္ကားစီး၍ သွားကြပြီး ဘုရားကန်တော့ကြသည်။ တရားထိုင်ကြသည်။ ဤတစ်ရက်သာ ဤနေရာမြတ်မှာ နေ့ခွင့်ကျန်တော့၍ အချိန်ရှိသမျှ မြတ်စွာဘုရားကို ပူဇော်ကန်တော့ကြပါ၏။ ဘုရားပွင့်တော်မူရာ နေရာဖြစ်၍လည်း ဘုရားရှင်ကို အာရုံစိုက်စွာ ပူဇော်နိုင်ခွင့်ရပါ၏။

ဘုရားပူဇော်ပြီးသော် ညောင်ပင်အောက်မှာ ခဏထိုင်၍စောင့်ကြသည်။ တစ်ရွက်တလေကြွေကျပါသော် ပူဇော်ချင်၍ဖြစ်ပါ၏။ သို့သော်ကိုယ့်ထက်ပို၍ အချိန်ကြာမြင့်စွာ စောင့်နေကြသော တိဘက်တို့က အများကြီးဖြစ်ပါ၏။

ဗောဓိပင်ခြေရင်းမှ အကာအရံအတွင်း လှမ်းကြည့်သောအခါ ညောင်ရွက်ခြောက်ကလေးများ တွေ့ရသည်။ ကျွန်တော် ရအောင်ကြိုးစားသည်။ သုံးရွက်ရသည်။ ပို၍အတွင်းကျသောနေရာမှာ ညောင်ရွက်ဝါဝါလှလှလေးကိုမြင်ရသည်။ တုတ်ကလေးတစ်ချောင်းရှာ၍ ကျွန်တော်ဆွဲယူသည်။ တုတ်ကနည်းနည်းတိုနေသည်။

"ရတော့မယ် ... ရတော့မယ်'

ကျွန်တော့်ဇနီးက အားပေးသည်။ ဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်၏အရွက်မို့ အမြတ်တနိုးတန်ဖိုးထားပြီး ဆက်ကြိုးစားသည်။

ထိုအချိန်မှာ ဘုရားရဲန်ပါတ်တုတ်ကိုင်လျက် ရောက်လာသည်။ ကုလားလိုပြောသည်။ ဘာမှန်းမသိ။ ရခါနီးမှ လက်လျှော့ရတော့မှာ နှမျော

www.burmeseclassic.com

www.burmeseclassic.com



စရာ။ သို့သော် ဘုရားရဲက သူ၏နံပါတ်တုတ်နှင့်လှမ်းပြီး အလွယ်တကူပင် ဆွဲယူပေးသည်။

'ဟာ ဟန်ကျလိုက်တာ ...'

ကျွန်တော်တို့ဇနီးမောင်နှံ ဝမ်းသာသွားသည်။

'သင့်ခယူ' 'သင့်ခယူ'


နှစ်ဦးသား ကျေးဇူးတင်စကား ပြောမိကြသည်။

သို့သော် ဘုရားရဲက 'တင်းရူပီ'ဟု ပြောပြီး ထိုကာထားသည့် အတွင်းမှာ ပစ်ချလှူဒါန်းပေးရန် ဟန်အမူအရာနှင့်ပြသည်၊ ပြောသည်။

ကျွန်တော်တို့သဘောပေါက်ပါသည်။ ဆယ်ရူပီတန်တစ်စေ့ကို ပစ်ချ၍ လှူဒါန်းလိုက်ပါသည်။ ကျွန်တော်တို့ သွားပြီးလျှင် ထိုဆယ်ရူပီကို သူပင်လျှင် နံပါတ်တုတ်နှင့် ချုပြီးယူဦးမည်ဖြစ်ပါသည်။

'ဩော် ... ဘာအကူအညီမှ အလကားမရပါလား ...'






စင်္ကမသဏ္ဍာဟမှာ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

## စက်မသတ္တာဟာမှာ ထူးခြားစွာပူဇော်ခြင်း

ညနေပိုင်းတွင် ဘုရားဖူးတစ်ဖွဲ့လုံး မော်တော်ကားဖြင့် ဂယာစေတီတော်မြတ်ကြီးဆီသို့ သွားကြပြန်သည်။ ဘုရားဖူးအဖွဲ့က ပန်းဆီမီး၊ ရေချမ်းအားလုံး စီစဉ်ပြီး ယူလာ၏။

စင်္ကမသတ္တာဟ ဗောဓိပင်အနီး အထက်ကောင်းကင်မှာ စင်္ကြံလမ်းကို ဖန်ဆင်း၍ မြတ်စွာဘုရား(၇)ရက် စင်္ကြံကြွတော်မူခဲ့သောနေရာတွင် စင်္ကြံလမ်းအုတ်ခုံကို ခြေလှမ်းကြာပွင့်များနှင့်တကွ ပြုလုပ်ထားသည်။

ထိုစင်္ကြံ အုတ်ခုံပေါ်မှာ ရေခွက်ကလေးများစွာကို တန်းစီချသည်၊ ရေထည့်ကြသည်။ ပန်းပွင့်များစွာ စုပုံပေးသည်။ ကျွန်တော်တို့ပန်းပွင့်ကလေးများကို စင်္ကြံ လမ်းပေါ်မှာ လှပစွာစီခင်းကြသည်။

စင်္ကြံ အုတ်ခုံမှာ အရှည်ကြီးအကျယ်ကြီးဖြစ်၍ ကျွန်တော်တို့ပန်းများ စီထားသည်မှာ ပန်းကော်ဇောအရှည်ကြီးလို ဖြစ်နေသည်။ ပန်းပွင့်များကြားမှာ လှပသော ရေကြည်ရေသန့်ခွက်ကလေးများရှိနေသည်။

ဆရာတော် သံဃာတော်များနှင့်တကွ ဘုရားဖူးအဖွဲ့ဝင်များအားလုံး စင်္ကြံ အုတ်ခုံကို ဝန်းပတ်နေရာယူ၍ မြတ်စွာဘုရားကို ပန်း၊ ရေချမ်းဖြင့် ပူဇော်ကြသည်။ နမောတဿ သုံးကြိမ်ရွတ်ဆိုသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို ရိုသေစွာကန်တော့သည်။ ချောင်းဒေသနာတော်ကြီးကို ရွတ်ဆိုသည်။ မေတ္တာပို့ အမျှဝေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာအဖွဲ့၏ ထူးခြားစွာဘုရားအားပူဇော်ပုံက အခြားနိုင်ငံများမှ ဘုရားဖူးလာသူများ လာကြည့်ကြသည်။ ဗွီဒီယိုရိုက်ကြသည်။ ဓာတ်ပုံရိုက်ကြသည်။

[နောက်တစ်နေ့မနက် အာရုဏ်တက်တွင် ကျွန်တော်တစ်ခေါက် ပြန်ရောက်သောအခါ ကျွန်တော်တို့၏သောက်တော် ရေခွက်ကလေးများထဲမှ ရေထဲမှာ နီရဲလှပသော နှင်းဆီပွင့်လေးများထည့်၍ လှူဒါန်းသွားကြသည်။ တစ်ခွက်တလေမဟုတ် ခွက်ကလေးပေါင်း ငါးရာရှိသည်ကို ခွက်အစေ့ ပန်းအစေ့ဖြစ်သည်။ ကျွန်တော်တို့၏ ပန်းကော်ဇော်ကြီးမှာ ပို၍အရောင် အသွေးစိုစွာ ဖောင်းကြွလှပသွားပါသည်။ ကုသိုလ်ထပ်ပေါင်း သွားကြသူများကို သာဓုခေါ်မိပါ၏။ ]

ပြီးသော် မုန်စလိန္ဒာသတ္တာဟ၊ မုန်စလိန္ဒာအိုင်သို့သွား၍ အိုင်ထဲမှ ငါးများ၊ လိပ်များကို အစာကျွေးကြသည်။ စေတနာသဒ္ဓါတရား ထက်သန်သော ဦးလှဝင်းဖနီးမောင်နှံတို့က လိပ်စာ၊ ငါးစာမုန့်များကို အိတ်ကြီးများနှင့် ဝယ်ယူ၍ တစ်အိတ်ပြီးတစ်အိတ် လာချပေးသည်။ မြန်မာဘုရားဖူးအဖွဲ့ အားပါးတရလှူကြရသည်။ ကိုယ့်အဖွဲ့မှ မဟုတ်သူများပါ တပျော်တပါး ဝင်လာပြီး အိတ်ကြီးများမှ နှိုက်ယူကျွေးကြသည်။

ကုန်သွားတိုင်း အိတ်ကြီးများရောက်လာနေ၍ မပြီးနိုင်မစီးနိုင် လှူဒါန်းကျွေးမွေးကြသည်။ ဓာတ်ပုံရိုက်ကြသည်၊ လှူသောလူများပျော်သလို စားရသော ငါးလိပ်တို့ ပို၍ပျော်ကြမည်။

မိုးချုပ်မှ ဘုရားကန်တော့ပြီး ပြန်ခဲ့ကြ၏။ ညနေစာစားပြီးသည်နှင့် ကျောင်းဝင်းအတွင်းမှာပင် ရောင်းချနေသော ဆိုင်များမှ ဘုရားပုံတော်များ၊ အိန္ဒိယပိတ်စများ၊ နံ့သာဖြူ၊ နံ့သာနီစိတ်ပုတီးများ၊ အမှတ်တရသော့ချိတ်များ၊ ဆင်းတုတော်များ ဝယ်ယူကြသည်။

မှောင်လာသောအခါ သီတင်းကျွတ်လဆန်း (၁၄)ရက်ဖြစ်၍ မနက်ဖြန် သီတင်းကျွတ်လပြည့်နေ့ကို ကြိုပြီး ကျောင်းဝင်းအတွင်းမှာ ဆီမီးထွန်းညှိပူဇော်ကြသည်။

ပြီးသော် သိမ်ကျောင်းပေါ်မှာ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်

ပုံ(၂၀)



စက်မသတ္တာဟမှာ ပန်းရေချမ်းပူဇော်ကြစဉ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကို လှူဒါန်းပူဇော်ကန်တော့ကြသည်။ နဝကမ္မနှင့် ကျောင်းမြေအတွက် လှူဒါန်းငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀၁၉ ရူပီးငွေ ၈၅၆၀ မြန်မာကျပ်ငွေ ၃၁၈၀၀၀ ဖြစ်ပါသည်။

ဆရာတော်ထံမှာ တရားနာပြီး အလှူကောင်းမှုကို ရေစက်ချ အမျှဝေကြပါ၏။

၂၆-၁၀-၂၀၀၇ သီတင်းကျွတ်လပြည့်နေ့မနက် အရုဏ်တက်မှာ ဖနီးကိုခေါ်ပြီး ဘုရားပွင့်တော်မူရာ သံဝေဇနီယသို့ သွားရောက်ပူဇော်ကန်တော့ကြသည်။ တရားထိုင်ကြသည်။

ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ကြီးအား ရောက်ဦးစကပင် ကျွန်တော်၏ဇာတိရွာ ရွှေကူကြီးမြတ်စွာဘုရားမှာ လှူဒါန်းပူဇော်လို၍ ဗုဒ္ဓဂယာဗောဓိညောင်ပင်၏ မျိုးနွယ်ဆက် ညောင်ပင်တစ်ပင်ရလိုပါကြောင်း လျှောက်ထားတောင်းပန်ခဲ့သည်။ ဆရာတော်ကြီးက ကြိုးစားထားမည်။ တစ်ပင်လောက်တော့ ဖြစ်နိုင်သည်။ ပြန်လာလျှင် စီစဥ်ထားမည်ဟု ပြောပါသည်။

ယခုပြန်လာသောအခါ ဆရာတော်က အဆင်သင့်စီစဥ်ထားပါသည်။ လိုချင်သူများသော်လည်း တစ်ပင်သာရပါသည်။ ကျွန်တော်တို့ဇနီးမောင်နှံ ဝမ်းသာကြည်နူးဖြစ်ကြရသည်။ အပြန်မှာ မဟာဗောဓိ၏ မျိုးနွယ်ဆက်ဖြစ်သော ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်ကို ရိုသေစွာ ပင့်ဆောင်ခဲ့ကြပါ၏။

၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ (၁၉-၅-၂၀၀၈)တွင် ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်ဇာတိ၊ ဒေသ ဝန်းသို့ရွာ၊ ရွှေကူကြီးမြတ်စွာဘုရားမှာ ဗောဓိပင်ကို ရိုသေစွာ စိုက်ပျိုးပူဇော်ခဲ့ပြီဖြစ်ပါ၏။

ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု
ဗုဒ္ဓသာသနာ အဓွန့်ရှည်စွာ တည်တံ့ပါစေသတည်း။

လယ်တွင်းသားစောချစ်
(၂၆-၅-၂၀၀၈)

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ပါကြောင်း

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်မှာ အဆင်ပြေစွာ လိုက်ပါနိုင်ရန် ကူညီရုံမက စာအုပ်ရေးဖြစ်အောင် တိုက်တွန်းပြီး လိုအပ်သောစာအုပ်များဖတ်နိုင်ရန် ကူညီပေးသော သာသနာရေးဝန်ကြီးဌာနမှ ဦးအေးသိန်းအား အထူးကျေးဇူးတင်မိပါသည်။

ခရီးစဉ်တလျှောက်မှာ လိုအပ်သည်တို့ကို အစစအရာရာ အဆင်ပြေစေရန် ကူညီကြသော ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ဦးထိန်လင်း၊ ဦးတင်ရှိန်၊ ဦးဝင်းမြင့်၊ မမော်တို့ကိုလည်းကောင်း၊ ခရီးစဉ်မှာ ဦးဆောင်မှုပြုပါသော စမ်းချောင်း ကျွန်းတောလမ်း အေးစေတီကျောင်းတိုက်မှ ဆရာတော်အရှင် ဉာဏာလင်္ကာရနှင့်အရှင်ကဝိဇ တို့အားလည်းကောင်း၊ ခရီးစဉ်မှာ ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်ပေးသော ခရီးဖော် ဆရာဝန်မကြီး ဒေါက်တာဒေါ်တင်နုဆွေ အားလည်းကောင်း၊ ခရီးသွားစဉ် ရင်းနှီးချစ်ခင်စွာ ကူညီစောင့်ရှောက်၍ သူ့မှာပါသော သွေးကျဆေးများ တစ်လမ်းလုံးကို စေတနာရက်ရောစွာ ကျွေးမွေးစောင့်ရှောက်သော ဦးလှဝင်း၊ ဒေါ်ဆွေရင် တို့အားလည်းကောင်း၊ ဗွီဒီယိုမှတ်တမ်းများ ရိုက်ကူးပြီး အခွေပေးပို့သော မိုးကောင်းမြို့မှ ဦးကျော်စိုး၊ ဒေါ်ခင်နွဲ့ကြူတို့အားလည်းကောင်း၊ ခရီးစဉ်မှာ ဓာတ်ပုံများ ရိုက်ကူးပေးသော မစုယွေးဝင်းနှင့် မိခင်ဒေါ်မိုးစိန်ဖြူ တို့အားလည်းကောင်း ခရီးစဉ်တစ်လျှောက်လုံးမှာ အတူတကွ ခရီးသွားကြစဉ် အပြန်အလှန်ကူညီစောင့်ရှောက်ခဲ့ကြသည့် ဘုရားဖူးခရီးဖော်မိတ်ဆွေများ



ဖြစ်ကြသည့် မန္တလေးမှ ဒေါ်တင်တင်ဝေ၊ ယင်းမာပင်မြို့မှ မမီမီလှိုင်၊ ပျဉ်းမနားမြို့မှ မကြူကြူနိုင်၊ မယဉ်ယဉ်ကြိုင်၊ ဗိုလ်တထောင်မှ ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါ်ခင်လတ်၊ လသာမြို့နယ်မှ မစန်းစန်းထွေး၊ ဦးနိုင်ကိုကို၊ ဒေါ်ခင်မြင့် (ခေါ်) ဒေါ်ကျင်စိန်၊ ဒေါ်မြရွှေ၊ မင်္ဂလာဒုံမှ ဒေါ်ချို့ဟွန်း၊ မြောက်ဒဂုံမှ ဦးမြင့်သိန်း၊ တောင်ဒဂုံမှ ဒေါ်အေးသန်း၊ လှိုင်သာယာမှ ကိုစိုးမင်းထိုက်၊ မဖြူဖြူလှိုင်၊ မနှင်းလွှင်ကျော်၊ အင်းစိန်စော်ဘွားကြီးကုန်းမှ ဦးချစ်ညွန့်၊ ဒေါ်မြင့်မြင့်သိန်း၊ မော်လမြိုင်ကျွန်းမှ ဒေါ်မေမာတို့အားလည်းကောင်း ချစ်ခင်ရင်းနှီးစွာ ကျေးဇူးတင်နေမိပါသည်။

ဤခရီးစဉ်မှာ ကျေးဇူးရှိကြသူအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ ရွှင်လန်းချမ်းမြေ့ကြပါစေ ...။

■

BURMESE CLASSIC .com
www.burmeseclassic.com